
www.burmeseclassic.com

နေရီရီစာအုပ်တိုက်



# မဟတ္တမဂန္ဒီ လုပ်ကြံမှု

တင်ထွေး

BURMESE CLASSIC .com

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နေရီရီစာအုပ် အမှတ် (၈၁)

# ကိုးနာရီ
## (မဟတ္တမဂန္ဒီလုပ်ကြံမှု)

## တင်ထွေး (ဘာသာပြန်)

# NINE HOURS TO RAMA

**By**

**Stanley Wolpert**

(ဒုတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| ပုံနှိပ်ခြင်း | ပထမအကြိမ်၊ နှလုံးလှ၊ ၁၉၆၅၊ စက်တင်ဘာလ<br>ဒု-အကြိမ်၊ နေရီရီ၊ ၂၀၁၂၊ စက်တင်ဘာလ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် | ဦးအောင်သပြေ (Digital Cottage)<br>အမှတ်(၆၆၃)၊ အောက်ကြည့်မြင်တိုင်လမ်း<br>ရန်ကုန်မြို့။ |
| ပုံနှိပ်ခွင့်အမှတ် | ၀၀၄၆၃ |
| ထုတ်ဝေသူ | ဒေါ်နီနီနိုင် (နေရီရီစာအုပ်တိုက်)<br>၂/က၊ အောင်ရတနာလမ်း၊<br>လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |
| ထုတ်ဝေခွင့်အမှတ် | ၀၃၇၆၂ |
| မျက်နှာဖုံးဒီဇိုင်း | စုရည်သန့် |
| ကာလာခွဲ | Star Colour-Repro |
| အတွင်းဖလင် | AZ |
| ကွန်ပျူတာစာစီ | နေရီရီ |
| အုပ်ရေ | ၅၀၀ |
| စာအုပ်ချုပ် | စွယ်တော်(၂) |
| တန်ဖိုး | ၂၅၀၀ ကျပ် |
| ဖြန့်ချိရေး | နေရီရီ |

တင်ထွေး ၈၉၅. ၈၄
ကိုးနာရီ/တင်ထွေး။---
ရန်ကုန်၊ နေရီရီစာအုပ်တိုက်၊ ၂၀၁၂။
၂၂၅ စာ၊ ၁၃. ၅ X ၂၀ စင်တီ။
၁။ ဘာသာပြန်
၂။ ကိုးနာရီ


# ဘာဘူ၏ နောက်ဆုံးခရီး

ဂန္ဒီ သို့မဟုတ် ဘာဘူ. . .

ပြည်တွင်းဖြစ် ဒိုတီဖြင့် အနောက်တိုင်းကို မထီမဲ့မြင် ပြုခဲ့သူ. . .

ပြဿနာအရပ်ရပ်ကို အကြမ်းမဖက်ရေးနည်းအရ ကိုင်တွယ်ခဲ့ရာ အုပ်စိုး သူ မျက်နှာဖြူများက အကြိမ်ကြိမ် ထောင်ချခဲ့သူ. . .

နောက်ဆုံးတွင် မျက်နှာဖြူများအပေါ် လွှမ်းမိုးနိုင်ခဲ့သူ. . .

နိဂုံးတွင် နေမဝင် အင်ပါယာရှင်များကို အရေးနိမ့်စေခဲ့သူ. . .

ဂန္ဒီ ဆိုလျှင် ကမ္ဘာက သိထားသည်။ ဘာဘူဆိုလျှင် အိန္ဒိယ တစ်မျိုးသား လုံးက ချစ်သည်။ လေးစားသည်။ ရိုသေသည်။

'ကိုးနာရီ' သည် ဂန္ဒီ၏ နောက်ဆုံးကာလ၊ တစ်နည်းဆိုရသော် ဘာဘူ ဘဝကို အဆုံးသတ်စေမည့် တိုတောင်းသောအချိန်ကို ရေးထားခြင်း ဖြစ်သည်။

'ကိုးနာရီ'ကား လူ့ဘဝကြေးမုံပြင် ဖြစ်တော့သည်။ ချစ်ခြင်း၊ မုန်းခြင်း၊ ကြင်နာခြင်း၊ မနာလိုခြင်း၊ ရက်စက်ခြင်း၊ မေတ္တာပွားခြင်း၊ လိုက်လျောခြင်း၊ ဥပေက္ခာပြုခြင်း စသည့် လူ့ဘဝသရုပ်များကို ဖြစ်စေသည်၊ ဖော်ပြသည်။

တစ်ဖက်တွင်လည်း ကြောက်စရာကောင်းသော နိုင်ငံရေး လှည့်စားမှုများကို မြင်စေသည်။

ထိုအချိန်က အိန္ဒိယပြည်၏ နိုင်ငံရေးလှုပ်ရှားမှုများမှာ အတင်းမာဆုံး ရှိခဲ့သည်။

သန်းပေါင်းလေးရာကျော်မျှသော အိန္ဒိယလူထုကို ဂန္ဒီက ဦးဆောင်စည်းရုံး၍ လွတ်လပ်ရေး ရယူပေးခဲ့ပြီးသည့်နောက် တိုင်းရင်းသား အတိုက်အခံ အင်အားစုများ၊ အယူသီးသမားများ ပေါ်ပေါက်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

အုပ်ချုပ်မှုကို လက်လွှတ်ခဲ့ရသော မဟာရာဇာတို့၏ အခဲမကြေမှုက ဂန္ဒီကို လုံးဝဆန့်ကျင်ခဲ့သည်။ သူတို့သည် အုပ်ချုပ်မှုကိုစွန့်၊ အာဏာကို ပစ်ပယ်ခဲ့ရခြင်း အတွက် အကြီးအကျယ် မကျေနပ်ခဲ့ကြ။

ထိုအခါ သူတို့ ဆုံးရှုံးမှုမှာ ဂန္ဒီကြောင့်သာ ဖြစ်သည်ဟု တရားခံရှာကာ ရန်သူဘက် စာရင်းသွင်းကြတော့သည်။

တစ်ဖန် သူတို့ အုပ်ချုပ်မှုသည် နေမဝင်သေး၊ အခိုက်အတန့်ဖြင့် မှေးမှိန် ခြင်းသာ ဖြစ်သည်။ ဘုရင်အုပ်စိုးမှုသည် တစ်ခေတ် ပြန်လည်ထွန်းကားမည်။ တပ်ဂျ် မဟာကဲ့သို့သော အဆောက်အအုံကြီးမျိုးကို ပြန်လည်ဆောက်နိုင်မည်ဟု မဟာ ရာဇာတို့က ယုံကြည်ခဲ့သည်။

ထို့နောက် မဟာရာဇာတို့က ဂန္ဒီ ဆန့်ကျင်ဘက် အုပ်စုများကို ရှာသည်၊ ရက်ရက်ရောရော အားပေးသည်။

သို့ဖြင့် လူမျိုးရေးအရ ဂန္ဒီကို မုန်းတီးနေသောဟိန္ဒူများနှင့် မဟာရာဇာတို့ ပေါင်းဖက်မိခဲ့လေတော့သည်။

ထိုအင်အားစုက ဂန္ဒီ့ကို သာမန် ဆန့်ကျင်ရုံမက နောက်ဆုံး အသက်ကိုပင် လုပ်ကြံခဲ့လေတော့သည်။ ကံအားလျော်စွာပင် သူတို့၏ လုပ်ကြံမှုမှာ အောင်မြင် သွားခဲ့ရလေသည်။

ကိုးနာရီကား ဂန္ဒီ့ကို မသတ်မီ ဂန္ဒီ့ကိုသတ်ရန် ကြံစည်သည့် အချိန် အတွင်း သတ်မည့်သူ၏ လှုပ်ရှားမှု၊ အသတ်ခံရမည့်သူ၏ လှုပ်ရှားမှု၊ သူတို့နှစ်ဦးနှင့် ဆက်စပ်နေသော ပတ်ဝန်းကျင်၏ တန်ပြန်မှုများကို စိတ်ဝင်စားဖွယ် မိနစ်ပိုင်း၊ နာရီပိုင်းဖြင့် ရေးထားသည်။

ဂန္ဒီ၏ဘဝမှာ စိတ်ဝင်စားစရာကောင်းသလို ဘဘူ၏ နောက်ဆုံး ခရီးမှာလည်း စိတ်ဝင်စားဖွယ်၊ စိတ်လှုပ်ရှားဖွယ် ရှိလေသည်။

စာဖတ်သူကို ကိုးနာရီက အချိန်ဆုံးသည်အထိ ဆွဲခေါ်၍များ သွားလေမလား. . . ။

တင်ထွေး
၁၇-၈-၆၅

(၁)

အိပ်ရာမှ လန့်နိုးသောအခါ နာတူးတစ်ကိုယ်လုံးမှာ အေးစက်နေသည်။

နာတူးသည် စောစောက သူ့ကိုယ်ပေါ်မှ ကန်ချထားခဲ့သည့် စောင်ကို လိုက်စမ်းသည်။ သူ့လက်ချောင်းများသည် အေးစက်နေသော သံတလင်းကို သွား၍ ထိတွေ့သည်။ ထိုအခိုက် စူးရှစွာ ထွက်ပေါ်လာသော မီးရထားဥဩသံကို ကြားလိုက် ရ၍ နာတူးသည် ချက်ချင်းပင် သတိရမိတော့သည်။

နာတူးသည် အိပ်ရာမှ ဖြုန်းခနဲ ထလိုက်သည်။ သူ့တစ်ကိုယ်လုံးမှာ ချမ်းလွန်း၍ တုန်လှုပ်နေသော်လည်း သူ့နဖူးတွင် ချွေးများ မသိမသာ စို့လာသည်။

သူ့လက်သည် သေနတ်ဆီရောက်သွားပြန်သည်။ ထိုအခါတွင်မှ သူ့စိတ် သည် အနည်းငယ် တည်ငြိမ်လာသည်။

ခပ်လှမ်းလှမ်းမှ မီးရထားဘူတာရုံပိုင်၏ ရထားရောက်လာပြီ ဖြစ်ကြောင်း ကြေညာသည့်အသံကို ကြားရသည်။ ရုံပိုင့်အော်သံ၊ ရုံပိုင့်လက်တွင်းရှိ သံပိုက်လုံးချင်း ရိုက်ခတ်သံများကြောင့် ဘူတာရုံအတွင်းနှင့် ဘူတာရုံပတ်လည်ရှိ လူများနိုးကုန် သည်။ သို့သော် အက်တီးကမူ မနိုး။

မှုန်မွှားမွှား အလင်းရောင်အောက်တွင် ကွေးနေအောင် အိပ်နေသော သူ့မိတ်ဆွေ အက်တီးကို နာတူးက တွေ့ရသည်။ ဂုန်နီအိတ်ကို ခြုံပြီးအိပ်နေသည် ဖြစ်၍ အမှတ်တမဲ့မူ အက်တီးမှာ ဂုန်နီအိတ်တစ်လုံး ပစ်ချထားသည်နှင့်ပင် တူနေတော့သည်။

နာတူးသည် အနီးရှိ သံလုံးလေးတစ်လုံးဖြင့် အက်တီးထံ ပစ်လိုက်သည်။ ထိုအခါတွင်မှ ဂုန်နီအိတ်မှာ လှုပ်ရှားလာသည်။ ခြေထောက်များပေါ်လာသည်။ မျက်နှာလည်း ထွက်လာကာ ကျိန်တွယ်သံများ ကြားရသည်။

"ဟေ့ကောင် သိပ်ကြောက်မနေပါနဲ့" ဟု နာတူးက လှမ်းပြောလိုက်သည်။ "ခဲနဲ့ပေါက်တာ ငါပါကွ ပုလိပ်တွေ မဟုတ်ပါဘူး"

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"သိပ်ါတယ်ကွာ" ဟု အက်တီးက အိပ်ချင်မူးတူး အသံဖြင့် ပြန်ပြောရင်း မျက်လုံးကို ပွတ်လိုက်သည်။ ထို့နောက် ထထိုင်ကာ ချက်ချင်းပင် ပြန်လှဲချလိုက်ပြန်သည်။ သူ့ကြည့်ရသည်မှာ တစ်ညလုံး တစ်နာရီပင် မအိပ်ရသူကဲ့သို့ ရှိနေတော့သည်။

"ဟောကောင် လက်ဖက်ရည် သွားဝယ်ပါလားကွာ" ဟု နာတူးက ပြောလိုက်သည်။

"ဘယ်အချိန်ရှိပြီလဲ"ဟု အက်တီးက ပြန်မေးသည်။ "နောက်ထပ် တစ်နာရီ နှစ်နာရီလောက် မအိပ်ရတော့ဘူးလား၊ တစ်ကတဲကွာ ဒီမီးရထားတွေကလည်း ငါ့ကို တစ်ညလုံး နှိုးနေတော့တာပဲ"

"ကဲပါကွာ ငါ အေးစက်ပြီး တောင့်မသွားခင် ငါ့အတွက် လက်ဖက်ရည် တစ်ခွက်လောက် ဝယ်ပေးစမ်းပါ ဟုတ်လား"

နာတူးသည် အိန္ဒိယပြည်မြောက်ပိုင်းကို မုန်းသည်။ အထူးသဖြင့် ဇန်နဝါရီလတွင် ပို၍မုန်းသည်။ ဤလတွင် အရိုးကွဲအောင် အေးလွန်းလှသည်။

အက်တီးသည် ပါးစပ်မှ ရေရွတ်ရင်း ထလိုက်သည်။ နာတူးကိုလည်း အချိန်ကောင်းတွင်မှ လက်ဖက်ရည် ဝယ်ခိုင်းသည့်အတွက် မကျေနပ်။ သူက နာတူးကို လှမ်းကြည့်လိုက်သည်။

နာတူးသည် ကျောက်ရုပ်တစ်ရုပ်လို မလှုပ်မရှား ထိုင်နေသည်။ ရှေ့သို့ စူးစိုက်ကြည့်ရင်း လေးလေးနက်နက် စဉ်းစားနေဟန် ရှိသည်။ ထိုအဖြစ်ကို တွေ့လိုက် သိလိုက်ရပြန်တော့ အက်တီးသည် နာတူးအပေါ် စောစောကကဲ့သို့ မကျေနပ်ခြင်း မဖြစ်လိုတော့။

တကယ်တော့ ယနေ့ မည်သည့်နေ့ ဖြစ်သည်ကို အက်တီးက သိထားသည်။ ယနေ့မှာ အိပ်ရေးဝအောင် အိပ်ရမည့်နေ့ မဟုတ်။

အက်တီးသည် လေးတွဲ့စွာဖြင့် မတ်တတ်ရပ်လိုက်သည်။ ထို့နောက် အခန်းထောင့်ရှိ ရေဇလုံသို့ သွားကာ မျက်နှာသစ်လိုက်သည်။

သူတို့အခန်းမှ မီးရထားဘူတာ ပလက်ဖောင်းသို့ အက်တီး လှမ်းမြင်နေရသည်။ မီးရထားမှာ ဆိုက်ခါစသာ ရှိသေး၍ ခေါင်းတွဲပင် ရေလဲရန် မဖြုတ်ရသေး ပလက်ဖောင်းမှ အသံများသည် ပျံ့လွင့်နေသည်။ ထောင်ပေါင်းများစွာသော လူများမှာလည်း ဟိုသွား ဒီသွား ကူးလာခေါက်ပြန် ရှိနေသည်။

အက်တီးသည် သူတို့ကို ဖြတ်ရင်း. . .





"ဟော့လူတွေ ခင်ဗျားတို့ကို ဒီနေ့ ကျွန်တော်တို့က လွတ်လပ်ရေး ပေးမှာဗျ" ဟု အော်ပြောလိုက်ချင်သည်။ သို့သော် သူ မအော်မိ။

ထိုစဉ် အမှိုက်လှည်းသူ ရောက်လာ၍ အက်တီးသည် နေရာမှ ဖယ်ပေးလိုက်ရသည်။

* * *

အရေးတကြီး ခေါက်လိုက်သော တံခါးခေါက်သံ ထွက်လာချိန်တွင် သူတို့ နှစ်ယောက်မှာ လက်ဖက်ရည် သောက်၍ပင် မပြီးသေးပေ။

အက်တီးက နာတူးကို လှမ်းကြည့်သည်။ နာတူးက မည်သို့မျှ ပြန်မပြော သို့သော် လက်ဖက်ရည်ပန်းကန်ကိုချပြီး နာတူးက ဖျာအောက်မှ ပစ္စတိုလေးကို နှိုက်ယူလိုက်သည်။

တံခါးခေါက်သံက ထပ်မံ ထွက်လာပြန်သည်။

"တံခါးဖွင့်စမ်းပါ၊ ကျေးဇူးပြုပြီး ဖွင့်စမ်းပါ" ဟူသော အသံလည်း ထွက်လာသည်။

"ဘာကိစ္စရှိလို့လဲ၊ ဘာလိုချင်လို့လဲ" ဟု နာတူးက ပစ္စတိုကို ကျစ်ကျစ်ပါအောင်ကိုင်ရင်း မေးလိုက်သည်။ ပြောပြောဆိုဆို ဟနေသော ပြတင်းပေါက် တစ်နေရာမှ ချောင်းကြည့်ရန် အက်တီးကို အမူအရာ ပြလိုက်သည်။

"ကျွန်တော်ပါ အခန်းမန်နေဂျာပါ" ဟု အပြင်မှ ပြန်ဖြေသည်။

စင်္ကြံတွင် ရပ်နေသူများမှာ လူနှစ်ယောက်ဖြစ်ကြောင်း အက်တီးက တွေ့ရသည်။ ၎င်းတို့အနက် တစ်ဦးမှာ လွန်ခဲ့သော နှစ်ရက်က သူတို့ထံမှ အခန်းငှားခ ယူခဲ့သူဖြစ်ကြောင်း အက်တီးက သိသည်။ ထို့ကြောင့် သူက နာတူးကို ခေါင်းညိတ်ပြလိုက်သည်။

"ကောင်းပြီဗျို့" ဟု နာတူးက အော်ပြောသည်။ "ခဏလေးနေပါဦး" ကျွန်တော် အင်္ကျီဝတ်လိုက်ပါရစေ"

နာတူးသည် သေနတ်ကို ဖျာအောက်သို့ အသေအချာ ပြန်သွင်းပြီး တံခါးကို ဖွင့်ပေးလိုက်သည်။

"ကဲ. . . ဒီလောက် စောစောစီးစီး ဘာဖြစ်လို့ လာကြတာလဲ" ဟု အပြစ်တင်သံဖြင့် နာတူးက ဆီးမေးသည်။

လူတစ်ဦးက နာတူးအနီး ကပ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ ဒီအခန်းက ဒီနေ့ ၁၂ နာရီမှာ ဖယ်ပေးရမယ်။ အဲဒီအချိန် မတိုင်မီ ခင်ဗျားတို့ပိုင် ပစ္စည်းတွေကို အပြီးရွှေ့ပေးဖို့ လိုလိမ့်မယ်။ နောက်လာမယ့် လူအတွက် ခင်ဗျားတို့အခန်း ဖယ်ပေးရမယ်"

"မဖြစ်နိုင်ဘူးဗျို့" ဟု နာတူးက ကန့်ကွက်သည်။ "ကျွန်တော်တို့ ၃ နာရီ ထိုးပြီးမှ ဖယ်ပေးနိုင်မယ်"

"မစ္စတာနာရာရန်ရိုး ဒါဟာ မဖြစ်နိုင်ပါဘူး" ဟု တစ်ဦးက ဝင်ပြောသည်။

နာရာရန်ရိုးမှာ နာတူး၏ နာမည်ဂှက် ဖြစ်သည်။ သူ့နာမည်ရင်းကား ဂေါ့ဆီး ဖြစ်သည်။

"အဓိပ္ပာယ် မရှိလိုက်တာဗျာ" ဟု နာတူးက ပြောသည်။ "ခင်ဗျားတို့ အတွက် ကျွန်တော် တည်းခိုခ တစ်ရက်စာ ထပ်ပေးမယ်ဗျာ မနက်စာစားပြီးရင် ခင်ဗျားနဲ့ လာတွေ့ဖို့ပဲ၊ ဒါပေမဲ့ ခုတော့ ခင်ဗျားက အရေးကြီးတယ်ဆိုတော့ ခင်ဗျားကို အခုပဲ အခန်းခ ပေးလိုက်ပါ့မယ်"

မန်နေဂျာက ခေါင်းကို ရမ်းပြလိုက်သည်။

"ခင်ဗျားတို့ ပြောတာဟာ ကျွန်တော်တို့ စည်းကမ်းတွေနဲ့ ဆန့်ကျင်နေပါတယ်။ ကျွန်တော်တို့ဟာ ၄၈ နာရီပဲ အခန်းငှားပါတယ်။ ခင်ဗျားတို့ရဲ့ ၄၈ နာရီဟာ ဒီနေ့ ၁၂ နာရီမှာ ကုန်ဆုံးပါလိမ့်မယ်၊ ခင်ဗျားတို့ သိတဲ့အတိုင်း တည်းခိုဖို့ စောင့်တဲ့ လူတွေက အများကြီးရှိနေပါတယ်။ ဒီတော့ ကျန်တဲ့လူတွေကို အခွင့်အရေး ပေးရပါလိမ့်မယ်"

ဘာပဲဖြစ်ဖြစ်ဗျာ ခင်ဗျားတို့ စည်းကမ်းတွေကို အသာလေး ဘေးချိတ်ထားစမ်းပါ၊ ရော့ ဒီမှာငွေတွေ" ပြောပြောဆိုဆို နာတူးသည် သူ့အင်္ကျီအိတ်အတွင်းမှ ငွေစက္ကူများကို ယူလိုက်ရင်း ရေတွက်နေသည်။

"လူကြီးမင်းခင်ဗျာ" ဟု မန်နေဂျာက ပြောပြန်သည်။ "ကျွန်တော်ဟာ အစိုးရအမှုထမ်း ဖြစ်ပါတယ်။ ကျွန်တော့်မှာ စည်းကမ်းတွေကို ဖြုန်းပစ်ခွင့် မရှိပါဘူး။ လိုက်နာဆောင်ရွက်ခွင့်သာ ရှိပါတယ်။ ဒီတော့ ကျွန်တော့်ကို ထပ်ပြီး အချိန်မဖြုန်းကြပါနဲ့တော့ ခင်ဗျား"

နာတူးသည် တွန့်သွားသည်၊ မန်နေဂျာအပေါ်တွင် စိတ်ဆိုးဒေါသဖြစ်မိသည်။ သို့သော် သူ့စိတ်ကို တတ်နိုင်သမျှ ထိန်းလိုက်ရသည်။ ယနေ့မှာ သူတို့အတွက် အရေးကြီးလှသည်၊ ယနေ့အတွက် သူ စောင့်ခဲ့ရသည်မှာလည်း ကြာလေပြီ။ ထို့ကြောင့် သူ့အနေဖြင့် စိတ်ကိုထိန်းရမည်၊ သူ့အစီအစဉ် မပျက်ရေးအတွက်





သူ့ဒေါသကိုလည်း ချုပ်တည်းရပေမည်။

ဤအခန်းတွင် ၃ နာရီအထိ နေရန်မှာ အရေးကြီးလှသည်။ ၃ နာရီ မထိုးမီ ဤအခန်းမှ ထွက်သွားလျှင် သူ့အတွက် အန္တရာယ် များလှပေရော့မည်။ ၃ နာရီ မထိုးမီ မြို့ထဲတွင် လျှောက်သွား၍မဖြစ်။ သူ့ကို လူများက မှတ်မိသွားလျှင် ခက်မည်ဟု နာတူးက ယုံကြည်ထားသည်။

ထို့ကြောင့် မီးရထား တည်းခိုအခန်းတွင် ခရီးသည်တစ်ဦးကဲ့သို့ တည်းခို နေခြင်းမှာ သူ့အတွက် အန္တရာယ်ကင်းစေမည်၊ ဘေးရန်လုံခြုံစေမည်။

"ကဲ. . . ဒီလိုလုပ်ဗျာ" ဟု နာတူးက လေသံကို နှိမ့်ပြီးပြောသည်။ ဟုတ်ပါတယ်၊ ခင်ဗျားဟာ အစိုးရအရာရှိ ဖြစ်ပါတယ်၊ ကျွန်တော်နဲ့ ကျွန်တော့် အဖော်ဟာလည်း စီးပွားရေးသမား ဖြစ်ပါတယ်၊ ကျွန်တော်တို့ စီးပွားရေးလောကမှာ စည်းကမ်း သတ်မှတ်ချက်တွေ မရှိဘူးလို့ ခင်ဗျားက ထင်ထားသလား၊ ကျွန်တော်တို့ မှာလည်း စည်းကမ်းတွေ ရှိပါတယ်ဆိုတာ ခင်ဗျားကိုပြောထားစမ်းပါရစေ"

"ဟုတ်ကဲ့ ခုလို ခင်ဗျား နားလည်ထားတဲ့အတွက် ကျွန်တော်တို့ ဝမ်းသာပါတယ်"

"နေ. . . နေပါဦး" ဟု နာတူးက ဟန့်လိုက်သည်။ ဒီလိုဗျ၊ ကျွန်တော်တို့ စီးပွားရေးသမားတွေဟာ စည်းကမ်းတစ်ခုကို အလေးအမြတ်ထားပြီး လိုက်နာခဲ့ကြတယ် အဲဒါဘာလဲဆိုတာ ခင်ဗျားသိသလား၊ ကျွန်တော် ပြောပြမယ် အဲဒါကတော့ ဈေးဝယ်သူဟာ အမြဲမှန်တယ်ဆိုတဲ့ အခြေခံချက်ပဲ ဒီတော့. . .

"ဟုတ်ကဲ့ ဒါပေမဲ့ ကျွန်တော်တို့ ဝမ်းနည်း"

"နေပါဦးလေ ကျွန်တော့်စကားကို ဆုံးအောင်ပြောပါရစေဦး။ ကျွန်တော်တို့ လိုချင်တာက ဈေးဝယ်သူ ကျေနပ်မှု စိတ်ချမ်းသာမှုရအောင် စည်းကမ်းတွေကို ပယ်ဖျက်ရမယ်လို့ ကျွန်တော်က မဆိုလိုချင်ပါဘူး။ ဒါကတော့ မဖြစ်နိုင်တာဘဲ ဥပဒေ စည်းကမ်းဆိုတာက ဘယ်တော့မှ မကျူးလွန်ရဘူး၊ ဟုတ်တယ် မဟုတ်လား။ ဒါပေမဲ့ ဒီကနေ့ ဥပဒေတွေက ဘာဥပဒေတွေလဲ၊ ဗြိတိသျှတွေရဲ့ မတရားသဖြင့် ထုတ်ပြန်ထားတဲ့ ဥပဒေတွေ မဟုတ်လား"

မန်နေဂျာသည် သူ့လက်ဆောက်ကို စိတ်ပျက်စွာနှင့် လှမ်းကြည့်လိုက်သည်။

"ကျွန်တော်တို့ဟာ လွတ်လပ်ရေးတိုက်ပွဲ လှုပ်ရှားမှုမှာ ပါဝင်ရလိမ့်မယ်" ဟု နာတူးက ဆက်ပြောသည်။ "ဟုတ်တယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



မန်နေဂျာသည် လက်ကိုင်ပဝါထုတ်ပြီး သူ့မျက်နှာကို သုတ်လိုက်သည်။ နာတူးမေးသည့် မေးခွန်းနှင့် ပတ်သက်၍ သူသည် မဖြေနိုင်ခဲ့ချေ။ ထိုမေးခွန်းမျိုး အမေးခံရပေါင်း များခဲ့ပြီ ဖြစ်သော်လည်း သူ့တွင် အဖြေရှာမတွေ့ခဲ့။

"ခင်ဗျားဟာ ရဲရဲဝံ့ဝံ့နဲ့ ရပ်တည်မှာက သေချာပါတယ်" ဟု နာတူးက သူ့စကားကို ဆက်ပြန်သည်၊ "အင်းလေ ဒါဟာ သဘာဝပဲ၊ ကျွန်တော်တို့အားလုံးပဲ ဒီအတိုင်းရပ်တည်နေကြတာပဲ မဟုတ်လား၊ ကျွန်တော့် ဟောဒီမိတ်ဆွေဟာ တော်လှန်ရေး လှုပ်ရှားမှုတွေရဲ့ ခေါင်းဆောင်တစ်ဦးအဖြစ်" သူ့စကားကိုရပ်ပြီး ယခုအချိန်ထိ ဆိတ်ငြိမ်စွာရပ်နေသော အက်တီးကို လှည့်ကြည့်လိုက်သည်။ "ဒါပေမဲ့ ဒါတွေအားလုံးဟာ ကျွန်တော်တို့ အခုကိစ္စနဲ့ သိပ်တော့မဆိုင်ပါဘူး၊ ကျွန်တော် ပြောချင်တာက တရားဥပဒေနဲ့ စည်းကမ်းချက်တွေဟာ အလျော့အတင်း လုပ်လို့ရတယ်ဆိုတာပဲ ဖြစ်တယ်။ အခုကိစ္စမှာက ကျွန်တော်တို့ဟာ ဈေးဝယ်သူ ဖြစ်နေပြီ"

"ကျွန်တော့် အနေနဲ့ကတော့ တတ်နိုင်သမျှ မျှတမှုဖြစ်အောင် ကြိုးစားခဲ့တာပဲ" ဟု မန်နေဂျာက ရှင်းပြသည်။ "မီးရထားကို စောင့်ဖို့ ဒါမှမဟုတ် တခြား သင့်လျော်တဲ့ ဟိုတယ်ရဖို့အတွက် ခရီးသည်တွေ အနေနဲ့ တစ်ရက်၊ ဒါမှမဟုတ် နှစ်ည စောင့်နိုင်ဖို့ ကျွန်တော် တတ်နိုင်သမျှ ကြိုးစားခဲ့တယ်။ အခုဆိုရင် ပါကစ္စတန်က ဒုက္ခသည် သန်းပေါင်းများစွာ ရောက်နေပြီမို့ ဒေလီမြို့မှာ လူတစ်ယောက်အတွက် အိမ်ရာတစ်နေရာ ရဖို့အတွက် ဘယ်လောက် ဘယ်လောက် ခက်ခဲတယ်ဆိုတာ ခင်ဗျားလည်း အသိပဲ ဖြစ်ပါလိမ့်မယ်။ ကဲ. . . ကျွန်တော် ရှည်ရှည်ဝေးဝေး မပြောပါရစေနဲ့တော့၊ နေ့လယ် ၁၁ နာရီ မိနစ် ၅၀အထိ ကျွန်တော်တို့ စောင့်ကြည့်ကြတာပေါ့၊ ကျွန်တော့်ဆီ စာရင်းပေးထားတဲ့ လူတွေထဲက ဒီပြင်မှာ တည်းခိုစရာ ရကြမယ် ဆိုရင်တော့"

"ကောင်းပြီလေ ကောင်းပြီ" ဟု နာတူးက သဘောတူလိုက်သည်။ ထို့နောက် တစ်နေ့အတွက် ငွေရမ်းခ ၅ ကျပ်ကို ထုတ်ပေးသည်။

"ဟင့်အင်း အဲဒီငွေကို ကျွန်တော် လက်မခံနိုင်ဘူး" ဟု မန်နေဂျာက ငြန့်ကွက်သည်။ "တကယ်လို့ ခင်ဗျားငွေကို လက်ခံရင် ကျွန်တော်က ဖြတ်ပိုင်း ရေးပေးရတော့မယ်၊ ဖြတ်ပိုင်းရရင် ခင်ဗျားအတွက် အခန်းက သေချာမှာပဲ မဟုတ်လား ကဲ. . . ကဲ ကျွန်တော်တို့ စောင့်ကြည့်ကြသေးတာပေါ့"

ထိုအခိုက် မီးရထားအမှုထမ်း တစ်ဦးက အသစ်ရောက်လာသော ခရီးသည်များကို ခေါ်၍ မန်နေဂျာထံ လိုက်လာသည်။ သူတို့အတွက် အခန်းများ ရနိုင်





မရနိုင် မေးသည်။ မန်နေဂျာသည် ခေါင်းကုတ်ပြီး အခန်းထဲမှ ထွက်သွားသည်။

အက်တီးက အခန်းတံခါးကို ပိတ်လိုက်သည်။

နာတူးသည် အိပ်ရာပေါ် လှဲချလိုက်ရင်း အမိုးပေါ်မှ ပန်ကာကို စူးစိုက်ကြည့်နေသည်။

"နာတူး မင်းပြောခဲ့တာတွေကတော့ အံ့ဩစရာပဲ" ဟု အက်တီးက ပြောသည်။ "မင်းကို မန်နေဂျာက လန့်သွားပုံရတယ်၊ ငါတို့ကို ဒီမှာ သူက ဆက်ထားမယ် ထင်တယ်"

"အင်း. . . ဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်"

"ဒါနဲ့ ပတ်သက်ပြီး မင်းပြောလိုက်တာကိုလည်း ငါ သဘောကျတယ်၊ ဘာပဲဖြစ်ဖြစ် ဒီမန်နေဂျာက ငါတို့ကို ဘာထင်မလဲ"

"တကယ်တော့ သူတို့ဟာ အင်္ဂလိပ်ခွေးတွေထက် ပိုဆိုးသေးတာကွ" ဟု နာတူးက အက်တီးမေးခွန်းကို မဖြေဘဲ ပြောလိုက်သည်။

"ဘယ်သူက ပိုဆိုးတာလဲ နာတူး" ဟု အက်တီးက စိတ်ဝင်စားစွာဖြင့် မေးသည်။

"ဘယ်သူရှိရဦးမှာလဲ၊ မျက်နှာမည်း လူဖြူတွေပေါ့ကွ" ဟု နာတူးက ဖြေသည်။ "တို့အတွက် တိုင်းပြည်ကို ထိန်းသိမ်းအုပ်ချုပ်ထားရပါတယ်ဆိုတဲ့ လူတွေလေ၊ သူတို့ဟာ လူဖြူတွေလို စကားပြောတယ်။ လူဖြူတွေလို ဝတ်စားကြတယ်။ လူဖြူတွေလို ကျင့်ကြံကြတယ်။ ဒါပေမဲ့ သူတို့ အသားအရောင်ကိုတော့ မပြောင်းနိုင်ကြဘူး၊ ဒါကြောင့်မို့လည်း သူတို့ရဲ့ အသွေးအရောင်ကို သူတို့က သိပ်မုန်း နေကြတာပေါ့။ ဒါကြောင့်မို့လည်း ဒို့ပြင် အသားမည်းတွေကို သူတို့က မုန်းနေကြတာပဲ"

"ဟုတ်တယ် မင်းပြောတာ မှန်တယ်" ဟု အက်တီးက ထောက်ခံသည်။ တစ်ခုတော့ ရှိတယ်။ အဲဒီ ပြဿနာကို ငါက အဲဒီလိုတော့ မစဉ်းစားခဲ့ဘူး၊ မမြင်ခဲ့ဘူး၊ ဘာပဲဖြစ်ဖြစ် မင်းပြောတာ မှန်တယ်၊ ငါ လက်ခံတယ်။ ကဲ မင်းအတွက် စီးကရက်လိပ်ပေးရဦးမလား နာတူး"

"နေပါစေ စားစရာတစ်ခုခုပဲ ယူပေးပါတော့"

"ယူပေးမယ်လေ ဒီစီးကရက်တော့ ကုန်အောင် သောက်ပါရစေဦး"

"နောက်ပြီး ဘီယာလည်း ယူခဲ့"

"ဒီနေ့မှာ ဘီယာမသောက်ဖို့ ကာတုတ်က မှာလိုက်တယ်လေ" ဟု အက်တီးက သတိပေးလိုက်သည်။ သူကိုယ်တိုင်ကလည်း ဘီယာ အလွန်ကြိုက်သူ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၍ ကြိုတင်ကာကွယ် ဆင်ခြင်ခြင်းဖြစ်သည်။

“ကာတုတ်ပြောတာ မေ့လိုက်စမ်းပါ။ ကဲ ဘီယာ လေးပုလင်း ယူခဲ့”

“လေးပုလင်းဆိုတော့ မများဘူးလား နာတူး၊ တို့သိပ်မူးလို့ မဖြစ်ဘူး။ တကယ်လို့ ဒီက ခပ်စောစော ထွက်သွားရမယ်ဆိုရင် နေပူပူနဲ့ ပိုဆိုးလိမ့်မယ်။ ငါ နှစ်ပုလင်းပဲ ယူခဲ့မယ်”

“အင်းလေ မင်းမသောက်ဘူး ဆိုရင်တော့ နှစ်ပုလင်းနဲ့ လုံလောက်ပါပြီ။ ငါ့အတွက်တော့ နှစ်ပုလင်းပဲ၊ မင်းသောက်ချင်ရင် မင်းအတွက် မင်းဝယ်ခဲ့”

“ဒါဖြင့် ငါ သုံးပုလင်း ယူခဲ့မယ်ကွာ” ဟု အက်တီးက သူ့စကားကို ပြင်ပြော သည်။ သို့သော် နာတူးက သူ့မျက်လုံးကို ပိတ်ထားပြီးလေပြီ။ ဘီယာနှင့် ပတ်သက်၍ ဆက်လက်ဆွေးနွေးခြင်း မပြုလိုတော့ကြောင်း သူက ပြသခြင်းပင်။ အက်တီးကလည်း သူ့လက်ညှိုး မီးပူသည်အထိ စီးကရက်ကို ဆိတ်ငြိမ်စွာ သောက်နေမိသည်။

အခန်းထဲမှ ထွက်မည်ပြုသောအခါ အက်တီးက မျက်မှန်နက်ကို တပ်လိုက် သည်။ နာတူးက အခန်းဝဆီ လိုက်လာသည်။

“ဘယ်သူနဲ့မှ စကားမပြောနဲ့နော်” ဟု နာတူးက သတိပေးသည်။ “မင်းလိုချင်တဲ့ အစားအသောက်တွေကိုပဲမှာ၊ နောက်ပြီး ဒီကို မြန်နိုင်သမျှ မြန်အောင် ပြန်လာ ကြားလား”

“အင်းပါ ငါသိပါတယ်” ဟု အက်တီးက ပြောသည်။ “ဒါနဲ့ ဘယ်အချိန် ရှိပြီလဲ နာတူး”

“ကိုးမရှိပါဘူး၊ အချိန်တွေ အများကြီးရှိပါသေးတယ်။ ကဲ သွားပေတော့”

အက်တီး ထွက်သွားလျှင် ထွက်သွားချင်း နာတူးက တံခါးကို သော့ပိတ် လိုက်သည်။ ထို့နောက် တံခါးရွက်ကိုမှီရင်း သက်ပြင်းချလိုက်သည်။

၉ နာရီ ကျန်ပါသေးသလားဟု နာတူးက စဉ်းစားလိုက်သည်။

“၉ နာရီတဲ့”

တကယ်တော့ ၉ နာရီဆိုသော အချိန်မှာ လူ့ဘဝအတွက် မည်သို့မျှ ကြာညောင်းသည်မဟုတ်၊ တိုတောင်းသည့် အချိန်လေးသာတည်း။

နောက်ဆုံး ရာနီထံသွားလျှင်ပင် ကတိုက်ကရိုက် သွားရမယ့် အချိန်ဟု နာတူးက နားလည်ထားသည်။

ရာနီ ဘာပဲဖြစ်ဖြစ် ရာနီ့ကို ယခုကဲ့သို့ အချိန်မျိုးတွင် ထည့်သွင်းစဉ်းစား၍ မဖြစ်၊ ရာနီ့ကို မေ့ထားမှဖြစ်မယ်။ ရာနီ့ကို သတိရ တွေးတောခြင်းထက် သူ့သေနတ်





ကို စစ်ဆေးခြင်းက ယခုအချိန်တွင် အကောင်းဆုံး ဖြစ်မည်ဟု နာတူးက ယုံကြည် ထားသည်။

သူက ပစ္စတိုအတွင်းမှ ကျည်ဆန်များကို ထုတ်၍ ကျည်ဆန်အပြည့် ရှိမရှိ စစ်ဆေးလိုက်သည်။ ထို့နောက် ကျည်ဆန်များကို ပြန်ထည့်ရင်း ခလုတ်ကို ကြည့်လိုက် သည်။ ထို့နောက် တောက်ပြောင်အောင် တိုက်ထားသော သေနတ်ပြောင်းကို ကြည့် သည်။ ထို့နောက် နက်မှောင်နေသော လက်ကိုင်ကို ကြည့်သည်။

လက်ကိုင်သည် သူ့ဆံပင်ကဲ့သို့ပင် နက်ပြောင်နေသည်။ သေနတ်ကို လက်မှချလိုက်ရင်း နာတူးသည် လက်ပတ်နာရီကို ကြည့်လိုက်ပြန်သည်။

နာတူးသည် သူ့ရှပ်အင်္ကျီကိုချွတ်ပြီး ခေါက်လိုက်သည်။ ထို့နောက် အင်္ကျီခေါက်ကို သမ်တလင်းပေါ် ချကာ ခေါင်းအုံး အိပ်လိုက်သည်။

နာတူးသည် သူ့အတွေးများကို ရပ်ပစ်လိုက်သည်၊ ရာနီ့အကြောင်းကို၊ ယနေ့ညနေအကြောင်း၊ နက်ဖြန်အကြောင်း၊

ထိုမျှမက သူလုပ်ရမည့် လုပ်ငန်းစဉ်များကြောင့် နာတူးသည် သူ့ကိုယ်သူ ဂေါ်ဆီးဖြစ်ကြောင်း၊ အသက် ၃၇ နှစ်၊ ကိုယ်အလေးချိန် ပေါင် ၁၃၀၊ သန်မာပြီး အရပ် ၅ ပေ၊ ၁ လက်မရှိကြောင်း စသည့် သူ့ကိုယ်ရေးကိုယ်တာ အကြောင်းများကို လည်း နာတူးက မစဉ်းစား။ ထို့အပြင် ဒေလီရှိ မီးရထား တည်းခိုရိပ်သာတစ်ခုတွင် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ၊ ၃၀ ရက်၏ နံနက်ခင်း၌ လဲလျောင်းနေကြောင်းကိုလည်း သူက မေ့ထားလိုက်သည်။

အက်တီး၏ အချက်ပေးတံခါးခေါက်သံကြောင့် နာတူးက ကပျာကယာ တံခါးထဖွင့်ပေးလိုက်သည်။

အက်တီးသည် အခန်းတွင်းသို့ ကမန်းကတန်း ဝင်လာရင်း. . .

“ငါ့နောက် လူလိုက်လာတယ်” ဟု တီးတိုးပြောသည်။ ထို့နောက် သူ့လက် တွင်းမှ အထုပ်များကိုချပြီး ဟနေသော ပြတင်းပေါက်မှ ဝရံတာသို့ ချောင်းကြည့်လိုက် သည်။ ဝရံတာမှာ လူရှင်းနေသည်။

“မင်း တကယ်ပြောတာလား” ဟု နာတူးက စိုးရိမ်စွာဖြင့် မေးသည်။

“တကယ်ပြောတာပါ၊ ဒါပေမဲ့ ငါ့ကို သူမျက်ခြည်ပြတ်သွားခဲ့တယ် ထင် တယ်”

“ထင်တယ် ဟုတ်လား”

“ငါ့ကို အပြစ်မတင်ပါနဲ့ နာတူး၊ သူတို့ဟာ ဘယ်လောက်ပါးနပ်တယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



မင်းလည်းအသိပဲ"

"လူအ မင်းဘာဖြစ်လို့ ဒီကို ပြန်လာရတာလဲ"

"ငါ့အနေနဲ့ ဒီ့ပြင်ဘယ်နေရာကိုမှ သွားစရာ မရှိတာဘဲဟာ"

"သွားစရာနေရာ မရှိဘူး ဟုတ်လား၊ မင်းဟာ ဦးနှောက် တစ်ဝက်တည်းနဲ့ များ မွေးလာတာလား။ ကာတုတ်နဲ့ရော ဒီ့ပြင် ရဲဘော်တွေနဲ့ရော တွေ့တိုင်း အကြိမ်တစ်ရာ၊ အကြိမ်တစ်ထောင်မက မင်းကိုပြောခဲ့တာ မမှတ်မိဘူးလား ဟင်၊ တို့နောက်ကို လိုက်ရင် ဘယ်တော့မှ ရဲဘော်တွေ ပုန်းနေတဲ့နေရာကို ပြန်မလာပါနဲ့လို့ မင်းကိုပြောခဲ့တာ မင်းမေ့ကုန်ပြီလား ဟင်၊ တကယ့်ကို အသုံးမကျတဲ့ အကောင်ကွာ"

အက်တီးသည် သူ့ခြေထောက်ကို ငုံ့ကြည့်နေမိသည်။ သူ့အနေဖြင့် မည်သို့မျှ ခွန်းတုံ့မပြန်နိုင်၊ တကယ်တော့လည်း သူတို့တစ်တွေသည် ထိုကဲ့သို့ အလိုက် ခံရလျှင် ပုန်းနေသူများရှိရာ ပြန်မလာရန် အကြိမ်ကြိမ် ညွှန်ကြားခြင်း ခံခဲ့ရလေသည်။

သို့သော်လည်း ဤမြို့တွင် သူ့အတွက် အားကိုးစရာ၊ အားထားစရာ စိတ်အချရဆုံးဆို၍ နာတူးတစ်ယောက်သာ ရှိနေသဖြင့် အက်တီးသည် ဖွတ်မိုက်ပြီး နာတူးထံ ပြန်လာခဲ့ရခြင်း ဖြစ်လေသည်။

"ကဲ. . ကောင်းပြီ၊ ခုမှတော့ အဲဒါကို မေ့လိုက်ကြစို့၊ ဘာဖြစ်ခဲ့တယ်ဆိုတာ ကိုသာ ပြောပြစမ်း၊ မင်း ဒီအခန်းက ထွက်သွားပြီးကတည်းက ဘာဖြစ်ခဲ့တယ်ဆိုတာ ငါ့ကို အသေးစိတ် ပြောပြစမ်း"

"နာတူး ငါ ငါ အမှားလုပ်ခဲ့မိရင် ဝမ်းနည်း"

"မင်းကို မေ့လိုက်ပါလို့ ငါပြောခဲ့တယ် မဟုတ်လား၊ ကဲ မင်းနောက်ကို လူလိုက်လာကြောင်း ဘယ်အချိန်ကစပြီး မင်း သိခဲ့သလဲ။ မင်းနောက် လိုက်တဲ့လူက ဘယ်လိုပုံသဏ္ဍာန် ရှိသလဲ၊ ကဲပြောစမ်းပါကွာ ပြောစမ်း၊ တို့ ဒီက ချက်ချင်းထွက်သွား သင့်ရင် ထွက်သွားရလိမ့်မယ်"

"ဒါနဲ့ သူတို့အောက်ထပ်က စောင့်နေမယ် ဆိုရင်ရော"

"ဘယ်သူတွေက စောင့်နေမှာလဲ၊ သူတို့တွေနဲ့ ပတ်သက်လို့ မင်း ငါ့ကို ဘာမှမပြောပြသေးပါလား၊ သူတို့ ဘယ်နှယောက် ရှိသလဲဟင်"

"ငါတော့ တစ်ယောက်တည်း တွေ့ခဲ့တာပဲ၊ သူကြည့်ရတာ ကိုးရိုးကားရားနဲ့"

"ကိုးရိုးကားရားဆိုတာ ဘာလဲ"





"ဒီလိုကွ သူဟာ ပုလိပ်တစ်ယောက်နဲ့ မတူခဲ့ဘူး။ သူ့အဝတ်အစားက စုတ်စုတ် ပြတ်ပြတ်၊ မုတ်ဆိတ်မွေးတွေကလည်း မရိတ်၊ တကယ်ပဲ ဘီယာဆိုင်ထဲ ဝင်ခဲ့ကတည်းက ငါ သူ့ကို မမြင်ခဲ့မိဘူး"

"ဘာလဲ မင်းမျက်လုံးတွေက ကောင်မလေးတွေဆီ ရောက်ခဲ့တယ် မဟုတ် လား"

"နာတူး တကယ်ပါကွာ၊ သူဟာ ဆိုင်ဝမှာ သူတောင်းစားကြီး တစ်ယောက် လို ထိုင်နေခဲ့တာကိုး"

"ဟုတ်တယ်လေ၊ ဒါမျိုးဟာ တို့အတွက် ရိုးနေပြီ မဟုတ်လား"

သူတို့လား မြွေဟောက်တွေလို တို့ကို စောင့်ခဲ့တတ်ကြတယ်လေ၊ အုသေ ကောင်လိုပဲ သူတို့က ခွေပြီးနေခဲ့တယ်၊ အက်တီး မင်းဟာ တော်တော့်ကို အသုံးမကျတဲ့ အကောင်ပဲ၊ လွန်ခဲ့တဲ့ ၁၀ နှစ်အတွင်းက မင်းကို သင်ပေးခဲ့သမျှတွေ အားလုံးကိုရော မင်း မေ့သွားပြီလား။ ကဲ. . . တို့ခေါင်းဆောင် ကာကာချီကို ဖမ်းသွားတာ ဘယ်သူလဲ၊ မျက်စိကန်းချင်ဟန်ဆောင်ထားတဲ့ မိန်းမကြီး မဟုတ်လား၊ ကဲလေ အဲဒါတွေ ထားလိုက်ပါတော့။ အဖြစ်အပျက်တွေကိုသာ ပြောပြစမ်းပါ"

သတင်းစာစက္ကူနှင့် ထုပ်ထားသော ဘီယာပုလင်း တစ်ပုလင်းကို နာတူးက ယူလိုက်ကာ အဖုံးကို တံခါးမင်းတုပ်နှင့် ရိုက်ဖွင့်ပြီး မော့သောက်လိုက်သည်။

"ကဲ" ဟု နာတူးက ဆိုလိုက်သည်။

"ငါ တစ်ကျိုက်လောက် မော့ပါရစေဦး နာတူး"

"မင်း ပြောလို့ပြီးမှ"

"သိပ်ပြီးတော့ ပြောစရာလည်း မရှိလှပါဘူးကွာ၊ မင်းပြောတဲ့အတိုင်းပဲ ငါ ဘီယာဝယ်တယ်၊ ဘီယာရောင်းတဲ့ အမေးအမြန်းထူတဲ့ အကောင်နဲ့လည်း ငါ စကားမပြောအောင် ရှောင်ခဲ့တယ်။ သူက ဒေလီရောက်တာ ဘယ်လောက်ကြာပြီလဲ လို့ မေးတယ်။ ငါ့ကို ဒီနယ်သား မဟုတ်ဘူးလို့လည်း ပြောတယ်။ ပါကစ္စတန်က ဒုက္ခသည်လားတဲ့"

ဒါပေမဲ့ သူ ငါ့ဆီက ဘာသတင်းမှ မရသွားပါဘူး။ ငါက သူ့ဆီက ဘီယာ ကို လာဝယ်တာဖြစ်တယ်။ သူ့မေးခွန်းတွေ ဖြေဖို့ လာတာမဟုတ်ဘူးလို့ ခပ်ပြတ်ပြတ် ပဲ ပြောလိုက်တယ်"

"မိုက်ပါဘိတော့ကွာ၊ မင်းဘာဖြစ်လို့ တုံးတိတိ ပြောခဲ့ရတာလဲ၊ မင်းကို လူတွေ က သံသယ ဖြစ်တော့မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ဒါဖြင့် ငါ့အနေနဲ့ ဘာပြောရမှာတဲ့လဲ"

"ဘာမှပြောဖို့ မလိုဘူး။ သူပြောသမျှ နားထောင်ပြီး မင်းခေါင်းကို တဆတ်ဆတ် ညိတ်ပြရမယ်၊ ဒါမှ မင်းကို သူက လူအ လို့ထင်မှာ"

"ဒါပေမဲ့ နာတူး"

သူတို့သည် လေသံဖြင့် တိုးတိုးပြောခဲ့ကြသော်လည်း တဖြည်းဖြည်းနှင့် သူတို့စကားသံများမှာ ကျယ်လာကြသည်။ နောက်ဆုံး နောက်ဆုံးစကားကို သူတို့ဟာ အဆုံးထိမပြော၊ ရပ်ပစ်လိုက်ကြသည်။

တိုးတိုးသာ ခေါက်လိုက်သော တံခါးခေါက်သံကြောင့် သူတို့မှာ ငြိမ်သွားကြတော့သည်။ မလှုပ်ယှက်ကြတော့။ နာတူးမှာ တစ်ဝက်ခန့် ကျန်သေးသော ဘီယာပုလင်းကို ကိုင်၍ရပ်နေသည်။ အက်တီးမှာမူ ပါးစပ်ဟောင်းလောင်းနှင့် ရှိနေသည်။

တံခါးခေါက်သံသည် ပေါ်ထွက်၍ လာပြန်သည်။

"ဆရာ" ဟူသော ခေါ်သံလည်း ကြားရ၏။

"ဘယ်သူလဲ" ဟု နေရာမှ မရွေ့သေးဘဲ နာတူးက မေးလိုက်သည်။

ဒိုတီပါဆရာ အဝတ်လျှော်စရာ ရှိသလားလို့"

"ဩော်. . . ဩော် ဒီနေ့ ဘာမှမရှိသေးဘူး" ဟု ပြောရင်း နာတူးက ချောင်းကြည့်ပေါက်သို့ သွားလိုက်သည်။

"ဆလံပါပဲ ဆရာ"

နာတူးသည် အဝတ်လျှော်သူကို မျက်စိအောက်မှ ပျောက်သွားသည်အထိ ကြည့်နေသည်။

"နာတူး သူ့ကို"

"ရှူး" ဟု ပြောရင်း နာတူးက အခန်းအလယ်သို့ ပြန်လျှောက်လာသည်။ ထို့နောက် သမံတလင်းပေါ် ထိုင်ချသည်။

"မင်းနောက်ကို ဘယ်လောက်အထိ လိုက်ခဲ့သလဲ" ဟု နာတူးက မေးသည်။

"ကိုက် ၁၀၀ ကျော် အထိပဲ"

"တိုးတိုးပြောစမ်းပါ" ဟု နာတူးက သတိပေးလိုက်သည်။

"သူ့ကို ဘယ်လိုလုပ်ပြီး မင်းက ခွာခဲ့သလဲ"

"ငါ ထရော်လီကားနဲ့ လိုက်ခဲ့တယ်"

"ဘယ်မှာလဲ"

"ဘူတာရုံအပြင်ဘက် ကတ်မားဂိတ်ဆီကို အသွားမှာ ဖြစ်တယ်"





"ကောင်းတယ် သူကရော"

"ငါ မသိဘူး"

"မင်း သူ့ကို လှည့်ကြည့်တော့ရော"

"သူ မရှိတော့ဘူး"

"သူရော ထရော်လီနဲ့ပဲ လိုက်ခဲ့သလား"

"မတွေ့မိဘူး၊ အဲဒီမှာက လူတွေ သိပ်များနေတာ"

"ဟုတ်တယ်၊ ဟုတ်တယ် မင်းဘယ်မှာ ဆင်းနေခဲ့သလဲ"

"မိုင်ဝက်လောက် စီးသွားပြီး အငှားကားတွေတဲ့အထိပဲ"

"မင်း အခု ဒီကို အငှားကားနဲ့ ပြန်လာတာပေါ့ ဟုတ်လား"

"ဟုတ်တယ်လေ၊ ငါ့အနေနဲ့ လမ်းလျှောက်ပြန်လို့ မဖြစ်ဘူး၊ သူနဲ့တွေ့ရင် တွေ့နေမှာ"

"ကောင်းတယ်၊ အငှားကားမောင်းတဲ့လူကို ဘယ်ကိုမောင်းဖို့ မင်းပြောခဲ့သလဲ"

"ဒီကိုပေါ့"

"ဘူတာရုံကိုပေါ့ ဟုတ်လား"

"ဟုတ်တယ်လေ"

"ဒီကနေ တော်တော်လေးလှမ်းတဲ့နေရာမှာ မင်း ဆင်းပြီးမှ ဒီကို လမ်းလျှောက်ပြန်လာသင့်တယ်"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ လမ်းလျှောက်တာဟာ ငါ့ကို လူတွေ ပိုမြင် ပိုဂရုစိုက် သလိုရှိမှာ မဟုတ်လား"

"မင်း သိပ်တော်တဲ့လူပဲ"

"ဝမ်းသာပါတယ်ကွာ၊ နာတူးထံမှ ချီးကျူးစကား ကြားရ၍ အက်တီးသည် ကျေနပ်မိသည်။ သူက ပြုံးလိုက်သည်။

"ဒါပေမဲ့ ကားမောင်းသမားဟာ သူလျှိုဖြစ်နေရင် ဘယ့်နှယ် လုပ်မလဲ"

အက်တီး နှုတ်ခမ်းပေါ်မှ အပြုံးတို့ လွင့်ပျောက်ကုန်သည်။

"အင်း. . . အဲ့ဒါကို မင်း မစဉ်းစားခဲ့ဘူး မဟုတ်လား" ဟု နာတူးက ဆက်ပြောသည်။ "ငါတို့ ဘူတာရုံမှာရှိကြောင်း သူတို့သိထားမှာကတော့ သေချာပြီကွ"

"ဘယ်လိုလုပ်ပြီး ငါတို့ အတိအကျ ပြောနိုင်မှာလဲ၊ ငါကိုယ်တိုင်က



www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းသမားနဲ့ စကားပြောခဲ့တာမှ မဟုတ်ဘဲ။ ဘူတာရုံကို မြန်မြန်ပော့လို့သာ ငါက ပြောခဲ့တာပါ။ ဒီရောက်တော့လည်း ငါ့ကို အကြွေပြန်အမ်းတာကိုတောင်မှ ငါ စောင့်မယူခဲ့ဘူး"

"အင်း. . . ဒါကတော့ တကယ့်ကို နည်းပရိယာယ် ကြွယ်တာပဲ အက်တီး ရေ့ မင်းဟာ တစ်ဖက်ကိုသွားနေတဲ့ ထရော်လီနဲ့ လိုက်သွားတယ်။ နောက် အငှား ကားတစ်စီးရှာပြီး ဘူတာရုံဘက် ပြန်မောင်းခိုင်းတယ်။ နောက်တော့ မင်းက အပိုကြေး ငါးမူးပေးပြီး ဘူတာထဲ ကတိုက်ကရိုက်ဝင်ခဲ့တယ်။ မင်းမှာက အထုပ်အပိုးဆိုလို့ ဘာမှ မပါခဲ့ဘူး။ အိပ်ရာလိပ်တောင် မပါခဲ့ဘူး။ အဲ့ဒီတော့ မင်းကို ဘာသံသယ ဖြစ်စေမလဲ၊ စကားတစ်လုံးတည်းနဲ့ ချုံ့ပြီးပြောရရင်တော့ အကုန်လုံးပဲ"

အက်တီးသည် တုန်လှုပ်သွားသည်။ သူကလည်း အဆိုးဆုံးကို မျှော်လင့် လာမိလေပြီ။ သူလုပ်ခဲ့သည်တို့ကို နားလည်ပေပြီး။ အပိုကြေးအဖြစ် ပြန်အမ်း ငွေ မယူတော့ကြောင်း ပြောခဲ့စဉ်က ကားမောင်းသူက သူ့ကို ကြည့်ခဲ့သည့် အကြည့်။

အက်တီးလက်များသည် တုန်လာသည်။ ထို့ကြောင့် သူ့ရှေ့တွင် ချထား သော တစ်ဝက်ခန့် ကျန်သေးသည့် ဘီယာပုလင်းကို ကောက်ယူပြီး မော့ချလိုက် သည်။ ထို့နောက် နှုတ်ခမ်းကို အင်္ကျီလက်အစဖြင့် ပွတ်သုတ်လိုက်ပြီး နာတူးကို အော်လိုက်သည်။

"ဒါဖြင့် အဝတ်လျှော်တဲ့လူလို သူတို့က လွှတ်လိုက်တယ်လို့ မင်းထင် သလား နာတူး"

"သူတို့ လွှတ်လိုက်တာဆိုရင်တော့ ငါ့အနေနဲ့ ဘယ်လိုမှ မအံ့ဩဘူး"

"ဒါဖြင့် တို့ ဒီအခန်းက ထွက်သွားကြရအောင်"

"ဟင့်အင်း. . . ခုချက်ချင်းထွက်သွားရင် သိပ်အန္တရာယ်များလိမ့်မယ်။ ကဲ တို့ စားစရာရှိတာ စားလိုက်ကြဦးစို့"

"ဒါပေမဲ့ ဒီမှာ ငါတို့မှန်း သူတို့သိနေရင်"

"ကဲ. . . ဒါဖြင့် ငါတို့ ဘယ်ကို ပြေးရမယ်ဆိုတာ ပြောပြစမ်းပါဦး"

"မင်း ဘာကိုပြောချင်တာလဲ၊ ငါ့မှာ ဘာအကြံအစည်မှ မရှိပါဘူး။ တို့ ဒီကထွက်မယ်၊ နောက်ပြီး တစ်နေရာရာကို ရထားနဲ့ သွားမယ်"

"ဘာလဲ ပူနားမြို့ကိုလား"

ပူနားမှာ သူတို့နှစ်ယောက်စလုံး နေထိုင်ရာမြို့ဖြစ်သည်။

နာတူး မေးခွန်းကြောင့် အက်တီးသည် အနည်းငယ် ရှက်မိသည်။





ကိုယ့်ဌာနေသို့ ပြန်ပြေးလိုသည်ကား သတ္တိကြောင်လွန်းလှပါကလား"

သူက အစီအစဉ်အားလုံးကို မေ့ပြီး သူ့လုံခြုံရေးအတွက်ကိုသာ တွေးတော ခဲ့သလိုပါပဲလား။ သူတို့ အစီအစဉ်အရ။ ညနေ ၅ နာရီအထိ သူတို့ ထွက်မပြေးကြရ။ အစီအစဉ်များကို လုံးဝပြီးစီးသည်အထိ လုပ်ကိုင်ရမည်။ ထို့ကြောင့် အန္တရာယ်များ ဆန့်ကျင်မှုများကို ရင်ဆိုင်ရမည်။ တွန်းလှန်ရမည်။

"မဟုတ်ပါဘူး" ဟု အက်တီးကပြောသည်။ "ငါတို့ အဝေးကြီးကို ထွက် မပြေးပါဘူး။ ဒါပေမဲ့ ငါတို့ကို သူတို့လာမဖမ်းတဲ့အထိ ဒီမှာထိုင်ပြီး နေတာကတော့ မကောင်းဘူးမဟုတ်လား"

"ဘာပဲဖြစ်ဖြစ် အခြေအနေအရ ထွက်ပြေးတာထက် စောင့်နေတာက ပိုကောင်းမယ်။ နောက်ပြီး ဒီဘူတာရုံက ကြီးတယ်မဟုတ်လား၊ ဒီတော့ ငါတို့ ဒီမှာ ရှိနေတာကို သူတို့ သိကောင်းမှ သိကြမယ်၊ ကဲ. . . လာ စားကြစို့"

အက်တီးသည် နာတူးကို ယုံသည်။ နာတူးသည် အရည်အချင်း ပြည့်ဝသူ တစ်ဦး ဖြစ်သည်။ သူသည် အန္တရာယ်အမျိုးမျိုးကြားမှ လွတ်အောင် လက်တစ်လုံး ကြား ထွက်နိုင်ခဲ့သည်။ ပုလိပ်များ၊ စုံထောက်များကို သူက လှည့်စားခဲ့တတ်သည်။

စစ်အတွင်းက ဗြိတိသျှအဆက်အသွယ်များကို တတ်နိုင်သမျှ ဖြတ်တောက် ခဲ့စဉ်ကလည်း နာတူးသည် အစွမ်းထက်မြက်ခဲ့သည်။ နာတူးနှင့် အက်တီးမှာ ထိုစဉ် ကတည်းက လက်တွဲဆောင်ရွက်ခဲ့သည်။

သို့သော် ယနေ့ ၎င်းတို့အဖွဲ့အစည်း လုပ်ငန်းဆောင်တာများသည် စစ်အတွင်းက လုပ်ငန်းဆောင်တာများနှင့် မတူညီ၊ မလွယ်ကူ။

အိန္ဒိယ၏မြို့တော်ဒေလီတွင် စုံထောက် ထောင်ပေါင်းများစွာမှာ သူတို့ နောက် ခြေရာခံလိုက်နေကြကြောင်း နာတူးက သိထားသည်။ စုံထောက်များ၊ ပုလိပ် များသည် သူတို့ကို တွေ့မိလျှင် မျက်ခြည်ပြတ် မခံကြ၊ ထို့ကြောင့် နာတူးတို့မှာ များစွာ သတိထားခဲ့ရသည်။ သို့ကြားထဲက လွန်ခဲ့သော ဆယ်ရက်က အစီအစဉ်အတွက် ဆွေးနွေးနေစဉ် သူတို့မှာ အဝိုင်းခံခဲ့ရသည်။

သူတို့အားလုံးပင် ထွက်ပြေးလွတ်မြောက်ခဲ့သော်လည်း အသက်အငယ်ဆုံး၊ စကားအများဆုံး ပါဝါဆိုသူ လူငယ်မှာမူ ပုလိပ်များလက်တွင်း ရောက်သွားခဲ့ရသည်။

ပုလိပ်တို့သည် ပါဝါထံမှ သတင်းရနိုင်ခဲ့လေမည်။ ပါဝါသည် စိတ်ဓာတ်ခိုင် သူ မဟုတ်။ အလွန်ဆုံး ၁၀ နာရီသာ စစ်ရမည်။ ပါဝါက သူသိသမျှကို ပြောမည် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



နာတူးသည် ထမင်းကို စားနေရသော်လည်း အရသာမတွေ့လှ၊ ငါတို့ ဒီမှာရောက်နေတာ သူတို့ သိထားကြပါပြီ။

နာတူးသည် ထမင်းကို ငုံ့စားနေရာမှ ထမင်းထုပ်လာသည့် သတင်းစာ ဖြတ်ပိုင်းပါ သတင်းတစ်ပုဒ်ကို သွားတွေ့သည်။ သတင်းကို နာတူးက စိတ်ဝင်စားစွာ ဖတ်လိုက်သည်။

သတင်းမှာ ပြုံးနေသော စုံတွဲတစ်တွဲ ဓာတ်ပုံဖြစ်သည်။ ဓာတ်ပုံ၏အောက်မှ ပုံစာက တင်းနစ်ချန်ပီယံ မာတာနှင့် ၎င်း၏လှပသော ဇနီးတို့ ဒေလီသို့ ခေတ္တ အလည်အပတ် ရောက်လာစဉ် တွေ့ရပုံ။ သူတို့ဇနီးမောင်နှံသည် ပလင်းရာ ဟိုတယ်တွင် တည်းခိုလိမ့်မည်ဟု ဖော်ပြထားသည်။

နာတူးသည် သတင်းစာမှ စာမျက်နှာကို လှန်လိုက်သည်။ သူက ရာနီကို အမှတ်ရမိလာသည်။ ရာနီနှင့်သူ ပထမဆုံး တွေ့ခဲ့သည့်ညကို ပို၍ သတိရမိတော့သည်။

* * *

၁၉၄၆ ခုနှစ်၊ စက်တင်ဘာလအတွင်းက ပြုလုပ်သည့် သူဌေးကြီး ဘာဘူယိုး၏သမီး မင်္ဂလာဆောင်မှာ ခမ်းနားကြီးကျယ်လှသည်။ မင်္ဂလာ အခမ်းအနားကို သောကြာနေ့မှ တနင်္လာနေ့အထိ ကျင်းပသည်။

ဘာဘူယိုးမှာ သူ့မိတ်ဆွေဖြစ်သည်က တစ်ကြောင်း၊ ထိုစဉ်က ၎င်း အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သော သတင်းစာတွင် ကြော်ငြာထည့်သူတစ်ဦး ဖြစ်သည်ကတစ်ကြောင်း၊ ထို့ကြောင့် လက်ထပ်ပွဲသို့ နာတူး ရောက်သွားခဲ့သည်။

ဘာဘူယိုး၏ အိမ်နှင့်ပန်းခြံမှာ ခမ်းနားသလောက် ဧည့်သည်များမှာလည်း အိမ်နှင့်အပြည့်၊ ပန်းခြံနှင့်အဆန့်၊ စင်စစ် ဘာဘူယိုးမှာ မိတ်ဆွေပေါသူ ဖြစ်သည်။ သူ့တွင် ရန်သူဟူ၍ မရှိ။ သူသည် ပူနားတွင် စခန်းချထားသော ဗြိတိသျှစစ်တပ်များထံ ကြေးဝါခါးပတ်ခေါင်းများနှင့် သောက်ရေခွက်များ တင်သွင်းသည့် ကန်ထရိုက်တာ ဖြစ်သည်။ တစ်ဖက်တွင်လည်း သူက အမျိုးသားကွန်ဂရက်ပါတီကို ကူညီသည်။ ထိုမျှသာမက နာတူးတို့၏ အဖွဲ့အစည်းသို့လည်း သူက ထောက်ပံ့ခဲ့သည်။ နာတူးတို့ အဖွဲ့အစည်းမှ ထုတ်ဝေသော သတင်းစာတွင် သူက စာမျက်နှာပြည့် ကြော်ငြာများ မှန်မှန်ထည့်ပေးသည်။

တစ်ဖက်တွင် ပေါင်းသင်းဆက်ဆံရေး ကောင်းသလောက် တစ်ဖက်တွင်





လည်း သူ့စီးပွားရေးမှာ ဖြစ်ထွန်းခဲ့သည်။ သူသည် ဆေးနှင့် ဝါဂွမ်းခင်း မြောက်မြားစွာကို ပိုင်ဆိုင်ခဲ့သည်။ တစ်ခါက ၎င်းသည် တပ်မဟာ အဆောက်အအုံကို ဝယ်ခဲ့ပြီး အစိုးရအား အမြတ်ဖြင့် ရောင်းခဲ့သည် ဟူ၍ပင် သတင်းစကား ဖြစ်ခဲ့သည်။

နာတူးသည် မိတ်ဆွေများကို နှုတ်ဆက်ရင်း ပန်းခြံထဲသို့ ထွက်ခဲ့သည်။ သူက လက်ထဲမှ အရက်ကို မော့ချလိုက်ပြီး အနီးရောက်လာသော လက်တွန်းလှည်းမှ အရက်တစ်ခွက်ကို လှမ်းယူလိုက်သည်။

ညမှာ အေးလာသည်။ ပန်းရနံ့များလည်း သင်းလာသည်။ နာတူးသည် ပန်းခြံတွင်း လမ်းလျှောက်လာရာမှ 'ည၏ ဘုရင်မ' အမည်ရှိ ပန်းတစ်ပွင့်သည် သူ့ရှေ့သို့ ကြွေကျလာသည်။ သူက ကောက်ယူမည် ပြုလိုက်သောအခါ. . .

"ပန်းပွင့်လေးကို လွှင့်မပစ်ပါနဲ့" ဟူသော အသံတစ်သံကို ကြားရသည်။ နာတူးက အသံလာရာ လှည့်ကြည့်လိုက်သောအခါ မိန်းကလေးတစ်ဦး ဖြစ်နေသည်။

နာတူးသည် ပန်းပွင့်လေးကို ကောက်ကာ မွှေးလိုက်သည်။ ထို့နောက် သူမကို ကြည့်လိုက်ပြီး ပန်းပွင့်လေးကို လွှင့်ပစ်လိုက်တော့သည်။

"ရှင် တယ်ရိုင်းတဲ့လူပဲ" ဟု မိန်းကလေးက မှတ်ချက်ချသည်။

"ကျွန်မက လွှင့်မပစ်ပါနဲ့ တောင်းပန်ရက်သားနဲ့"

"ကျွန်တော့်နာမည်က နာတူးပါတဲ့"

"အင်းလေ ဘယ်သူပဲဖြစ်ဖြစ် ရှင်ဟာ တကယ် မယဉ်ကျေးတာပဲ"

သူမသည် သူ့ကို တစ်ဦးတည်း လာရောက်စကားပြောနေခြင်း ဖြစ်၍ အိမ်ထောင်သည် ဖြစ်ရမည်ဟု နာတူးက ခန့်မှန်းမိသည်။

"ဒါနဲ့ ခင်ဗျား ဘယ်သူလဲ" ဟု နာတူးက မေးလိုက်သည်။

"ရှင်လွှင့်ပစ်လိုက်တဲ့ ပန်းဟာ ကျွန်မ နာမည်ပဲ"

"ရတရာနီပေါ့။ ဒါ ခင်ဗျားနာမည် ဟုတ်လား"

"ရာနီပါတဲ့" ဟု ပြောရင်း သူမပခုံးပေါ်ကျနေသော ဆံပင်များကို လက်နှင့်ဖယ်လိုက်သည်။ "ဒါနဲ့ ရှင်ဘာသောက်နေတာလဲ၊ ရှန်ပိန်မဟုတ်လား၊ ကျွန်မကိုလည်း နည်းနည်း ပေးသောက်စမ်းပါ"

"ခင်ဗျားခင်ပွန်းက အရက်သောက်ရင် ဘာပြောမလဲ"

"ကျွန်မမှာ အဲ့ဒီ မရေရာတဲ့စိတ်ကူး မရှိပါဘူး။ ဘာပဲဖြစ်ဖြစ် သူကိုယ်တိုင်က ကျွန်မအတွက် အရက်တစ်ခွက် ယူပေးသင့်တာပါ။ ဘာလဲ ရှင်သူ့ကို ကြောက်သလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ဟုတ်လား"

သူမက မသိမသာ ပြုံးလိုက်သည်။

"ကျွန်တော်က ကြောက်ရမယ် ဟုတ်လား" ဟု သူက ထပ်မေးလိုက်ပြန်သည်။

ရာနီက အဖြေမပေးဘဲ သူ့ကို စိုက်ကြည့်နေသည်။ သူတို့ မျက်လုံးမှာ အချိန်အနည်းငယ်ကြာသည်အထိ ဆုံမိကြသည်။

"ဟင့်အင်း ကျွန်မလည်း မသိဘူး" ဟု နောက်ဆုံးတွင်မှ သူမက ဖြေသည်။ "လူတော်တော်များများကတော့ သူ့ကို ကြောက်ကြတယ် ထင်တာပဲ၊ ဒါပေမဲ့ ကျွန်မကတော့ မကြောက်ဘူး"

"အင်း ဒါဟာ စိတ်ဝင်စားစရာ အကောင်းဆုံးပဲ" ဟု နာတူးက ပြောသည်။

ထိုအခိုက် အက်တီး ရောက်လာကာ. . .

"ဩော်. . . မစ္စစ် မာတာပါလား" ဟု အက်တီးက ပြောသည်။

"ဒါနဲ့ ခင်ဗျား အင်္ဂလန်မှာ ရောက်နေတယ်ဆို"

"ဟုတ်တယ် ကျွန်မ အခု ပြန်လာတာ" ဟု သူမက ဖြေသည်။

"ရှင့်ကို ပြန်တွေ့ရတာ ဝမ်းသာစရာပါပဲ အက်တီး"

"ဩော်. . . မင်းတို့က သိနေမှကိုး" ဟု နာတူးက မခံချင်ဟန်ဖြင့် မေးလိုက်သည်။

"သိတယ်လေ" ဟု အက်တီးက ဖြေသည်။ "မစ္စစ်မာတာကို မသိသူ ဘယ်သူများ ရှိသလဲ၊ ဒါနဲ့ ချန်ပီယံကို မမြင်ပါလား"

ရာနီ၏ခင်ပွန်းမှာ အိန္ဒိယပြည်လုံးဆိုင်ရာ တစ်ဦးချင်း တင်းနစ်ချန်ပီယံ မာတာဖြစ်သည်။

အမှန်ကိုပြောရရင် ကျွန်မလည်း သူ့ကို ဒီရောက်ပြီး ခဏာလောက်ကြာတဲ့ အထိပဲ တွေ့ခဲ့တယ်" ဟု ရာနီက ဖြေသည်။ "ခုလောက်ဆို တင်းနစ်ရိုက်နည်းကို စိတ်ဝင်စားတဲ့လူတွေအတွက် ပြနေရောပေါ့။ ဒါက သူ့ထုံးစံပဲလေ"

နာတူးက ရာနီကို စိုက်ကြည့်နေမိသည်။ ရာနီသည် လှသည်၊ ခေတ်ဆန်သည်၊ ရဲရင့်သည်။

သူ့ကိုတော့ ခင်ဗျား သိပြီးရောပေါ့" ဟု အက်တီးက မေးလိုက်သည်။

"သိပါတယ်ရှင်၊ သိပါတယ်။ သတင်းစာဆရာတစ်ယောက်၊ နောက်ပြီး စာရေးကောင်းတဲ့ လူတစ်ယောက်၊ ကျွန်မ ရှင်ရေးတဲ့ အယ်ဒီတာ့အာဘော်ကို သဘောကျတယ်"





"နောက် ခင်ဗျားက မာရာတီဘာသာကို ဖတ်တတ်သလား" ဟု နာတူးက မေးလိုက်သည်။

"ဖတ်တတ်တာပေါ့။ မာရာတီကို မဖတ်တတ်ဘဲနဲ့တော့ ရှင့်သတင်းစာကို ဘယ်လိုလုပ်ပြီး ဖတ်နိုင်မှာတဲ့လဲ"

"ခင်ဗျားရဲ့အိမ်စေ တစ်ယောက်ယောက်ကများ ဖတ်ပြသလားလို့"

"အင်း. . . ရှင်မှားနေပြီ။ ကျွန်မဟာ ကျွန်မဘာသာ ဖတ်နိုင်၊ တွေးနိုင်အောင် အမြဲကြိုးစားခဲ့တယ်"

"ခင်ဗျားကို ကျွန်တော် ချီးကျူးပါရစေ၊ မစ္စစ်မာတာ"

"ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မခင်ပွန်းနောက်ကို လိုက်သွားဖို့ ခွင့်ပြုပါဦး"

သူမသည် လှပစွာဖြင့် လမ်းလျှောက်သွားသည်ကို နာတူးက စိုက်ကြည့်နေမိသည်။

"မိန်းမတွေအကြောင်းကို ကောင်းကောင်း နားမလည်တဲ့အတွက်တော့ ငါ့ကိုယ်ငါ စိုးရိမ်မိသား" ဟု အက်တီးက ပြောသည်။

သူမသည် ပန်းရုံတစ်ရုံနောက်သို့ ဝင်သွားသည်။

"နာတူး ငါပြောတာကို မင်းကြားရဲ့လား၊ ဟေ့ကောင် မင်းဘာငေးနေတာလဲ"

* * *

"နာတူး ငါ ပြောတာကို ကြားရဲ့လားဟင်၊ သူတို့လာရင် ငါတို့ ဘာလုပ်ကြမလဲလို့ ငါ မေးနေတယ်ကွ"

"ဘာလုပ်ကြမလဲ သူတို့လာရင် ဘာလုပ်မလဲ" အက်တီး မေးခွန်းသည် နာတူးအသိတွင် ပဲ့တင်ထပ်လာသည်။

သူက အက်တီးစိတ်တွင် လွင့်မျောနေသော သူ့စိတ်ကို ထိန်းလိုက်ရသည်။

"မင်း ဘာကိုပြောတာလဲ အက်တီး" ဟု နာတူးက ပြန်မေးသည်။ "တို့ဆီကို ဧည့်သည်လာမယ်လို့ မင်းက မျှော်လင့်ထားလို့လား"

"မဟုတ်သေးဘူး နာတူး၊ တို့ဘယ်သူတွေဆိုတာ သူတို့က သိသွားမှာ၊ ဒီတော့ ငါတို့က သူတို့နဲ့တွေ့ရင် နာမည်တွေ လိမ်ထားလို့ ဖြစ်မှာမဟုတ်ဘူး"

"ဟေ့ကောင် ငါ့နာမည်က နာတူးမှ မဟုတ်ဘဲ၊ နာရာရန်ရိုးလေကွာ။ မင်းမေ့သွားပြီလား"

အက်တီးက ဘီယာပုလင်းကို လှမ်းယူလိုက်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးဘူးကွ" ဟု ပြောသည်။ "သူတို့ဟာ အရူးတွေမဟုတ်ဘူး။ ငါတို့ကို တွေ့တာနဲ့ သူတို့က ချက်ချင်းအမှတ်ရကြမှာ၊ ငါတို့ ပါးစပ်ဟလိုက်တာနဲ့ ငါတို့ဗိုက်ထဲမှာ အူဘယ်နှစ်ခွေ ရှိတယ်ဆိုတာ သူတို့က သိကြမှာ"

"စိတ်အေးအေးထားစမ်းပါကွာ။ မင်းအိပ်နေရင် ကောင်းမယ်ထင်တယ်"

"အိပ်ရမယ် ဟုတ်လား။ ငါက ဘယ်လိုလုပ်ပြီး အိပ်နိုင်မှာလဲ၊ လွန်ခဲ့တဲ့ နှစ်ညကတည်းက ငါ မအိပ်နိုင်ခဲ့ဘူး။ အခုလို ဟောဟို လှေကားက သူတို့ ခဏချင်း တက်လာနိုင်မယ့်အချိန်၊ ဘာကိုမှ မစိုးရိမ်ဘဲ မင်းက အေးအေးဆေးဆေး ထိုင်နေနိုင်တဲ့အချိန်မှာ ငါက ဘယ်လိုများ အိပ်လို့ ပျော်နိုင်မှာလဲ၊ ငါ့ကို မင်းက လူနုံလူအ လို့ ထင်နေတယ် မဟုတ်လား။ ငါ သိပါတယ်ကွာ။ မင်းထင်တာ မှန်ကောင်း မှန်လိမ့်မယ်။ နောက်ပြီး"

"မင်း အရက်မူးနေပြီ၊ ငါ့ကို အဲ့ဒီ ပုလင်းပေးစမ်း"

"မပေးဘူး။ ငါ့ဘာသာ ဒီမှာ တစ်ယောက်တည်း နေပါရစေ"

နာတူးသည် အက်တီးကို လက်ဖဝါးဖြင့် ရိုက်လိုက်သည်။ တစ်ချိန်တည်းမှာပင် ဘီယာပုလင်းကို လုယူလိုက်သည်။

"မင်း ဘာမှမဖြစ်ဘူးမဟုတ်လား အက်တီး"

"အင်း. . ."

"ကောင်းတယ်၊ ဘီယာသောက်ဦးမလား"

"ကျေးဇူးပဲကွာ"

အက်တီးက နာတူးလှမ်းပေးသည့် ဘီယာပုလင်းကို ယူကာ မော့သောက်လိုက်သည်။ ထို့နောက် နာတူးကို ပြန်ပေးလိုက်သည်။

"ကဲ. . . ငါပြောမှာကို နားထောင်စမ်း" ဟု နာတူးက ပြောသည်။ "ငါတို့ဟာ ဘူတာထဲမှာ ရှိနေတယ်ဆိုတာကိုတော့ သူတို့ သိနေကြပြီ၊ ဒါကတော့ သေချာတယ်။ ဒါပေမဲ့ တို့ကိုတော့ သူတို့ဟာ အတိအကျ သိလိမ့်မယ် မထင်ဘူး။ တို့ရုပ်ကိုလည်း သူတို့က ချက်ချင်းမှတ်မိကြမှာ မဟုတ်ဘူး၊ ငါပြောတာ မင်း နားထောင်နေရဲ့လား"

"အေးပါကွာ"

"အဲ့ဒီတော့ တကယ်လို့ ဒီကို သူတို့ရောက်လာရင်တောင်မှ ပထမဆုံး သူတို့က တို့ကို စုံစမ်းမေးမြန်းကြလိမ့်မယ်၊ ဒီတော့ အစစအရာရာမှာ တို့က သူတို့အပေါ် ဘယ်လိုပြောဆို ဆက်ဆံရမယ်ဆိုတာတွေအပေါ်မှာ မူတည်နေတယ်။





မင်းနားလည်ရဲ့လား"

"အေး. . . ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်သလဲ"

"သူတို့ ပါဝါကို ခေါ်လာရင်"

"ထိုအချက်ကို နာတူးက မစဉ်းစားခဲ့၊ မှန်သည်။ အကယ်၍ သူတို့ ပါဝါကို ခေါ်လာလျှင်. . .။

"သူတို့ အဲဒီလိုတော့ လုပ်မယ်မထင်ပါဘူး" ဟု နာတူးက ဖွတ်အားပေးလိုက်သည်။

"ဘာဖြစ်လို့လဲ၊ ဘာအကြောင်းကြောင့်လဲ"

"ဒီနေရာက လူသိပ်များတယ် မဟုတ်လား၊ သူကိုယ့်ကိုယ်ကို ပုလိပ်လို့ လူအထင်မခံချင်ရင် သူတို့က ပါဝါကို လက်ထိတ်မခတ်ဘဲ ခေါ်လာရမှာ ဖြစ်တယ်။ ဒါဆိုရင် ပါဝါအတွက် လွတ်ကိန်းပဲ။ ငါပြောတာကို ယုံစမ်းပါ သူတို့ ပါဝါကို ဘယ်နည်းနဲ့မှ ဒီကိုခေါ်လာမှာ မဟုတ်ဘူး။ ဒါကတော့ သေချာပါတယ်ကွာ"

"မင်း သေချာတယ်နော်"

"သိပ်သေချာ"

"နောက်ပြီး ငါတို့က သူတို့ကိုလှည့်စားနိုင်မယ်လို့ရော မင်းက ယုံကြည်ထားသလား"

အက်တီးသည် သတ္တိရှိလာလေပြီ၊ ယုံကြည်လာလေပြီ။

"ငါတို့က သူတို့ကိုလှည့်စားမယ်၊ အရူးလုပ်မယ်" ဟု နာတူးက ဆက်ပြောသည်။ "ကဲ. . . မင်းကို ငါ တစ်ခုမေးချင်တယ်၊ မင်းဒီကို ဘာကိစ္စအတွက် ရောက်ခဲ့တာလဲ အက်တီး"

"အလုပ်ကိစ္စတစ်ခုအတွက်"

"ဘာအလုပ်အတွက်လဲ"

"မီးခြစ်တွေ ရောင်းဖို့၊ ငါ့မီးခြစ်စက်ဟာ ရှိုလာပါးမှာရှိတယ်"

"မင်းမီးခြစ်စက်ရဲ့ ဘယ်မှာရှိတယ်လို့ ငါက မေးခဲ့လို့လား"

"မမေးပေမဲ့ ငါ့လုပ်ငန်းကို ရှင်းပြဖို့အတွက် ငါက ပြောပြရမယ်"

နာတူးက သူ့ခေါင်းကို ရမ်းပြလိုက်သည်။ အကယ်၍ အက်တီးအနေဖြင့် စကားသိပ်ပြောလျှင် လုံးဝ စကားမပြောသကဲ့သို့ ဆိုးဝါးမည် ဖြစ်ကြောင်းလည်း ရှင်းပြသည်။ "အဲ့ဒီလို လိုတာထက် ပိုပြီးပြောတာဟာ တစ်ခါတလေမှာ ပိုပြီးတောင်



www.burmeseclassic.com

www.burmeseclassic.com



ဆိုးစေတယ် သူငယ်ချင်း၊ အဆင်သင့် ရေးထားတဲ့၊ နှုတ်တိုက်ကျက်ထားတဲ့ စာတွေကို ရွတ်ပြသလို ဖြစ်စေတယ်။ မင်းအနေနဲ့ သိပ်ပြီးပြောချင်ကြောင်း အမူအရာမပြဖို့ အရေးကြီးတယ်။ ဘာပဲဖြစ်ဖြစ် မင်းဟာ ဒီမှာ တစ်နာရီ၊ ဒါမှမဟုတ် နှစ်နာရီ လောက်လာပြီး အနားယူနေတာ ဖြစ်ကြောင်းပြရမယ်။ ဒီတော့ သူတို့က မေးခွန်းတွေ သိပ်မေးတဲ့အခါမှာ အဲဒီမေးခွန်းတွေက မင်းကို အနှောင့်အယှက်ဖြစ်စေကြောင်း ပြတဲ့အနေနဲ့ မင်းက အနည်းငယ် စိတ်ပျက် သည်းမခံနိုင်ပုံကို ပြရမယ်။ ဒီနေရာမှာလည်း သိပ်ပြီး စိတ်ပျက်သည်းမခံနိုင်ကြောင်း အမူအရာတွေ မပြမိဖို့ ဂရုစိုက်ရမယ်။ ငါပြောတာ နားလည်တယ်မဟုတ်လား"

သူ့စကားကိုဖြတ်ကာ နာတူးက အက်တီးအား အရက်တစ်ကြိုက် ပေးတော့သည်။ နောက်မှ သူ့စကားကို ဆက်သည်။

"မီးခြစ်တွေ ဟုတ်လား။ သိပ်စိတ်ဝင်စားစရာ ကောင်းတာပဲ။ ကျွန်တော်တို့ တိုင်းပြည်သစ်အတွက် အင်မတန် လိုအပ်နေတဲ့ စက်မှုလက်မှု လုပ်ငန်းပဲ"

"ဟုတ်တယ် ကျွန်တော်လည်း အဲဒီလိုပဲ ထင်တယ်"

"တကယ့်ကို တကယ့်ကို လိုအပ်တယ်၊ ဒါပေမဲ့ ခင်ဗျား ဘာဖြစ်လို့ ဒေလီကို လာခဲ့တာလဲ၊ ခင်ဗျားဟာ ဒီနယ်သား မဟုတ်ပါဘူး။ နောက် လူကြီးမင်းရဲ့ ကိုယ်ရေးကိုယ်တာတွေကို မေးမိတဲ့အတွက် ခွင့်လွှတ်ပါဗျာ"

"ဩော်. . . ကိစ္စမရှိပါဘူး အရာရှိကြီး ခင်ဗျား မေးနိုင်ပါတယ်၊ မေးပါ မေးပါ။ ကျွန်တော့်အနေနဲ့ ဘာမှကွယ်ဝှက်ထားစရာ မလိုပါဘူး။ ကျွန်တော်ဟာ သစ္စာရှိတဲ့ စီးပွားရေးသမားပါ။ ကျွန်တော်ဟာ အခွန်တွေကို အမြဲဆောင်ခဲ့သူ တစ်ယောက်ပါ"

နာတူးက မသိမသာပြုံးလိုက်ပြီး ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်သည်။

"ဩော်. . . ကျွန်တော် ဒီကို ဘာဖြစ်လို့ လာတယ်ဆိုတာ အရာရှိကြီးက မေးခဲ့တယ်နော်" ဟု အက်တီးက ဆက်ပြောသည်။ "ခင်ဗျားသိတဲ့အတိုင်းပဲ ကန့်ဟာ ကျွန်တော့်လုပ်ငန်းမှာ အထူး အရေးကြီးပါတယ်။ ဒီတော့ လိုင်စင်ကုန်နေပြီဖြစ်တဲ့ ကန့်တူးဖော်ခွင့်ကို ကျွန်တော်က အစိုးရဆီမှာ လာပြီး လျှောက်လွှာတင်တာပါ"

"မင်းအဖြေက မဆိုးဘူး အက်တီး မဆိုးဘူး"

"ကဲ မင်းထင်သလောက် ငါက မမိုက်ဘူးမဟုတ်လား နာတူး"

"ဒါနဲ့ နေပါဦးဗျာ ခင်ဗျားလို စီးပွားရေးသမားကြီးတစ်ယောက်က ဒီလို စုတ်စုတ်နုတ်နုတ် မီးရထားတည်းခိုရေးစခန်းလေးမှာ ဘာဖြစ်လို့ လာပြီးတည်းခိုရတာလဲဟင်"





"ဩော်. . . ဒါလား၊ ဒီလိုပါ ကျွန်တော့်ကို စီးပွားရေးသမားကြီးလို့ ပြောလိုက်တာကတော့ အဟမ်း ကျွန်တော့်ကို တင်စားလွန်းတာများ ဖြစ်သွားမလားလို့၊ တကယ်တော့ ခင်ဗျားတို့ ဒေလီရဲ့ ငွေကုန်ကြေးကျများတဲ့ ဟိုတယ်ကြီးတွေမှာ တည်းခိုနိုင်လောက်အောင် ကျွန်တော့်မှာ ငွေလုံလုံလောက်လောက် မပါခဲ့ပါဘူး ခင်ဗျာ"

"ခင်ဗျား ဒီမှာ ဘယ်လောက်ကြာအောင်နေမလဲ"

"ကျွန်တော် နက်ဖြန်ပဲ သွားပါ့မယ်၊ နက်ဖြန်မတိုင်မီတော့ ကျွန်တော် ဒီမှာ အေးအေးချမ်းချမ်း နေနိုင်လိမ့်မယ်လို့ ယုံကြည်ထားပါတယ်။ ခင်ဗျား တံခါးလာခေါက်တုန်းက ကျွန်တော် မနက်စာ စားပြီးလို့ တစ်ရေးလောက် အိပ်မယ်လုပ်နေတုန်းပဲ ရှိသေးတယ်ခင်ဗျ။ ကျွန်တော့်မှာ ဒီနေ့ညနေ အလုပ်တွေကလည်း ရှိနေတာမို့ ကျွန်တော်အခုနေ လှဲမိရင် အရာရှိကြီးတွေက ကျွန်တော့်ကို ခွင့်ပြုပါခင်ဗျာ"

"ဩော်. . . ကျွန်တော်တို့လည်း ခုပဲ သွားတော့မှာပါ"

နာတူးသည် အခန်းထောင့်သို့ လျှောက်သွားသည်။ သူသည် တစ်ယောက်တည်း နေလိုလာသည်။ သူက အက်တီးအပေါ် မကျေနပ် အက်တီးပါးကိုလည်း တအားလွှဲရိုက်ချင်သည်။ အက်တီးသည် စိတ်မချရသော သူပါတကား။

အက်တီးသည် ကြောက်တတ်သည်၊ ထိုကြောက်ရွံ့မှုက သူ့ကို တစ်နေ့တွင် အန္တရာယ်ဖြစ်စေမည်ဟု နာတူးက လက်ခံထားသည်။ ပြဿနာတစ်ရပ်၊ အခက်အခဲ တစ်ရပ်နှင့် တွေ့လာလျှင် အက်တီးမှာ အားကိုးထိုက်သူ မဟုတ်ဟုလည်း နားလည်ထားသည်။

"နာတူး ငါ့ကို မင်းလက်မခံပါနဲ့တော့" ဟု အက်တီးက ဝမ်းနည်းသံဖြင့် ပြောသည်။ "ငါ ဒီလုပ်ငန်းနဲ့ မထိုက်တန်ပါဘူး၊ မသင့်လျော်ပါဘူး။ အချိန်ဟာ နောက်မကျသေးပါဘူး။ ငါ့တို့ ကာတုတ်ဆီသွားရအောင် သူက မင်းနဲ့ လိုက်ပါလိမ့်မယ်"

"ကာတုတ်ဟာ အသက်ကြီးပြီ၊ သူ လက်မှန်းမတည့်တော့ဘူး၊ သေနတ်ကို တောင် ကောင်းကောင်း မချိန်နိုင်တော့ဘူး"

"ဒါဖြင့် ရှန်ကာရော၊ ရှန်ကာဟာ ငါ့ထက် ငယ်ပါတယ် နာတူး"

"ရှန်ကာက သိပ်ပြီးငယ်လွန်းပါတယ်၊ နောက်ပြီး ရှန်ကာက ပစ္စတိုကို တစ်ခါမှ ပစ်ဖူးတာ မဟုတ်ဘူး။ ကဲ. . . ဘာပဲဖြစ်ဖြစ် ငါနဲ့ ပန်းခြံကို မင်းလိုက်ခဲ့ရမယ်"

"မလိုက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီညနေ ၄ နာရီမှာ အစောင့်အိမ်ကို တို့အရောက်သွား"

"နာတူး မင်း ကျေးကျွန်အဖြစ်နဲ့ နေဆို နေပါ့မယ်။ မင်းအစ်ကိုကို ငါ တစ်သက်လုံး စောင့်ရှောက်ပါ့မယ်၊ ငါ့မှာရှိသမျှ သူ့ကို ပေးပါ့မယ်၊ ပြုစုပါ့မယ်"

"နောက်တော့ မင်းနဲ့ငါဟာ သူ အလာကို အဲဒီနေရာက တစ်နာရီ အကြာ စောင့်မယ်"

"နာတူး ငါ့လက်တွေဟာ တုန်နေပါပြီကွာ၊ ကြည့်စမ်း ဘယ်လောက်များ တုန်နေသလဲလို့ ဒီမှာကြည့်စမ်း၊ ငါ တောင်းပန်ပါတယ်ကွာ၊ ငါ ပြောတာကို နားထောင်စမ်းပါ။ မင်း သူငယ်ချင်း ပြောတာကို မင်းဘာဖြစ်လို့ နားမထောင်တာလဲ ဟင် နာတူး"

"ဆုတောင်းပွဲလုပ်မယ့် နေရာကို သူ ကပ်လာတာနဲ့ ငါတို့ အစောင့်အိမ်က ထွက်မယ်" ဟု အက်တီးစကားကို နားမထောင်ဘဲ နာတူးက ဆက်လက်ပြောသည်။ "နောက်တော့ ငါတို့ သူ့ဆီကို အတူတူသွားကြမယ်။ ဒီပြင်လူတွေလိုပဲ တချို့က သူ့ကို အရိုအသေပေးမယ်၊ နှုတ်ဆက်မယ်၊ သူဟာ ငါတို့ မိခင်နိုင်ငံရဲ့ အကြီးမားဆုံး သစ္စာဖောက်တစ်ဦး ဖြစ်ပေမဲ့၊ မကောင်းဆိုးဝါး ဖြစ်နေပေမဲ့ ငါတို့က သူ့ကို ပြုံးပြီး နှုတ်ဆက်မယ်၊ လှိုက်လှိုက်လှဲလှဲ နှုတ်ဆက်မယ်။ နောက်တော့မှ ငါတို့သေနတ်ထဲမှာ ရှိတဲ့ ကျည်ဆန်တွေ ကုန်တဲ့အထိ သူ့ကိုပစ်သတ်မယ်"

အက်တီးသည် ငြိမ်သွားတော့သည်။ သူသည် နာတူးအပေါ် စိတ်ချသည်၊ ယုံကြည်သည်၊ အားကိုးသည်။ တကယ်တော့လည်း နာတူးသည် အစစအရာရာတွင် သူ့ထက်သာလွန်သည်။

အက်တီးသည် စောစောကလောက် စိတ်မလှုပ်ရှားတော့၊ နာတူးက သူ့ထံ လျှောက်လာပြီး ပခုံးကို ဆုပ်ကိုင်လိုက်သည်။

"ငါတို့ လက်တွဲပြီး လုပ်ကြစို့ အက်တီး၊ ဘာကိုမှ မကြောက်ပါနဲ့ သူငယ်ချင်း"

"အေး ငါ တတ်နိုင်သမျှ ကြိုးစားမယ်"

သို့သော် သူ့လက်မှာ အတုန်မရပ်သေး။

၁၁ နာရီ ထိုးပြီးသောအခါ အခန်းကို သူတို့အတွက် ဆက်လက် မငှားနိုင်တော့ကြောင်း ပြောရန် အခန်းမန်နေဂျာက နာတူးတို့ထံ ရောက်လာပြန်သည်။

"ကျွန်တော် တစ်နေ့လုံး ငှားခပေးမယ်ဗျာ" ဟု နာတူးက ကမ်းလှမ်းသည်။ "ကျွန်တော်တို့ ဒီအခန်းက ညနေ ၄ နာရီမှာ ထွက်ပေးပါ့မယ်လို့လည်း ကျွန်တော်





ကတိပေးပါတယ်"

မန်နေဂျာက စိတ်မရှည်တော့. . .

"ကဲ. . . မစ္စတာ နာရာရန်ရိုး ခင်ဗျားဟာ ကျွန်တော့်အဖော်သာဆိုရင် ၁၂ နာရီကျော်တဲ့ နောက်ပိုင်းမှာ သူ့အထုပ်အပိုးတွေနဲ့ ဟော့ဟို စကြံမှာသွားပြီး စောင့်နေရမှာပဲ၊ ခင်ဗျားတို့ တောင်းဆိုချက်ဟာ မဖြစ်နိုင်ပါဘူး။ နောက်ပြီးတော့ ကျွန်တော်တို့ မီးရထားဌာန ညွှန်ကြားရေးဝန်နဲ့ မိသားစုဟာ ဒီကို ၁၁ နာရီ မိနစ် ၅၀ ရောက်မယ့် ကာလကတ္တား စာပို့ရထားနဲ့ ပါလာလိမ့်မယ်။ တကယ်လို့ သူတို့ မိသားစု အတွက် တည်းခိုဖို့ နေရာ ရုတ်တရက် ရှာမရဘူးဆိုရင် ကျွန်တော်က ဒီမှာ တည်းခိုဖို့ နေရာပေးရလိမ့်မယ်"

မန်နေဂျာနှင့် ဆက်လက်ဆွေးနွေးလျှင် အချည်းနှီးသာ ဖြစ်တော့မည်မှန်း နာတူးက ရိပ်မိသည်။ ထို့ကြောင့်. . .

"ကဲ. . . ကောင်းပြီ ကျွန်တော်တို့ အဲ့ဒီအချိန်မှာ ထွက်ပေးပါ့မယ်" ဟု ပြောလိုက်သည်။

နာတူးတို့အနေဖြင့် ထုပ်ပိုးစရာဟူ၍ အနည်းငယ်သာရှိသည်။ သူတို့၏ ပစ္စည်းများမှာ အိပ်ရာလိပ် တစ်လိပ်စီသာ ဖြစ်သည်။ သေနတ်ကိုမူ သူတို့က ခါးတွင် ခါးပတ်နှင့်ချိတ်ပြီး အပေါ်မှ အကျႌရှည်ဖြင့် ဖုံးထားသည်။ သူတို့သေနတ်များမှာ အကျႌအောက်တွင် ပျောက်ကွယ်နေသည်။

မန်နေဂျာထွက်သွားသောအခါ သူတို့သည် တစ်ယောက်ကိုတစ်ယောက် အကဲခတ်ကြည့်လိုက်သည်။

"ကောင်းပြီ" ဟု နာတူးက ပြောသည်။ သွားကြစို့၊ နေဦး မင်းအရင်သွား၊ အငှားကားတစ်စီးကို အပြင်ရောက်တာနဲ့ ရအောင်ရှာထား ငါ တစ်မိနစ်အတွင်း လိုက်ခဲ့မယ်"

"သူတို့တစ်တွေ အပြင်မှာ ရှိကောင်း ရှိကြမှာပဲ"

"တကယ်လို့ တစ်ယောက်ယောက်က မင်းကိုတားရင် ဂရုမစိုက်နဲ့ ထပ်တားမယ်ဆိုရင် ယဉ်ယဉ်ကျေးကျေးပြောပြီး ဆက်ပြီးတော့သာ လျှောက်သွား၊ အဲ့ဒီကမှ တစ်ဆင့်တက်ပြီး မင်းအိပ်ရာလိပ်ကို သူတို့က ရှာမယ်ဆိုရင် မင်းက လူအုပ်ထဲ အရောက်ထွက်ပြေး ဒါဆိုရင် မင်းကိုသူတို့က သေနတ်နဲ့ ပစ်ဖမ်းနိုင်မှာ မဟုတ်ဘူး။ လူအုပ်ထဲမှာ လျှောက်ပြေးရင်း သူတို့ကို မျက်ခြည်ပြတ်အောင်လုပ်၊ တကယ်လို့ ထွက်စပြုနေတဲ့ရထားနဲ့ လိုက်သွားနိုင်ရင် ပထမဆုံးရပ်တဲ့ဘူတာမှာဆင်း၊



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ ညနေ ၄ နာရီမှာ ငါနဲ့ ပန်းခြံမှာလာတွေ့ ကဲ ငါပြောတာ ရှင်းရဲ့လား"

"အင်း ရှင်းကောင်းပါရဲ့" ဟု အက်တီးက ဖြေသည်။

"နောက်ပြီး တစ်ခုကျန်သေးတယ်။ တကယ်လို့ မင်းကို ဖမ်းဆီးသွားမယ် ဆိုရင်"

"ငါ သူတို့ကို ဘာမှ မပြောပြပါဘူး နာတူး"

"မဟုတ်သေးဘူးကွ လူတစ်ယောက် ဆက်ပြောအောင် ဘယ်လို လုပ်ရမယ်ဆိုတာ ဒီကောင်တွေက မျက်နှာဖြူတွေဆီက နည်းရထားတယ်။ မင်းက နှုတ်ပိတ်နေရင် ငါ့ကို မမိမိအောင် ဒီကောင်တွေက ဆက်ပြီးရှာမှာပဲ။ ဒီတော့ ငါတို့ အစီအစဉ်ဟာ နက်ဖြန်မှာလုပ်မယ့်အကြောင်း သူတို့ကို ပြောပြလိုက် ကြားလား"

အက်တီးက ခေါင်းညိတ်ပြလိုက်သည်။

"ဒါနဲ့ နာတူး တကယ်လို့ ငါ့ကိုမဟုတ်ဘဲ မင်းကို သူတို့က ဖမ်းမိသွားရင်ရော"

"မင်း အငှားကားထဲရောက်တာနဲ့ တစ်ကနေ တစ်ရာအထိ စိတ်ထဲက ရေ၊ ဖြည်းဖြည်းရေနော်၊ တကယ်လို့ တစ်ရာပြည့်လို့မှ ငါ့ကို မင်းမတွေ့ဘူးဆိုရင် မင်းဘာသာ ထွက်သွားပေတော့၊ ဒီညနေမှာ မင်းလုပ်ရမယ့် အလုပ်ကို မင်းဘာသာ လုပ်ပေတော့"

အက်တီးက အိပ်ရာလိပ်ကိုထမ်းပြီး နာတူးကို နှုတ်ဆက်သည်။ ထို့နောက် အခန်းတွင်းမှ သွက်လက်စွာ ထွက်သွားတော့သည်။

နာတူးသည် တံခါးကိုပိတ်ရင်း စိတ်ထဲက နံပါတ်စဉ်အလိုက် ရေတွက်နေသည်။ နံပါတ် ၅၀ ရောက်သောအခါ သူက တံခါးကိုဖွင့်ပြီး စင်္ကြံသို့ထွက်လိုက်သည်။

တံ့ဆိုင်းခြင်း မရှိဘဲ ထွက်ပေါက်ရှိရာသို့ သူက သွားသည်။

"မစ္စတာ နာရာရန်ရို၊ ခဏလေးနေပါဦး" ဟု အနောက်ဘက်မှ လှမ်းခေါ်သံကြားရသည်။

အသံရှင်မှာ မန်နေဂျာဖြစ်ကြောင်း နာတူးသိသည်။

နာတူးသည် မကြားဟန်ဆောင်ကာ ဆက်လက်လျှောက်သည်။ ကာလကတ္တားမီးရထားဆိုက်လာပြီဖြစ်၍ လူများ ရှုပ်ထွေးလာလေပြီ။

"ဟော့လူ နေပါဦး ခင်ဗျားကို ကျွန်တော် ပြောစရာရှိလို့ပါ"

နာတူးသည် မန်နေဂျာကို လှည့်မကြည့် ဆက်လက်၍သာ လျှောက်နေသည်။ မျက်နှာချင်းဆိုင်မှလာသော လူအုပ်ကို ရှောင်ရင်း နာတူးသည် ရှေ့သို့အရောက်သွားသည်။





ထိုအခိုက် လက်ထောက်ဘူတာရုံပိုင်က သူ့ရှေ့မှ ဆီးကာ၍. . .

"မန်နေဂျာက ခင်ဗျားကို ခေါ်ပါတယ်" ဟု ပြောသည်။

နာတူးသည် သက်ပြင်းချမိသည်။ သူ ဘယ်သို့မျှ မတတ်နိုင်။

မန်နေဂျာသည် လူအုပ်ကို ရှောင်ရင်း သူ့ထံပြေးကပ်လာသည်။

"ကဲ" ဟု နာတူးက ဆီးမေးသည်။

"ခင်ဗျား သော့မေ့ယူသွားတယ်" ဟု မန်နေဂျာက ပြောသည်။ "ကျွန်တော့်ကို အခန်းသော့ ပြန်မအပ်ရသေးဘူးလေ"

"ဩော်. . . မန်နေဂျာ  လိုလားသည်မှာ ဤသည်ပါလား၊ နာတူးသည် အားရပါးရ ရယ်လိုက်သည်။ သူ့တွင် အချိန်မရှိ၊ သူသည် နံပါတ်များ ရေတွက်ခဲ့သည်ကို မေ့သွားသည်။ ယခုလောက်ဆိုရင် နံပါတ် ၆၀၊ သို့မဟုတ် ၇၀ ခန့် ရှိရော့မည်။

"ဩော်. . . မေ့လို့ဗျို့" ဟု နာတူးကပြောသည် အခန်းထဲက စားပွဲပေါ်မှာရှိတယ်"

"သေချာတယ်နော်"

"သေချာပါတယ်"

"ကဲ ဒါဖြင့် ခင်ဗျားနဲ့ ကျွန်တော် သွားပြီးကြည့်ရအောင်"

"ဟာ ကျွန်တော် ရထားနောက်ကျနေမယ်ဗျာ၊ ဘာလဲ ခင်ဗျားကို ကျွန်တော်က လိမ်တယ်လို့ ထင်နေလို့လား"

"ဘာရထားလဲ ဒါနဲ့ ဒီညနေ ၃ နာရီအထိ အခန်းမှာနေချင်တယ်လို့ ခင်ဗျားပြောခဲ့တယ် မဟုတ်လား"

နာတူးသည် စိတ်ထဲမှ သူ့ကိုယ်သူ ကျိန်ဆဲမိသည်။ သူ မေ့တတ်လွန်းပါကလား။

နာတူးက သူ့နောက်ဘက်သို့ လှည့်ကြည့်လိုက်သည်။ လက်ထောက်ဘူတာရုံပိုင်သည် သူ့နောက်ဘက် ခြေနှစ်လှမ်းကွာတွင် ရပ်နေဆဲ။

နာတူးသည် ထွက်ပေါက်ကို လှမ်းမြင်နေရလေပြီ။ ထွက်ပေါက်အနီးတွင်ကား အက်တီးနှင့် အငှားကား ရှိနေပေမည်။ သို့သော် ခက်သည်က ထွက်ပေါက်ရောက်အောင် ဘယ်လိုသွားရပါ့မလဲ။

ထွက်ပြေးလျှင်ကား သူ့အတွက် အန္တရာယ်ပင်။

"ကဲလာ" ဟု ပြောကာ သူကနောက်သို့ ပြန်လှည့်လိုက်သည်။ လူအုပ်ကိုတိုး၍ အခန်းအရောက် ပြန်သွားသည်။ တံခါးကိုဖွင့်ပြီး စားပွဲဆီသွားလိုက်သည်။ စားပွဲပေါ်တွင်ကား အခန်းသော့။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ဒီမှာ" ဟု နာတူးက မကျေနပ်စွာဖြင့် ပြောလိုက်သည်။

"ဘယ့်နှယ့်လဲ ကျေနပ်ပြီ မဟုတ်လား"

"စိတ်မဆိုးပါနဲ့ မစ္စတာနာရာရန်ရိုး" ဟု မန်နေဂျာက တောင်းပန်သည်။

"စည်းကမ်းအရ ကျွန်တော် ပြောတာပါ ကျွန်တော့်အနေနဲ့ သော့ကို. . .

နာတူးသည် သူ့စကားကို ဆက်နားမထောင်တော့။ သူသည် နံပါတ်ကို ရေတွက်ရင်း သွက်သွက်လျှောက်လာသည်။ သို့သော် အောက်ထပ်ဆင်းမည့် လှေကားထိပ်သို့ ရောက်လျှင် သူ့ခြေလှမ်းများ တုံ့သွားသည်။

လှေကားပေါ်သို့ လူအုပ်ကြီးသည် အလုအယက် တက်လာကြသည်။ သူ့အနေဖြင့် ဤလူအုပ်ကြီးကို ရင်ဆိုင်ကျော်သွားရေးမှာ မလွယ်ပါလား။

ရှိသမျှခွန်အားဖြင့် နာတူးသည် လူအုပ်ကြီးကို ရင်ဆိုင်သည်။ သူက ကိုယ်နှင့်ခံသည်။ လက်နှင့်တွန်းသည်။ ပခုံးနှင့်တိုက်သည်။ တံတောင်ဆစ်နှင့် တွတ်သည်။

သို့ဖြင့် လူအုပ်ကိုကျော်၍ ထွက်ပေါက်ရောက်ခဲ့သည်။ သို့သော် အက်တီးကားမရှိတော့ အက်တီးကို ရှာမတွေ့။

ခေတ္တခန့် အက်တီးကိုရှာပြီးသည့်နောက် အနီးသို့ လာရပ်သည့် အငှားကား တစ်စီးပေါ် နာတူးက တက်လိုက်သည်။

"ဘယ်သွားမလဲခင်ဗျာ" ဟု မုတ်ဆိတ်မွေးထူထူနှင့် ကားမောင်းသူက မေးသည်။

"ရှေ့ကိုဆက်မောင်း" ဟု နာတူးက ပြောလိုက်သည်။ နောက်တော့မှ သွားရမယ့်နေရာ ပြောမယ်"

"ဟုတ်ကဲ့ ခင်ဗျာ၊ ဒါနဲ့ ကာလကတ္တားကို ပထမဆုံး ရောက်ဖူးတာ ထင်ပါရဲ့"

"မဟုတ်ဘူး" ဟု နာတူးက ယတိပြတ် ဖြေလိုက်သည်။

အချိန်ကား ၁၂ နာရီထိုးရန် ၃ မိနစ်။

* * *



(၂)

ခေတ္တ ရဲဝန်ထောက် ရိပဲဒတ်သည် အတွင်းဝန်ရုံးသို့ လာခဲ့သည်။

ပြည်ထဲရေးဝန်ကြီး ပီကေ အခန်းဝရောက်သောအခါ သူ့အတွင်းရေးမှူးက ရိပဲကို ဆီးတားသည်။

"အရေးကြီးတဲ့ ကိစ္စရှိလို့" ဟု ရိပဲက မကျေနပ်သံဖြင့် ပြောသည်။

"ဝန်ကြီးဟာ အခုလေးတင် နေ့လယ်စာစား. . ."

ရိပဲသည် မည်သို့မျှ ဆက်မပြောတော့ဘဲ အခန်းတွင်း ဇွတ်ဝင်လိုက်သည်။ သူက အခန်းတံခါးကိုပင် မခေါက်။

ပီကေသည် ထမင်းစားနေရာမှ အခန်းတွင်း ရောက်လာသူ နှစ်ဦးကို မော့ကြည့်လိုက်သည်။ ထိတ်ထိတ်ပြာပြာ ဖြစ်နေသော သူ့အတွင်းရေးမှူးက '

'ကျွန်တော် တားပါသေးတယ် ခင်ဗျာ" ဟု ရှင်းပြသည်။ "ဒါပေမဲ့ သူက ဇွတ်အတင်း ဝင်လာတာနဲ့"

"ကိစ္စမရှိဘူး၊ ကိစ္စမရှိဘူး" ဟု ပီကေက အတွင်းရေးမှူးကို ပြန်ထွက်သွားရန် လက်ဝှေ့ရမ်းပြရင်း ပြောလိုက်သည်။ ကဲ ထိုင်ဗျို့ဟု ဝန်ကြီးက ရေသောက်ရင်း ပြောသည်။

"ထမင်းစားပါဦးလား၊ ကျွန်တော် နောက်တစ်ပွဲ ထပ်မှာလိုက်မယ်လေ"

"နေပါစေတော့ ခင်ဗျာ ကျေးဇူးတင်ပါတယ်"

"အေးလေ ခုလောက်ဆိုလည်း ခင်ဗျား မနက်စာ စားပြီးရောပေါ့"

"ကျွန်တော် မစားရသေးပါဘူး၊ ထမင်းစားနိုင်လောက်အောင် အချိန်လည်း မရခဲ့ပါဘူး"

"ထမင်းစားဖို့တောင် အချိန်မရဘူး ဟုတ်လား၊ ခင်ဗျားဘာကို ဆိုလိုချင်တာလဲ၊ အဓိပ္ပာယ် မရှိလိုက်တာဗျာ"

"ဒီနေ့ညနေ ဆုတောင်းပွဲမတက်ဖို့ ကျွန်တော်တို့ ဘာဘူကြီးကို အမြစ်ပေး



www.burmeseclassic.com

www.burmeseclassic.com



မှ ဖြစ်မယ်"

ရိပဲက အချိန်မရတော့သည်ဖြစ်၍ အရေးကြီးသော စကားကိုသာ တိုက်ရိုက်ပြောလိုက်သည်။

"ဒတ် ခင်ဗျား ဘာပြောတာလဲ ကျွန်တော့်ကို သဲသဲကွဲကွဲ ထပ်ပြောစမ်းပါဦးဗျာ၊ ကဲ ပြောစမ်းပါဦး"

ခြောက်သွေ့နေသော သူ့ဆံပင်ကို ရိပဲဒတ်က လက်ဖဝါးဖြင့် ပွတ်လိုက်သည်။ ရိပဲသည် သူ့စိတ်ကို ထိန်းလိုက်သည်၊ သူသည် ဂန္ထီလုံခြုံရေးအတွက် အထူးတာဝန်ယူရသူ၊ ဂန္ထီကို လေးစားကြည်ညိုသူတစ်ဦး ဖြစ်သည်။ ထို့ကြောင့် ဝန်ကြီးကို သေသေချာချာ ရှင်းလင်းတင်ပြမှ ဖြစ်တော့မည်။

ရိပဲက ပီကေနှင့် မျက်နှာချင်းဆိုင်ရှိ ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

"ကျွန်တော် ရှင်းပြပါရစေ" ဟု သူက အေးအေးဆေးဆေး ပြောသည်။

"ဒီနေ့ညနေမှာ သူတို့က ဘာဘူကြီးအသက်ကို ဒုတိယအကြိမ်အဖြစ် လုပ်ကြံလိမ့် မယ်လို့ ကျွန်တော် သတင်းရထားတယ်၊ ဒါကြောင့်မို့ ဒီညနေ ငါးနေရာမှာ ဘာဘူကြီး အနေနဲ့ ဆုတောင်းပွဲကို သွားမှာဟာ အများကြီးအန္တရာယ် ဖြစ်နိုင်လိမ့်မယ်။ ကျွန်တော်တို့က သူ့ကို တားသင့်တယ်"

ရိပဲက ပီကေထံမှ ထွက်လာမည့်စကားကို စောင့်နေမိသည်။ သို့သော် ဝန်ကြီးက ထမင်းကိုသာ ဆက်လက်စားနေ၍ သူက သူ့အစီအစဉ်ကို ဆက်ပြောသည်။

"တကယ်လို့ ကျွန်တော်တို့ တားမြစ်တာကို လက်မခံဘူးဆိုရင် သူ့လုံခြုံရေးအတွက် ကျွန်တော်တို့ ကြိုတင်ပြင်ဆင်မှုတွေလုပ်ဖို့ ဘာဘူကြီးက ခွင့်ပေးဖို့ ကျွန်တော် တောင်းဆိုချင်တယ်"

"ဘာကို ဆိုလိုချင်တာလဲ" ဟု ထမင်းစားနေရင်းမှ ဝန်ကြီးက မေးသည်။

"အနည်းဆုံး ကျွန်တော်တို့ လူနှစ်ယောက်ဟာ သူ့ရှေ့ကသွားမယ်။ နှစ်ယောက်က နောက်ကလိုက်မယ်။ လူအုပ်ထဲမှာထားမယ့် ကျွန်တော်တို့ လူတွေနဲ့ ပတ်သက်လို့တော့ ဘာဘူကြီးဆီက ခွင့်တောင်းဖို့ မလိုပါဘူး။ ဘာပဲဖြစ်ဖြစ် ဒီဆုတောင်းပွဲကို ပယ်ဖျက်လိုက်ရင် ဘေးအကင်းဆုံးပဲ ပီကေ"

"ဒါကိုတော့ သူက လက်ခံလိမ့်မယ် မဟုတ်ဘူး ဒတ်"

ရိပဲဒတ်သည် သက်ပြင်းရှည်ကြီးကို ချလိုက်မိသည်။

"အင်းလေ ဘာဘူအကြောင်းကို ခင်ဗျားက ကျွန်တော့်ထက် ပိုသိမှာပါ" ဟု ရိပဲဒတ်က ပြောလိုက်သည်။ "ဘာဘူကြီးဟာ ဘယ်လောက်အထိ ခေါင်းမာတယ်





ဆိုတာကိုလည်း ကျွန်တော် သိထားပါတယ်။ ဒါပေမဲ့ ဒီဆုတောင်းပွဲ မလုပ်ဖြစ်ဖို့ အတွက်တော့ ကျွန်တော်တို့ တတ်နိုင်သမျှ ကြိုးစားမှုဖြစ်မယ်။ သူတို့အစီအစဉ်တွေကို. . .

"နေပါဦး ဘာအကြောင်းကြောင့် ခင်ဗျားက ဒီလောက်တောင် အသေအချာ ပြောနေနိုင်တာလဲ၊ ဒီလောက်တောင် သေသေချာချာ သိနေမှတော့ ကျွန်တော်တို့မှာ ပြဿနာရယ်လို့ ပေါ်နိုင်ဦးမလား"

"ပထမမေးခွန်းနဲ့ ပတ်သက်ပြီးဖြေရရင် ကျွန်တော်တို့ ဖမ်းမိထားတဲ့ ပါဝါဆီက အစီအစဉ်တွေကို သိရတယ်။ ကျွန်တော် မနေ့ညက သူနဲ့တစ်ညလုံး ရှိခဲ့တယ်။ သူက ကျွန်တော့်ကို အကုန်လုံးပြောခဲ့တယ်။ လုပ်ကြံမယ့်လူကတော့ နာတူးပဲ"

ရိပဲက စကားကိုဖြတ်၍ အသက်ဝရှူလိုက်သည်။ တကယ်တော့ သူသည် ပင်ပန်းလွန်းလှလေပြီ၊ သူသည် လွန်ခဲ့သော ဆယ်ရက်အတွင်း တစ်နေ့လျှင် ၄ နာရီ ထက်ပိုပြီး မအိပ်ခဲ့ရ။

ရိပဲသည် သူ့လက်ပတ်နာရီကို ကြည့်လိုက်သည်။ ၁၂ နာရီ၊ ၁၅ မိနစ်။ ၁၅ မိနစ်မှာ အချည်းနှီး ကုန်ခဲ့ရလေပြီ။

"ခင်ဗျားရဲ့ ကြိုးစားမှုအတွက်၊ စိုးရိမ်မှုအတွက် ကျွန်တော် လေးစားပါတယ် ဒတ်" ဟု ဝန်ကြီးက မှတ်ချက်ချသည်။ ထို့နောက် သူ့အတွင်းရေးမှူးကို ခေါင်းလောင်း တီးခေါ်လိုက်သည်။

ရိပဲ၏ ရင်တွင်းဝယ် ဝမ်းသာမှုတို့ ရုတ်ခြည်း ဖြစ်ပေါ်လာသည်။ နောက်ဆုံးတော့ သူ့ကို ငါက သိမ်းသွင်းနိုင်ပါပြီလားဟု ရိပဲက စဉ်းစားမိသည်။ ပီကေသည် သူ့ကားကို အခေါ်ခိုင်းမည်၊ သူတို့သည် ဘာဘူထံ ၅ မိနစ်အတွင်း ရောက်လေတော့မည်။

ရိပဲက တံခါးဝကို လှမ်းကြည့်သည်၊ အတွင်းရေးမှူးသည် ဘယ့်အတွက် အလာနှေးနေသနည်းဟုလည်း မချင့်မရဲ ဖြစ်မိသည်။

"ဒါတွေ ယူသွားတော့ဟေ့" ဟု အတွင်းရေးမှူး ဝင်လာလျှင် ဝင်လာချင်း ဝန်ကြီးက ပြောလိုက်သည်။ အသီးတွေယူခဲ့"

"ဟုတ်ကဲ့ခင်ဗျာ၊ ဒေါက်တာရှားဟာ အခုလေးတင်ပဲ ရောက်လာပါတယ်။ နောက်ပြီး ဘုရင်ခံချုပ် အတွင်းရေးမှူးကလည်း နေ့လယ် ၂ နာရီမှာလုပ်မယ့် ဧည့်ခံပွဲ တက်ဖို့ မမေ့ပါနဲ့လို့ တယ်လီဖုန်းဆက် သတိပေးပါတယ်။ ဝန်ကြီး ဧည့်ခံပွဲတက်ဖို့ အိမ်ပြန်ပြီး အဝတ်အစားလဲဦးမလား ခင်ဗျား"



www.burmeseclassic.com

www.burmeseclassic.com



"အေး လဲဦးမှကွ ဒါနဲ့ ဒေါက်တာရှားက ဘာကိစ္စတဲ့လဲ"

"သူက" ဟု ပြောရင်း အတွင်းရေးမှူးက ရိပဲကို မသိမသာ အကဲခတ်ကြည့်သည်။ ထို့နောက် လေသံကို နှိမ့်ပြီး "သူက သူ့ယောက်ဖ"

"ဟုတ်ပြီ ဟုတ်ပြီ" ဟု ပီကေက ကြားဖြတ်ပြောလိုက်သည်။ "ဒါပေမဲ့ ဒီနေ့ ငါ့မှာ အချိန်မရှိဘူး၊ နောက်အပတ်ထဲမှာ တွေ့မယ့်အကြောင်း ရက်ချိန်းပေးလိုက်၊ မင်းပဲ ကြည့်စီမံလိုက်ကွာ"

"ဟုတ်ကဲ့ ခင်ဗျာ"

တံခါးလုံးဝပိတ်သွားသည်အထိ ရိပဲသည် စိတ်မကောင်းစွာဖြင့် အကဲခတ်ကြည့်နေမိသည်။

"အေးအေးဆေးဆေး မနေရ၊ အနားမယူရ၊ အလုပ်တွေ အလုပ်တွေကိုပဲ လုပ်နေရတာပဲ ဒတ်" ဟု ဝန်ကြီးက ညည်းလိုက်သည်။

"ကျွန်တော်လည်း အသက်ကြီးပါပြီ ကျွန်တော့်နေရာအတွက် အရည်အချင်းရှိတဲ့ လူတစ်ယောက် တွေ့ပါစေလို့ ဆုတောင်းမိတယ်။ ဒါနဲ့ နေပါဦး ကျွန်တော်တို့ ခုနဆွေးနွေးတာ ဘယ်ရောက်သွားပါလိမ့်၊ ဪ. . . မှတ်မိပြီ ဒီနေ့ဟာ နိမိတ်မကောင်းတဲ့နေ့ ဗိုးရိမ်စရာကောင်းတဲ့နေ့ ဟုတ်လား၊ ခပ်ရှင်းရှင်းပဲပြောမယ်၊ ခင်ဗျား ပြောတာ ကျွန်တော် မယုံဘူး ကျွန်တော်တို့တစ်တွေ ထိတ်လန့်တကြားဖြစ်အောင် လုပ်တာလည်း ဖြစ်ကောင်းဖြစ်မယ်။ ဒီလူတွေအကြောင်းကိုလည်း ခင်ဗျားသိသားပဲ။ သူတို့က တစ်ခုခုပြောလိုက်ရင် ကျွန်တော်တို့က အရေးတကြီးအဖြစ် လက်ခံပြီး ထိတ်လန့်တကြား ဖြစ်လိမ့်မယ်လို့ သူတို့က ထင်ထားကြတာ"

ရိပဲသည် ချက်ချင်း စကားပြန်မပြောသေးဘဲ စဉ်းစားနေမိသည်။ သူ့ခေါင်းမှာ ရီဝေလာသည်။ သူ့အတွေးများက သူ့ကို ထိတ်လန့်စေသည်။ တာဝန်ရှိသော ပုဂ္ဂိုလ်တစ်ဦးက တာဝန်မဲ့စကားများ ပြောလာခြင်းအတွက်လည်း သူက ဝမ်းနည်းမိသည်။

"မဟုတ်သေးပါဘူး ခင်ဗျာ" ဟု ရိပဲက ပြောသည်။ ဒါဟာ ကျွန်တော်တို့ကို လှည့်စားတာ၊ ထိတ်လန့်စေတာသက်သက်မဟုတ်ပါဘူး။ ကျွန်တော်က ပါဝါနဲ့ လွန်ခဲ့တဲ့ ဆယ်ရက်ခန့်ကတည်းက အတူတူရှိခဲ့တယ်။ ကျွန်တော် ပြောတာတွေကို ယုံကြည်ပါ။ ပါဝါက သူ့ကိုယ်သူ ကာကွယ်တဲ့အနေနဲ့ ဒီနေ့မနက်မှာ အရေးကြီးတာတွေကို ထွက်ခဲ့တာမဟုတ်ပါဘူး"

"ခင်ဗျားစကားကို ကျွန်တော် ယုံပါတယ်" ဟု ပီကေက ကုလားထိုင်မှ





ထရင်း ပြောသည်။ လက်လည်းခံပါတယ် ဒါပေမဲ့ ကျွန်တော့် အနေနဲ့က သေချာမှ ဖြစ်မှာ ခင်ဗျားနားလည်တယ် မဟုတ်လား"

ပီကေသည် ဖွင့်ထားသော ပြတင်းပေါက်ရှိရာသို့ အညောင်းဆန့်ရင်း လျှောက်သွားသည်။ ပြတင်းပေါက်မှ ပန်းခြံတွင်းသို့ ကြည့်လိုက်သောအခါ ရေပန်းမှ ရေများသည် ထီးသဏ္ဌာန် ပန်းထွက်နေသည်ကို လှပစွာတွေ့ရသည်။ ရေပန်းပွားလေးများက သက်တံရောင်စုံလို ဖြစ်ပေါ်နေစေသည်။

သူသည် အလှအပတွင် ကြည်နူးမိသည်။ တကယ်တော့ သူက သူ့တိုင်းပြည် သူ့လူမျိုးအတွက် အနစ်နာခံ တိုက်ပွဲဝင် စတေးခံ လှုပ်ရှားခဲ့သည်မှာ အနှစ် ၂၀ ကျော်ခဲ့သည်။ ဤအချိန်သည် သူ့အတွက် အနားယူချိန်၊ အကျိုးခံစားရချိန်ဟု ပီကေက နားလည်ထားသည်။

သို့သော်လည်း တကယ်တမ်းတွင် သူအနားမယူနိုင်ခဲ့။ အထူးသဖြင့် လွန်ခဲ့သော ၁၆ လမှစ၍ ပီကေသည် ကွန်ဂရက်ပါတီ ပြန်လည်တည်ဆောက်ရေးကို ကြိုးပမ်းခဲ့ရသည်။ စစ်အတွင်းက ဖရိုဖရဲဖြစ်ခဲ့ရသော သူ့ပါတီ စည်းလုံးရေးများကို သူက ဖောက်ချလုပ်ခဲ့ရသည်။

ပီကေသည် ရိပဲကို ကျောခိုင်း၍ ရပ်နေဆဲပင် လက်နှစ်ဖက် နောက်ပစ်၍ လည်း ပန်းခြံတွင်းစိုက်ကြည့်နေဆဲ။

ဘာဘူထံ သွားရောက်တွေ့ဆုံရန် သူက စိတ်မဝင်စားမိ။ ဂန္ဒီကား အတွေးသမား၊ သဘောတရားရေးသမား ကမ္ဘာ့ခေါင်းဆောင်နေရာကို ခံယူသူသာ ဖြစ်သည်ဟု ပီကေက လက်ခံထားသည်။ ထိုမျှမက ဘာဘူသည် စိတ်ကူးယဉ်တတ်သူ။ သူသည် ပါတီရေးရာနှင့် ပတ်သက်၍ ဘာများ စိတ်ဝင်စားခဲ့သလဲ။ သူက သဘောတရားရေးရာများကိုသာ တွင်တွင်ချ၍ ပါတီလှုပ်ရှားမှုကို လမ်းညွှန်ခဲ့သည် မဟုတ်လော။ အခက်အခဲ အကျပ်အတည်း ပြဿနာဟူသမျှ ငါ့ကိုသာ လုပ်ခိုင်းသည်။ ဂန္ဒီ့အပေါ် ငါ မကျေနပ်"

ယနေ့ နံနက်တွင်ပင် ဂန္ဒီနှင့်မတွေ့ရန် ပီကေက ဆုံးဖြတ်ခဲ့သည်။ သူ့ကို လုံးဝလျစ်လျူရှုထားလိုက်မည်။

သို့သော် ယခု ပြဿနာပေါ်ပေါက်လာသောအခါ ဂန္ဒီ့ကို သွားတွေ့သင့် မသင့် ပီကေက စဉ်းစားရပြန်သည်။ အကယ်၍ သွားတွေ့လျှင် နက်ဖြန် သတင်းစာများက ထုံးစံအတိုင်း ဂန္ဒီ့ကို အသားပေး၍ မည်သို့ရေးကြမည်ကို သူက သိထားသည်။

မဟာတ္တမထံမှ ပီကေသည် အကြံများ သွားတောင်းခဲ့သည်။ ကြီးနှစ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



သည် ဂတ်တာအိမ်တော်တွင် ဆွေးနွေးခဲ့ကြသည်။

ပီကေသည် သူ့အတွေးဖြတ်၍ ရိပဲကို လှည့်ကြည့်လိုက်သည်။

"ဒီလိုရှိတယ် ဒတ်၊ ဒီသတင်းတွေနဲ့ ပတ်သက်ပြီး ဘာဘူကို ကျွန်တော်တို့က နေ့တိုင်း ထိတ်လန့်အောင် မလုပ်သင့်ဘူး။ သူ့အသက်ဟာ သိပ်ကြီးပြီဆိုတာ ခင်ဗျားလည်း အသိပဲ။ ဒီတော့ နှလုံးရောဂါ ရလောက်အောင် သူ့ကို ကျွန်တော်တို့က ထိတ်လန့်အောင် မလုပ်သင့်ဘူးလေ"

ရိပဲသည် ငြိမ်နေသည်။ သူ့စိတ်ထဲ၊ သူ့အသိထဲ ရှိသမျှများကို သူက ထုတ်မပြောလိုတော့. . .

"ကျွန်တော် ပြောတာတွေကို ခင်ဗျားနားလည်မှာပါ၊ ဟုတ်တယ် မဟုတ်လား" ဟု ပီကေက စပြောသည်။ အမှန်မှာမူ ရိပဲက သူ့ကို စိုက်ကြည့်နေခြင်းကို သူ မခံနိုင်၍ စကားမရှိ စကားရှာ ပြောလိုက်ခြင်းသာ ဖြစ်သည်။ "သူ့ကျန်းမာရေး တစ်ခုတည်းအတွက် ကျွန်တော် ပြောနေတယ်ဆိုတာ ခင်ဗျားက နားလည်"

"၁၂ နာရီခွဲပါပြီ ခင်ဗျာ" ဟု ရိပဲက ဝန်ကြီးစကားကိုဖြတ်၍ ပြောလိုက်ရင်း "တကယ်လို့ ခင်ဗျားဟာ ကျွန်တော်နဲ့ မလိုက်ချင်ဘူးဆိုရင် ကျွန်တော့်ဘာသာ သွားမယ်"

"ခင်ဗျားနဲ့ မလိုက်ဘူးလို့ ကျွန်တော် ပြောမိသလား"

"မပြောပါဘူး ခင်ဗျာ၊ မပြောပါဘူး။ ဒါပေမဲ့ အချိန်မရှိတော့လို့ပါ"

ပီကေသည် အနည်းငယ်စဉ်းစားပြီး သူ့အတွင်းရေးမှူးကို ခေါ်လိုက်ပြန်သည်။

"ငါ့ကား ပြင်လိုက်စမ်းဟေ့ နောက်ဘက်အပေါက်က စောင့်နေပေစေ"

"အခုချက်ချင်းလား ခင်ဗျာ"

"ဟုတ်တယ် ချက်ချင်းပဲ"

"ဒါပေမဲ့ လာမယ့် ၅ မိနစ်မှာ စိုက်ပျိုးရေးဝန်ကြီးနဲ့ တွေ့ဖို့ ချိန်းထားတယ် ခင်ဗျာ"

"ဖျက်လိုက်ဟေ့ ဖျက်လိုက်"

ရှေ့ရှုံ့ကာတွင် အလံတပ်ထားသော ပီကေ၏ကားသည် ပါလီမန် အဆောက်အအုံထဲမှ ထွက်လိုက်သောအခါ ဂိတ်ဝမှ လက်နက်ကိုင်အစောင့်က အရိုအသေပေးလိုက်သည်။ သို့သော် ပီကေက အစောင့်ကို ဂရုမစိုက်။

ပီကေသည် သူ့ခေါင်းပေါ်သို့ သံပရာခွံဦးထုပ်အဖြူကို နေရာတကျ





ဆောင်းလိုက်သည်ဖြစ်၍ ဂိတ်ဝမှအစောင့်ကို မမြင်မိ။ သူသည် အဖြူရောင် အင်္ကျီရှည်နှင့် ဘောင်းဘီရှည်ကို ဝတ်ထားသည်။ ထို့နောက် သူ့ရုံးခန်းအတွင်းတွင် အဆင်သင့်ထားသော ကော်လာမာကိုလည်း အင်္ကျီတွင် တပ်လိုက်သည်။ ကော်လာမာမှာ တပ်နေကျမဟုတ်၍ လည်ပင်းအစ်တတ်သည်။ ရံဖန်ရံခါ ဆိုသလို ကော်လာမာကြောင့် အစားစားခါနီးတွင်မူက လည်ပင်းကြယ်သီးကို ဖြုတ်ရတတ်သည်။ မည်သို့ပင်ဖြစ်စေ ထိုကော်လာမာကို ပီကေက ဝတ်ရပြန်လေပြီ။

ပီကေရုံးနှင့် ဂတ်တာအိမ်သည် တစ်မိုင်ခန့်ကွာသည်။ ဂန္ဒီသည် မြို့တော်သို့ရောက်သည့်အချိန်တွင် သူ့မိတ်ဆွေကြီး ဂတ်တာ့အိမ်၌ အစဉ် တည်းခိုနေထိုင်သည်။

အစိုးရက ဂန္ဒီ့အတွက် ပါလီမန် အဆောက်အအုံတွင် လည်းကောင်း၊ ဘုရင်ခံချုပ်အိမ်တွင် လည်းကောင်း၊ အစောင့်အရှောက်များ ထူထပ်စွာ ချထားသော အခြား အစိုးရ အဆောက်အအုံများတွင် လည်းကောင်း တည်းခိုရန် ကမ်းလှမ်းတောင်းပန်သည်။

ထိုအခါမျိုးတွင် ဂန္ဒီက. . .

"ဂတ်တာက ကျုပ် သူငယ်ချင်းဗျ၊ သူ့အိမ်မှာ မတည်းခိုရင် သူစိတ်ဆိုးလိမ့်မယ်" ဟု ဖြေတတ်သည်။

ဆင်ဝင်အောက်တွင် ကားကို ညင်သာစွာ ထိုးရပ်လိုက်သည်။ ကားမောင်းသူက တံခါးဖွင့်ပေးရာ ရိပဲက ဦးစွာဆင်းပြီး ပီကေကို စောင့်သည်။

ကားတံခါးပြန်မပိတ်ခင် သတင်းထောက်များ စုပြုံရောက်လာသည်။

"ကြေညာချက်ပါသလား ခင်ဗျား" ဟု တစ်ဦးက မေးသည်။

"ကြေညာချက်တစ်ခုခုပေါ့" ဟုလည်း တစ်ဦးက ဆိုပြန်သည်။

"တစ်ခုခုတော့ ပြောပါ ဘာပဲဖြစ်ဖြစ်ပေါ့"

"ဘာတဲ့ စစ်ကြေညာချက် မရှိဘူးတဲ့လား"

"ဝန်ကြီးကပြောတယ် ဟုတ်လား"

"ဟုတ်တယ် ဝန်ကြီးက ဘာမှပြောစရာ မရှိဘူးတဲ့"

"အင်း အံ့သြစရာပဲ"

"တစ်ခုခုတော့ ထူးရမယ်ဗျို့"

"ဟုတ်တယ် သတင်းထူး သတင်းကောင်း ဖြစ်လိမ့်မယ်"

သူတို့အချင်းချင်း အမျိုးမျိုး ဝေဖန်နေသော သတင်းထောက်များကို



www.burmeseclassic.com

www.burmeseclassic.com



ရှောင်ရင်း ပီကေတို့သည် ဧည့်ခန်းတွင်း ဝင်လိုက်သည်။

ဒိုတီအဖြူကို ဝတ်ထားသည့် ဂတ်တာက ပြုံးရွှင်စွာ ဆီးကြိုသည်။

"ဒီကိုလာတဲ့အကြောင်း ကျွန်တော့်ကို ကြိုတင် အသိပေးရောပေါ့" ဟု ဂတ်တာက ပြောသည်။

"ကျွန်တော်လည်း ရုတ်တရက် ထွက်လာရတာပဲ" ဟု ပီကေက ဖြေသည်။ "လွန်ခဲ့တဲ့ ၁၀ မိနစ်အထိ ဒီကိုလာရလိမ့်မယ်လို့ ကျွန်တော့်ဘာသာတောင် မသိခဲ့ဘူး။

"ဟုတ်ကဲ့ ဟုတ်ကဲ့၊ ဒါနဲ့ ဘာဘူကို လာတွေ့တာ မဟုတ်လား"

"ဟုတ်ကဲ့ သူ အိပ်မနေဘူး၊ ထမင်းစားမနေဘူးဆိုရင်တော့"

"သူ အားနေပါတယ်။ သူနေ့လယ်စာကို မစားဘူး။ ခုလို ပူတဲ့အခါမှာ အစားလျှော့ရင် နေလို့ထိုင်လို့ ပိုကောင်းတယ်လို့ ပြောတယ်"

ပီကေက ရိပဲဒတ်ကို ခေါင်းညိတ်ပြလိုက်ရင်း. . .

"ကဲ ကျွန်တော်တို့ကို လမ်းပြပေးပါတော့" ဟု ပြောသည်။

သူတို့သည် အိမ်၏ တစ်ဖက်စွန်း အခန်းလေးတစ်ခန်းသို့ ရောက်လာသည်။ ဂတ်တာက အခန်းတွင်းမဝင်မီ သူ့ဖိနပ်ကို ချွတ်လိုက်သည်။

သူသည် ကြမ်းပြင်ပေါ်တွင် ထိုင်နေသည်။ ထင်ရှားသော သူ့နှာခေါင်းပေါ်၌ မျက်မှန်က ထုံးစံအတိုင်း ချိတ်နေသည်။ သူ့လက်နှစ်ဖက်မှာမူ မအား၊ ဗိုင်းငင်နေသည်။

"ဘာဘူ ဧည့်သည်တွေ ရောက်လာတယ်" ဟု ဂတ်တာက ကိုယ်ကိုညွတ်၍ အသံပြုလိုက်သည်။

"ဂတ်တာ. . . ဘုရားရှိခိုးကျောင်းထဲက ဆင်းတုတော်တစ်ခုကို အရိုအသေပြုသလို ဦးညွတ်ခါးကုန်းပြီး စကားမပြောစမ်းပါနဲ့ဗျာ" ဟု ဂန္ဒီက ပြောလိုက်သည်။ ထိုနောက် ဗိုင်းငင်စက်ကို ဆက်လက်လှည့်ရင်း. . .

"ကျွန်တော့်နံဘေးမှာလာပြီး ထိုင်ကြဗျို့" ဟု ပြောသည်။ "ဒီစက်ကလေးဟာ ဘယ်လောက် အံ့ဩစရာကောင်းသလဲလို့"

"ကျွန်တော် တွေ့ပါတယ်" ဟု ဂတ်တာက ကြမ်းပြင်ပေါ်ထိုင်ချရင်း ပြောသည်။

"ခင်ဗျားလိုချင်ရင် ဒီစက်ကလေးကို ခင်ဗျားအတွက် ကျွန်တော် ပေးမယ်ဗျာ"





"ဟာ ကျွန်တော် မလိုချင်ပါဘူး၊ ကျွန်တော့်အတွက် အသုံးဝင်မယ် မထင်ဘူး၊ ကျွန်တော့်အတွက် ဗိုင်းငင်ဖို့ အချိန်မရပါဘူး"

"တကယ်လို့ ကျွန်တော်တို့တစ်တွေဟာ တစ်နေ့မှာ တစ်နာရီ ဗိုင်းငင်မယ်ဆိုရင်" ဟု ဂန္ဒီက အားလုံးကို ရည်ရွယ်ဟန်ဖြင့် ရှင်းပြသည်၊ "ကျွန်တော်တို့တိုင်းပြည်မှာ အဝတ်အထည်ရှားပါးမှုဆိုတာ ရှိတော့မှာ မဟုတ်ဘူး"

"မဟာတ္တမ" ဟု ကြားဖြတ်ခေါ်ရင်း ပီကေက ရှေ့သို့တိုးသွားသည်။

"ကျွန်တော်နဲ့ မစ္စတာဒတ်ဟာ အင်မတန်အရေးကြီးတဲ့ကိစ္စတစ်ခုအတွက် ခင်ဗျားနဲ့ လာတွေ့တာပါ"

ဂန္ဒီက အနည်းငယ်ပြုံးပြီး သူတို့ကိုကြည့်ကာ အသိအမှတ်ပြုသည့်ဟန်ဖြင့် ခေါင်းညိတ်ပြလိုက်သည်။

ထို့နောက် ဆက်လက်၍ ဗိုင်းငင်နေသည်။

"မစ္စတာဒတ်ဟာ ခင်ဗျားသိတဲ့အတိုင်း ကျွန်တော်တို့ရဲ့ လက်ထောက်ရဲ့ . . ."

"ပထမဆုံး ကျွန်တော် တံခါးကိုပိတ်လိုက်ဦးမှ ဖြစ်မယ်" ဟု ဂတ်တာက ကြားဖြတ်ပြောသည်။

"ကိစ္စမရှိပါဘူး" ဟု ဘာဘူက တားလိုက်သည်၊ "တံခါးပိတ်လိုက်ရင် အခန်းထဲမှာ သိပ်အိုက်သွားလိမ့်မယ်"

"ကျွန်တော်တို့ကိစ္စက အင်မတန် အရေးကြီးပြီး လျှို့ဝှက်တဲ့ကိစ္စ ဖြစ်ပါတယ်ခင်ဗျာ" ဟု ရိပဲက ဆက်ရှင်းပြသည်။

"ကဲ ကျွန်တော် ထွက်ပေးပါ့မယ်" ဟု ပြောပြောဆိုဆို ဂတ်တာက ထိုင်ရာမှ ထလိုက်သည်။

"ထိုင်ပါသူငယ်ချင်း ခင်ဗျားနဲ့ ကျွန်တော့်ကြားမှာ ဘာမှလျှို့ဝှက်ချက်မရှိပါဘူး"

"ဟုတ်ပါတယ်" ဟု ပီကေက ဝင်ပြောသည်။

"ဒတ်" ကလည်း ခင်ဗျားထွက်သွားဖို့အတွက် ပြောတာမဟုတ်ပါဘူး။ ခင်ဗျားကို ကျွန်တော်တို့ ယုံကြည်ပါတယ်"

ဂတ်တာက ပြန်ထိုင်လိုက်သည်။

"တစ်ခုတော့ရှိတယ်" ဟု ပီကေက ဆက်ပြောသည်။ "တကယ်လို့ ကျွန်တော်တို့ တံခါးဖွင့်ထားရင် ကျွန်တော်တို့ ပြောတာတွေကို အပြင်က ကြားနိုင်ပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



“ဒါဖြင့် ပိတ်လေ” ဟု နောက်ဆုံးတွင် ဂန္ဒီက သဘောတူသည်။ “ကျုပ်အနေနဲ့ကတော့ ဘာလျှို့ဝှက်ချက်မှ မရှိဘူး”

ရိပဲက တံခါးကို ထပိတ်သည်။

“ခင်ဗျားနဲ့ပတ်သက်ပြီး ကျွန်တော် နိဒါန်းတွေ၊ မာတိကာတွေ ပျိုးမနေတော့ပါဘူး” ဟု ပီကေက ပြောသည်။ “ခင်ဗျားဟာ ကျွန်တော်တို့ ရဲ့ခေါင်းဆောင်၊ ကျွန်တော်တို့ရဲ့ဆရာ၊ ကျွန်တော်တို့ဟာ ခင်ဗျားရဲ့ အမှုထမ်းလက်အောက်ခံဖြစ်ကြတာမို့ ခင်ဗျားသာ မရှိရင်တော့ ကျွန်တော်တို့အားလုံးအတွက် ဆုံးရှုံးမှုတစ်ရပ်”

“ဒါဖြင့်ရင် ခင်ဗျားဟာ ကျုပ်စကားကို ဘာဖြစ်လို့ နားမထောင်တာလဲ”

ပီကေသည် ချက်ချင်းမဖြေနိုင်။ သူ့ရင်ဘတ်ကြယ်သီးကိုသာ သူက ဖြုတ်လိုက်သည်။

“ကျွန်တော့်ယုံပါ မဟာတ္တမ၊ နားထောင်သင့်တယ်ဆိုရင် ကျွန်တော်တို့ နားထောင်ပါ့မယ်”

“ကောင်းတယ်၊ ဒါဖြင့် ဒီက ခင်ဗျားပြန်သွားတဲ့အခါမှာ ခင်ဗျားတို့ပါတီရဲ့ အလုပ်အမှုဆောင်ကော်မတီက အစည်းအဝေးခေါ်ပြီး ကွန်ဂရက်ဖျက်သိမ်းကြောင်း ဆုံးဖြတ်ပါလား။ ခင်ဗျားဟာ ပါတီရဲ့ အထွေထွေအတွင်းရေးမှူးဆိုတော့ ကျုပ်လို သီးခြားပုဂ္ဂိုလ်ထက် ပါတီပေါ်မှာ အာဏာရှိမှာပါ။ ကျွန်တော်တို့တစ်တွေဟာ နိုင်ငံရေး အယူအဆကြောင့် ဘာဖြစ်လို့ အကွဲကွဲအပြားပြား ဖြစ်ကြရမှာလဲ”

သူ့ကော်လာမာမှာ ပို၍မာလာသည်ဟု ပီကေက ထင်သည်။

“မဟာတ္တမ ခင်ဗျား အကြံပေးချက်ဟာ မဖြစ်နိုင်ပါဘူး။ ခင်ဗျားရဲ့ သဘောထားကို ကျွန်တော်တို့အားလုံး လေးစားလိုလားပါတယ်။ ဒါပေမဲ့ ကျွန်တော် အခုလာတာက အဲဒီပြဿနာတွေ ဆွေးနွေးဖို့ မဟုတ်ပါဘူး။ ကျေးဇူးပြုပြီး ကျွန်တော်တို့ ဒီအကြောင်းကို ထပ်ပြီးမပြောကြ၊ မဆွေးနွေးကြပါရစေနဲ့တော့”

ဂန္ဒီသည် ဗိုင်းငင်စက်ကို လှည့်နေသည်။ ပါးစပ်ကမူ မည်သို့မျှမပြော။

ပီကေကို ခေါ်လာမိသည်မှာ မှားလေပြီဟု ရိပဲဒတ်က နားလည်မိသည်။ ထို့ကြောင့် သူက စဉ်းစားနေခြင်း မပြုတော့ဘဲ. . .

“ဘာဘူ့ အသက်ဟာ စိုးရိမ်နေရပါတယ်” ဟု ပြောလိုက်လေသည်။

“ဒါကတော့ ရိုးနေပါပြီလေ” ဟု ဂန္ဒီက မှတ်ချက်ချသည်။

“ဒါပေမဲ့ ဒီအန္တရာယ်က ဒို့ပြင်အန္တရာယ်တွေနဲ့ မတူပါဘူး” ဟု ရိပဲက ရှင်းလင်းပြသည်။ ဒီညမှာ ဘာဘူကိုလုပ်ကြံဖို့ အစီအစဉ် ရှိနေတယ်။ ကျွန်တော်တို့





မှာ သတင်းအခိုင်အလုံ ရထားတယ်။ လုပ်ကြံမယ့် လူတွေဟာ အစီအစဉ်တွေကို အသေးစိတ် လုပ်ပြီးပါပြီ။ ဆုံးဖြတ်ပြီးကြပါပြီ။ သူတို့က ဒီကနေ့ညနေ ဆုတောင်းပွဲလုပ်မယ့်ပန်းခြံထဲမှာ လုပ်ကြံဖို့ စီစဉ်ထားတယ်”

“ဘုရားက ကယ်မှာပါ” ဟု ဂတ်တာက တုန်ရီသောအသံဖြင့် ပြောသည်။

“မစိုးရိမ်ပါနဲ့ သူငယ်ချင်း” ဟု ဂန္ဒီကတားသည်။ ထို့နောက် ဗိုင်းငင်စက်ကို နံဘေးသို့ချကာ ဂတ်တာပခုံးကို လှမ်းကိုင်လိုက်သည်။ “ကြောက်တာတို့၊ စိုးရိမ်တာတို့ကို ကျွန်တော်တို့က မေ့ပစ်ရမယ်”

“တုံးတိတိ ပြောမိတဲ့အတွက် ကျွန်တော် တောင်းပန်ပါတယ်” ဟု ရိပဲက ဆိုသည်။ “ဒါပေမဲ့ ကျွန်တော်တို့မှာ အချိန်တွေ ရှိပါသေးတယ်”

“ဒါကြောင့်မို့လည်း ကျွန်တော်ကိုယ်တိုင် ဒီကိုလာတာပါ” ဟု ပီကေက ပြောသည်။

“ကိစ္စမရှိပါဘူး၊ ခင်ဗျားအနေနဲ့လည်း တောင်းပန်ဖို့ မလိုပါဘူး” ဟု ဘာဘူက ပြောသည်။ “ခင်ဗျားတို့က ခင်ဗျားတို့ဘာသာ ဒုက္ခရှာပြီး လာပြောတဲ့အတွက် တောင် ကျုပ်က တောင်းပန်ရဦးမယ်”

“ခင်ဗျားရဲ့ လုံခြုံမှုဟာ ကျွန်တော်တို့ရဲ့ တာဝန်လို့ ကျွန်တော်တို့က နားလည်ထားပါတယ်” ဟု ပီကေက ပြောသည်။

“ဒါကြောင့်မို့လည်း လုပ်ကြံမှုအစီအစဉ်ကို ဒတ်ကပြောတာနဲ့ “ကဲ. . . လာ ကျွန်တော်တို့ မဟာတ္တမကို ခုချက်ချင်း သတိပေးရအောင်လို့ ပြောခဲ့တယ်”

“ကျွန်တော်တို့ ဘာလုပ်ကြမလဲ” ဟု ဂတ်တာက စိုးရိမ်စွာဖြင့် မေးသည်။

“သူတို့ကို ကျွန်တော်တို့က ဘယ်လိုလုပ်ပြီး တားကြမလဲ၊ သူတို့ကရော ဘယ်သူတွေ လဲ၊ ဘယ်သူကများ ဘာဘူ့ကို ဖျက်ဆီးပစ်ချင်”

“သူတို့ဟာ ပူနားမြို့က အမျိုးသားကယ်တင်ရေး အဖွဲ့ဝင်တွေဖြစ်တယ်” ဟု ရိပဲက ရှင်းပြသည်။

“အင်း. . . အင်း ကျွန်တော် သိပြီ” ဟု ဂတ်တာက ဆိုသည်။

“တကယ့်ကို လူ့တိရစ္ဆာန်တွေပဲ”

“သူတို့ကို ဘာဖြစ်လို့ လူ့တိရစ္ဆာန်လို့ ခေါ်တာလဲ သူငယ်ချင်း။ တကယ်တော့ သူတို့ဟာ ကျွန်တော်တို့ မိတ်ဆွေတွေပါ” ဟု ဘာဘူက မှတ်ချက်ချသည်။

“သူတို့ဟာ ကျွန်တော်တို့ရဲ့ ညီအစ်ကိုတွေပါ”

“မဟုတ်ဘူး” ဟု ဂတ်တာက ကန့်ကွက်သည်။ ခင်ဗျားကိုသတ်ဖို့သူတို့က



www.burmeseclassic.com

www.burmeseclassic.com



ကြံစည်နေတာမို့ သူတို့ဟာ ဝက်ဝံတွေ၊ မြေခွေးတွေလောက်မှ သစ္စာရှိတာ မဟုတ်ဘူး"

ရိပဲသည် ဂန္ဒီကို စိုက်ကြည့်ရင်း အကဲခတ်နေသည်။

"ကျုပ်အနေနဲ့ကတော့ ကုသိုလ်ကံတရားကို ယုံကြည်တယ်" ဟု ဂန္ဒီက သိမ်မွေ့စွာပြောသည်။ "ဒါကြောင့်မို့ တစ်ယောက်ယောက်က ကျုပ်ကို သတ်ချင်တဲ့ စိတ်ဆန္ဒတွေ ရှိနေရင်၊ ဖြစ်နေရင် အဲဒီလူတွေမှာ အပြစ်မရှိဘူး ကျုပ်အပြစ်ပဲ ဖြစ်တယ်။ ကျုပ်အမှားလို့ နားလည်ထားတယ်။ ကျုပ်ရဲ့ ဟိုတုန်းက ပြုလုပ်ခဲ့တဲ့ အကုသိုလ်တွေကြောင့် ခုလို ကျုပ်ကိုသတ်ချင်သူတွေ ပေါ်ပေါက်နေရတာပဲ မဟုတ်လား။ တစ်ခုတော့ ရှိတယ် ကျုပ်ဟာ ရက်ရက်စက်စက် အသတ်ခံရရင် ကျုပ်ရဲ့ဆုံးရှုံးမှုကို. . ." ဂန္ဒီသည် သူ့စကားကိုဖြတ်ကာ စဉ်းစားလိုက်သည်။ အားလုံးကလည်း နားစွင့်နေကြသည်။ "လွန်ခဲ့တဲ့ လအနည်းငယ်ကတည်းက ကျုပ်ကိုယ်ကျုပ် ဘယ်လောက်အထိ ကျဆုံးနေသလဲဆိုတာ မကြာခဏ စဉ်းစားခဲ့တယ်"

"အခုရော" ဟု ပီကေက မေးသည်။

"ခွဲခြမ်းရေးဆိုတဲ့ ဝါဒကြောင့် ကျုပ်တို့မှာ ပြဿနာတွေ တွေ့နေရတာက ကျုပ်ရဲ့မအောင်မြင်မှုပဲ၊ နောက်ပြီး ဘယ်မှာလဲ ငြိမ်းချမ်းရေး။ ဒုက္ခသည်တွေအတွက် အိုးအိမ်တွေကရော"

ခွဲခြမ်းရေးအကြောင်းကို ကျွန်တော်တို့က အပြစ်တင်လို့ ဖြစ်ပါ့မလား မဟတ္တမ" ဟု ပီကေကပြောသည်။ "ကျွန်တော်တို့ပ-- နောက်ဆုံးမိနစ်အထိ ညီညွတ်ရေးကို ကြိုးစားခဲ့တယ်။ ကဲ. . . မဟုတ်ဘူးလား ခင်ဗျားမှတ်မိသေးရဲ့လား. . . ဟင်၊ တကယ်တော့ ဘယ်သူ့ အပြစ်လဲ၊ မူဆလင်တွေရဲ့အပြစ်၊ ကွဲကွဲပြားပြားဖြစ်အောင်လုပ်တဲ့ လိုလားတဲ့ ဗြိတိသျှတွေရဲ့ အပြစ်ပဲ မဟုတ်လား၊ အဲဒီလို အခြေအနေမျိုးမှာ ကျွန်တော်တို့က ဘာလုပ်နိုင်ဦးမှာလဲ နောက်ပြီး ကက်ရှမီးယားစစ်ပွဲကို ဘယ်သူက စခဲ့တာလဲ"

"ကျုပ် ဘယ်သူ့ကိုမှ အပြစ်မတင်ပါဘူး" ဟု ဂန္ဒီက ဖြည်းညင်းစွာပြောသည်။ "ကျုပ် ခံစားချက်ကိုသာ ပြောပြတာဖြစ်တယ်"

"ခင်ဗျားဟာ တကယ့် လူတော်တစ်ယောက်ပါ" ဟု ဂတ်တာက ချီးကျူးသည်။ "သာမန်လူသားတွေ မလုပ်နိုင်တာကို ခင်ဗျားလုပ်နိုင်ခဲ့တယ်"

"မဟုတ်သေးဘူးဗျ၊ ကျွန်တော် ကျဆုံးခဲ့တယ်၊ တကယ်လို့ ကျွန်တော် အသတ်ခံရမယ်ဆိုရင် ဒါဟာ ကျွန်တော့်ရဲ့ ကျဆုံးမှုအတွက် ကျွန်တော် ရသင့်





ရထိုက်တဲ့ ဆုလာဘ်ပဲဖြစ်မယ်" ပြောပြောဆိုဆို သူက ဗိုင်းငင်စက်ကို လှည့်လိုက်ပြန်သည်။

"ဘာဘူ" ဟု ငြိမ်၍နားထောင်နေသော ရိပဲက ခေါ်လိုက်သည်။ "ကျေးဇူးပြုပြီး ဒီညနေ ဆုတောင်းပွဲကို ပယ်ဖျက်ပေးပါ ခင်ဗျာ"

"ဟာ ဘယ်ဖြစ်နိုင်မလဲ၊ ကျုပ်မိတ်ဆွေတွေဆိုရင် ဆုတောင်းပွဲအတွက် လာတောင်လာနေကြပြီ၊ တချို့ဟာ ခရီးရှည်ကို လမ်းလျှောက်လာကြရတာ ဖြစ်တယ်"

သူတို့ကို ကျွန်တော်တို့က ဂရုစိုက်ပါ့မယ်၊ ပြုစုပါ့မယ်" ဟု ရိပဲက ပြောသည်။ "တကယ်လို့ ဒီရောက်လို့ သူတို့ သိပ်ပင်ပန်းနေမယ်ဆိုရင် ကျွန်တော်တို့က အိမ်အရောက် ကားနဲ့လိုက်ပို့ပါ့မယ်၊ သူတို့ထဲက အများအပြားဟာ ခုအထိနေစရာ အိမ်မရှိကြသေးဘူး" ဟု ဂန္ဒီကပြောသည်။

"တကယ်လို့ သူတို့ ဒုက္ခသည်တွေဆိုရင် ကျွန်တော်တို့က တည်းခိုရေးစခန်းကို လိုက်ပို့ပေးပါ့မယ်"

"ခင်ဗျားက ဘာဖြစ်လို့ ဒီလောက်တောင် ဒုက္ခခံ တာဝန်ယူချင်နေရတာလဲ"

"ဘာဘူ ဒါတွေဟာ ဘာဘူအတွက်ကြောင့် လုပ်တာပါ" ဟု ရိပဲက ပြောလိုက်သည်။

"ခင်ဗျားစိတ်ထားဟာ ချီးကျူးစရာပဲ၊ ဒါပေမဲ့ ကျုပ်အသက်ဟာ လယ်သမားတစ်ဦး ဒါမှမဟုတ် လမ်းပေါ်က တံမြက်စည်းလှည်းသမားတစ်ဦး အသက်ထက် ပိုပြီးတန်ဖိုးရှိတယ်လို့ ခင်ဗျားထင်ရင် မှားပြီပဲ၊ တကယ်လို့ ခင်ဗျားမှာ တာဝန်ရှိမယ်၊ ကူညီနိုင်စွမ်းရှိမယ်ဆိုရင် ကောင်းကင်ပြင်အောက် လယ်ကွင်းတွေထဲမှာ အိုးအိမ်မဲ့ နေရတဲ့ လူသန်းပေါင်းများစွာအတွက် အိမ်တွေဆောက်ပေးစမ်းပါ"

"အဲ့ဒီကိစ္စအတွက် ကျွန်တော့်မှာ လုပ်ပိုင်ခွင့်မရှိပါဘူး ဘာဘူ၊ ဘာဘူရဲ့ လုံခြုံရေးကိုသာ ဆောင်ရွက်ပေးဖို့ ကျွန်တော့်မှာ တာဝန်ရှိပါတယ်"

"ဒါဖြင့်ရင် ခင်ဗျားလို အရည်အချင်းရှိတဲ့ လူငယ်လေးတစ်ယောက်က ဘာဖြစ်လို့များ အချိန်ကုန်ခံပြီး ကျုပ်လုံခြုံရေးကို လုပ်နေရတာလဲ၊ ဘုရားဟာ ကျုပ်တို့နဲ့အတူရှိနေပါတယ်"

ရိပဲသည် သူ့လွယ်အိတ်ကို ကောက်ယူလိုက်သည်။ ဂန္ဒီနှင့် စကားယှဉ်ပြိုင်ပြော၍ မဖြစ်မှန်း သူကသိလေပြီ။ မည်သို့ပင်ဖြစ်စေ ဂန္ဒီလုံခြုံရေးအတွက် မဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မနေ လုပ်ရပေမည်။ ထို့ကြောင့် သူက နည်းပရိယာယ် ပြောင်းလိုက်သည်။

သူ့လွယ်အိတ်ကို ဂန္ဒီက မြင်သွားသည်။

"ခင်ဗျားလွယ်အိတ်ထဲက ဘာတွေလဲ" ဟု သူကမေးသည်။

"လွယ်အိတ်က တော်တော်လေးပုံရတယ်"

"ဩော်. . . ဘာမှအရေးတကြီး မဟုတ်ပါဘူး ခင်ဗျား" ဟု ရိပဲက ဖြေသည်။

"အထဲမှာ အရေးကြီးတာ တစ်ခုခုတော့ ရှိမှာပါ ကျုပ်ကိုပြစမ်းပါ"

"ကျွန်တော့်သေနတ်ပါ" ဟု ရိပဲက လေသံဖြင့် ပြောလိုက်သည်။

"မဟတ္တမခင်ဗျာ" ဟု ပီကေက ခေါ်လိုက်သည်။ "ဒတ်ဟာ ရဲအရာရှိ တစ်ယောက်မို့လို့ သေနတ်ကိုင်ခွင့် ရှိပါတယ်"

"ဒါပေမဲ့ ဘယ်သူကမှ သေနတ်မကိုင်ဘူးဆိုရင်" ဟု ဂန္ဒီက ရှင်းပြသည်။ "ဘယ်သူကမှ သူညီအစ်ကိုတွေရဲ့ သတ်ဖြတ်ခြင်းခံရမှာကို စိုးရိမ်ထိတ်လန့်ရတော့မှာ မဟုတ်ဘူး။ အကြမ်းမဖက်ရေးဟာ ကျုပ်တို့ရဲ့ အမြင့်မြတ်ဆုံး ယုံကြည်ချက်ဆိုတာ ခင်ဗျားတို့လည်း နားလည်ထားသားပဲ"

"ကျွန်တော် နားလည်ခဲ့၊ လေ့လာခဲ့ပါတယ်ခင်ဗျာ" ဟု ရိပဲကပြောသည်။ "ဒါပေမဲ့ ကျွန်တော်ဟာ တောင်သူလယ်သမားသားသမီး ဖြစ်ခဲ့တယ်၊ ကျွန်တော့် အဖေဟာ ရွာမှာသူကြီးပဲ၊ အဖေဟာ တကယ့်ကို လူသူတော်ကောင်းပဲ၊ ဘာဘူနီးပါး မဟုတ်ပေမဲ့ သူဟာ ဘယ်သူ့အပေါ်မှ စိတ်မဆိုးဘူး၊ အပြစ်မတင်ဘူး၊ ဒေါသ မထွက်ဘူး။ ဘဝတစ်လျှောက်လုံးမှာ ဘယ်လိုမရိုးသားမှု၊ လိမ်လည်မှုမျိုးကိုမှ မလုပ်ခဲ့ဘူး။ အဲ တစ်နေ့တော့ ကျွန်တော်တို့ ရွာထဲကို လူဆိုးတွေ ဝင်လာတယ်၊ အဖေဟာ လူဆိုးတွေကို ထွက်တွေ့တယ်၊ နှုတ်ဆက်တယ်။ ဒီတစ်ခါမှာ လူဆိုးတွေက အဖေ့ကို ရက်ရက်စက်စက် ပစ်သတ်သွားကြတော့တယ်" ရိပဲသည် သူ့စကားကို ခေတ္တရပ်လိုက်သည်။ "ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ကျွန်တော် စိတ်မထိန်းနိုင်လို့ ပြောမိတာ အတွက် အပြစ်မယူပါနဲ့"

"ကိစ္စမရှိပါဘူး" ဟု ပီကေကပြောသည်။ ကျွန်တော်တို့အားလုံးပဲ အခု ဆိုရင် စိတ်တိုနေကြရတာပဲလေ။ ကျွန်တော်တို့ရဲ့ အဖိုးတန်တဲ့ အချိန်တွေဟာလည်း အလဟဿ ဖြစ်ကုန်တာပဲ မဟုတ်လား။ ကျွန်တော် ၂ နာရီမှာ ဘုရင်ခံချုပ်ရဲ့ ဧည့်ခံပွဲကိုတက်ဖို့ ရှိနေတယ်။ ခုလောက်ဆိုရင် ကျွန်တော့်ရုံးခန်းမှာ လူတော်တော် များများဟာလည်း စောင့်နေကြပါတော့မယ်။ မဟတ္တမ ခင်ဗျားဟာ ကလေး





မဟုတ်ပါဘူး။ ဒီတော့ ခင်ဗျားကို ကျွန်တော်တို့က ဆုံးမနေဖို့ မလိုပါဘူး၊ အမိန့်လည်း မပေးနိုင်ပါဘူး။ ခင်ဗျားကောင်းကျိုးအတွက် ခင်ဗျားရဲ့ အမိနိုင်ငံအတွက် ကျွန်တော် တို့ပြောတာကို လိုက်လုပ်မလား၊ ဒါမှမဟုတ် ဆက်လက်ပြီး ခေါင်းမာနေမှာလား"

"အစီအစဉ်ကို ဖျက်လိုက်ပါ" ဟု ဂတ်တာက တောင်းပန်သည်။ "ဒီညနေ ဆုတောင်းပွဲ မလုပ်ပါနဲ့တော့"

ဂန္ဒီသည် ဗိုင်းငင်ခြင်းကို ရပ်လိုက်သည်။ ထို့နောက် သူ့ခေါင်းကို တဖြည်းဖြည်း ရမ်းပြသည်။

"မကြောက်ကြပါနဲ့၊ မစိုးရိမ်ကြပါနဲ့" ဟု သူကပြောသည်။ မေတ္တာဟာ မုန်းတီးခြင်းကို အောင်မြင်မှာပါ။ မေတ္တာကို ယုံပါ မေတ္တာက ကျွန်တော်တို့အားလုံးကို ကာကွယ်ပါလိမ့်မယ်"

"ကောင်းပြီ" ဟု ပီကေကဆိုသည်။ "ကျွန်တော်တို့ ဝတ္တရား ကျွန်တော်တို့ တာဝန်ကို လုပ်ပြီးပြီ"

"အစီအစဉ် မဖျက်ဘူးဆိုရင်လည်း" ဟု ရိပဲကပြောသည်။ "ကျွန်တော်နဲ့ ကျွန်တော့်လူတစ်ယောက်ကို ဘာဘူရှေ့က သွားဖို့နဲ့ နောက်နှစ်ယောက်ကို ဘာဘူနောက်က လိုက်ဖို့အတွက် အခွင့်ပေးပါ"

"ကျုပ် မြေးမလေးက ကျုပ်နဲ့ အတူတူ လိုက်မှာပါ" ဟု ဂန္ဒီကပြောသည်။ "ကျုပ် မြေးမလေးက ကျုပ် အဖော်ပါ၊ ကျုပ် အားကိုးရသူပါ"

"ဒါဖြင့်ရင်လည်း ကျွန်တော်တို့ကို ရှေ့ကသွားခွင့်ပေးပါ" ဟု ရိပဲက ဆက်လက်တောင်းပန်ပြန်သည်။

"အဲဒါဆိုရင်လည်း ကျုပ်မိတ်ဆွေတွေ ရှေ့က ခင်ဗျားတို့က ကွယ်ပေးသလို ဖြစ်နေတော့မှာပဲ၊ ကျွန်တော်ရဲ့ ရယ်စရာကောင်းတဲ့ မျက်နှာကို ကြည့်ဖို့လာကြမယ့် လူတွေကလည်း များမှာဗျ"

"ဒါဖြင့် ကျွန်တော် နောက်ကနေ လိုက်ပါရစေ"

"ခင်ဗျား သေနတ်လွယ်အိတ်ကို မယူခဲ့ဘူး ဆိုရင်တော့ ငြင်းစရာ အကြောင်း မရှိပါဘူး"

ကျွန်တော့် သေနတ်လွယ်အိတ် မပါရင်တော့ ကျွန်တော်ဟာ ဘာဘူ အတွက် ဘာမှအသုံးဝင်တော့မှာ မဟုတ်ဘူး ခင်ဗျာ"

"ဒါဖြင့် ကျုပ်နဲ့အတူတူ လိုက်ရမှာက ခင်ဗျားမဟုတ်ဘဲ ခင်ဗျားသေနတ် ပေါ့ ဟုတ်လား၊ လက်နက်နဲ့ ပတ်သက်ပြီး၊ စစ်နဲ့ပတ်သက်ပြီး ကျုပ်ကဘုရားကို



www.burmeseclassic.com

www.burmeseclassic.com



လှူထားခဲ့ပြီးပြီ၊ ဒီတော့ လက်နက်နဲ့ အကာအကွယ်ယူပြီး ကျုပ်အသက်ကို ကယ်ဆယ်ဖို့ ဘယ်နည်းနဲ့မှ ခွင့်မပေးနိုင်ဘူး"

သူတို့က ဦးညွတ်ကာ နှုတ်ဆက်လိုက်ကြသည်။ သူတို့တစ်တွေ အခန်းအတွင်းမှ မထွက်ခွာမီပင် ဂန္ဒီက သူ့ဗိုင်းငင်စက်ကို လှည့်လိုက်တော့သည်။

"အလကားလာပြီး အချိန်ဖြုန်းတာပဲ" ဟု ပီကေက သူ့ကားဆီသွားရင်း ရေရွတ်လိုက်သည်။

"ဘာပဲဖြစ်ဖြစ် ကျွန်တော်တော့ ပန်းခြံအခြေအနေကို လေ့လာချင်သေးတယ်၊ ကျွန်တော့်ကို ခွင့်ပြုပါ"

"လုပ်ပါ ခင်ဗျားကြိုက်တာ လုပ်ပါ" ပြောပြောဆိုဆို ပီကေက ကားပေါ်တက်လိုက်သည်။

* * *



(၃)

ဘူတာရုံမှထွက်၍ ခပ်လှမ်းလှမ်းရောက်လျှင် နာတူးက ကားမောင်းသူကို လက်ယာဘက် ချိုးခိုင်းသည်။ ထို့နောက် လက်ဝဲ၊ ထို့နောက် လက်ဝဲဘက်များသို့ ချိုးခိုင်းသည်။ သူ့နောက်သို့ မည်သူမျှ လိုက်မလာမှန်း သိရတော့မှ နာတူးက ကားကို မြို့တော်သစ်ရှိရာ တည့်တည့်သို့ ချိုးမောင်းခိုင်းသည်။

"မြို့သစ် ဘယ်နားလဲခင်ဗျာ" ဟု ကားမောင်းသူက မေးသည်။

"ကွန်နော့ ရပ်ကွက်ကို"

ကားမောင်းသူကို ပြောလိုက်သည်တွင်ပင် နာတူးက ရာနီကို အမှတ်ရမိသည်။ သတင်းစာအရ သူတို့ လင်မယားသည် မြို့သစ်ရှိ ပါမရာပမ်း ဟိုတယ်တွင် တည်းခိုနေကြောင်း သိထားရသည်။ သို့သော် ထိုဟိုတယ်သို့ သွားရန်ကား လုံးဝ မဖြစ်နိုင်၊ လုံးဝမစဉ်းစားသင့်သော ကိစ္စဖြစ်သည်။

အကယ်၍ ရာနီသည် သူ့မခင်ပွန်း မပါဘဲ လာသည်ထားဦး ပါမရာပမ်းကဲ့သို့သော ဟိုတယ်တွင် သူ့ကို မသိသူ၊ မမှတ်မိသူ ရှိလိမ့်မည်မထင်။ ဧည့်ခံကြိုဆိုရေးသမားများ အားလုံးကို ဆိုင်ရာက သူ့ဓာတ်ပုံပြ၊ သူ့ကိုယ်လုံးကိုယ်ထည် သဏ္ဌာန်ကို ပြောပြကာ သတိပေးထားသည်။

ရာနီကိုလည်း ဆိုင်ရာက စောင့်ကြည့်လျှင် ကြည့်ပေမည်။ သူနှင့်ပတ်သက်သူမှန်သမျှကို ဆိုင်ရာက မျက်ခြည်ပြတ်မခံကြောင်းလည်း နာတူးက သိထားသည်။

ထို့ကြောင့် ရာနီထံသွားရေး၊ ရာနီအား တွေ့ရေးကို နာတူးက စွန့်လွှတ်လိုက်သည်။ ရာနီကို နှုတ်ဆက်ရန်ပင် မလွယ်ပါလား"

သို့ပါလျက် ဘယ့်အတွက် သူမကို စဉ်းစားနေရသနည်းဟု နာတူးက သူ့ကိုယ်သူ ဒေါသထွက်စွာ မေးသည်။ သူက ရာနီကို မေးကြည့်သည်။ စီးလာရက်ကို မီးညှိသောက်ရင်း ကမ်းဘေးသို့ ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ဦးကိုသတ်ရန် ၄ နာရီသာ လိုတော့သည့်အချိန်တွင် သူသည် တစ်ဦးတည်း ယာယီအားဖြင့် လွတ်လွတ်လပ်လပ်ရှိနေသည်၊ အလုပ်အားနေသည်။

အက်တီးတစ်ယောက် မည်ကဲ့သို့ ဖြစ်ခဲ့သနည်း။ အက်တီးနှင့် ညနေ ၄ နာရီထိုးမှ ပြန်လည်တွေ့ရမည်ဖြစ်ကြောင်း နာတူးက နားလည်ထားသည်။ အက်တီးနှင့် ပတ်သက်၍ သူက မစိုးရိမ်မိ၊ အက်တီး အဖမ်းခံရသည် ဖြစ်စေ၊ မခံရသည် ဖြစ်စေ သူနှင့် အဆက်အသွယ် ရှိတော့မည် မဟုတ်၍ ဂရုစိုက်ရန်မလို။

နာတူးသည် သူ့လွတ်လပ်မှု သူ့ရှေ့ရေးအတွက် စဉ်းစားမိရာမှ ငယ်စဉ်က ကစားခဲ့သည်ကို အမှတ်ရမိ၍ ပြုံးမိသည်။ ငယ်စဉ်က သူ အမြဲပင် သူဌေးလုပ်တမ်း ကစားခဲ့သည်။ သူ့ကိုယ်သူ သူဌေးကြီး လုပ်ခဲ့သည်။ သူက ခြံကြီးတစ်ခြံနှင့် မြို့ထဲရှိ အိမ်တစ်လုံးကို ဝယ်သည်။ နွားအကောင် ၁၀၀ ကို မွေး၍ အစေခံ ၂၀ ထားသည်။ မယားလည်း နှစ်ယောက်ယူသည်။

သို့သော်လည်း သူ အမှန်ဖြစ်ချင်သည်ကား သူဌေးကြီးမဟုတ်။ သူက စစ်ဗိုလ်ဖြစ်ချင်ခဲ့သည်။

သူသည် စစ်တပ်အတွင်းဝင်၍ ဗိုလ်ချုပ်ကြီးအထိ ဖြစ်ရန် အာသီသ ရှိခဲ့လေသည်။

စစ်တပ်သည် ပူနားမြို့ရှိ နာတူးတို့အိမ်မှ မိုင်အနည်းငယ်ဝေးသော အရပ်တွင်ရှိသည်။

တစ်နေ့တွင် သူ့မိခင်က သူမ အဒေါ်အိမ်သို့ နာတူးကို လွှတ်၍ သံပရာသီး တောင်းခိုင်းသည်။ သူ့ဘွားလေးမှာ ငွေကြေးချမ်းသာသူ ဖြစ်ပြီး သံပရာခြံကြီးကို ပိုင်သူလည်း ဖြစ်သည်။ ဘွားလေးသည် နာတူးတို့ ရောက်သွားတိုင်းလိုလို သံပရာသီးများ လက်ဆောင်ပေးသည်။ သို့သော် သွားဖန်များလျှင် ဘွားလေးက မပေးတော့၊ မြည်တွန်တောက်တီးလိုက်သည်။

"နာတူးက သူ့ဘွားလေးအချစ်တော်ကွ၊ သူ့ဆိုရင် သူ့ဘွားလေးက ရက်ရော ပြီးသားပဲ။ မယုံရင်ကြည့် သူ့တစ်ယောက်တည်း ငါ လွှတ်ပြမယ်" ဟု အမေက ပြောကာ နာတူးကို လွှတ်ခဲ့သည်။

ထိုအချိန်က နာတူးသည် အသက် ၇ နှစ်သာ ရှိသေးသည်။ သူသည် ဘွားလေး အိမ်သွားရာလမ်းကို ကောင်းစွာ သိထားသော်လည်း ထိုနေ့က လက်ဝဲဘက်ချိုးရမည့် အစား လက်ယာဘက် ချိုးမိ၍ လမ်းမှားခဲ့သည်။ နာတူးသည် ဘွားလေးအိမ် မတွေ့သဖြင့် လျှောက်ရင်း လျှောက်ရင်းနှင့် နောက်ဆုံးတွင် စစ်တပ်သို့ ရောက်ကာ





ဗိုလ်ချုပ်ကြီးနှင့် တွေ့လေတော့သည်။

ထိုစဉ်က စစ်ဗိုလ်ကို ကောင်းစွာ မမြင်ဖူးသေး၍ သူနှင့်မျက်နှာချင်းဆိုင်မှ လျှောက်လာကြသော တံဆိပ်များ၊ ရာထူးများ များပြားစွာ တပ်ထားသည့် စစ်ဗိုလ် သုံးဦးကို နာတူးက ဗိုလ်ချုပ်ကြီးများဟုသာ သတ်မှတ်ခဲ့သည်။

သူတို့ကို တအံ့တသြ ကြည့်နေသည့် ကလေးငယ်ကို မြင်သောအခါ စစ်ဗိုလ်သုံးဦး၏ ခြေလှမ်းများမှာ တုံ့သွားသည်။ သူတို့က နာတူး အနီးကပ်လာသည်။

"မင်းနာမည် ဘယ်သူလဲကွယ့်" ဟု တစ်ဦးကမေးသည်။

"နာတူး"

"ကဲ မင်းအိမ် ဘယ်မှာလဲ နာတူး"

နာတူးသည် အဖြေမပေးနိုင်၊ သူ့ကိုဝိုင်းထားသည့် စစ်ဗိုလ်များကိုလည်း ကြောက်လာသလိုပင်။

"အင်း မင်းအိမ်ကို မပြန်တတ်တော့ဘူး မဟုတ်လား"

"ဟုတ်ကဲ့ခင်ဗျာ" ဟု နာတူးက လေသံဖြင့် ပြောသည်။

"မင်းဘယ်ကိုသွားမယ်ဆိုတာ တို့ကိုပြောပြပါလား တို့လမ်းညွှန်ပေးမယ်လေ"

"ကျွန်တော်တို့ သူ့ကိုမွေးစားရင် မကောင်းဘူးလား တော်မီ" ဟု တစ်ဦးက အကြံပေးသည်။

"မဖြစ်နိုင်တာဘဲ၊ ကဲ ကောင်ကလေး မင်းဘယ်သွားမယ်ဆိုတာ ပြောစမ်း"

ထိုအချိန်မှစ၍ စစ်ဗိုလ်ဖြစ်လိုစိတ်များ သူ့စိတ်ထဲတွင် ပိုမိုပေါ်ပေါက်ခဲ့သည်။ ထိုစိတ်ကြောင့် သူ့အသက် ၁၇ နှစ် ပြည့်သောအခါ နာတူးသည် ပထမဆုံး အနေဖြင့် စစ်တပ်စခန်းချရာသို့ ရောက်ခဲ့လေတော့သည်။

ထိုနေ့နံနက်က နာတူးသည် စောစောစီးစီးထ၍ မီးဖိုချောင်ထဲတွင် အလုပ်များနေသည့် မိခင်ထံသွားခဲ့သည်။

"မေမေ" ဟု သူက အသံကိုထိန်း၍ ခေါ်လိုက်သည်။ "ကျွန်တော် အိမ်ကထွက်သွားတော့မယ်"

အမေသည် နားမလည်ဟန်ဖြင့် သူ့ကိုကြည့်သည်။

"ဘာပြုလို့လဲသား" ဟုလည်း မယုံကြည်ဟန်ဖြင့် မေးသည်။

"ဒီနေ့ပဲ ကျွန်တော် စစ်တပ်ထဲဝင်တော့မယ် မေမေ"

နောက်ပြောင်နေရော့သလားဆိုပြီး အမေက သူ့မျက်လုံးများကို စိုက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



မိသည်။ ထို့နောက် သက်ပြင်းချပြီး. . .

"တို့ မျိုးရိုးထဲမှာ စစ်သားဆိုတာ မရှိပါဘူးကွယ်" ဟု တိုးတိုးပြောလိုက်သည်။

"ကျွန်တော် သိပါတယ် မေမေ၊ အဲဒါနဲ့ ပတ်သက်ပြီးတော့လည်း ကျွန်တော် အချိန်အတော်ကြာ စဉ်းစားခဲ့ပါတယ်။ ဒါကြောင့်မို့လည်း စစ်တပ်ထဲဝင်ဖို့ အချိန်တွေ နှောင်းခဲ့ရတာပဲ။ ဒါပေမဲ့ မေမေ ဒီနေ့တော့ ကျွန်တော် ဆုံးဖြတ်ပြီးပြီ။ ဒီနေ့ ကျွန်တော် စစ်တပ်ထဲဝင်မယ်။ တစ်နေ့မှာ ကျွန်တော်ဟာ ဗိုလ်ချုပ်ဖြစ်မယ်။ အဲဒီအခါမှာ ကျွန်တော့်အတွက် မေမေ ဂုဏ်ယူရပါစေ့မယ်"

"ဘုရားကယ်ပါ" ဟု အမေက တိုးတိုးပင် ဆိုလိုက်ပြန်သည်။ "မင်းဘာတွေ လျှောက်ပြောနေတာလဲ၊ အဲဒါမျိုးတွေ ထပ်မပြောစမ်းနဲ့ ငါ ထပ်မကြားချင်ဘူး"

"မေမေ သဘောမတူဘူးဆိုရင်တော့ ကျွန်တော့်အတွက် စိတ်မကောင်းစရာပေါ့။ ဒါပေမဲ့ ကျွန်တော့် စိတ်ထားကိုတော့ ကျွန်တော် မပြောင်းနိုင်တော့ဘူး။ ကျွန်တော် ဒီနေ့မနက်ပဲ စစ်တပ်ကိုသွားမယ်"

"မင်းအဖေကိုရော ပြောပြီးပြီလား။ သူကရော သဘောတူတယ်တဲ့လား"

"ကျွန်တော် မေမေ့ကို ပထမဆုံး အသိပေးတာပါ"

"ဩော်. . . မင်းက သူ့ကို မပြောပြရသေးဘဲကိုး"

"ဖေဖေ သဘောတူတူ မတူတူ ကျွန်တော်ကတော့ သွားမှာပဲ မေမေ၊ ကျွန်တော် ဆုံးဖြတ်ပြီးပြီ"

"အင်း" ဟု သူ့မက ရှည်လျားစွာ ညည်းတွားလိုက်သည်။ သူ့နှုတ်ခမ်းကို လက်ညှိုးနှင့် ဖိလိုက်ရင်း "ဒီလို မပြောရဘူး အဖေ့စကားကို နားမထောင်ဖို့ စဉ်းစားတာကကို မင်းအတွက် အပြစ်ရနေပြီ" ဟု ပြောသည်။ "သူဟာ ငါတို့ရဲ့ သခင်၊ ငါတို့ရဲ့ အားကိုးရာ ပုဂ္ဂိုလ်။ မင်းအဖေနဲ့ တွေ့ပါဦး သူ့ဆီက ခွင့်တောင်းပါဦး"

နာတူးသည် အမေ့နဖူးကို ညင်သာစွာ နမ်း၍ မီးဖိုထဲမှ အပြေးထွက်ခဲ့တော့သည်။

သူ ရောက်သွားချိန်တွင် အဖေသည် ရေချိုးပြီးစ အဝတ်အစားများလဲနေခိုက် ဖြစ်သည်။ အဖေကိုတော့ သူက ကြောက်ပါသည်။ အမေကဲ့သို့ အဖေကလည်း သူ့ကို အရေးတဝင်မလုပ်၊ ရင်းရင်းနှီးနှီးမနေ။

"ကျွန်တော် ပြောစရာရှိလို့ ဖေဖေ" ဟု နာတူးက မဝံ့မရဲနှင့် ပြောလိုက်သည်။





"ငါ အဝတ်အစားလဲနေတာ မင်းမမြင်ဘူးလား"

"ကျွန်တော် မစောင့်နိုင်တော့လို့ပါ။ ကျွန်တော် အခုပဲ အိမ်ကထွက်သွားတော့မယ်။ ကျွန်တော်. . . ကျွန်တော် စစ်တပ်ထဲ ဝင်တော့မလို့"

အဖေ့မျက်နှာကို သူက လှမ်းကြည့်လိုက်သည်။ အဖေ့မျက်နှာ အမူအရာမှာ ပြောင်းလဲခြင်းမရှိ။

"ငါ အဝတ်အစားလဲလို့ မပြီးသေးဘူး" ဟု ခဏကြာမှ အဖေက ပြောသည်။ "မင်းအိမ်ရှေ့ခန်းက သွားစောင့်နေ၊ ငါလာခဲ့မယ်"

"ဟုတ်ကဲ့" ဟု နာတူးက အလျှော့ပေးလိုက်သည်။ အဖေနှင့် အငြင်းအခုံလုပ်ခြင်းကို သူက တတ်နိုင်သမျှ ရှောင်ရှားလိုသည်။

အဖေ့အိပ်ခန်းထဲမှ ထွက်လိုက်သောအခါ သူ့ညီလေးကို တွေ့သည်။

"ဘာတဲ့လဲ ကိုကို" ဟု သူကမေးသည်။ "ဖေဖေက ဘာပြောလိုက်လဲ"

"သူ့အဝတ်အစားလဲနေတုန်းတဲ့"

"ကိုကိုက ပြောမပြခဲ့ဘူးလား"

"ပြောပြခဲ့တာပေါ့ကွာ"

"ဒီတော့ သူကဘာပြောသလဲ၊ သွားခွင့်ပေးလိုက်သလား"

"သူ ခွင့်ပေးပေး မပေးပေး ငါလုပ်မယ်၊ သွားမယ်လို့ မင်းကို ငါပြောခဲ့ပြီးသားပဲကွာ ကဲ သွားစမ်းကွာ"

"သူက တားမှာပါ"

"ကဲ မင်းငါ့ကို ပြောချင်တာ ဒါပဲလား၊ သွားစမ်းကွာ၊ သွားစမ်း ငါ တစ်ယောက်တည်း နေချင်တယ်"

"ကျွန်တော့်ကို ဘာဖြစ်လို့ အော်တာလဲ၊ စိတ်ဆိုးတာလဲ ကိုကို"

"ငါက အော်တာမဟုတ်ဘူး၊ မင်းကသာ စကားတွေ သိပ်ပြောနေတဲ့ကောင်လေး"

"ဟင် ကျွန်တော်က ဘာပြောနေလို့လဲ၊ ကျွန်တော်က ကိုကို့ဘက်ကပါ၊ ကိုကို့လူပါ"

"အေးပါ ဟုတ်ပါတယ်" ပြောပြောဆိုဆို နာတူးက အိမ်ရှေ့ခန်းသို့ ထွက်သွားသည်။

"ကျွန်တော်တို့ လွမ်းနေတော့မှာပဲ"

"အိုကွာ မိန်းမဆန်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို မလှောင်ပါနဲ့ ကိုကို"

"နားထောင်စမ်း ငါ ဗိုလ်ချုပ်ဖြစ်ရင် ငါ သွားလေရာ ငါ့ကားထဲ မင်းခေါ် သွားမယ် ကြားလား"

"တကယ်နော် ကိုကို၊ ဒါကြောင့်မို့ ကိုကိုဟာ ချစ်စရာကောင်းတာ၊ အဲဒီကတိ မေ့မသွားနဲ့ဦးနော်"

ထိုအခိုက် "ကောင်လေး" ဟူသော တင်းမာသည့် အဖေ့အသံက ထွက်လာသည်။ "သွားစမ်း မင်းအမေကို ရေသွားခပ်ပေးလိုက်"

"ဟုတ်ကဲ့ဖေဖေ" ဟု ဆိုကာ ညီငယ်သည် ထွက်ပြေးသွားတော့သည်။

နာတူးက အဖေ့ကို လှည့်ကြည့်လိုက်သည်။ အဖေက လမ်းလျှောက်ရာတွင် ကိုင်သည့် ထိပ်ပိုင်းကို ငွေအုပ်ထားသော တုတ်ကောက်ကို ကိုင်လာသည်။ ထိုတုတ်ကောက်မှာ မျိုးရိုးအလိုက် အဆက်ဆက် အမွေပေးခဲ့သော တုတ်ဖြစ်သည်။ တုတ်၏သက်တမ်းမှာ မိသားစု ဆယ်စုရှိပြီဖြစ်သည်။ အဖေက ထိုတုတ်ကောက်ကို နာတူးအား အမွေအဖြစ်ပေးမယ်ဟု ပြောပြဖူးခဲ့သည်။

"ကဲ မင်းဘာပြောချင်တာလဲ" ဟုအဖေက မေးသည်။

"ကျွန်တော် စစ်တပ်ထဲဝင်ဖို့ ဖေဖေ့ဆီက အခွင့်တောင်းတာပါ"

"တို့မိသားစုထဲမှာရော ဆွေမျိုးထဲမှာရော ဘယ်သူမှ စစ်သားမလုပ်ခဲ့ဘူး"

"ကျွန်တော့် ဘဝရှေ့ရေးနဲ့ ပတ်သက်ပြီး ကျွန်တော် အချိန်ယူ စဉ်းစားခဲ့ပြီးပါပြီ ဖေဖေ" ဟု နာတူးက ရှင်းပြသည်။ "ကျွန်တော် စိတ်ဝင်စားတာမို့ လိုလားတာမို့ ကျွန်တော်ဟာ စစ်သားကောင်းဖြစ်မှာ သေချာတယ်။ အဲ့ဒီကနေ တစ်နေ့မှာ ဗိုလ်ချုပ်ဖြစ်မယ်"

"တိတ်စမ်း" အဖေ့အော်သံကြောင့် နာတူးမှာ ထိတ်လန့်သွားမိသည်။ အဖေက တုတ်ကိုမြှောက်၍ လက်က သူ့ကိုရိုက်ရန် ဟန်ပြင်သည်။

နာတူးသည် အလိုလို ခြေတစ်လှမ်း ဆုတ်မိသည်။ တုတ်ချက်ရှောင်ရန်လည်း သူက တုတ်ကို စိုက်ကြည့်နေမိသည်။ သို့သော် အဖေက မရိုက်။ တုတ်ကို ပြန်ရုပ်လိုက်သည်။

"ငါတို့လို ဘာသာရေးကိုင်းရှိုင်းတဲ့ မိသားစုထဲ မင်းက ရန်စကားတွေ သွင်းလာတာက လွန်လှပြီ" ဟု အဖေက ပြောသည်။ "မင်းဟာ ငါနဲ့တင်မကဘူး မင်းဘိုးတွေ၊ ဘေးတွေနဲ့ တူရမယ်၊ သူတို့လိုပဲ"

"ဖေဖေ စိတ်ဆိုးအောင်လုပ်ဖို့ ကျွန်တော့်မှာ ဆန္ဒမရှိပါဘူး ဖေဖေ"





"ဒါဖြင့် အဲ့ဒီ အဓိပ္ပာယ်မရှိတဲ့စကားတွေ၊ အသုံးမကျတဲ့ စကားတွေကို မင်းထပ်ပြီး မပြောနဲ့တော့. . ."

"ကျွန်တော့်ကို ခွင့်ပြုပါဖေဖေ ကျွန်တော် သွားပါတော့မယ်"

"မင်းပြောတာ ငါ နားမထောင်ဘူး" ဟု ပြောပြောဆိုဆို အဖေက မျက်နှာကို တစ်ဖက်သို့ လှည့်လိုက်သည်။

"ဖေဖေ စိတ်ထိခိုက်မှာကို ကျွန်တော် မလို. . ."

"မင်းပြောတာတွေကို ငါ ဘာမှ မကြားတော့ဘူး၊ ကြားလည်း မကြားချင်တော့ဘူး"

"ကျွန်တော့်ကို ခွင့်လွှတ်ပါ ဖေဖေ၊ ကျွန်တော်ဟာ ဖေဖေ စိတ်ထိခိုက်အောင်၊ စိတ်ညစ်အောင် မလုပ်ခဲ့ချင်ပါဘူး"

ဖေဖေက ငြိမ်သက်နေသည်။ မျက်နှာလည်း ပြန်လှည့်မလာ။

"ကျွန်တော့်အတွက် ဆုမတောင်းပေးတော့ဘူးလား ဖေဖေ" အဖေ့ထံမှ စကားတစ်လုံးမျှ ထွက်မလာ။

နာတူးသည် အခန်းထဲမှ ချာခနဲ လှည့်ထွက်လိုက်လေတော့သည်။ အခန်းတံခါးကိုလည်း ဆောင့်ပိတ်ခဲ့သည်။

အဖေသည် မလှုပ်မယှက်ရပ်၍ ကျန်ခဲ့သည်။ ထိုအခိုက် အမေက မျက်ရည်စက်လက်ဖြင့် သူ့အနီးရောက်လာသည်။

"သား သွားပြီလား နာတူး" ဟု အမေက ရေရွတ်သည်။

"သွားပြီလား" ဟု အဖေကပြန်မေးသည်။ "ဘယ်ကိုသွားမှာလဲ. . ."

ထို့နောက် အဖေ လဲကျသွားတော့သည်။

နေထွက်စပြုလာပြီဖြစ်၍ နာတူး၏ ခြေလှမ်းများမှာ ပိုသွက်လာသည်။ အမှောင်မှအလင်းသို့ အားပြုချိန်ပါလား။

အလင်းရောင်ထွက်ပြူစ ယခုကဲ့သို့ နံနက်မှာ နာတူး၏ တစ်နေ့လုံးအနက် အနှစ်သက်ဆုံးအချိန် ဖြစ်သည်။

နာတူးသည် လမ်းဘေးရှိ သရက်ပင်တန်းကို တစ်ပင်ပြီး တစ်ပင် ဖြတ်ကျော်ခဲ့သည်။

ဂိတ်ဝသို့ရောက်လျှင် ဂေါ်ရခါးအစောင့်စစ်သားနှစ်ဦးကို တွေ့ရသည်။ စစ်သားများက သူ့ကိုအကဲခတ် စောင့်ကြည့်နေကြသည်။

"ကျွန်တော် စစ်တပ်ထဲဝင်ဖို့ စာရင်းလာသွင်းတာပါ" ဟု နာတူးက



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကြားလိုက်သည်။

သူတို့သည် အင်္ဂလိပ်စကားကို နားလည်ဟန်မတူ၊ ထို့ကြောင့် နာတူးက မာရာတီ စကားဖြင့် ပြောလိုက်သည်။ သို့သော် သူတို့မျက်နှာများမှာ မပြောင်းလဲ။ "ဒီလူတွေဟာ ပညာမဲ့တွေ၊ ခေတ်မမီတဲ့သူတွေ၊ ဒီလို အသိဉာဏ်ကင်းမဲ့တဲ့ လူတွေအပေါ် စစ်တပ်က ဘာဖြစ်လို့ အားကိုးယုံကြည်နေတာလဲ" ဟု နာတူးက စဉ်းစားမိသည်။

"ကျွန်တော် စစ်ဗိုလ်နဲ့တွေ့ဖို့ အထဲဝင်ပါရစေ" ဟု သံဆူးကြိုးဝင်းအတွင်းရှိ အိမ်စိမ်းလေးကို လက်ညှိုးထိုး၍ ပြောလိုက်သည်။ ပြောပြောဆိုဆို သူက ရှေ့တိုးလိုက်သည်။ ထိုအခါ စစ်သားနှစ်ယောက်က သူ့ရင်ညွန့်ကို လှံစွပ်တပ် သေနတ်များဖြင့် လှမ်းထောက်လိုက်သည်။

နာတူးသည် ထိတ်လန့်တကြား နောက်ဆုတ်လိုက်သည်။

"ဘာဖြစ်လို့လဲ" ဟု သူက အော်မေးသည်။ "ဘာလဲ ကျွန်တော့်ကို ခင်ဗျားတို့က သတ်ကြမလို့လား"

သို့သော် အစောင့်စစ်သားများက မည်သို့မျှ ပြန်မပြောကြ။ ထို့ကြောင့် နာတူးက သူ့မိတ်ဆွေ တစ်ဦးဦးနှင့် တွေ့လိုတွေ့ငြား အထဲသို့ လှမ်းမျှော်ကြည့်လိုက်သည်။ စစ်တပ်ထဲတွင် သူ့မိတ်ဆွေအချို့ ရှိသည်။

သူ့မိတ်ဆွေများထဲတွင် ဂေါ်ရခါးများကားမပါ။ ဂေါ်ရခါးများသည် အမြဲမယုံကြည်တတ်ပြီး အသိဉာဏ်ကင်းမဲ့သူများ ဖြစ်ကြသည်။ အကယ်၍ သူ့ဗိုလ်ချုပ်ဖြစ်လျှင် သူ့စစ်တပ်ထဲတွင် ဂေါ်ရခါးများ မပါစေရဟု နာတူးက ဆုံးဖြတ်လိုက်သည်။

ထိုစဉ် သူ သိခဲ့ဖူးသော စစ်သားတစ်ဦးကို လှမ်းမြင်၍ နာတူးက. . .

"ဟော့လူ. . . ဟော့လူ" ဟု လှမ်းခေါ်လိုက်သည်။ "ဒီလူတွေကို ပြောပေးစမ်းပါဗျာ၊ ကျွန်တော် စစ်တပ်ထဲ ဝင်ချင်လို့"

"ဟုတ်လား" ဟု စစ်သားက ပြန်ပြောသည်။ "ကောင်းတယ် ကောင်းတယ်၊ ဒါပေမဲ့ စောလွန်းသေးတယ်ဗျ၊ စစ်သားသစ် စုဆောင်းရေးဟာ မနက် ၁၀ နာရီမှ ဖွင့်မယ်"

"၁၀ နာရီမှ ဟုတ်လား နောက်ကျလှချည့်လားဗျ။ ဘာဖြစ်လို့တဲ့လဲ"

"ကျွန်တော်လည်း ဘယ်ပြောနိုင်ပါ့မလဲ"

"ဒါဖြင့် ကျွန်တော် အခု သက်ဆိုင်ရာ တစ်ယောက်ယောက်နဲ့ရော မတွေ့နိုင်ဘူးလား"





"မဖြစ်နိုင်ဘူးဗျို့" ဟု ပခုံးတွန့်ပြောကာ စစ်သားက ထွက်ခွာသွားတော့သည်။

နာတူးက နေကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။ နေရောင်ခြည်မှာ မပူသေး။ ၇ နာရီခန့်သာ ရှိပေဦးမည်။

၁၀ နာရီအထိ ထိုင်စောင့်ရန် စစ်တပ်အနီးတွင် ကော်ဖီဆိုင်လည်းမရှိ။ သူ့အနေဖြင့် လူသွားလမ်းနံဘေးတွင် မနက်က စစ်တပ်ထဲဝင်ရန် ရက်များကို လက်ချိုးရေတွက်သလို ယခုလည်း စစ်တပ်ထဲ စာရင်းသွင်းရန် မိနစ်များကို ရေတွက်ခြင်း ပြုနေရလေတော့သည်။

သူ့အတွက် ဝမ်းသာစရာတစ်ခု ပေါ်ပေါက်ခဲ့သည်။ ၁၀ နာရီ မထိုးမီ ဂေါ်ရခါးစစ်သားများအစား အိန္ဒိယစစ်သားနှစ်ဦး ဂိတ်ဝ ရောက်လာသည်။ သူတို့နှင့် နာတူးသည် စကားလက်ဆုံကျမိတော့သည်။ နာတူးမေးသမျှကိုလည်း စစ်သားများက ပြောကြသည်။

စစ်သားများက ပထမကမ္ဘာစစ်ပွဲအတွင်းက သူတို့ပါဝင်တိုက်ခိုက်ခဲ့ရသော စစ်အတွေ့အကြုံများကို အားရပါးရ ပြန်လည်ပြောပြ သည်။ သူတို့စကားများကား နာတူးအတွက် အံ့သြစရာများချည်း ဖြစ်ခဲ့တော့သည်။

ခဏကြာမှ တစ်ယောက်က. . .

"ကဲလာ မင်းကို စစ်ဗိုလ်ဆီ လိုက်ပို့မယ်" ဟု ပြောလေသည်။

အိမ်စိမ်းလေးအတွင်း ဝင်မိသောအခါ ခေါင်မိုးပေါ်မှ ပန်ကာသည် လေးတွဲ့စွာ လည်ပတ်နေသည်။ နာတူးသည် စစ်ဗိုလ်ကို စောင့်ရင်း ပန်ကာလည်ပတ်ပုံကို စိုက်ကြည့်နေသည်။ လည်ပတ်သည့် အပတ်များကိုလည်း ရေတွက်နေသည်။

ခဏကြာမှ စစ်ဗိုလ်က ဝင်လာသည်။ စစ်ဗိုလ်သည် သူ့ကို အရေးမစိုက်ဘဲ စားပွဲသို့သွားကာ အလုပ်ရှုပ်နေသည်။ သူ မြင်ဖူးသမျှ အရာရှိများထဲတွင် ဤစစ်ဗိုလ်သည် အလုပ်အများဆုံး စစ်ဗိုလ်ဖြစ်ကြောင်း နားတူးက ဆုံးဖြတ်မိသည်။ ထို့ကြောင့် စောင့်နေရခြင်းအတွက် နာတူးက စိတ်မဆိုးမိ၊ ဒေါသမထွက်မိ။

သို့သော် သူ့လက်ချောင်းများမှာ ချောက်သွေ့လာ၍ လက်ဖဝါးများလည်း ချွေးများဖြင့် စို့စွတ်လာသည်။ မည်သို့ပင်ဖြစ်စေ နာတူးသည် သူ ရက်ပေါင်းများစွာ လေ့ကျင့်ခဲ့သည့်အတိုင်း ကိုယ်ကိုမတ်မတ်ထား၍ တောင့်တောင့်တင်းတင်း ရပ်နေနိုင်သည်။

ခဏကြာမှ စစ်ဗိုလ်က မော့ကြည့်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . ဆိုစမ်းပါဦး ဘာကိစ္စ" ဟု မေးလိုက်သည်။ နာတူးက အနည်းငယ် ပြုံးပြီး လေ့ကျင့်ထားသည့်အတိုင်း ဆလံပေးလိုက်သည်။ သူ့လက်များမှာ မသိမသာ တုန်နေသည်။

"ကျွန်တော် စစ်ထဲဝင်ဖို့ စာရင်းလာသွင်းတာပါ ဗိုလ်ကြီး"

"ကဲပါလေ ဆလံပေးမနေပါနဲ့ မင်းလက်ချပါ၊ နောက်ပြီး ရှေ့ကိုတိုးစမ်း အနီးကပ်ကြည့်ရအောင်"

"ဟုတ်ကဲ့ခင်ဗျာ" ဟု ပြောကာ နာတူးက ခြေတစ်လှမ်း တိုးလိုက်သည်။ သူ့ခြေထောက်မှာ အနည်းငယ် ယိုင်သွားကြောင်း နာတူး သတိထားမိသည်။

"အသက်" ဟု စစ်ဗိုလ်က မေးသည်။

"ဒီနေ့ပဲ ၁၇ နှစ် ပြည့်ပါတယ် ဗိုလ်ကြီး"

"မင်းမွေးနေ့" ဟု စစ်ဗိုလ်က သူ့စကားကို မယုံကြည်ဟန်ဖြင့် မေးလိုက်သည်။

ခက်သည်မှာ နာတူးသည် သူ့မွေးနေ့ကို မေ့နေသည်။

"ပြောလေ"

စိတ်ပျက်စွာဖြင့် နာတူးသည် သူ့မွေးနေ့မှ နောက်ပြန်ဆုတ် ရက်တွက်နေမိသည်။ သူ့ဒူးများမှာ သိသိသာသာ တုန်လာသည်။

"နာမည်"

ထို့နောက် စစ်ဗိုလ်သည် အနည်းငယ် စဉ်းစားပြီးမှ. . .

"ဝမ်းနည်းပါတယ်" ဟု ပြောလိုက်လေသည်။

ပထမတော့မှ စစ်ဗိုလ်က မေးခွန်းတစ်ခု မေးလိုက်သည်။ ထပ်၍ နာတူးသည် စောင့်နေမိသည်။ သူက စိတ်ရှည်စွာ၊ လေးစားစွာဖြင့် ဆက်၍ စောင့်နေသည်။ စစ်ဗိုလ်သည် သူ့မွေးနေ့ကို ထပ်မံမေးလိမ့်ဦးမည်ဟု ထင်မိသည်။ ဘာဖြစ်လို့များ ဒီမွေးနေ့ကို မေ့နေရပါလိမ့်။

သို့သော် စစ်ဗိုလ်သည် သူ ရှိနေခြင်းကို ဂရုမစိုက်ဘဲ စာရွက်စာတမ်းများကိုသာ ဆက်လက်ဖတ်နေသည်။

ခဏကြာမှ စစ်ဗိုလ်က သူ့ကိုမော့်ကြည့်သည်။

နာတူးက တတ်နိုင်သမျှ ပြုံးပြလိုက်သည်။ သို့သော် စစ်ဗိုလ်၏ မျက်လုံးများကြောင့် သူ မပြုံးဝံ့ မပြုံးနိုင်။

"ကဲ ဘာဖြစ်လို့ ရပ်နေတာလဲ" ဟု စစ်ဗိုလ်က မေးသည်။ စစ်ဗိုလ်၏





မေးခွန်းကို နာတူးနားမလည်။

"ကျွန်တော် စာရင်းသွင်းချင်လို့ပါ ခင်ဗျာ"

"မင်း နားလေးနေသလား၊ မင်းအတွက် နေရာမရှိဘူးလို့ ငါပြောခဲ့"

"ခင်ဗျား ဒီလောက်ကြီးတဲ့ စစ်တပ်ကြီးမှာ ကျွန်တော့်အတွက် နေရာမရှိဘူး ဆိုတာကတော့"

"အေး မင်းလိုလူမျိုးအတွက် မရှိဘူးကွာ။ ကဲ မင်းထွက်သွားစမ်း. . ."

* * *

မြို့တော်ဟောင်း၏ ဂိတ်ဝအောက်မှ အငှားကားသည် ဖြတ်သွားသည်။ နာတူးသည် စီးကရက်တိုကို ကားအပြင်ဘက် ပစ်လိုက်ရင်း သူ့ခါးကြားမှ သေနတ်ကို စမ်းလိုက်ပြန်သည်။

"ဘယ်ဟိုတယ်ကို မောင်းရမလဲ ခင်ဗျာ" ဟု ကားမောင်းသူက မေးသည်။

"စက်ဗိုင်းရပ်ကွက်ဘက်ကို သွားစမ်းပါ"

"အင်မတန် ဈေးပေါပြီး နေထိုင်ဖို့ကောင်းတဲ့ ဟိုတယ်မှာ နေချင်ရင်တော့ ကျွန်တော် လိုက်ပို့နိုင်ပါတယ်"

"ကိစ္စမရှိပါဘူး ကျွန်တော့်အနေနဲ့ လုပ်စရာ ကိုင်စရာတွေက အရေးကြီးနေလို့ပါ"

"မိန်းကလေးလိုချင်ရင်လည်း" ဟု ကားဆရာက ဆက်လက်ပြောပြန်သည်။

"ရုပ်ချောတယ် ဈေးချိုတယ်"

"ခင်ဗျားဟာ အတော် အလုပ်များမယ့် လူပဲ" ဟု နာတူးက ပြောလိုက်သည်။ သူ့စိတ်ထဲတွင် ကားမောင်းသူသည် စုံထောက်များ ဖြစ်နေမလားဟု သံသယဖြစ်မိသည်။

"ကဲပါလေ အဲဒါတွေ စိတ်မဝင်စားပါဘူး"

"ပန်ကျုပ်မလေးတွေ"

"စိတ်မဝင်စားပါဘူးလို့ ပြောနေတယ် မဟုတ်လား"

ထို့နောက် အနည်းငယ် မောင်းမိလျှင်. . .

"ကဲ ဒီမှာရပ်တော့" ဟု နာတူးက ပြောလိုက်သည်။

ကားထိုးရပ်လျှင်ရပ်ချင်း နာတူးက ဆင်းလိုက်သည်။ ကားခအဖြစ် အပိုကြေး နှစ်ပဲပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ပဲ ဟုတ်လား" ဟု ကားမောင်းသူက မေးသည်။ "ဒီနှစ်ပဲနဲ့ ကျွန်တော် ဘာဝယ်နိုင်မှာတဲ့လဲ"

"ဒါဖြင့်လည်း ပြန်ပေးလေ" ဟု နာတူးကပြောသည်။

ကားမောင်းသူသည် ဆောင့်အောင့်ပြီး ပိုက်ဆံများကို အိတ်ထဲထည့်ကာ ကားကို မောင်းထွက်သွားလေတော့သည်။

နာတူးသည် နေပူထဲတွင် ခေတ္တမျှ ရပ်နေပြီး လမ်းဘေးရှိ ဆိုင်တစ်ဆိုင်၏ ဆင်ဝင်အောက်သို့ ဝင်လိုက်သည်။ ဤနေရာသို့ ရောက်လာခြင်းအတွက် နာတူးက ကျေနပ်မိသည်။ ဤနေရာကား လူရှင်းသည်။ နေ့လယ်ဈေးဝယ်သူ အချို့နှင့် ခြေဦး တည့်ရာ လျှောက်သွားနေသူ အချို့သာ ရှိသည်။

ဤနေရာမှာ ဘူတာရုံကဲ့သို့ လူမများရုံမက သူ့ရည်မှန်းချက်နေရာနှင့် လမ်းနီးသည်။ နာတူးသည် ဤနေရာမှ ပန်းခြံသို့ လမ်းလျှောက်သွားနိုင်သည်။

နာတူးသည် ဈေးဆိုင်များကို တစ်ဆိုင်ပြီးတစ်ဆိုင် ဖြတ်လျှောက်သည်။ ဈေးသည်များက သူ့ကို လှမ်းခေါ်ကြသည်။ ကုန်ပစ္စည်း အမျိုးစုံကို ပြကြသည်။ နာမည်များကို ပြောကြသည်။

လူရှင်းပြီး သစ်ပင်ရိပ်များ ရှိနေသည့် နေရာရောက်သောအခါ နာတူးက အနားယူရန် စိတ်ကူးမိသည်။ သူသည် လူရှင်းသော ပျော်ပွဲစားရုံ တစ်ရုံအတွင်းသို့ ဝင်လိုက်သည်။ သူ့ကို စားပွဲထိုးက ချောင်ကျသော စားပွဲတစ်လုံးသို့ ခေါ်သွားသည်။

နာတူးက ပျော်ပွဲစားရုံအတွင်းသို့ အကဲခတ်ကြည့်လိုက်သည်။ ပျော်ပွဲစား ရုံမှာ လူရှင်းနေသည်။ ရှိနေသူများမှာလည်း ဥရောပတိုက်သားများသာ များသည်။ ပုလိပ်များကို မတွေ့ရ။ စိတ်သား အနည်းငယ်မူ ရှိသည်။

သူ့နံဘေးစားပွဲမှ လူငယ်အချို့သည် နိုင်ငံရေးကို ဆွေးနွေးနေကြသည်။

"ဘာဘူပြောသလို တို့လုပ်ရမယ်" ဟု တစ်ယောက်ကပြောသည်။ "တို့က ပါတီကိုဖျက်ပစ်ရမယ်၊ ဒါမှ လုံးဝလွတ်လပ်ရေးရမှာ၊ နို့မဟုတ်ရင် တို့တစ်တွေ အကုန်လုံး ပျက်စီးကုန်ကြလိမ့်မယ်။

"ဟေ့ကောင် တိတ်တိတ်နေစမ်း" ဟု တစ်ယောက်က သတိပေးသည်။ "မင်းအဲဒီလိုသာ တော်တော်ပြော အဖမ်းခံရလို့ တော်တော်ကြာ မင်းအမေက လိုက်ပြီးအာမခံနေရဦးမယ်"

"ငါ ထောင်ကျခံဖူးပါတယ်ကွာ" ဟု ပထမလူငယ်က ပြောသည်။

"တို့ဝန်ကြီးချုပ်ဟာ သူ့ဘဝမှာ ထောင် ၁၀ နှစ်ကျခံခဲ့ရတယ် မဟုတ်လား"





နာတူးထံ စားပွဲထိုးလူငယ်တစ်ဦး ရောက်လာသည်။ သူက စားပွဲပေါ်ရှိ ရေများကို သူ့ပခုံးပေါ်တွင် တင်ထားသည့် အဝတ်စုတ်ဖြင့် ယူသုတ်လိုက်သည်။

နာတူးသည် ခပ်လှမ်းလှမ်းတွင် ထိုင်နေသော အသားဖြူ အမျိုးသမီး တစ်ဦးကို ကြည့်လိုက်မိသည်။ အမျိုးသမီးသည် သူနှင့် မျက်နှာချင်းဆိုင် ထိုင်နေ သည်ဖြစ်ရာ သူမဂါဝန်မှာ ရင်ဟိုက် ဗွီပုံသဏ္ဌာန်ဖြင့် ရင်ညွန့်ဆီ စူးသွားကြောင်း တွေ့ရသည်။ ပါးသောဂါဝန်ကြောင့်လည်း ဘရာစီယာကို အတိုင်းသား မြင်နေရသည်။

"အဖြူလား အမည်းလားခင်ဗျာ" ဟု စားပွဲထိုးက မေးသည်။

"အဖြူပေးကွာ" အဖြူဆိုသည်မှာ မလိုင်ပါသည့် ကော်ဖီဖြစ်သည်။

နာတူးသည် အသားဖြူမလေးထံ သွားပြီး ပထမ သူမနှင့် ပါလာသူကို နှုတ်ဆက်သည်။ ထို့နောက် သူမဘက်လှည့်ကာ သူ့သေနတ်ဖြင့် ရင်ညွှန့်ကို ပစ်လိုက်လျှင် ကောင်းမည်ဟု နာတူးက အဓိပ္ပာယ်မရှိ စဉ်းစားနေမိသည်။ သူ့အတွေးကြောင့် နာတူးသည် မသိမသာ ပြုံးလိုက်မိတော့သည်။

"ဂတ်ဆီး"

နာတူးသည် အလန့်တကြား ဖြစ်မသွားရန် သတိထားလိုက်သည်။ ထိုနာမည်ကို ကြားရတိုင်း အထိတ်တလန့် ဖြစ်မသွားရန် အမူအရာ ပျက်မသွားရန် နာတူးက လေ့ကျင့်ခဲ့သည်။ ထို့အပြင် လိုအပ်လျှင် ရှိသမျှ ခွန်အားဖြင့် စားပွဲကိုလှန် ကုလားထိုင်ကို နောက်ပြန် ကန်ထုတ်ပြီး ထွက်ပေါက်သို့ တစ်ရှိန်ထိုး ထွက်ပြေးရန် လည်း လေ့ကျင့်ခဲ့သည်။

"နာတူး မဟုတ်လား၊ ဟုတ်ပါတယ်. . ဟုတ်ပါတယ် ခင်ဗျားကို ကျွန်တော် တွေ့ချင်နေတာကြာပြီ။ ခင်ဗျား ဒီမှာ ဘာလာလုပ် နေတာလဲ၊ ဒီမြို့ကို ခင်ဗျားက မုန်းတယ်လို့ ကျွန်တော် ကြားဖူးခဲ့တယ်။ ကဲ ဒိုဘလီ ခင်ဗျား ကုလားထိုင် ဒီကို ဆွဲလာစမ်းပါ၊ ကျွန်တော့် မိတ်ဆွေဟောင်းကြီး ဂတ်ဆီးနဲ့ မိတ်ဆက်ပေးစမ်းပါရစေ"

ထွက်ပြေးရန်မလိုတော့ကြောင်း နာတူးက နားလည်မိသည်။ သူ့အနီး ရောက်လာသူမှာ ကျောင်းနေဖက်နှင့် အိမ်နီးချင်း မိတ်ဆွေ ဘဲဒတ် ဖြစ်နေကြောင်း နာတူးတွေ့ရသည်။ ထို့ကြောင့် နာတူးက ပြုံးပြပြီး ခပ်လှမ်းလှမ်း စားပွဲတွင် ထိုင်နေ သော ဒိုဘလီဆိုသူကို လှမ်းခေါ်င်းညိတ်ပြလိုက်သည်။

"တွေ့မယ့်တွေ့တော့လည်း ဟိုတုန်းကအတိုင်းပါပဲလား" ဟု ဘဲဒတ်က ဆက်ပြောသည်။ "ကျွန်တော်တို့ ပူနားက ကော်ဖီဆိုင်တွေမှာ ထိုင်ခဲ့တာ မှတ်မိသေး သလား. . ကဲပါလေ ခင်ဗျား ဒီမှာ ဘာလာလုပ်နေတာလဲ မဟုတ်မှလွဲရော ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



ဘေးကင်းရာ ထွက်ပြေးလာတာ မဟုတ်လား၊ ဒိုဘလီ၊ ကျွန်တော်တို့ ဝန်ကြီးဆီ သတင်းပေးလိုက်ရင် မကောင်းလား"

"ဒါဆိုရင်တော့ ခင်ဗျား ရာထူးတိုးတော့မှာပေါ့" ဟု နာတူးက အေးအေးဆေးဆေး ပြောလိုက်သည်။

ဘဲဒက်က အားရစွာ ရယ်မောလိုက်သည်။ ဒိုဘလီ ပခုံးကို လှမ်းပုတ်ရင်းလည်း. . .

"ဒါကြောင့်မို့ ဒီလူဟာ အသောဖောက်တတ်တယ်လို့ ခင်ဗျားကို ကျွန်တော် ပြောခဲ့တာပေါ့"

"ဒါနဲ့ ခင်ဗျား အခု ဘယ်မှာလုပ်နေသလဲ"

"အရင်ဌာနပဲပေါ့၊ ဘဏ္ဍာရေးဌာနမှာလေ ခက်တာက ကျွန်တော်က သိပ်တော်နေတယ်ဗျ၊ ကျွန်တော်က အလုပ်ကို ကြိုးစားတယ်၊ တကယ်တော့ အလုပ်မှာ တော်ဖို့မလိုဘူးဗျ။ ခင်ဗျားဟာ ဂဏာန်းတွေကို မပေါင်းတတ်ရင် နေပေစေ၊ ကြက်မြီးပါတီတွေတက်တတ်၊ မိန့်ခွန်းတွေ ပြောတတ်ရင် ရာထူးတက်ဖို့က သေချာတယ်။ ဝန်ကြီးဖြစ်နိုင်စရာအကြောင်းတွေ အများကြီးရှိတယ်။ ဒါကြောင့် အိုကလီ မလာခင် ရာထူးတက်မယ်လို့ ကျွန်တော် မျှော်လင့်ထားတာပေါ့ ဟုတ်တယ် မဟုတ်လား ဒိုဘလီ"

ဘဲဒက်က အားရပါးရ ရယ်လိုက်ပြန်သည်။ စားပွဲထိုးသည် နာတူးအတွက် မလိုင်အပြည့်နှင့် ကော်ဖီတစ်ခွက် ချပေးသည်။

"တို့အတွက်လည်း ဒါမျိုးနှစ်ခွက် ထပ်ပေးဟေ့" ဟု ဘဲဒက်က ပြောလိုက်သည်။

ဟေ့လူ ကျွန်တော်တို့ ရုံးပြန်သွားရဦးမယ်နော်" ဟု ဒိုဘလီက သတိပေးသည်။

"ကျွန်တော့်အတွက်ကြောင့်မို့တော့ အဟန့်အတား မဖြစ်ပါစေနဲ့" ဟု နာတူးက ဝင်ပြောသည်။

"နေစမ်းပါစေဗျာ၊ ကျွန်တော်တို့ ရုံးချိန်နောက်ကျရင် သူတို့က ကျွန်တော်တို့ကို ရာထူးတိုးပေးမှာပါ။ ဘာပဲဖြစ်ဖြစ် ဂတ်ဆီးနဲ့ တွေ့ခွင့်ရတုန်း စကားလေးဘာလေး ပြောပါရစေဗျ"

နာတူးက ဘဲဒက်နှင့် စကားစပြတ်ရန် နည်းလမ်းကို ကြိုးစားနေမိသည်။

"ဒီလူဟာ အင်မတန်တော်တဲ့ သတင်းစာဆရာ တစ်ယောက်ဗျ" ဟု





ဘဲဒက်က ဒိုဘလီကို ရှင်းပြသည်။

"ပူနားရဲ့ သတင်းစာဆရာ တစ်ယောက်ပေါ့ သူ့စိတ်ကူးတွေဟာ"

"ဒါနဲ့" ဟု နာတူးက စကားကို စလိုက်သည်။ "ခင်ဗျား ရုံးဟာ ဒီကနေ ဘယ်လောက်ဝေးသလဲ"

"ကျွန်တော်တို့ ကော်ဖီသောက်ပြီးတာနဲ့ ခင်ဗျားကို ကျွန်တော့်ရုံးခေါ်သွားမယ်၊ ဒီနဲ့ဆိုရင် နီးနီးလေးပါ"

"ကျွန်တော်မလိုက်. . . မလိုက်နိုင်သေးပါဘူး။ ကျွန်တော့်မှာ အချိန်မရှိလှဘူး"

"ဘာလဲ ကျွန်တော့်ဆီက ခင်ဗျားအခုလိုနဲ့ ထွက်သွားဖို့ ခွင့်ပေးမယ်လို့ ခင်ဗျားကထင်သလား နာတူး။ ခင်ဗျား ဒေလီမှာ ရှိနေသမျှ ခင်ဗျားဟာ ကျွန်တော့်ရဲ့ ဧည့်သည် ဖြစ်စေ့မယ်။ ခင်ဗျား ဘယ်ဟိုတယ်မှာ တည်းသလဲ၊ ဟိုတယ် မတွေ့သေးဘူးလား။ ဒါဆိုရင်လည်း ကျွန်တော့်အခန်းမှာပဲ တည်းဗျာ"

"ဟာ. . . နေပါစေခင်ဗျာ ကျွန်တော် ခင်ဗျားဆီလိုက်နိုင်မယ် မထင်ဘူး"

"ဘယ်ရမလဲဗျာ၊ ကျွန်တော့်အခန်းက အကျယ်ကြီးပါဗျ။ အစိုးရက အလကားပေးထားတဲ့ ကျွန်တော့်အခန်းကို ခင်ဗျားလာကြည့်သင့်တယ်"

"ခင်ဗျားကို ကျေးဇူးအများကြီး တင်ပါတယ်။ ဒါပေမဲ့"

"ဒါပေမဲ့ မနေစမ်းပါနဲ့ အကုန်လုံး စီစဉ်ပြီးပြီဗျာ၊ ဒီညစာကစပြီး ကျွန်တော်တို့နဲ့ အတူတူ ခင်ဗျားစားရမယ်"

"ဟာ မဖြစ်နိုင်ဘူးဗျာ"

"ဟင် ဘာဖြစ်လို့လဲ၊ ဩော်. . . ဩော် ခင်ဗျားမျက်လုံးထဲမှာ အဓိပ္ပာယ်ရှာလို့ရပြီ၊ ခင်ဗျား ဘာတွေကြံနေတယ်ဆိုတာ ကျွန်တော်သိတယ်။ ခင်ဗျားလူဆိုးပဲဗျာ"

ဒိုဘလီက စီးကရက်လှမ်းပေး၍ နာတူးက ယူလိုက်သည်။

"ကဲ. . . ပြောစမ်း၊ ဝန်ခံစမ်း" ဟု ဘဲဒက်က ပြောသည်။ "ဒီတစ်ခါမှာ ဘယ်သူနဲ့လဲ ဒိုဘလီ။ ဒီလူက ကျွန်တော့်ကိုရော ခင်ဗျားကိုရော ရှက်နေတာဗျ။ ကဲ. . . နာတူး ခင်ဗျား မိတ်ဆွေဟောင်းရှေ့မှာ ခင်ဗျား ဘာမှလျှို့ဝှက်မထားပါနဲ့ ကျွန်တော်က သိပြီးသားပါဗျ"

"မဟုတ်ပါဘူး အဲဒီကိစ္စအတွက် မဟုတ်ပါဘူး" ဟု နာတူးကငြင်းသည်။ "ကျွန်တော် ဒီကိုတာဝန်တစ်ခုနဲ့ လာတာပါ။ ဒီတော့ ကျွန်တော့်မှာ အချိန်က သိပ်



www.burmeseclassic.com

www.burmeseclassic.com



မရဘူး။ နောက်တစ်ခါဆိုရင်တော့ အိုဗျာ. . . ခင်ဗျားဆီ စာကြို့ပြီးတော့ ရေးမယ်"

"ဒီမှာ နာတူး၊ ခင်ဗျားအနေနဲ့ ကျွန်တော့်ကို ဘာမှလျှို့ဝှက်နေဖို့ မလိုပါဘူး၊ ကဲ ထားပါတော့လေ၊ ခင်ဗျားလျှို့ဝှက်ချက်ကို မပြောချင်ရင်လည်း နေပါတော့။ ဘာပဲဖြစ်ဖြစ် ကျွန်တော်နဲ့ အတူတူနေရင် ခင်ဗျားအတွက် လုပ်ရကိုင်ရတာ လွယ်ကူမှာပါ"

သို့သော် နောက်ဆုံးတွင် ဘဲဒက်က အလျှော့ပေးရတော့သည်။ ဒိုဘလီ၏ ကြားမှတောင်းပန်ချက်ကြောင့်လည်း သူက အရေးမဆိုတော့။ ပူနားမပြန်မီ သူ့အိမ်သို့တစ်ခေါက် လာရောက်လည်ပတ်ရန်ကိုမူ ဘဲဒက်က တောင်းဆိုလိုက်သေးသည်။

သူတို့နှစ်ယောက် ထွက်သွားမှ နာတူးသည် သက်ပြင်းရှည်ကြီးကို ချနိုင်တော့သည်။

"မဟုတ်သေးဘူး၊ ငါ ပြောတာက ပါတီကို ဖျက်ပစ်ဖို့ ဒါပဲ"

တစ်ဖက်စားပွဲမှ ဆွေးနွေးသံကို နာတူး ကြားမိပြန်သည်။ သူ့အနေဖြင့် ဤနေရာတွင် ဆက်လက်ထိုင်ခြင်းသည် လုံခြုံမှုမရှိမှန်း နာတူးက သိလာသည်။

နာတူးသည် သူ့အိပ်ရာလိပ်ကို ကောက်ယူကာ ဆိုင်ပြင်ထွက်ခဲ့သည်။ နာတူးသည် ဈေးဆိုင်များကို ဖြတ်ကျော်လာရင်း အဆောက်အအုံ တစ်ခု၏ နံရံကိုမှီ၍ ခေတ္တရပ်လိုက်သည်။

ထိုအခိုက် အဆောက်အအုံတွင်းမှ လူငယ်တစ်ယောက် ထွက်လာသည်။ လူငယ်သည် တစ်စုံတစ်ယောက်ကို ရှာနေဟန်ရှိသည်။နောက်ဆုံး နာတူးကို မြင်သောအခါ သူ့အနီးသို့ ရဲရဲဝံ့ဝံ့ ကပ်လာသည်။

"ကျွန်တော့်ကို ဆရာခိုင်းနိုင်ပါတယ်" ဟု လူငယ်က တိုးတိုးပြောသည်။

"ဂုရုဂျီနဲ့ ကျွန်တော်တို့ မိခင်မြေဟာ အတူတူပါပဲ"

နာတူးသည် လူငယ်ကို မမှတ်မိ။ သူတို့အဖွဲ့အစည်းဝင်တိုင်း နာတူးက မှတ်မိသည်မဟုတ်၊ သိထားနိုင်သည်မဟုတ်"

"ကျွန်တော့်ကိုယုံပါဆရာ" ဟု လူငယ်က ဆက်ပြောသည်။ "ကျွန်တော်တို့ဟာ တစ်ခါမှ မတွေ့ခဲ့ မဆုံခဲ့ဖူးပေမဲ့ ဆရာ့စာတမ်းတွေကို ကျွန်တော် ဖတ်ပြီး ကတည်းက ကြည်ညိုခဲ့တာပါ"

"မင်း ဘာလိုချင်လို့လဲ" ဟု နာတူးက အသံမာမာဖြင့် မေးလိုက်သည်။

"ဆရာ ဒီမှာဆက်ပြီး မနေသင့်တော့ဘူး။ ဆရာ့ကိုတွေ့ရင် သတိပေးဖို့ ကျွန်တော်တို့ကို လွှတ်ထားတာပါ။ ဒီနေရာတစ်ဝိုက်ကို သူတို့က လိုက်ရှာနေကြပြီ။





ဒီနေရာဟာ ဆရာ့အတွက် အန္တရာယ်များစေပါတယ်။ ဒီတော့ ကျွန်တော့်နောက်ကို လိုက်ခဲ့ပါ ဆရာ"

"မင်းရဲ့ စကားတွေက ငါ့အတွက် မရေရာပါဘူးကွာ" ဟု နာတူးက ပြောလိုက်သည်။ "မင်းတာဝန် မင်းအလုပ်ဟာ ဘာပဲဖြစ်ဖြစ် မင်းဘာသာ သွားလုပ်ပါ။ ငါ့ကို ဘာမှဒုက္ခမပေးပါနဲ့"

နာတူးသည် သူ့အိပ်ရာလိပ်ကို ကောက်ယူကာ လာရာဘက်သို့ ပြန်လှည့်လျှောက်လာသည်။ လမ်းလျှောက်ရင်း အိပ်ရာလိပ်ကို စဉ်းစားမိသည်။ ဘယ့်အတွက် ဤအိပ်ရာလိပ်ကို ခုအထိ သယ်ပိုးလာရသနည်းဟုလည်း သူ့ကိုယ်သူ မေးမိသည်။ သို့သော် ဤနေရာမျိုးတွင် အိပ်ရာလိပ်ကို ထားခဲ့၍မဖြစ်။ လူအများ သံသယဖြစ်ပေမည်။ ဘူတာရုံတွင် သို့မဟုတ် ကားပေါ်တွင် ထားခဲ့လျှင် ကောင်းမယ်ဟု ယခုမှ စဉ်းစားမိတော့သည်။

"ကျွန်တော် တောင်းပန်ပါတယ် ဆရာ၊ ကျွန်တော့်ကိုယုံပါ"

"ဩော် မင်းငါ့နောက်ကို လိုက်လာတုန်းပဲလား၊ မင်းအလုပ် မင်းလုပ်လို့ ငါပြောခဲ့တယ် မဟုတ်လား"

"ကာတုတ်က ကျွန်တော့်ကို လွှတ်ထားတာပါ" ဟု လူငယ်က လေသံဖြင့် ပြောသည်။

"ကဲ. . . မင်းငါ့စကားကို နားမထောင်ဘူးဆိုရင်တော့ ပုလိပ်ဆီသွားပြီး အကြောင်းကြားလိုက်မယ်"

သို့သော် လူငယ်သည် ထိတ်လန့်ဟန်မပေါ်. . .

"ကျေးဇူးပြုပြီး ဆရာ" ဟု သူက တိုးတိုးပြောပြန်သည်။

"အချိန်တွေ ဖြုန်းမနေပါနဲ့၊ ခုလောက်ဆို ကျွန်တော်တို့ကို သူတို့က စောင့်ကြည့်နေလောက်ပါပြီ"

မှန်သည်၊ ဝရံတာများ၊ လမ်းဘေးများမှ လူအများက သူတို့ကို အကဲခတ်ကြည့်နေသည်။ နာတူးသည် ရှေ့သို့ သွက်သွက်လျှောက်လိုက်သည်။ သူ့အိပ်ရာလိပ်ကြောင့် စိတ်ထင်တိုင်း မလျှောက်နိုင်။

ထိုအခိုက် လမ်းဘေးတွင် ပိုက်ဆံတောင်းနေသော သူတောင်းစားလေး တစ်ယောက်သည် သူ့ထံ ပြေးလာပြီး. . .

"ကျွန်တော် သယ်ပေးမယ်" ဆိုကာ အိပ်ရာလိပ်ကို ခေါင်းပေါ် ရွက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နာတူးက မောင်းထုတ်သည်။ သို့သော် သူတောင်းစားက မသွား။

"ကဲကွာ ဒါဖြင့်လည်း မင်းအိမ်ကိုယူသွား" ဟု နာတူးက ပြောလိုက်သည်။

"ကျွန်တော့်ကို သယ်ခ ၂ ပဲပဲ ပေးပါခင်ဗျာ" အိပ်ရာလိပ်ကို အလကားပေးသည် ဆိုခြင်းကို သူတောင်းစားလေးက မယုံ။

"ငါ တကယ်ပြောနေတာ ကဲ. . ကဲ မင်းယူသွားတော့"

ပြောပြောဆိုဆို အနီးတွင် တွေ့ရသော ရုပ်ရှင်ရုံအတွင်းသို့ နာတူးက ဝင်လိုက်သည်။ သူက အထူးတန်းဖြစ်သည့် ၂ ကျပ်တန်းမှ လက်မှတ်တစ်စောင်ကို ယူသည်။ သူ ရုပ်ရှင်ရုံတွင်း ဝင်လိုက်သောအခါ စောစောက လူငယ်ကလည်း ၁ ကျပ်တန်းသို့ ဝင်လိုက်ကြောင်း နာတူးတွေ့ရသည်။

ရုံထဲရောက်ပြီး၍ ခဏကြာလျှင် ရုပ်ရှင်စပြသည်။ သတင်းကားများ၊ ကြော်ငြာကားတိုလေးများ၊ နမူနာများ ပြပြီးသောအခါ အားလပ်ချိန်ပေးသည်။ မီးများပြန်လင်းလာသည်။

နာတူးသည် သူ့မိတ်ဆွေလေးကို လှမ်းကြည့်သည်။ ထိုအခါ သူ့ကိုလှည့်ကြည့်သော လူငယ့်မျက်လုံးများနှင့် ဆုံမိသည်။

"အရက်သောက်ရင် ရုပ်ရှင်ထဲကလိုပဲ တကယ်ဆိုးသလားဟင်" ဟု သူ့နံဘေးတွင် မည်သည့်အချိန်က ရောက်နေမှန်းမသိသော အမျိုးသမီးတစ်ဦးက မေးလိုက်သည်။ အမျိုးသမီးက နမူနာရုပ်ရှင်ကား တစ်ကားကို ရည်ညွှန်းမေးဟန်တူသည်။

နာတူးသည် သူမကို လှည့်ကြည့်မိသည်။ သူမ မျက်နှာမှာ ပေါင်ဒါများနှင့် ဖြူဖွေးနေသည်။ အမှတ်မထင် သူတို့ ခြေထောက်များ ထိနေကြောင်း နာတူး တွေ့ရတော့သည်။

နာတူးက ရုပ်ရှင်ထဲတွင် မမျှော်လင့်ဘဲ ဘေးချင်းယှဉ်ထိုင်ရသည့်တိုင်အောင် ဂုဏ်သရေရှိ မိန်းကလေးသည် ယောကျ်ားတစ်ဦးကို စတင်စကားပြောလိမ့်မည် မဟုတ်ဟု သူ့ဘာသာ ဆုံးဖြတ်သည်။

"ကျုပ်ကတော့ အရက်ကို အခုရော၊ နောင်ရော သောက်ချင်သောက်" ဟု သူမကိုယ်လုံးကို အကဲခတ်ကြည့်ရင်း နာတူးက ပြောလိုက်သည်။

အမှတ်မထင်လည်း သူက ခြေထောက်ကို သူမဘက်သို့ ပို၍ တိုးလိုက်သည်။ သူမက ခြေထောက်ကို ရုပ်မပေး။ နာတူးက သူမလက်ဖျံကို ဆုတ်ကိုင်လိုက်ပြန်သည်။ သူမကမူ မရုပ်။





"ကဲလာ အပြင်ထွက် တစ်ခုခုစားကြရအောင်" ဟု နာတူးက ခေါ်လိုက်သည်။

သူမက ချက်ချင်းပင် နေရာမှ ထလိုက်သည်။ နာတူးက သူမလက်ချောင်းကို ဆုပ်ကိုင်၍ ထွက်လာသည်။ အကယ်၍ တစ်စုံတစ်ယောက်က မြင်လျှင် သူ့ကို အတွဲနှင့်လာသူ၊ တစ်ဦးတည်းလာသူ မဟုတ်ကြောင်း ထင်စေရန် ဖြစ်သည်။ အထူးသဖြင့် စုံထောက်များကို ပို၍ အထင်မှားစေလိုသည်။

သူတို့ ထွက်ပေါက်နား ရောက်သောအခါ. . .

"ကျွန်မ လက်မောင်း နာလှပြီ" ဟု သူမက ပြောသည်။

"ဆုပ်ထားလိုက်တာကလည်း တအားပဲ"

"ဩော်. . . တောင်းပန်ပါတယ်" ဟု ပြောပြောဆိုဆို သူက သူမလက်မောင်းကို လွှတ်ပေးလိုက်သည်။

"ရှင် ဘာမှစားချင်တာ မဟုတ်ဘူး မဟုတ်လား" ဟု ရုံပြင်ရောက်လျှင် သူမက မေးသည်။

"ဟုတ်တယ် ဒါနဲ့ မင်းဒီကို လမ်းလျှောက်လာတာပဲလား"

"ကျွန်မ စက်ဘီး ဟိုမှာအပ်ထားတယ်"

"ဩော်. . . မင်းက တော်တော်ဝေးတဲ့ နေရာက လာရတာလား"

"သိပ်မဝေးပါဘူး" ဟု သူမက သူ့မျက်လုံးများကို အကဲခတ်ကြည့်၍ မေးလိုက်သည်။

ရုပ်ရှင်ရုံပတ်ဝန်းကျင်တွင် အငှားကားယာဉ်များ ရပ်နားရန် နေရာမရှိ။ နာတူးသည် လမ်းထဲတွင် တစ်ယောက်တည်း သွားရမည်ကို စိုးရိမ်လာသည်။ စုံထောက်တို့နှင့် တွေ့ကောင်းတွေ့ပေမည်။

"လာ" ဟု ပြောကာ သူမလက်မောင်းကို နာတူးက ဆုပ်ကိုင်လိုက်ပြန်သည်။

"မင်းစက်ဘီး ဘယ်ဟာလဲ"

သူမက စက်ဘီးထားရာရုံသို့ ခေါ်သွားပြီး သော့ဖြုတ်လိုက်သည်။

"ငါ့ခါးကို ဖက်ပြီးတော့ မင်းနောက်ခုံကို ထိုင်လိုက်ခဲ့ပေတော့"

"ကျွန်မ သိပါတယ် ဒါပေမဲ့ ဘယ်သွားကြမှာလဲ"

"မင်းအိမ်ကို သွားကြတာပေါ့"

ထိုအခိုက် လူငယ်လေးသည် ပေါ်လာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ဘယ်သွားမလို့လဲ" ဟု သူကမေးသည်။

"မင်းကို ငါထပ်ပြီး သတိမပေးချင်တော့ဘူး" ဟု နာတူးက အသံမာမာဖြင့် ပြောလိုက်သည်။

"ငါ့နောက်ကို မင်းဆက်ပြီး လိုက်မနေနဲ့တော့"

ခဏကြာလျှင် နာတူးတို့သည် စက်ဘီးဖြင့် ထွက်လာခဲ့ကြတော့သည်။

မိန်းကလေးသည် သူ့ခါးကိုဖက်ရင်း လိုက်ပါလာသည်။ သူမလက်သည် သူ့ခါးကြားရှိ ခြောက်လုံးပြူးပေါ် ရောက်နေကြောင်း နာတူးက သတိထားလိုက်မိတော့သည်။

* * *



(၄)

ကာတုတ်သည် မျက်မှန်ကို ချွတ်လိုက်ပြီး မှန်များကို လက်ချောင်းလေးများဖြင့် အမှုမဲ့ အမှတ်မဲ့ ပွတ်နေမိသည်။ အမှန်မှာမူ ကာတုတ်သည် မျက်စိမှုန်၍ မျက်မှန်တပ်ခြင်း မဟုတ်။ ခံ့ညားချင်၍ တပ်ခြင်းသာ ဖြစ်သည်။

သူ့မျက်နှာဝိုင်းဝိုင်းတွင် မျက်မှန်တပ်လိုက်ပါက ပို၍ခံ့ညားသွားမည်၊ ကြည့်၍ကောင်းသွားမည်ဟု ကာတုတ်က ယုံကြည်ခဲ့သည်။ ထိုစိတ်ကူးသည် စစ်မဖြစ်မီက ဂျာမနီသို့ အသွားတွင် ပေါ်ပေါက်ခဲ့ခြင်း ဖြစ်သည်။

ဂျာမနီရှိ သူ့မိတ်ဆွေ အများအပြားပင် ကိုင်းမဲ့မျက်မှန်များ တပ်ကြရာ တစ်နေ့တွင် သူကလည်း မျက်မှန်တစ်စုံကို ဝယ်ခဲ့သည်။

"မင်းတို့ ဘာမှ မသောက်ခဲ့ဘူးလား" ဟု ကာတုတ်က မေးလိုက်သည်။

"ကျွန်တော်တို့ လက်ဖက်ရည် သောက်ခဲ့ပါတယ်" ဟု အက်တီးက ဝမ်းနည်းစွာဖြင့် ဖြေသည်။ ထိုသို့ဖြေရင်းလည်း ကာတုတ် ပုန်းအောင်းနေရာသို့ အပြေးအလွှား လာခဲ့ရ၍ ပင်ပန်းနေရသည့်အစား သူ့ဘာသာ လွတ်လွတ်လပ်လပ် ရှိမည့်နေရာတွင် ရောက်နေပါစေဟု အက်တီးက ဆန္ဒပြုမိသည်။

"လက်ဖက်ရည်ပဲလား ဒီပြင်ရော ဘာသောက်သေးသလဲ၊ ငါ့ကို ကျယ်ကျယ်ပြောစမ်း မင်းပြောတာ ငါ မကြားရဘူး"

"ကျွန်တော့်ဦးနှောက်တွေ ခြောက်ကုန်ပါပြီဗျာ၊ သိပ်ပြီးတော့လည်း ပင်ပန်းနေပါပြီ၊ ကျွန်တော့်ကို အိပ်ခွင့်ပေးပါ၊ ကျွန်တော် အနားယူပါရစေ"

"ဘာလဲ မင်းသောက်ခဲ့တာတွေက မင်းကို ပင်ပန်းနေစေတာပဲ မဟုတ်လား"

"ကျွန်တော်က အရေးမကြီးပါဘူး၊ နာတူးနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ဘာလုပ်ကြမလဲ"

"မင်းကို ငါ မေးနေတာပါ" ဟု ကာတုတ်က အော်သည်။



www.burmeseclassic.com

www.burmeseclassic.com



“မင်းဘာသောက်ခဲ့သလဲ၊ ကဲ ဖြေစမ်းကွာ”

“ကျွန်တော်တို့ ဘီယာ တစ်ပုလင်းစီ သောက်ခဲ့တယ်။ ဒါပါပဲ”

“ဘီယာ တစ်ပုလင်းတည်း ဟုတ်လား”

“တစ်ယောက် တစ်ပုလင်းစီပါ”

“အင်း မင်းတို့ တစ်ယောက်ကို ဘီယာတစ်ပုလင်းစီ သောက်ခဲ့တယ်ပေါ့ ဟုတ်လား။ ဒါဖြင့် ဘီယာနှစ်ပုလင်းပေါ့။ ဒါနဲ့ အက်တီး ဒီနေ့အဖို့ မင်းတို့ အရက်မသောက်ဖို့ ငါသေသေချာချာ မှာလိုက်တယ် မဟုတ်လား၊ သတိပေးလိုက်တယ် မဟုတ်လား ဟင်”

“ဟုတ်ပါတယ် ခင်ဗျား သတိပေးလိုက်ပါတယ်” ဒါပေမဲ့ နာတူးက ဘီယာသောက်ချင်တယ် ဆိုတာနဲ့ ကျွန်တော် ဝယ်ပေးမိခဲ့တယ်။ ကဲ အဲဒါအတွက် ခင်ဗျားက ကျွန်တော့်ကို ဘယ်လိုအရေးယူမလဲ” ပြောပြောဆိုဆို အက်တီးက လက်သီးဆုပ်ရင်း ထိုင်ရာမှ ထလိုက်သည်။ “ပုလိပ်တွေက နာတူးကို ဖမ်းမိသွားပါပြီလို့ ပြောပြီးတဲ့နောက်မှာ ဘာဖြစ်လို့ ခင်ဗျားက အဓိပ္ပာယ်မရှိတဲ့မေးခွန်းတွေ မေးပြီး အချိန်တွေ ဖြုန်းနေရတာလဲ ဟင်၊ ကျွန်တော် ခင်ဗျားဆီ အားကိုးတကြီးလာခဲ့တာ မှားတာပဲ”

“မင်းပြောတာမှန်တယ် အက်တီး၊ ငါ့ဆီကို မလာခဲ့ဖို့ကိုလည်း ငါတားခဲ့တယ် ဆိုတာ မင်းမေ့သွားပြီလား။ ကဲ. . . ကဲ ထိုင်ပြီးတော့ အေးအေးဆေးဆေးနဲ့ တိုးတိုး ပြောစမ်းပါဦး။ ဒီအိမ်ထဲမှာ တို့ချည်းပဲ မဟုတ်ဘူးဆိုတာ မင်းသိထားပါ”

“ခင်ဗျား ဘာဖြစ်လို့ ငြိမ်နေတာလဲ ပါချူရီ” ဟု ကွပ်ပျစ်ပေါ်တွင် ငြိမ်သက်စွာ အိပ်နေသူကို ကြည့်၍ အက်တီးက ကျွန်တော့်စိတ်ကို ဆက်ပြီး အကြပ်မကိုင်ဖို့ သူ့ကို ပြောပေးစမ်းပါလား၊ နာတူးကို တကယ်လို့ ဖမ်းမိသွားရင် ကျွန်တော့်အပြစ်လား ဟင်”

“ကဲ သူအေးအေးဆေးဆေး နေပါစေ” ဟု ပါချူရီက ဝင်တောင်းပန်သည်။

“သူပြောတာ မှန်တယ်၊ တကယ်လို့ နာတူး အဖမ်းခံရရင် ကျွန်တော်တို့ အားလုံး ဒုက္ခနဲ့ ရင်ဆိုင်ရလိမ့်မယ်”

“မင်းသဘောထားကို ငါလိုတဲ့အခါမှ မေးမယ်” ဟု ကာတုတ်က ပြောလိုက်သည်။ ဒီနေရာမှာ ငါဟာ လူကြီးဦးစီးခေါင်းဆောင်၊ မင်းတို့အားလုံး ငါ့အမိန့်ကို နားထောင်ရမယ်။ ဒီကိစ္စအတွက် ငါတို့ခေါင်းဆောင်က ငါ့ကို လုံးဝ တာဝန်ပေးခဲ့တယ်။ ဒီတော့ မင်းတို့ရဲ့ မိုက်မဲမှုကြောင့် ငါတို့ရဲ့ အစီအစဉ်ကြီး အပျက်မခံနိုင်ဘူး”





ပြောရင်း ပြောရင်း သူ့အသံမှာ ကျယ်လာသည်။ ထို့ကြောင့် သူက စကားပြောသည်ကိုရပ်လိုက်ကာ သူ့စိတ်ကို ထိန်းလိုက်သည်။

ဤကိစ္စအတွက် သူ့အနေဖြင့် စိတ်ဆိုးဒေါသထွက်ရသည်မှာ ယခုအကြိမ်သည် ပထမဆုံး အကြိမ်မဟုတ်။

ထိုအခိုက် တံခါးကိုခေါက်ရင်း. . .

“ကျွန်တော့်ကို ခွင့်လွှတ်ပါ ရှရီကာတုတ်” ဟု ပြောကာ အိမ်ရှင်သည် တံခါးဖွင့် ဝင်လာသည်။

“ကိစ္စမရှိပါဘူး” ဟု ကာတုတ်က ပြောသည်။

“ကျွန်တော့်အိမ်ကို အခုလို အသုံးပြုတဲ့အတွက် ဂုဏ်ယူပါတယ် ခင်ဗျာ၊ ကျွန်တော့်အိမ်နဲ့ ပတ်သက်လို့ရော ကျေနပ်ကြပါရဲ့လား ခင်ဗျာ”

“ကျေနပ်ပါ့ဗျာ၊ ကျေနပ်ပါ့” ဟု ကာတုတ်က ဖြေလိုက်သည်။

“ကျွန်တော် လက်ဖက်ရည် ယူလာရတော့မလား ခင်ဗျာ”

“ဟာ စောပါသေးတယ်လေ”

“ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ စောပါသေးတယ်။ ဒါဖြင့် သစ်သီးယူခဲ့ရမလား”

“နေပါစေ ဒုက္ခမရှာပါနဲ့”

“ဒုက္ခရှာတာ မဟုတ်ပါဘူး ခင်ဗျာ”

“ကဲ ကျွန်တော်တို့ ဘာမှမလိုပါဘူး” ဟု ကာတုတ်က ယတိပြတ်ပြောလိုက်သည်။

“ဟုတ်ကဲ့ ဟုတ်ကဲ့” ဟု ပြောပြီးသော်လည်း အိမ်ရှင်သည် အခန်းထဲမှ ထွက်မသွားသေးဘဲ ပြုံး၍ တစ်ဦးချင်းလိုက်ကြည့်သည်။

“ခင်ဗျား ကျွန်တော့်ကို တစ်ခုခု ပြောစရာ ရှိသလား” ဟု ကာတုတ်က သံသယဖြင့် မေးလိုက်သည်။

“ဟုတ်ကဲ့” ဟု အိမ်ရှင်ကဖြေသည်။ “ခင်ဗျားကို တွေ့ချင်လို့ဆိုပြီး လူတစ်ယောက် ရောက်နေပါတယ်”

“ဘယ်သူလဲ” ဟု ကာတုတ်က ထိတ်လန့်တကြား မေးလိုက်သည်။

“ကျွန်. . . ကျွန်တော် မသိဘူး။ သူ. . . သူက ပုလိပ်ဖြစ်တယ်”

နောက်ဆုံးစကားက အက်တီးနှင့် ပါချူရီတို့ကို ဖြုန်းခနဲ မတ်တတ်ရပ်စေတော့သည်။ ကာတုတ်ကမူ မည်သို့မျှ မလှုပ်ရှား။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ ဒီမှာရှိတယ်၊ မရှိဘူးဆိုတာ ကျွန်တော် မသိဘူးလို့ သူ့ကို ပြောပြတယ်။ ကျွန်တော်သူ့ကို ဘာဖြေရမလဲ ခင်ဗျာ၊ အိပ်နေလို့ ခဏကြာမှ လာပါလို့ ပြောလိုက်ရမလား"

အိမ်ရှင်က ကာတုတ်တို့ကို တစ်စိတ်တစ်ဒေသ သိပြီးဖြစ်၍ ပုလိပ် ရောက်လာခြင်းသည် သူတို့အားလုံးကို ထိတ်လန့်စေလိမ့်မည်ဟု နားလည်ခဲ့သည်။ သို့သော် ကာတုတ်တို့ပေးသော ငွေကြောင့် သူက တတ်နိုင်သမျှ နှုတ်လုံခဲ့သည်။

"ဘာအတွက် ကျွန်တော်နဲ့ တွေ့ချင်တယ်လို့ရော သူက ပြောပြသေးသလား" ဟု ကာတုတ်က စဉ်းစဉ်းစားစား မေးလိုက်သည်။

"အဲဒါတော့ သူကမပြောဘူး။ ကျွန်တော် သူ့ကို သွားပြီး ပြန်မေးရမလား ဟင်"

"ကျွန်တော်တို့ မလွယ်ပေါက်က ထွက်သွားနိုင်ပါတယ်" ဟု ပါချူရီက ဝင်ပြောသည်။

"ကဲ ကျွန်တော်တို့ မြန်မြန်ထွက်ကြရအောင်"

"ကျွန်တော့်ကလေးတွေဟာ အိပ်ခန်းထဲမှာ ကစားနေကြပါတယ် သူတို့ လန့်မှာ ကျွန်တော် စိုးရိမ်ပါတယ်"

မစိုးရိမ်ပါနဲ့လေ၊ ကျွန်တော့်မိတ်ဆွေက နောက်တာပါ"ဟု ကာတုတ်က ပြောသည်။ "တကယ်တော့လည်း ကျွန်တော်တို့ဟာ ဒီပုလိပ်နဲ့ မတွေ့အောင် ထွက်ပြေးဖို့မလိုပါဘူး"

"ဟုတ်ပါတယ် ဟုတ်ပါတယ်" ဟု အိမ်ရှင်က ကျေနပ်စွာဆိုသည်။

"ဒါနဲ့ သူ့နာမည်ကို ခင်ဗျားမေးခဲ့သေးလား"

"ဪ. . . ဟုတ်ပါရဲ့ မေ့နေလိုက်တာ သူ ကျွန်တော့်ကို ပြောပါတယ်။ သူ့နာမည်က ဘရီဂျိန်းတဲ့ ကျွန်တော်ပြောဖို့ မေ့သွားတဲ့အတွက် ခွင့်လွှတ်ပါဗျာ"

"ကိစ္စမရှိပါဘူး။ ကဲ. . . ကဲ သူ့ကို ကျွန်တော်တို့ဆီ လွှတ်လိုက်စမ်းပါ။ သူ ဘာလိုချင်တယ်ဆိုတာ ကျွန်တော်တို့ သိပါရစေလား"

ခေါင်းညိတ် အရိုသေပေးရင်း အိမ်ရှင်သည် အခန်းတွင်းမှ ထွက်သွားလေ တော့သည်။

"ဟော့လူ ခင်ဗျား ရူးသွားပြီလား" ဟု အက်တီးက သူ့သေနတ်ကိုကိုင်ရင်း မေးလိုက်သည်။

"မင်းသေနတ်ကို ဖွက်ထားစမ်း" ဟုကာတုတ်က အမိန့်ပေးလိုက်သည်။





"အေးအေးဆေးဆေး ထိုင်နေစမ်း၊ မင်းလည်းထိုင်စမ်း ပါချူရီ၊ မင်းတို့ဘာမှ ဝင်မပြော နဲ့ ကြားလား၊ငါ့စကား နားမထောင်တဲ့သူကို အမိန့်ဖီဆန်မှုအဖြစ်နဲ့ ခေါင်းဆောင်ကြီးဆီ ငါတင်ပြမယ်"

မကျေနပ်သော်လည်း သူတို့က အမိန့်ကို နားထောင်ကြသည်။

ပုလိပ်ကို ပို့ပြီးသောအခါ အိမ်ရှင်က ပြန်ထွက်သွားတော့သည်။ ယူနီဖောင်း အပြည့်အစုံဝတ်ထားသော ပုလိပ်သည် တံခါးကိုပိတ်ရင်း အခန်းတွင်းရှိ လူများကို တစ်ဦးချင်း ကြည့်လိုက်သည်။

ကဲ. . . ဘရီဂျိန်း ပြောစရာရှိတာ ပြောစမ်း" ဟု ကာတုတ်က အမိန့်ပေး လိုက်သည်။

"ဒီလူတွေကို ဘာမှမစိုးရိမ်နဲ့"

အချုပ်ခန်းတွေထဲက ငှက်ကလေးတွေဟာ တေးဆိုကြလိမ့်မယ်" ဟု ပုလိပ်က တိုးတိုးပြောသည်။

ပါဝါသည် ဖော်ကောင်လုပ်ပေပြီတကား။ ကာတုတ်သည် သူ့စိတ်ကို ထိန်းလိုက်သည်။ မျက်နှာမပျက်အောင်လည်း ကြိုးစားသည်။ သူသည် ပါဝါကို ယုံခဲ့မိသည်။ အားကိုးမိသည်။ နာတူး ကန့်ကွက်သည့်ကြားမှ သူက ပါဝါကို လုပ်ငန်းအစီအစဉ်ထဲ သွင်းထည့်ခဲ့သည်။

"အင်း ဒီအတိုင်းဖြစ်လိမ့်မယ်လို့ ငါလည်း မျှော်လင့်ခဲ့တာပဲ" ဟု ကာတုတ် က ဆိုသည်။

"အဲ့ဒီတေးဟာ အိပ်နေသူတွေကို နှိုးလိမ့်မယ်" ဟု ပုလိပ်က သူ့လက်ာ စကားကို ဆက်ပြောပြန်သည်။

"ဟုတ်ပါတယ်၊ အေးပါ" ဟု ကာတုတ်က ထောက်ခံသည်။

"ကျွန်တော် ဒီကိုလာဖို့ အတော်စွန့်စားခဲ့ရတယ်" ဟု ပုလိပ်က ဆက်လက် ပြောသည်။

"မင်းကို ချီးကျူးဖို့ ခေါင်းဆောင်ကြီးဆီ ငါ တိုက်တွန်းပေးမယ်" ဟု ကာတုတ်က ကတိပေးသည်။ ကဲ. . . နောက်ထပ်ပြောစရာ ရှိသေးသလား"

"ကျွန်တော့်မိန်းမမှာ ကိုယ်ဝန်ရှိပြန်ပြီ"

"ယောကျ်ားလေး ဖြစ်ပါစေကွာ" ဟု ကာတုတ်က ပြောသည်။ ဘရီဂျိန်း အနေဖြင့် မဆီမဆိုင် ဘယ့်အတွက် ဤစကား ပြောသနည်း ဟူသည်ကို မစဉ်းစားမိ။

"ဟုတ်ကဲ့ အခု ဈေးနှုန်းတွေက သိပ်တက်နေပါတယ်။ ဒီတော့ ကလေး

www.burmeseclassic.com



တစ်ယောက်မွေးဖို့ဟာ"

"တို့ခေါင်းဆောင်ကြီးက မင်းကလေးအတွက် ပစ်မထားပါဘူး။ စိတ်ချ မင်းဘာမှ မပူနဲ့"

"အခုပဲ ကျွန်တော့်မှာ ငွေအတော်ကုန်လှပါပြီ ခင်ဗျာ"

လိမ်ပြောနေမှန်း ငွေညှစ်နေမှန်း သိသော်လည်း ကာတုတ်က ယနေ့အချိန်မှာ ငွေအတွက် မြော်မြင်သင့်သော အချိန်မဟုတ်မှန်း သူက လက်ခံလိုက်သည်။

"ငါ့မှာ ငွေနည်းနည်းရှိတယ်ကွ" ဟု ကာတုတ်က ပြောသည်။ ကဲ. . ရော့ ရှိတာပဲ ယူသွားဦး"

သူက ငွေ ၁၀ ကို ထုတ်ပေးလိုက်သည်။

ပုလိပ်က ငွေများကို ကြည့်ပြီး လက်မခံဘဲနေသည်။

"ကဲ. . . မင်း ဘယ်လောက်လိုချင်လို့လဲ" ဟု ကာတုတ်က တိုတို တောင်းတောင်း မေးလိုက်သည်။

"အဲ့ဒါကို ခင်ဗျားပဲ ဆုံးဖြတ်ပါ" ဟု ပုလိပ်က ဖြေပြီး "ခုနပဲ ခင်ဗျားကို ရှာပြီး ဖမ်းဖို့ ကျွန်တော်တို့ဆီ အမိန့်ရောက်. . ."

"ငါ့ကိုလာပြီး မခြိမ်းခြောက်နဲ့ ဘရီဂျိန်း"

"ကျွန်တော့်ကို အထင်မမှားပါနဲ့၊ အထင်မလွဲပါနဲ့"

"ငါ့ကို မခြိမ်းခြောက်ပါနဲ့လို့ ပြောနေတယ် မဟုတ်လား"

"ကျွန်တော် ဒီကိုလာတာဟာ ဘယ်လောက် အန္တရာယ်များတယ်ဆိုတာ သိစေချင်လို့ ကျွန်တော် ပြောတာပါ"

ကာတုတ်က နောက်ထပ် ငွေ ၁၀ ထုတ်ပေးသည်။ ဘရီဂျိန်းက လှမ်းယူပြီး သူ့အိတ်အတွင်းသို့ ထည့်လိုက်သည်။

ထို့နောက် အရိုအသေပေးကာ ထွက်သွားလေတော့သည်။

"ဒီကောင်မျိုးကိုတော့ ကျွန်တော် မယုံဘူး" ဟု တံခါးပိတ်လျှင် ပိတ်သွားချင်း ပါချူရီက ပြောလိုက်သည်။

"ဟုတ်တယ် ကာတုတ်" ဟု အက်တီးကလည်း ထောက်ခံသည်။

"မရှုံးစမ်းပါနဲ့ကွာ" ဟု ကာတုတ်က ကန့်ကွက်လိုက်သည်။ သူကတို့ကို သတင်းတွေ အမြဲပေးနေတာပဲ မဟုတ်လား"

"ဒါကတော့ သူက ငွေလိုချင်တာကိုး" ဟု ပါချူရီက ပြောသည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ ဒီက ချက်ချင်းထွက်သွားမှ ဖြစ်မယ်"





"တို့ထွက်သွားသင့်တဲ့ အချိန်ကို ငါ ဆုံးဖြတ်မယ်" ဟု ကာတုတ်က ပြောသည်။

"ကျွန်တော်တို့ မဲခွဲကြရအောင်" ဟု အက်တီးက အကြံပေးသည်။

"ငါပြောသလိုပဲ မင်းတို့လုပ်ရမယ်" ဟုပြောရင်း ကာတုတ်က သူ့လက်ပတ်နာရီကို ကြည့်လိုက်သည်။ အချိန်ကား တစ်နာရီရှိလေပြီ။ ငါ ဒီနေရာက ထွက်မသွားနိုင်သေးဘူး"

"ဒါဖြင့် အက်တီးနဲ့ ကျွန်တော် သွားမယ်" ဟုဆိုကာ ပါချူရီက ထိုင်ရာမှ ထလိုက်သည်။

"ထိုင်စမ်းဟေ့" ဟု ကာတုတ်က အမိန့်ပေးသည်။

"ခင်ဗျားသာ ဒီမှာအမိခံ" ဟု ပါချူရီက ခွန်းတုံ့ပြန်သည်။

"အက်တီး ခင်ဗျား လိုက်မယ်မဟုတ်လား"

"ဘာဖြစ်လို့ ဒီမှာဆက်ပြီး ခင်ဗျားက နေချင်ရတာလဲဟင်" ဟု အက်တီးက မေးသည်။

အိုဗျာ သူ နေချင်ရင် သူ့ဘာသာ နေစမ်းပါစေ ကျွန်တော်တို့နဲ့ ဘာမှမဆိုင်ပါဘူး"

ကာတုတ်က မျက်လုံးကိုမှိတ်ပြီး ခေါင်းကိုခါလိုက်သည်။ ရာနီဂျန်းသတင်းသည် မှန်မည်လော၊ မှန်လျှင် ၅ မိနစ်အတွင်း သူတို့ အလွတ်ရှောင်နိုင်မည်။ ၅ မိနစ်ကကျော်လျှင် သူတို့ အဖမ်းခံရမည်လော။

ကာတုတ်သည် ဝေခွဲမရအောင် ဖြစ်နေတော့သည်။

ပါချူရီနောက် လိုက်သွားလျှင် သူ့အာဏာမှာ ကျဆင်းသွားလေတော့မည်။ သူ၏ပျော့ကွက်ဖြစ်လေတော့မည်။ အခြေအနေကို မထိန်းသိမ်းနိုင်ကြောင်း၊ မလေ့လာနိုင်ကြောင်း၊ မဆုံးဖြတ်နိုင်ကြောင်း ပြရာလည်း ရောက်လေတော့မည်။

တစ်ဖက်တွင်လည်း အသက်ထောက်လာပြီဖြစ်၍ ကာတုတ်သည် သူ့လုပ်ငန်းများကို စွမ်းစွမ်းတမံ မလုပ်နိုင်တော့ဟု လုပ်ဖော်ကိုင်ဖက်များက ယုံကြည်လေတော့မည်။ ထိုသို့ဆိုလျှင် ကာတုတ် သိက္ခာကျဆင်းတော့မည်။

သူ့အသက်သည် အဖွဲ့အတွက် မည်သို့မျှ ထိခိုက်မှုမရှိကြောင်း ဂုရုဂျီကို သူကပြရပေမည်။ သူ၏ အတွေ့အကြုံများကလည်း ပါချူရီ၏ စာအုပ်များထဲမှ ရသော အသိများထက် လည်းကောင်း၊ နာတူး၏ စာပေထဲမှရသော အသိများထက် လည်းကောင်း ပိုမိုအစွမ်းထက်ကြောင်း ပြသရန်လည်း ဆုံးဖြတ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ပညာရေးဘက်တွင် ကာတုတ်သည် ချို့ယွင်းခဲ့သည်။ သူသည် ဉာဏ်စွမ်းလည်းမရှိခဲ့၊ ကာယစွမ်းသာရှိခဲ့သည်။ သန်မာထွားကျိုင်းသော သူ့ကိုယ်လုံးကိုယ်ထည်ကြောင့် သူ့ကျောင်းနေဖက်များ၏ လိုလားမှုကို ရခဲ့သည်။

ကာတုတ်သည် အားကစားဘက်တွင် ဝါသနာကြီးခဲ့သူပီပီ ကောလိပ်ရောက်လျှင် အားကစားရုံများမှာ သူ့စာသင်ခန်း ဖြစ်ခဲ့တော့သည်။ သင်တန်းများကို သူကတက်သည်မဟုတ်၊ သို့သော် ဆရာက သူ့နာမည် ခေါ်သောအခါ သူ့ကိုယ်စား ထူးပေးမည့်သူများ ရှိခဲ့သည်။

ကာတုတ်သည် သူ၏ကောလိပ်စာမေးပွဲကို ပထမဆုံးရက်တွင်သာ ဖြေခဲ့သည်။ ဂုဝတ်၏ ကဗျာအကြောင်း၊ တင်နီဆင်၏ ကဗျာအကြောင်းများကို မေးထားသည့် မေးခွန်းများကို တွေ့လိုက်ရစကတည်းက စာမေးပွဲကို ဖြေနိုင်တော့မည် မဟုတ်ဟု သူက နားလည်ခဲ့သည်။

သင်တန်းများ မတက်ရုံမက တစ်ဖက်တွင်လည်း အင်္ဂလိပ် လူမျိုးများနှင့် သူတို့ကဗျာများကို အလေးမစိုက်သူ၊ ဂရုမထားသူဖြစ်၍ သူ့အနေဖြင့် စာမေးပွဲ မဖြေနိုင်ခဲ့သည်မှာ အံ့ဩစရာမရှိခဲ့ပေ။

ကာတုတ်သည် ပညာရေးစနစ်ကြောင့် လူမျိုးအတွက် ရင်နာခဲ့သည်။ သူ့လို လူငယ်များမှာ အချိန်ဖြုန်းနေခြင်းသာ ဖြစ်သည်ဟု ယုံကြည်ခဲ့သည်။ အင်္ဂလိပ်တို့က သူတို့သားသမီးများကို သေနတ်ပစ်ခြင်းနှင့် မြင်းစီးခြင်း အတတ်ပညာများကို သင်ပေးနေချိန်တွင် အိန္ဒိယလူငယ်များကိုမူ စာရင်းကိုင်ပညာနှင့် ကဗျာများကို စတင် သင်ပေးခဲ့သည်။

သို့ဖြင့် အိန္ဒိယလူငယ်များမှာ သူရဲဘောကြောင်ခဲ့ရလေတော့သည်။

ထိုပထမနေ့ပြီးကတည်းက ကာတုတ်သည် စာမေးပွဲကို ဖြေရန် မကြိုးစားခဲ့တော့။ ထိုအခါ သူ့အဖေနှင့် ဦးလေးတို့၏ သူ့ကို ဝတ်လုံဖြစ်ရန် ရည်ရွယ်ချက်မှာ ပျက်ရလေတော့သည်။ ထိုစဉ်က သူတို့မိသားစုအတွင်း ပညာတတ်တစ်ယောက်၊ ဝတ်လုံတစ်ယောက် ပေါ်ပေါက်ရန် ကာတုတ် ဖခင်က များစွာလိုလားခဲ့သည်။

"ဥပဒေဆိုတာက အာဏာပဲကွ" ဟု တစ်ခါက သူ့အဖေပြောခဲ့ဖူးသည်။

"ဥပဒေနဲ့ ပတ်သက်လို့ မင်းဘွဲ့ရရင် ပြဿနာတွေ အားလုံးကို မင်း ဖြေရှင်းနိုင်မှာပဲ"

သို့သော် ကာတုတ်က သူ့အဖေထက် ပိုသိခဲ့သည်။ တကယ့်အာဏာကား သူ့လက်သီးများထဲတွင် ရှိသည်။ လက်မောင်းကြွက်သားများထဲတွင် ရှိသည်။ ရင်အုပ်





အတွင်းတွင် ရှိသည်။ ဖုန်းများထဲတွင် ရှိသည်။

သို့သော် ဖုန်းနှင့်ပတ်သက်၍ ဂုရုဂျီနှင့် မတွေ့မီအထိ သူမသိခဲ့သေး။ ထိုအချိန်ကား ပထမကမ္ဘာစစ် မဖြစ်မီ အချိန်တည်း။ သူ ကောလိပ်မှ ထွက်အပြီး တစ်နှစ်အကြာ ပညာတော်သင် ရွေးချယ်ခံရပြီး အချိန်တည်း။

ထိုနေ့နံနက်က နံနက်တိုင်းကဲ့သို့ပင် ပူနားမြို့လယ်ရှိ အားကစားရုံသို့ ထွက်သွားခဲ့သည်။

အားကစားရုံ ရောက်သောအခါ သူ့မိတ်ဆွေအချို့နှင့် လူစိမ်းတစ်ဦးက လှမ်းခေါ်သည်။ ထို့နောက်. . .

"ကျွန်တော် ပြောတာ သူပဲ" ဟု လူစိမ်းကို ရှင်းပြသည်။

လူစိမ်းက သူ့အနီးကပ်လာသော ကာတုတ်ကို စူးစိုက်ကြည့်သည်။

"မင်းအသက် ဘယ်လောက်ရှိပြီလဲ" ဟု သူ့ကိုယ်သူ မိတ်ဆက်ပေးခြင်း မရှိဘဲ မေးခဲ့သည်။

"ကျွန်တော် အသက် ၂၀ ကျော်ခဲ့ပြီ"

"ဘယ်လို အလုပ်မျိုး လုပ်မယ်လို့ မင်း ဆုံးဖြတ်ထားသလဲ"

"ကျွန်တော် မဆုံးဖြတ်ရသေးပါဘူး"

"ဟေ. . . ဒီအချိန်မှာတောင် မဆုံးဖြတ်ရသေးဘူးလား၊ ဘာလဲ မင်းအဖေက ပိုက်ဆံ သိပ်ချမ်းသာသလား"

"မဟုတ်ပါဘူး ခင်ဗျာ၊ မဟုတ်ပါဘူး ဒါပေမဲ့"

"ဒါပေမဲ့ ဘာလဲ အစိုးရဌာနတွေမှာဆိုရင် အလုပ်တွေ အများကြီးရှိနေတယ်။ မင်းဘာဖြစ်လို့ အဲဒီအလုပ်တွေကို မလုပ်တာလဲ"

"ကျွန်တော် တစ်နေ့လုံးထိုင်ပြီး အလုပ်မလုပ်ချင်လို့ပါ"

သူ့စကားကြောင့် လူစိမ်းက အားရပါးရ ရယ်ခဲ့သည်။

"မထိုင်ရတဲ့ အလုပ်တွေလည်း ရှိမှာပါကွာ" ဟု လူစိမ်းက ပြောသည်။

"ရှိကောင်းရှိပါလိမ့်မယ်။ ဒါပေမဲ့ ကျွန်တော် လူဖြူတွေနဲ့ အလုပ် မလုပ်ချင်ဘူး"

"ဟေ ဘာဖြစ်လို့လဲ။ သူတို့အပေါ် ဘာမကျေနပ်လို့လဲ"

"ကျွန်တော် မသိဘူး" ဟု ပခုံးတွန့်ပြရင်း သူကဖြေသည်။

"ကျွန်တော်တို့အပေါ် ဆက်ဆံတာတွေကို မကြိုက်တာ အမှန်ပဲ"

"ဘာဖြစ်လို့ မကြိုက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့က သူတို့ကိုယ်သူတို့ ဘုရားသခင်လို့ ထင်နေကြတာ"

"မင်းကရော သူတို့ကို ဘုရားသခင်တွေလို့ မထင်ဘူးလား"

"ဘာဖြစ်လို့ ထင်ရမှာလဲ။ သူတို့က လူဖြူတွေပဲဟာ"

"ဒါပေမဲ့ သူတို့က တို့ကိုအုပ်ချုပ်နေတဲ့ လူတွေမဟုတ်လား"

"အဲ့ဒီအသိစိတ်ကြောင့် ကျွန်တော်တို့လူမျိုး အများစုဟာ ကိုယ့်စိတ်ကိုယ် နှိမ်နေကြတာပဲ"

"မင်းရော"

"ဘာကိုဆိုလိုချင်တာပါလိမ့်"

"မင်းရော မင်းစိတ်ကို နှိမ်သလား"

"ကျွန်တော့်ကိုယ် ကျွန်တော် အမြဲပဲ ဦးဆောင်မယ်"

လူစိမ်းက ကျေနပ်စွာဖြင့် ခေါင်းကိုညိတ်လိုက်သည်။ ထို့နောက် လူစိမ်းက တောင့်တင်းသန်မာသော သူ့ကိုယ်လုံးကို အကဲခတ်ကြည့်သည်။ ခဏကြာလျှင်. . .

"မင်းအင်္ဂလန်ကို ဘယ်တော့သွားနိုင်မလဲ" ဟု မေးလိုက်သည်။ ကာတုတ်က အံ့ဩသွားသော်လည်း သူ့စိတ်ကို ထိန်းရင်း. . .

"ဒါပေမဲ့ ကျွန်တော့်အနေနဲ့ အင်္ဂလန်ကို ဘယ်လိုလုပ်သွားနိုင်မှာလဲ" ဟု ပြန်မေးသည်။

"မင်းအတွက် ပညာတော်သင်ဆု ရတယ်လို့ပဲ သဘောထားလိုက်ပေတော့" ဟု လူစိမ်းက ဖြေသည်။

"ကဲ မင်းဘယ်တော့ သွားနိုင်မလဲ"

"ကျွန်တော် နက်ဖြန်သွားနိုင်မယ်" ဟု ကာတုတ်က ဖြေသည်။

သို့သော် နောက်ထပ် တစ်လခန့်ကြာမှ သူသည် ဘုံဘေမှ သင်္ဘောစီး၍ ဆူးအက်တူးမြောင်းကို ဖြတ်ကာ လီဗာပူးသို့ လာနိုင်ခဲ့သည်။

လီဗာပူးရောက်သောအခါ သူ့ကို အိန္ဒိယအမျိုးသားတစ်ဦးက လာကြို သည်။

"ခင်ဗျား ကာတုတ် မဟုတ်လား" ဟု ၎င်းကမေးသည်။

"ဟုတ်ပါတယ်"

"ကဲ လာဗျို့"

၎င်းက သူ့ကိုယ်သူ မိတ်ဆက်မပေး။ ထိုသူသည် သူ့လိုပင် ပညာတော်သင်ဆု ရခဲ့သူတစ်ဦးဖြစ်သလော ဆိုသည်ကို ကာတုတ်က မေးလိုခဲ့သော်လည်း မေးချိန်မရခဲ့။





သူတို့သည် အငှားကား တစ်စီးပေါ် တက်လိုက်ကြသည်။

"ကျွန်တော် ဒီရောက်တာ ၅ နှစ်ရှိပြီ" ဟု ထိုလူက ရှင်းပြသည်။

"ကြာလှချည့်လား"

"ဟုတ်တယ်၊ ဒီမှာက သင်စရာတွေ အများကြီးရှိတယ် ကာတုတ်"

"သြော်. . . ဟုတ်လား ခင်ဗျား အခု ဘာသင်နေတာလဲ"

"အစုံပဲပေါ့"

"ခင်ဗျား ဥပဒေလည်း သင်မယ်ထင်တယ်"

"အင်း. . . ပါတာပေါ့ ဒါပေမဲ့ အများအားဖြင့်တော့ ဓာတုဗေဒကို သင်တယ်"

"ဓာတုဗေဒ ဟုတ်လား" ဟု ကာတုတ်က မေးသည်။ ဓာတုဗေဒဘာသာမှာ သူတို့ကျောင်းတွင် သင်မပေးသော ဘာသာဖြစ်၍ ကာတုတ်က မသိ။

"ဓာတုဗေဒဆိုတာ သိပ္ပံပညာပဲ"

"သြော်. . . သိပ္ပံပညာကိုး"

"အင်မတန်အရေးကြီးတဲ့ သိပ္ပံဖြစ်တယ်" ဟု ရှင်းပြသည်။ "ဒါနဲ့ ကာတုတ်၊ ဖုန်းနဲ့ပတ်သက်ပြီး ခင်ဗျား ဘယ်လောက်နားလည်ထားတယ်ဆိုတာ ကျွန်တော့်ကို ပြောပြစမ်းပါ"

"ဘာနဲ့ပတ်သက်လို့. . ."

"အင်း. . ." ဟု ထိုလူက ဆိုလိုက်သည်။ "ခင်ဗျားကိုတော့ ကျွန်တော်တို့ အတော်လေး သင်ပေးရမှာပဲ။ ကိစ္စတော့ မရှိပါဘူးလေ"

"ဒါနဲ့ ခင်ဗျားနာမည်က ဘယ်သူလဲ"

"ကျွန်တော့်ကို ဒွန်ဒိုလို့ပဲ ခေါ်ပါ"

"ဒါနဲ့ပတ်သက်ပြီး ဂူယူဂျီကို ကျွန်တော် အကြောင်းကြားရမယ်" ဟု ပါချူရီက ဒေါသတကြီး ပြောလိုက်သည်။ "တကယ်လို့ ကျွန်တော်တို့ ဒီထောင်ချောက်က အသက်ရှင်ရက်နဲ့ ထွက်နိုင်ရင်ပေါ့လေ"

"ဟုတ်တယ်၊ ငါကလည်း အကြောင်းကြားရမယ်။ သူ့ လူယုံတော်ဟာ ဘယ်လောက်တောင် သစ္စာကြောင်တယ်ဆိုတာလေ"

ထိုအခိုက် တံခါးခေါက်သံ ထွက်လာသည်။

"ရှရီကာတုတ် ခင်ဗျား" ဟု အိမ်ရှင် တိုးတိုးခေါ်သည်။

" လူတစ်ယောက် လာပါတယ်။ သူက ခင်ဗျားနဲ့ တွေ့ချင်လို့ပါတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ခဏလေးဗျို့" ဟု ထိုင်ရာမှထရင်း ကာတုတ်က ပြောလိုက်သည်။

"ကဲ ပါချူရီ ကျေးဇူးပြုပြီး ထိုင်နေစမ်း"

ပါချူရီသည် အက်တီးဘေးတွင် ဝင်ထိုင်လိုက်သည်။ ကာတုတ်က သူကိုယ်တိုင်သွား၍ တံခါးဖွင့်ပေးသည်။ တံခါးပွင့်လျှင် နာတူးကို နောက်ယောင်ခံအကြည့်ခိုင်းခဲ့သည့် လူငယ်လေးဝင်လာသည်။ ထို့နောက် သူက ဖြစ်သမျှအကြောင်းများကို ပြောပြသည်။

"ဒါဖြင့် နာတူး အဖမ်းမခံရဘူးပေါ့" ဟု အက်တီးက ဝမ်းသာအားရအော်ပြောသည်။

"သူ ပြောတာ ဆုံးပါစေဦး" ဟု ကာတုတ်က ဟန့်လိုက်သည်။

"ဒါပေမဲ့ အဲဒါ အကုန်ပါပဲ ဆရာကြီး" ဟု လူငယ်က ပြောသည်။

"သူတို့နောက်ကို မင်းက ဆက်မလိုက်ဘူးပေါ့ ဟုတ်လား" ဟု ကာတုတ်က မေးသည်။

"ကျွန်တော် ဘယ်လိုလုပ်ပြီး လိုက်နိုင်မလဲ ဆရာကြီး ကျွန်တော့်မှာ စက်ဘီးမှ မရှိတာ"

"မင်းအငှားကားနဲ့ လိုက်ပါလား"

"ကားတွေကလည်း တစ်စီးမှ မအားကြဘူး ဆရာကြီး"

"ကောင်မလေးက ဘယ်သူလဲ"

"ကျွန်တော် မသိဘူး ဆရာကြီး"

"ဒါဖြင့် ကောင်မလေးဟာ ဘယ်သူဖြစ်ကြောင်းနဲ့ သူတို့တစ်တွေ ဘယ်ကိုသွားတယ်ဆိုတာ သိအောင် မင်းက မကြိုးစားခဲ့ဘူးပေါ့ ဟုတ်လား"

"ဆရာကြီး ကျွန်တော် ကြိုးစား. . ."

"တိတ်စမ်း ကြိုးစားရင် ဘာမှ မအောင်မြင်စရာ မရှိဘူးသိလား။ ကဲ မင်းဒီက ထွက်သွားစမ်း၊ မင်းနဲ့အတူတူ နာတူးကို မခေါ်လာနိုင်သမျှ ဒါမှမဟုတ် သူတို့ဘယ်ကို သွားတယ်ဆိုတာ မသိသမျှ မင်းဒီကို ပြန်မလာနဲ့"

လူငယ်လေးသည် မည်သို့မျှ ခွန်းတုံ့မပြန်တော့ဘဲ အခန်းထဲမှ ထွက်သွားလေတော့သည်။

"အလကား ကောင်လေး" ဟု ကာတုတ်က မကျေချမ်းစွာဖြင့် ရေရွတ်သည်။

"နွားလောက်မှ အသုံးမကျဘူး"





"ဘာပဲဖြစ်ဖြစ် နာတူး အဖမ်းမခံရတာတော့ ကျွန်တော်တို့ သိရတာပဲမဟုတ်လား" ဟု အက်တီးက ဝင်ပြောသည်။

"မင်းက ဒီလိုပဲထင်သလား အက်တီး" ဟု ကာတုတ်က မေးသည်။

"ဒီကောင်မလေးဟာ ဘယ်သူလဲ၊ မင်းသိသလား"

* * *



www.burmeseclassic.com

www.burmeseclassic.com

## (၁)

သူမ၏ အခန်းမှာ မြို့လယ်မှ မလှမ်းမကမ်း တိုက်တန်းလျားများတွင် ရှိသည်။ မြို့တွင်းရှိ အခြားအဆောက်အအုံများထက်ပင် သူမအခန်းရှိသည့် အဆောက်အအုံမှာ ပို၍ဟောင်းနွမ်းသည်။ အုတ်နံရံများမှာ အက်ကြောင်းများပေါ်နေသည်။

အလယ်ထပ်ရှိ သူမ၏အခန်းသို့ နာတူးက လိုက်သွားသည်။ ကစားနေသောကလေးများ၊ စကားပြောနေသူ လူကြီးများက သူတို့ကို ဂရုမစိုက်သော်လည်း အမျိုးသမီးများကမူ အကဲခတ်ကြည့်ရှုကြသည်။

သူမက မည်သူ့ကိုမျှ နှုတ်ဆက်ပြန်မကြည့်ဘဲ လှေကားထစ်များကိုသာ တစ်ထစ်ချင်းတက်ပြီး သူမအခန်းဆီ လာခဲ့သည်။ အခန်းဝရောက်လျှင် သူမက မဝင်သေးဘဲ နာတူးကို လှည့်ကြည့်ကာ ပြုံးပြပြီး ခေါင်းညိတ်ဖိတ်ခေါ်လိုက်သည်။

သူမ၏ အခန်းဖော် အမျိုးသမီးက သူတို့အခန်းထဲ ဝင်ခဲ့လျှင် အပြင်သို့ထွက်ပေးရန် ပြင်ဆင်နေကြောင်း နာတူးက တွေ့ရသည်။

"ရှီလာလားဟေ့" ဟု အဖော်အမျိုးသမီးက အတွင်းခန်းထဲမှ လှမ်းမေးသည်။ "စောစောစီးစီး ပြန်လာပုံထောက်တော့ ကံကောင်းလာပြီ ထင်တယ်"

"လာလေ" ဟု ရှီလာက နာတူးကို ခေါ်လိုက်သည်။ ထို့နောက် သူ့လက်မောင်းကို လှမ်းဆွဲရင်း "ကျွန်မ အိပ်ခန်းက မီးဖိုဘက်မှာရှင့်"

"ဟေ့ တို့များနဲ့လည်း မိတ်ဆက်ပေးဦးလေ" ဟု အတွင်းခန်းမှ အသံထွက်လာပြန်သည်။

"မင်းထွက်သွားရင် တံခါးကို သော့နှစ်ချက် ခတ်ခဲ့ဟေ့" ဟု ရှီလာက ပြောလိုက်သည်။

ရှီလာအခန်းကား ခေတ်ဆန်သည်။ ခံ့ညားသော ခုတင်တစ်လုံး၊ ကိုယ်လုံးပေါ် မှန်တပ်ထားသည့် အဝတ်ထည့် ဗီရိုတစ်လုံး၊ လှပသော ပက်လက်ကုလားထိုင်တစ်လုံးတို့သည် အခန်းတွင်းတွင် နေရာတကျ ရှိနေသည်။ နံရံပေါ်တွင်လည်း





လှပသော ပန်းချီကားများကို တွေ့ရသည်။ အလှပြင်ခုံပေါ်တွင်ကား ဆင်စွယ်ဖြင့် ထုလုပ်ထားသည့် ဆင်ရုပ်တစ်ရုပ်ရှိသည်။ နာတူးက ဆင်ရုပ်ကို ကောက်ကိုင်ကြည့်လိုက်ရင်း. . .

"မင်းက ဒီမြို့ကပဲလား" ဟု သူကမေးသည်။

"မဟုတ်ပါဘူး။ ကျွန်မ ပန်ဂျပ်ကပါ" ဟု သူမက ဖြေသည်။

"ကျွန်မ ခင်ပွန်းကသာ ဒီကပါ"

"မင်းခင်ပွန်း ဟုတ်လား"

"သူ အမိကရုဏ်းမှာ အသတ်ခံခဲ့ရတယ်၊ မနှစ်က" ဟု ပြောရင်း ရှီလာက စကားကို ဖြတ်လိုက်သည်။ ရွှင်လန်းနေသော သူမ မျက်နှာလေးမှာ ရုတ်ခြည်း ညှိုးငယ်သွားသည်။ "ရှင့်အတွက် သောက်စရာတစ်ခုခု ကျွန်မ ဖျော်ပေးပါ့မယ်" ဟု သူမက စကားလမ်းကြောင်းကို လှီးလွှဲလိုက်သည်။

"ဒီမှာ ဘယ်နှယောက်နေသလဲ" ဟု သူက မေးသည်။

"၄ ယောက်၊ ဒီပြင် ၃ ယောက်နဲ့ ကျွန်မပဲ"

အပြင်ဘက်မှ တံခါးပိတ်သံ၊ သော့ခတ်သံများကို သူတို့ကြားရသည်။

"ငါတို့ချည်းပဲ ရှိတော့တာပေါ့ ဟုတ်လား" ဟု သူကမေးသည်။

"ဟုတ်ကဲ့ရှင့်" ဟု သူမက တိုးတိုးပင်ဖြေသည်။

"ဒီပြင် မင်းအဖော်တွေ မကြာခင် ပြန်လာကြမှာလား"

"ဟုတ်ကဲ့ ပြန်လာကောင်း ပြန်လာကြပါလိမ့်မယ်"

"ယောကျ်ားတွေနဲ့လား"

"ဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်"

"ဒါနဲ့ နောက်ဖေးထွက်ပေါက်က ဘယ်မှာလဲ"

"ရေချိုးခန်း နောက်မှာ"

"လိုက်ပြပါလား"

ရှီလာက တံခါးပေါက်ကို လိုက်ပြသည်။ စေ့ရုံသာ စေ့ထားသော တံခါးကို နာတူးက ဖွင့်ကြည့်ပြီး အောက်သို့ငုံ့ကြည့်သည်။ အောက်ထပ်သို့ ဆင်းနိုင်သည့် လှေကားကို သူက အလွယ်တကူပင် တွေ့ရသည်။

သူက တံခါးကိုပိတ်ပြီး အခန်းတွင်း ပြန်ဝင်လာသည်။

တံမြက်စည်းလှည်းတဲ့ လူတွေအတွက် ကျွန်မတို့ အဲဒီအပေါက်ကို ဖွင့်ထားတာ ရှင် ဘာဖြစ်လို့ ကန့်လန့်ချခဲ့တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ထွက်သွားပြီးတဲ့အခါမှ မင်းပြန်ဖွင့်ထားပေါ့ ဟုတ်လား"

"ရှင့်နောက်ကို သူတို့က ဘာဖြစ်လို့ လိုက်နေကြတာလဲဟင်" ဟု သူမက မေးသည်။

"မင်းမစိုးရိမ်ပါနဲ့၊ ငါဒီမှာ အကြာကြီးမနေပါဘူး"

"ရှင့်ကို အကြာကြီး လက်မခံချင်လို့ ကျွန်မ ပြောနေတာ မဟုတ်ပါဘူး"

"နာရီအနည်းငယ်အတွက်ပါပဲ"

သူပိုက်ဆံအိတ်အတွင်းမှ ငွေများကို ယူလိုက်ပြီး ငွေ ၂၀ သာ ပြန်ထည့်ကာ ကျန်ငွေများအားလုံးကို ရေတွက်နေခြင်း မပြုတော့ဘဲ နာတူးက သူမအား ပေးလိုက်သည်။

သူမက ၁၀ တန် ငွေစက္ကူထပ်များကို လှမ်းယူရင်း ရေကြည့်သည်။ သို့သော် ချက်ချင်း ရေတွက်သည်ကို ရပ်လိုက်သည်။ ထို့နောက် သူ့ကို တောက်ပသော မျက်လုံး၊ အံ့ဩသော အမူအရာတို့ဖြင့် မော့ကြည့်သည်။

"များလှချည်လား ရှင်" ဟု သူမက ပြောသည်။

"ကိစ္စမရှိပါဘူး"

"ဒီငွေတွေအတွက် နာရီနည်းနည်းလေးနဲ့ ကျွန်မ ရှင့်ကို ပြန်ဆပ်နိုင်မှာ မဟုတ်ဘူး"

"ငါအရက်သိပ်ပြီး သောက်နိုင်တာကို မင်းဘယ်လိုလုပ် သိသလဲ"

သူမက နှုတ်ခမ်းလေးများ စိုသွားရန် လျှာဖျားနှင့် ပွတ်ရင်း သူ့ပခုံးကို ဖက်လိုက်ကာ မျက်နှာကို မော့ပေးလိုက်သည်။

ထို့နောက် မျက်လုံးမှိတ်ရင်း သူမက စောင့်နေမိသည်။

နာတူးက သူမလက်မောင်းကို ဆုပ်ကိုင်၍ ညင်သာစွာ တွန်းလိုက်သည်။ ထို့နောက်. . .

"မင်းကိုငွေပေးတာ ဒါအတွက် မဟုတ်ပါဘူး" ဟု ပြောသည်။

ရှီလာသည် စကားပြောရန် မေ့သွားတော့သည်။ နာတူးကို ရူးများ နေသလားဟူသည့် သဘောဖြင့် စိုက်ကြည့်အကဲခတ်နေသည်။

"ငါ့အတွက် သောက်စရာတစ်ခုခုလောက် ပေးပါလား" ဟု သူကပြောသည်။

ရှီလာသည် ဂျင်တစ်ဖန်ခွက်ကို ယူလာသည်။ နာတူးသည် ပက်လက်ကုလားထိုင်ပေါ် ထိုင်ချရင်း ဂျင်တစ်ခွက်ကို မော့ချသည်။ ထို့နောက် ရှီလာကို





ဖန်ခွက်လှမ်းပေးသည်။

"ဒီ့ထက် ပြင်းပြင်း စပ်ပေးရဦးမလား"

"ကောင်းသားပဲ"

"မြည်းဖို့ ချာပါတီရော ယူဦးမလားဟင်"

"မင်းမှာ အဆင်သင့်ရှိရဲ့လား"

"ကျွန်မ လုပ်လိုက်မယ်လေ"

"ဒါဆိုရင်တော့ နေပါစေ"

"မကြာပါဘူး မီးဖိုမှာလည်း မီးလက်စနဲ့ပဲဟာ"

"ဒါဖြင့်လည်း လုပ်လေ"

နာတူးသည် ဒုတိယ ဂျင်ခွက်ကို မော့လိုက်ပြန်သည်။ နှစ်ခွက်ရှိပြီ ဖြစ်သော်လည်း သူသည် မမူးသေး၊ တကယ်တော့ ဂျင်က သူ့ကို ဒုက္ခမပေးတတ်၊ အသောက်များသော်လည်း အလွန်အကျွံ မမူးခဲ့"

သို့သော် နာဆစ်ဝီစကီကိုကား သူကလန့်သည်။ မည်သို့ပင်ဖြစ်စေ နာဆစ်ဝီစကီသည် ဤမြောက်ပိုင်းတွင် မရှိ။ နာဆစ်ဝီစကီရှိသော နေရာကို သူ့သတင်းစာတိုက်သို့ ရာနီ တတိယအကြိမ် လာရောက်ခဲ့စဉ်က ပြောပြခဲ့သည်။

သတင်းစာတိုက်သို့ ရာနီရောက်လာခြင်းမှာ ကြာလှသည် မဟုတ်၍ သူက ကောင်းကောင်း မမှတ်မိတော့။ သူမကိုယ်တိုင်ကလည်း တစ်စုံတစ်ယောက်ကို တွေ့ရန်အသွား လမ်းကြုံသည်နှင့် သတင်းစာ ဝင်ယူသည့်သဘော၊ နှုတ်ဆက်သည့် သဘောဖြင့် ခေတ္တသာ ဝင်ရောက်လာခြင်းပါဟု ပြောပြခဲ့သည်။

နာတူးရုံးခန်းထဲသို့ ဝင်လာလျှင် လူတိုင်းက အလုပ်ရပ်လိုက်ခြင်းကိုကား ရာနီက လုံးဝမနှစ်သက်ခဲ့။ သူမ ဝင်လာပြီဆိုလျှင် လက်နှိပ်စက် ရိုက်သူသည် လည်းကောင်း၊ သတင်းထောက်များသည် လည်းကောင်း၊ လက်ထောက်အယ်ဒီတာသည် လည်းကောင်း၊ နောက်ဆုံး နာတူးက ခေါင်းလောင်းကို အကြိမ်ဒါဇင်ဝက်ခန့် တီးမှ ခေါင်းထောင်တတ်သော၊ အမြဲအိပ်ငိုက်နေတတ်သည့် ရုံးလုလင်က လည်းကောင်း သူမအား ဝိုင်း၍စိုက်ကြည့်ခဲ့ကြတော့သည်။ ဘယ့်အတွက်ဆိုသော် သူတို့ သတင်းစာတိုက်သို့ မည်သည့်အမျိုးသမီးမှ တစ်ဦးတည်းမလာ၍ ဖြစ်သည်။

တကယ်တော့ နာတူးကိုယ်တိုင်ကလည်း စွဲမက်စရာကောင်းသော ရာနီ ရောက်လာခြင်းအတွက် ကြည်နူးခြင်း ဖြစ်ရသည်မှာ အမှန်ပင် ဖြစ်တော့သည်။

"ထိုင်လေ" ဟု နာတူးက ဆိုလိုက်သည်။ သို့သော် သူမ ရပ်နေသည်ကို



www.burmeseclassic.com

www.burmeseclassic.com



နာတူးကပို၍ နှစ်သက်သည်။

သူမသည် အရပ်မြင့်သူဖြစ်သည်။ အပြာနုရောင် ဆာရီကို ဝတ်ထား၍ ကြော့ရှင်းသော သူမကိုယ်လုံးလေးမှာ ကြည့်၍မဝနိုင်၊ သူ့အတွက် ရာနီက ကိုယ်ဟန်လာပြနေခြင်းများလား။

"ကျွန်မ အခုပဲ သွားတော့မှာပါ" ဟု ရာနီက တိုးတိုးပင်ပြောသည်။ အခန်းထဲတွင်ကား သူတို့နှစ်ယောက်တည်း. . .

"ခင်ဗျား အလုပ်သိပ်များတာကတော့ မကောင်းဘူး" ဟု နာတူးက အဓိပ္ပာယ် ပါစွာ ပြောလိုက်သည်။

သူမ၏ အသားရောင်မှာ အဖြူဘက်သို့ များသည်။ ထို့ကြောင့် သူမသည် အင်္ဂလိပ်သွေးများရောလားဟု နာတူးက ထင်မိသည်။

"ကျွန်မ ကလပ်မှာ နေ့လယ်စာစားပွဲတစ်ခု ရှိနေလို့ပါ"

"ကလပ် ဟုတ်လား၊ ဘယ်ကလပ်လဲ ကျွန်တော် ဘယ်ကလပ်နဲ့မှ အဆက်အသွယ်မရှိ မသိတာကို ခွင့်လွှတ်ပါ။ တကယ်တော့ ကျွန်တော်က အသားမည်းတယ် မဟုတ်လား"

"ရာကွတ်ကလပ်လေ" ဟု သူနှင့် မျက်နှာချင်းဆိုင်တွင် ထိုင်ရင်း ရာနီက ရှင်းပြသည်။ "ကျွန်မကလည်း ဘယ်ကလပ်ကိုမှ ဝင်မထားပါဘူး။ ကျွန်မခင်ပွန်းနဲ့ ပတ်သက်နေလို့ပါ"

"သြော်. . ဟုတ်သားပဲ ချန်ပီယံကြောင့်ကိုး" သူ့စကားကြောင့် သူမက နှုတ်ခမ်းလေးများကို ခပ်တင်းတင်း စေ့လိုက်သည်။ သူ့စကားကို ရာနီက မကြိုက်ကြောင်း နာတူးက ရိပ်မိသည်။ ထို့ကြောင့် သူက စကားကို လှီးလွှဲပြောလိုက်ရသည်။

"ဒါနဲ့ အဲ့ဒီကလပ်မှာ နာဆစ်ဝီစကီ ရနိုင်သလား"

"အများအားဖြင့် အရက်မျိုးစုံ ရှိတတ်တာပဲ။ ဒါပေမဲ့ ရှင်ပြောတဲ့ နာဆစ်ဝီစကီ ဆိုတာကိုတော့ ကျွန်မ မကြားမိဘူး"

"ဒါဖြင့် နာဆစ်ဝီစကီကိုလည်း တစ်ခါမှ မသောက်ခဲ့ဖူးဘူးပေါ့ ဟုတ်လား"

"ကျွန်မ ထင်တာပဲ" သူမ နှုတ်ခမ်းလေးများမှ အပြုံးပန်းများ ပွင့်လာသည်။ အဲ့ဒီ ဝီစကီက သောက်လို့ကောင်းသလားဟင်"

"အရသာကတော့ ပြင်းတာပဲ။ ကဲပါလေ ခင်ဗျားသောက်ဖူးသားနဲ့ ကျွန်တော့်ကို အရူးလုပ်မနေစမ်းပါနဲ့"

"တကယ်ပါ ကျွန်မ အခုမှကြားဖူးတာပါ"





"မဖြစ်နိုင်တာပဲ ခင်ဗျားလို အင်မတန် ခရီးသွားတဲ့ လူတစ်ယောက်က များဗျာ"

"ကျွန်မ တိုင်းပြည် ခုနစ်ပြည်ကိုပဲ ရောက်ခဲ့ဖူးတာပါ" ဟု သူမက ပြုံး၍ ပြောသည်။

"ဒါနဲ့တောင် နာဆစ်ကို မသောက်ဖူးခဲ့ဘူးဆိုတော့ အင်း. . . ခင်ဗျား တကယ့်ကို ကုသိုလ်ကံဆိုးတာပဲ ဘာပဲဖြစ်ဖြစ် ဒီအချိန်ဟာ နောက်မကျသေးဘူးလို့ ကျွန်တော် ထင်တယ်"

"ဘယ်မှာ ရောင်းတာလဲ"

"ပူနားမှာလို့တော့ မထင်လေနဲ့ဗျို့၊ ခင်ဗျား ပူနားမှာ ရှာလို့တွေ့မှာ မဟုတ်ဘူး။ ရာကွတ်ကလပ်မှာ တကယ်ပဲ နာဆစ် မရှိဘူးနော်"

"ဟုတ်ပါတယ်၊ မရှိပါဘူး"

"အင်း ဒီလိုဆိုရင်တော့ နာဆစ်ကို ရနိုင်တဲ့နေရာဟာ တစ်နေရာပဲ ဖြစ်လိမ့်မယ် ထင်တယ်" သူက စကားကိုဖြတ်ပြီး ရာနီကို အကဲခတ်လိုက်သည်။ "ခင်ဗျား သဘောတူရင် လာမယ့်အင်္ဂါနေ့မှာ နာဆစ်ရှိရာ သွားကြမလား ကျွန်တော်တို့ သတင်းစာက အင်္ဂါနေ့မှာ ပိတ်တယ်။ အဲ့ဒီနေ့အတွက် ကျွန်တော့်မှာ ဘာအစီအစဉ်မှ မရှိဘူး"

"အို" ဟု ပြောကာ ရာနီက သူမနှုတ်ခမ်းလေးများကို ချစ်စဖွယ် စုလိုက်ပြန်သည်။

"ကျွန်တော်တို့ ဘတ်စ်ကားဆိပ်မှာ ဆုံကြရအောင်" ဟု နာတူးက ဆက်လက်ပြောသည်။ ခင်ဗျားကို ကျွန်တော့် မော်တော်ဆိုင်ကယ်နဲ့ ခေါ်သွားနိုင်ပါတယ်။ ဒါပေမဲ့ ခင်ဗျားသိတဲ့အတိုင်း လူတွေက ဘယ်လိုပြော. . ."

"ဟုတ်ပါတယ် လူတွေက သူများအကြောင်း စိတ်ဝင်စားဖို့ပဲတတ်ကြတယ်။

"ဘတ်စ်ကားစီးရတာလည်း မပင်ပန်းပါဘူး။ ကျွန်တော်တို့ ဒီက ၆ နာရီ မိနစ် ၂၀ ထွက်တဲ့ ဘတ်စ်ကားနဲ့ လိုက်ရင် နာဆစ်ကို ၁၁ နာရီ မထိုးခင် ရောက်မှာပဲ။ အဲဒီကမှတစ်ဆင့် ဘတ်စ်ကားနဲ့ပဲ ထရင်ဘတ်ကိုသွားမယ်။ နေ့လယ်စာကို ထရင်ဘတ်မှာ စားကြမယ်။ အဲဒီမှာ နာဆစ်ဝီစကီ ရနိုင်တဲ့နေရာ တစ်နေရာကို ကျွန်တော် ကောင်းကောင်းသိတယ်"

"ရှင်ပြောပုံထောက်တော့ ရှင်အဲ့ဒီကို ခဏခဏ သွားဖူးသလို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အားလပ်ရက်ရတိုင်း ရောက်တတ်တယ်"

ထိုအခိုက် နာတူး၏ လက်ထောက်အယ်ဒီတာက တံခါးခေါက်ရင်း လက်ထဲတွင် သတင်းကော်ပီ တစ်ထပ်ကြီးနှင့် ဝင်လာသည်။

"ဒါတွေကို ကြည့်ပေးပါဦး၊ ကော်ပီပြတ်နေလို့" ဟု သူကပြောသည်။

"ခင်ဗျား ဖတ်ပြီးပြီလား"

"ဟုတ်ကဲ့"

"ခင်ဗျား ဘယ်လိုထင်သလဲ"

"သုံးနိုင်တဲ့ သတင်းတွေပါ"

"ဒါဖြင့်လည်း သုံးလိုက်ပေါ့ဗျာ။ ကျွန်တော် ဖတ်ကြည့်မနေတော့ပါဘူး"

လက်ထောက်အယ်ဒီတာသည် အံ့ဩစွာဖြင့် နာတူးကို မော့ကြည့်သည်။ နာတူးသည် သတင်းများကို နောက်ဆုံး စစ်ဆေးကြည့်ရှုခြင်း မပြုဘဲ မည်သည့်အခါကမှ စာစီခွင့်မပြုခဲ့"

"ကျွန်တော် ထပ်ဖတ်ဦးမယ်လေ" ဟု လက်ထောက်အယ်ဒီတာက ပြောသည်။

"ကောင်းတယ် အပြင်မှာ သွားဖတ်ပေတော့"

လက်ထောက်အယ်ဒီတာ ထွက်သွားသောအခါ ရာနီက ထိုင်ရာမှ ထလိုက်သည်။

"ကဲ ကျွန်မ သွားဦးမယ်" ဟု နှုတ်ဆက်သည်။ "ရှင့်ဆီလာပြီး ကျွန်မ အချိန်တွေဖြုန်းပစ်သလို ဖြစ်နေပြီ"

"ဒါဖြင့် ကားဆိပ်ကို အင်္ဂါနေ့မနက် ၆ နာရီ မိနစ် ၂၀ အရောက်လာပေတော့၊ အဲဒီမှာ ကျွန်တော်တို့ တွေ့ကြရအောင်"

ဘတ်စ်ကားဆိပ်မှာ လူများရှုပ်နေသည်။

နာတူးသည် နံနက် ၆ နာရီ မထိုးမီကတည်းက ကားဆိပ်ရောက်ခဲ့သည်။ သူက ကားဆိပ်အနီးရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် ဝင်ထိုင်ရင်း လက်ဖက်ရည် မှာသောက်ကာ ရာနီကို စောင့်သည်။ ဆိုင်ရှေ့မှ ဖြတ်သွားသောလူများကို သူက မျက်ခြည်မပြတ် ကြည့်သည်။ ဖြတ်သွားသူများအနက် အသိများကိုလည်း တွေ့သည်။ သို့သော် ထိုအသိများမှာ သူ တွေ့လိုသူ မဟုတ်။

၆ နာရီထိုး၍ မိနစ် ၂၀ ပင် ကျော်ခဲ့လေပြီ။ သူမကား ရောက်မလာ။ နာတူးက ဆိုင်အပြင်ထွက်လိုက်သည်။ နာဆစ်သို့ ထွက်မည့် ဘတ်စ်ကားမှာ လူများ





ပြည့်၍ ထွက်ရန်ပင် ဟန်ပြင်နေလေပြီ။

နာတူးသည် ထိုကားအနီးသို့ လျှောက်သွားကာ ကားတွင်းရှိ ခရီးသည်များကို တစ်ဦးချင်း လိုက်ကြည့်သည်၊ ရှာသည်။ ရာနီမှာ ကားထဲတွင်လည်း မရှိ။

သူသည် ကားကိုကျော်၍ ပတ်ဝန်းကျင်သို့ လှည့်လည်ရှာပြန်သည်။

မော်တော်ကားသည် စက်နှိုးစပြုပြီ။

စပယ်ယာက နာတူးထံရောက်လာကာ. . .

"ဆရာလိုက်မှာလား" ဟု မေးသည်။

"ငါ့အဖော် မလာသေးလို့ကွ"

"ကျွန်တော်တို့ နောက်ကျနေပြီ ဆရာ"

"လူတွေတော့ လာနေတုန်းပဲ မဟုတ်လား"

ခရီးသည် တစ်ယောက်က ကားပေါ်တက်သွားသည်။ စပယ်ယာသည် ခရီးသည်ထံ ပြေးသွားပြီး လက်ထဲမှ အထုပ်ကိုယူကာ ကားခေါင်မိုးပေါ် တင်ပေးလိုက်သည်။

အချိန်ကား ၆ နာရီခွဲပေပြီ။

"အင်း ရာနီ မလာတော့ဘူး" ဟု နာတူးက သူ့ဘာသာ စိတ်ထဲတွင် ပြောမိသည်။

လွန်ခဲ့သော ရက်များအတွင်းက သတင်းစာတိုက်သို့ သူမ မလာခဲ့သည့် အဖြစ်များအတိုင်းပါပဲလား။ နေ့တိုင်းပင် ရာနီ လာနိုးဖြင့် နာတူးလည်း စောင့်မိသည်။ မှောင်စပြုသည်အထိ စောင့်မိသည်။ မိုးချုပ်မှ သူမမလာလျှင် နာတူးသည် စိတ်တိုတတ်တော့သည်။ တွေ့ကရာလူ ကို ဆူပူကြိမ်းမောင်းသည်။ အက်တီးကိုပင် မရှောင်။

ထို့ကြောင့် အက်တီးက. . .

"နာတူး ဘာဖြစ်နေတာလဲ" ဟု မေးခဲ့ဖူးသည်။

"ဆရာ ထွက်တော့မယ်" ဟု စပယ်ယာက လှမ်းပြောသည်။ "လိုက်မှာလား အချိန်မရှိတော့ဘူး"

ထိုစဉ် အငှားကားတစ်စီး ထိုးဆိုက်လာပြီး သူမက ကားမောင်းသူ တံခါးဖွင့်ပေးသည်ကိုပင် မစောင့်တော့ဘဲ ကားပေါ်မှ ကပျာကယာ ဆင်းလိုက်သည်ကို နာတူးတွေ့ရသည်။

"ဟော့. . . ဟော့ လိုက်မယ်" ဟု နာတူးက စပယ်ယာကို အော်ပြောသည်။

ကားပေါ်တွင် ရာနီအတွက်သာ ထိုင်စရာ နေရာရသည်။ နာတူးမှာမူ



www.burmeseclassic.com

www.burmeseclassic.com



သူမ နံဘေးတွင် ရပ်၍ လိုက်ပါခဲ့ပါသည်။ ကားထဲတွင် အသိတစ်ယောက်မှ မပါ၍လည်း မတ်တတ်ရပ်လိုက်ရခြင်းအတွက် နာတူးက မရှက်မိ။

မရှက်သည့်အပြင် သူ့စိတ်ထဲတွင် ကြည်နူးဝမ်းသာခြင်းများပင် ဖြစ်မိသည်။ လမ်းမှာ ချိုင့်များပေါ်၍ ကားမောင်းသူက အမောင်းကြမ်း၍ ကားသည် ရေထဲတွင် လှိုင်းမိသည့်လှေကဲ့သို့ မကြာခဏ လူးလိမ့်သွားတတ်သည်။ ထိုသို့ လူးလိမ့်သွားသည့်အခါများတွင် နာတူးသည် သူမဘက်သို့ အသားချင်းထိသည်အထိ ယိမ်းယိုင်သွားတတ်သည်။ တစ်ခါတစ်ရံတွင်လည်း နာတူးဘက်သို့ ကားမှာဆောင့်၍ သူမကိုယ်လုံးလေး ရောက်လာတတ်သည်။

ထိုသို့ဖြစ်ရခြင်း၊ ထိရခြင်းအတွက် ပထမတွင် သူတို့က တောင်းပန်ကြသော်လည်း ကြာတော့ ရိုးသွားကြသည်။

နာဆစ်မရောက်မီ လမ်းတွင် မိုးနှစ်ကြိမ်ရွာသည်။ မုတ်သုန်လေနှင့်အတူ မိုးပေါက်တို့သည် တဖြိုင်ဖြိုင်ကျခဲ့သည်။ မိုးကြောင့် လမ်းဘေးရှိ သစ်ပင်များ ပို၍ စိမ်းစိုလာသည်။ ဖုန်များကင်းသွားသည်။ ကလေးများကလည်း မိုးရေထဲတွင် မြူးထူးစွာ ပြေးလွှားကစားကြလေတော့ပြီ။

"သူတို့အတွက်တော့ မိုးရေဟာ နာဆစ်ဝီစကီပဲ" ဟု နာတူးက ခါးကုန်း၍ သူမအနီးကပ်ပြီး ပြောလိုက်သည်။

"ဟုတ်တာပေါ့" ဟု သူမက ပြန်ပြောသည်။ "ဒါထက် ရှင့် နာဆစ်ဝီစကီက ဘယ်လောက်များ ကောင်းလို့လဲ"

"ဒါကတော့ ခင်ဗျားကိုယ်တိုင် စမ်းကြည့်ပေါ့ဗျာ"

အိန္ဒိယပြည်ရှိ အခြားမြို့များကဲ့သို့ နာဆစ်သည်လည်း ဘုရားရှိခိုးကျောင်းများ၊ ဘုရားများကြောင့် ကျော်ကြားသည်။

နာဆစ်တွင် ကားဆိုက်လိုက်သောအခါ နာတူးတို့သည် ထရင်ဘတ်သို့ ထွက်မည့်ဘတ်စ်ကားရှိရာ အပြေးအလွှား သွားကြသည်။ သို့သော် ကားမှာ လူများပြည့်နေပေပြီ။ မတ်တတ်ရပ်နေသူများပင် ရှိနှင့်နေသည်။

"နောက်ကား ဘယ်အချိန်ထွက်မလဲ" ဟု နာတူးက ကားမောင်းသူကို မေးသည်။

"၃ နာရီခွဲမှာ"

"အဲဒီထက် စောစော မရှိဘူးလား"

"ခင်ဗျားတို့ ရပ်နိုင်မယ်ဆိုရင်တော့ ဒီကားပဲရှိတယ်"





"ကျွန်မ ရပ်နိုင်တယ်နော်" ဟု သူမက ဝင်ပြောသည်။

"မဖြစ်ပါဘူး" ဟု နာတူးက ကန့်ကွက်သည်။ "တစ်နာရီလောက် ရပ်ပြီး စီးရမှာ" သူကိုယ်တိုင်မှာလည်း မတ်တတ်ရပ်ခဲ့ရ၍ ခြေထောက်ညောင်းနေပေပြီ။ "ကျွန်တော်တို့ ကားငှားသွားမယ်"

ကားဆိပ်တွင် ကားလွတ်သုံးစီးရပ်ထားသည်။ ကားများမှာ လူ ၉ ဦးခန့် စီးနိုင်သည်ဖြစ်ရာ ထရင်ဘတ်သွားမည့် အခြားခရီးသည်များနှင့် စပ်တူစီးလျှင် စရိတ်သက်သာပေမည်ဟု နာတူးက တွက်သည်။ သို့သော် စပ်တူစီးမည့် ခရီးသည်များဟူ၍ ကားဆိပ်တွင် ရှာမတွေ့။

အဘယ်သို့ပင်ဖြစ်စေ ကားခပြဿနာနှင့် ပတ်သက်၍ မရိပ်မိစေချင်။ ထို့ကြောင့် သူက. . .

"ကဲ ဘယ်ကားကြိုက်သလဲ" ဟု သူမကို မေးလိုက်သည်။

"ဘယ်ကားဖြစ်ဖြစ်ပေါ့ ကားတိုင်းကလည်း အတူတူပဲဟာ"

"ဘယ်ဟုတ်မလဲ" ဟု နာတူးက ပြောသည်။ "တချို့ကားတွေက ကားစုတ်တွေ၊ စက်ညံ့တွေဗျ၊ အခုသွားရမယ့် လမ်းဟာ တောင်ကုန်းကို တက်ရမှာမို့ ကျွန်တော်တို့ သေသေချာချာ ရွေးဖို့လိုတယ်။ ခင်ဗျား ခုံရှည်ပေါ်မှာ သွားထိုင်နေ ကျွန်တော် ကားသမားတွေနဲ့ သွားစကားပြောလိုက်ဦးမယ်"

"ဒုက္ခရှာလို့ရှင်"

"ကိစ္စမရှိပါဘူး ခဏလေးပါ"

ရာနီက ဆက်လက်မကန့်ကွက်တော့ဘဲ ခုံရှည်ရှိရာသို့ လျှောက်သွားတော့သည်။

နာတူးသည် ပထမဆုံး တွေ့ရသော ကား၏ကားမောင်းသူ အနီးကပ်သွားသည်။

"ကျွန်တော်တို့နှစ်ယောက် ထရင်ဘတ်ကို တက်မယ်။ နောက်ည ၈ နာရီမှာ ပြန်ဆင်းမယ်။ ကဲ ဘယ်လောက်ပေးရမလဲ"

"၆၀" ဟု စကားကို ကားမောင်းသူက ပြတ်ပြတ်ပင် ဖြေသည်။

"ဟေ့လူ ခင်ဗျားရူးနေသလား"

"ဒါ ကျွန်တော်တို့ ယူနေကျပါပဲခင်ဗျာ"

"ကောင်းပြီလေ ဒီပြင်လူတွေ မေးကြည့်ဦးမယ်"

ဒုတိယကားမောင်းသူက ပထမကားထက် သူ့ကားကကြီး၍ ဓာတ်ဆီပိုစား



www.burmeseclassic.com

www.burmeseclassic.com



၍ ဆိုကာ ၆၅ ကျပ် တောင်းသည်။

နာတူးက နောက်တစ်ယောက်ထံ သွားပြန်သည်။ နောက်ဆုံး ကားမောင်းသူကလည်း. . .

"၆၀" ဟု တောင်းသည်။

နာတူးသည် စိတ်ပျက်မိသည်။ သူ့တွင် ငွေအနည်းငယ်သာပါသည်။ ၆၀ ကျော်သာ ရှိသည်။

"ကျွန်တော့်မှာ အဲဒီလောက်တောင် ငွေကပါလာတာ မဟုတ်ဘူး" ဟု နာတူးက အသံနှိမ့်၍ ပြောလိုက်သည်။

"ဘယ်လောက်ပါသလဲ"

"၄၅ ကျပ်"

"ဓာတ်ဆီဖိုးကပဲ ၃၀ ကုန်တာဗျ"

"ကဲ ခင်ဗျားက ကျွန်တော့်ဆီက အမြတ်ဘယ်လောက် လိုချင်လို့လဲ" နာတူးသည် စိတ်ဆိုးစပြုလာမိသည်။

"လမ်းက တောင်တက်ကြီးပါ မိတ်ဆွေ၊ ကျွန်တော်တို့ ကားတွေအတွက် အင်မတန်နာပါတယ်"

"ဒါဖြင့် နေပူထဲမှာ တစ်နေကုန် ဒီအတိုင်း ရပ်ထားတာကရော" ဟု ပြောလိုက်ရင်း ရာနီ့ကို ထရင်ဘတ်သို့ ခေါ်လာခြင်းကား မှားလေပြီဟု တွေးမိသည်။ သူမ အနေဖြင့် တစ်နေ့တာခရီးအဖြစ်လိုက်ရန် အဆင်သင့် ရှိနေပေပြီ။ ထိုသို့ဆိုလျှင် ငွေ ၆၀ အကုန်ခံလျှင် မပင်မပန်း ရောက်နိုင်သည့် အခြားနေရာမျိုးသို့ သူက ဘယ့်အတွက် မခေါ်ခဲ့ရသနည်း။

"ကဲ ခင်ဗျားအတွက် ၄၅ ကျပ်နဲ့ပဲ လိုက်ပို့မယ်" ဟု တတိယလူက လေသံဖြင့် ပြောသည်။

"အဲဒီထက် ဘယ်နည်းနဲ့မှ ပိုမပေးနိုင်ဘူးနော်"

"ဟုတ်ပါတယ် ကဲ. . . တက်ပါ"

နာတူးသည် ရာနီ့ထံ သွက်လက်စွာ ပြန်လာသည်။

"ဟို တတိယကားက အကောင်းဆုံးပဲ" ဟု သူကပြောသည်။

"ကားက အကြီးကြီးပါလား။ ဒါဆိုရင် ကားခသိပ်ပေးနေရမှာပေါ့။ ကျွန်မ ဟိုကားထဲမှာ ရပ်ပြီးလိုက်နိုင်ပါတယ်"

"အဓိပ္ပာယ်မရှိတဲ့ စကားတွေ ပြောမနေစမ်းပါနဲ့၊ ဘုရင်မဟာ လူကျပ်နေ





တဲ့ ကားအိုထဲမှာ မတ်တတ်ရပ်တယ်လို့ ဘယ်သူက ကြားဖူးမှာလဲ"

ထရင်ဘတ်သို့ သွားရာလမ်းကား ကြည်နူးစရာကောင်းသည်။ တောင်ပေါ်သို့ တဖြည်းဖြည်း တက်ခဲ့သည်မှာလည်း အသည်းထိတ်စရာပင်။

"ဟိုမှာကြည့်စမ်း နာတူး" ဟု သူမက လက်ညှိုးညွှန်ပြရင်း တစ်နေရာအရောက်တွင် ပြောသည်။ "ရွှေဝါရောင် ငှက်လေးတွေ့လား"

"ကျွန်တော်တော့ အဲဒီလို ချစ်စရာကောင်းတဲ့ ငှက်လေးတွေကို တွေ့ခဲ့ပြီးပြီရာနီ"

ပြောပြောဆိုဆို သူက ရာနီလက်ကို လှမ်းကိုင်သည်။ ရာနီက သူ၏လက်ကို ဖယ်လိုက်သည်။

"ဟိုပန်းကို ဘာပန်းလို့ ခေါ်သလဲဟင်" ဟု လှပသော ပန်းပွင့်များကို လက်ညှိုးထိုး၍ မေးသည်။

"ရာနီတဲ့"

"ရှင်မသိဘဲကိုး၊ ကနေ့မှာ ကျွန်မ စာအုပ် တစ်အုပ်ဝယ်ပြီး ငှက်လေးတွေ၊ ပန်းပွင့်လေးတွေရဲ့ နာမည်တွေသိအောင် လေ့လာဦးမယ်၊ ကျွန်မ ရည်ရွယ်ချက်က မကောင်းဘူးလားဟင်"

ခင်ဗျားလုပ်သမျှ အားလုံးဟာ ကောင်းမှာပါ အချစ်ကလေးရယ်"

"အို ရှင်ကျွန်မကို အဲဒီလို မခေါ်နဲ့လေ" ဟု ရာနီက ထိတ်လန့်စွာဖြင့် ကန့်ကွက်သည်။

"ကိုယ်က ဘာဖြစ်လို့ မခေါ်ရမှာလဲဟင်"

"ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့လဲဆိုတော့ ဒါက ဒါက သိပ်ရင်းနှီးလွန်းရာ ရောက်နေလို့ပါ"

"ဟုတ်တယ် ကိုယ်ကတော့ အဲဒီလိုပဲ ယုံကြည်တားတယ်"

"ဒါပေမဲ့ ရှင် ကျွန်မ အကြောင်းကို သိပ်ပြီး သိသေးတာမှ မဟုတ်တာဘဲ"

"ကိုယ့်အနေနဲ့ သိသင့်တာ အရေးကြီးတာမှန်သမျှကို သိခဲ့ပြီးပါပြီ"

"ရှင်မသိသေးပါဘူး၊ ရှင့်ကိုလည်း ကျွန်မက သိသေးတာ မဟုတ်ဘူး"

"ဒါဖြင့် ကိုယ့်အကြောင်းနဲ့ ပတ်သက်လို့ မေးချင်တာမေးလေ ကိုယ်အကုန်ဖြေမယ်။ ဘာမှ လျှို့ဝှက်မထားဘူး"

"ရှင် လက်ထပ်ခဲ့ဖူးသလား" ဟု သူမက စတင်မေးသည်။

"လက်ထပ်ခဲ့ဖူးတယ်" ဟု ဖြေရင်း နာတူးက အပြင်သို့ လှမ်းကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ခပ်လှမ်းလှမ်းတွင် ရွာကလေးတစ်ရွာကို တွေ့ရသည်။ ဒီလို ရွာလေးမျိုးတွင် သူ့ကိုမွေးခဲ့သည်။ နောက် လက်ထပ်ခဲ့ရသည်။

"သူ အသက်ရှင်. . ."

"ဟင့်အင်း ကိုယ်တို့ လက်ထပ်အပြီး တစ်ပတ်အကြာမှာပဲ သူ သေခဲ့တယ်။ ကြာပါပြီ အတော့်ကို ကြာပါပြီ။ အဲဒီနောက်တော့ ကိုယ်ဘယ်သူနဲ့မှ လက်မထပ်ခဲ့ဘူး။ ကိုယ့်ဇနီးနာမည်ကိုရော သိချင်သေးလား ရာနီ"

"ကျွန်မ ဝမ်းနည်းပါတယ်။ တကယ်တော့ ဒါဟာ ကျွန်မနဲ့ ဘာမှဆိုင်တာ မဟုတ်ပါဘူးလေ။ ကျွန်မကို စိတ်မဆိုးပါနဲ့နော် နာတူး" မသိမသာ သူမက နာတူး လက်ကို ညင်သာစွာ ဆုပ်ကိုင်လိုက်သည်။

"မင်းလက်တွေ အေးနေပါလား ရာနီ"

"သွေးလှည့်ပတ်မှု မကောင်းလို့ပေါ့" ဟု သူမ ကဖြေရင်း မျက်လွှာချလိုက်သည်။

"မင်းကြည့်ရတာ စိတ်မကောင်းနေသလိုပဲ။ ဘာဖြစ်လို့လဲ ဟင်. . ."

"ဘာဖြစ်လို့ အဲဒီမေးခွန်းကို မေးနိုင်တာလဲဟင်" ဟု မေးရင်း သူမက နာတူးကို စိုက်ကြည့်သည်။

"မင်းမျက်လုံးတွေကြောင့်ပေါ့"

သူမက လက်ကို ရုပ်လိုက်သည်။

"ရှင်ဖိတ်တာကို ကျွန်မ လက်မခံခဲ့သင့်ဘူး။ ကျွန်မ ဒီကိုလာဖို့လည်း စိတ်မကူးခဲ့ဘူး။ ဒီနေ့မနက် အိပ်ရာကထပြီးတဲ့နောက် ရှင့်ဆီလာဖို့ မဆုံးဖြတ်ခဲ့"

"ဒါပေမဲ့ မင်းလာခဲ့တာပဲ မဟုတ်လား။ ဘာဖြစ်လို့လဲ၊ ကိုယ်တို့ဟာ တစ်ယောက်ကို တစ်ယောက် ပိုင်ဆိုင်တယ်ဆိုတာ မင်းသိခဲ့တာကလား။ ဘာဖြစ်လို့ အဲဒါကို ဝန်မခံတာလဲ ရာနီ"

"ရှင့်ကို ကျွန်မက ကြောက်ခဲ့ရင် လာခဲ့မိမှာ မဟုတ်ဘူး"

"မင်းကိုယ်မင်း ကြောက်ခဲ့တာပါလေ၊ မင်းခင်ပွန်းနဲ့ နေရတာ မင်းမပျော်ခဲ့ဘူး ဟုတ်တယ် မဟုတ်လား"

အဲ့ဒီမေးခွန်းမျိုးကို မမေးပါနဲ့လား နာတူး။ ကျွန်မ ဖြေလည်း မဖြေချင်ဘူး။ ဒီအမေးကို ဖြေဖို့က အချိန်စောလွန်းပါသေးတယ်။ တကယ်တော့ ကျွန်မတို့က တစ်ယောက်ကို တစ်ယောက် ကောင်းကောင်းသိကြသေးတာ မဟုတ်ပါဘူး"

"ဘာဖြစ်လို့ ဒီစကားကို ထပ်တလဲလဲ ပြောနေတာလဲ ရာနီ။ အချိန်ဟာ





တန်ဖိုးရှိတယ်၊ အစွမ်းရှိတယ်ဆိုတာ ယုံကြည်လို့ ပြောနေသလိုပဲ၊ အဲဒီစိတ်ထားကို အနောက်နိုင်ငံတွေ သွားလည်တုန်းက ရခဲ့တာလားဟင်၊ ဒါမှမဟုတ် အင်္ဂလိပ် စိတ်ကူးယဉ်ဝတ္ထုတွေထဲက ဖတ်ဖူးတာလား၊ ကိုယ်ပြောမယ် ရာနီ၊ အမှန်တရားထက် ဘယ်ဟာကမှ အလှမ်းမကွာဘူး၊ လူတွေဟာ နှစ်တစ်ရာလောက် အတူတူနေကြပေမဲ့ တစ်ယောက်ရဲ့ အတွင်းသဘောကို တစ်ယောက်က သိနိုင်ကြမှာ မဟုတ်ဘူး"

"ရှင်ဟာ တကယ့်ကို နက်နဲတဲ့သဘောတရားတွေကို နားလည်ထားတဲ့ လူပဲ" ဟု သူမက မှတ်ချက်ချသည်။ "အဲဒါတွေကို ရှင့်အယ်ဒီတာ့ အာဘော်တွေ ထဲမှာ ကျွန်မ ဖတ်ခဲ့ဖူးတယ်။ အထူးသဖြင့် တိုင်းပြည်ရဲ့ အရေးနဲ့ ပတ်သက်ပြီး ရေးတဲ့အခါမှာ ပိုပြီးတော့ ရှင့်သဘောထားကို အကဲခတ် တွေ့နိုင်တယ်"

"ကိုယ်ဘာလဲဆိုတာကိုတော့ ကိုယ်မသိဘူး"

သူတို့နှစ်ယောက်သည် တိတ်ဆိတ်သွားကြသည်။

"ကျွန်တော် ဘုရားရှိခိုးကျောင်းကို မောင်းပေးရမလား" ဟု ထရင်ဘတ်မြို့ကို ဝင်မိသောအခါ ကားမောင်းသူက မေးလိုက်သည်။

"ဘုရားရှိခိုးကျောင်းဘေးက ဝိုက်မောင်းပေးစမ်းပါ" ဟု နာတူးက ပြောသည်။ "အဲဒီနားမှာ စားစရာ ဆိုင်တစ်ခုခုတော့ရှိ"

"ခင်ဗျား ဟိုတယ်သွားချင်တာ မဟုတ်လား"

"ဟုတ်တယ်" ဟု ပြောပြီး နာတူးက သူမကို "ဒီမှာက အေးအေး စားသောက်နိုင်တာက ဟိုတယ်ပဲရှိတယ်" ဟု ရှင်းပြသည်။

သူမက နာတူးစကားကို အရေးမထား၊ ခပ်လှမ်းလှမ်းတွင် လှမ်းမြင်နေရသော တောင်ထိပ်တစ်ခုကို ကြည့်၍. . .

"လှလိုက်တာနော်" ဟု ပြောသည်။ "မြင့်လိုက်တာကလည်း အလွန်ပဲ"

"ဒီမှာနေတဲ့လူတွေက အဲ့ဒီတောင်ထိပ်ဟာ ဘုရားသခင်မလို့ ယုံကြည်ထားကြတယ်" ဟု နာတူးက ရှင်းပြသည်။ "မြစ်ကတော့ သူမရဲ့ ဆံပင်တဲ့"

"လေကလည်း အေးလိုက်တာနော်၊ ဒီနေရာလေးကို ကျွန်မ ချစ်တယ်။ ဒီနေရာကို ခေါ်လာတဲ့အတွက်လည်း ရှင့်ကို တကယ်ပဲ ကျေးဇူးတင်မိတယ်"

"ဝိစကီ မသောက်ရသေးဘဲနဲ့ ကျေးဇူးမတင်နဲ့ဦး"

ဟိုတယ်ဆိုသော်လည်း ပျော်ပွဲစားရုံသာသာပင် ရှိသည်။ တောင်ထိပ်တွင် ထမင်းစားခန်းအချို့ရှိ၏။ အပေါ်ထပ်တွင် အခန်း ၆ ခန်းခန့် ရှိသည်။

သူတို့ဝင်လိုက်သောအခါ အတွင်းတွင် လူအနည်းငယ်သာ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဝင်လိုက်သောအခါ အတွင်းတွင် လူအနည်းငယ်သာရှိသည်။ စားပွဲထိုးများက စားသောက်သူများထက် များသည်။ မန်နေဂျာက သူတို့ဝင်လာသည်ကို တွေ့သောအခါ ထိုင်ရာမှ ပြုံးခနဲထ၍ စားပွဲထိုးများကို အော်ဟစ်လိုက်သည်။

ထို့နောက် သူကိုယ်တိုင်ပင် နာတူးတို့ကို စားပွဲတစ်လုံးသို့ ခေါ်သွားသည်။ စားပွဲခင်းမှာ ညစ်ပတ်နေ၍ သူက စားပွဲထိုးတစ်ဦးကို အော်ဟစ်ခေါ်ကာ စားပွဲခင်းအသစ် ယူခိုင်းသည်။ ထို့နောက် သူကိုယ်တိုင် စားပွဲခင်းကို လဲပေးသည်။

"အမဲသားဟင်းကတော့ ဒီမှာ အကောင်းဆုံးပါပဲခင်ဗျာ" ဟု မန်နေဂျာက ကြေညာသည်။

"အဲဒါတစ်ခုပဲ ဒီမှာရနိုင်တာ" ဟု နာတူးက ပြုံး၍ ရာနီကို ရှင်းပြသည်။

"ရှင်ဒီကို ခဏခဏရောက်ဖူးတယ်ပေါ့ ဟုတ်လား"

"ဟုတ်တယ် ဒီဟာက ရာကွက်ကလပ်မှ မဟုတ်ဘဲ" ဟု နာတူးက ပြောသည်။ "ကဲ. . . ကာဘီး ပထမဆုံး နာဆစ်ဝီစကီ တစ်ပုလင်း ပေးပါဗျာ"

"ဟာ. . . ဒီနေ့ ကျွန်တော့်မှာ စကော့ဝီစကီ ရှိနေတယ်။ အဲဒါသောက်ပါလား"

"ကျွန်တော် အဲ့ဒီဝီစကီကို ဘယ်နေရာမှာမဆို သောက်နိုင်ပါတယ်။ နာဆစ်သာ ကျွန်တော်တို့ သောက်ချင်တယ်"

"ကောင်းပါပြီ ကောင်းပါပြီ" ဟု မန်နေဂျာက မကျေမနပ်ပြောရင်း အတွင်းခန်းသို့ ဝင်သွားတော့သည်။

ခဏကြာလျှင် ပုလင်းတစ်ပုလင်းနှင့် ဖန်ခွက်နှစ်ခွက် လာချပေးသည်။

ရာနီက အနည်းငယ် စုပ်သောက်ကြည့်သည်။

"အမယ်လေး ဘယ်လိုဟာပါလိမ့်" ဟု သူမက ရေရွတ်လိုက်သည်။

"နာဆစ်ဟာ ပြင်းတယ်လို့ ကိုယ်ပြောခဲ့တယ် မဟုတ်လား"

ပြောပြောဆိုဆို သူ့ဖန်ခွက်ကို နာတူးက မော့ချလိုက်သည်။ ချက်ချင်း မျက်နှာကို ရှုံ့မဲ့ရင်း သူသည် ချောင်းဆိုးတော့သည်။

"နာတူး ဘယ်လိုဖြစ်သွားတာလဲ၊ အရက်ထဲမှာတော့ အညံ့ဆုံးအရက်ပါပဲ ဒီဟာသာ များများသောက်ပါ၊ နာဆစ်က ရှင့်ကိုသတ်လိမ့်မယ်"

"ကိုယ်တို့ကို ဘာကသတ်မယ်လို့ ဘယ်သူကများ သိလို့လဲ အချစ်လေးရယ်၊ ဘာလဲ နာဆစ်ကို မင်းမကြိုက်ဘူးပေါ့ ဟုတ်လား၊ ဒါမျိုးဆိုရင်တော့ မိန်းမတွေနဲ့ ပတ်သက်လို့ ကိုယ်ရဲ့ ကြိုတင်ခန့်မှန်း ဆုံးဖြတ်ချက်ဟာ ဘယ်လောက်မှားတယ်





ဆိုတာ သိရတာပဲ"

သူမက ပြုံးလိုက်သည်။

"ကဲပါလေ ကိုယ်တို့ အမြည်းလေး ဘာလေး မှာရအောင် ကာဘီး ခင်ဗျား ဟင်းယူခဲ့ပါဦး"

နာတူးက သူ့ဖန်ခွက်ထဲ နာဆစ်ကို လောင်းထည့်လိုက်ပြန်သည်။

"ကဲ ကိုယ်တို့ တစ်ခွက်စီလောက် ထပ်သောက်ရင်း ဆုတောင်းကြရအောင်လား"

"ရှင်စိတ်မဆိုးရင်တော့ ကျွန်မက ရေနဲ့ပဲ ဆုတောင်းပါရစေ နာတူး"

"ဒီလောက်တောင်ပဲလား" ဟု သူက ဝမ်းနည်းစွာဖြင့် ပြောသည်။ "ဒီဝီစကီဟာ ဒီနယ်ကထွက်တဲ့ စပါးတစ်မျိုးကို ဗျစ်ရည်နဲ့ ကြိုပြီးချက်ထားတာပဲ၊ ဗျစ်ရည်ဆိုလို့ သာမန်ရေမထင်နဲ့၊ ဟိုကျောက်ဆောင်တွေကြားထဲက စိမ့်ထွက်လာတဲ့ အင်မတန်သန့်ရှင်းတဲ့ရေ ဖြစ်တယ်။ ကဲ ဘယ်လောက် အန္တရာယ်ကင်းတဲ့ ဝီစကီလဲ"

"ထားပါတော့လေ" ဟု ရာနီကပြောသည်။

"ဒါနဲ့ ရှင် ဘာဖြစ်လို့ ဒီလောက်တောင် သောက်တာလဲဟင်"

"ဒီလောက်တောင် ဟုတ်လား ဝီစကီ နှစ်ခွက်လောက်ကို အများကြီးလို့ ပြောတာတော့ မဟုတ်ပါဘူးနော်"

"တကယ်လို့ အဲဒါတွေ အကုန်လုံးကို ရှင်မသောက်ဘူးဆိုရင်ပေါ့. . ."

"ဩော်. . မင်းက ကိုယ့်အတွက် စိုးရိမ်နေတာကိုး၊ အင်း. . ဒါဟာ ကောင်းတဲ့လက္ခဏာပဲ"

"နာတူး ကလေးဆန်တာတွေ မပြောပါနဲ့လားရှင်"

"ဩော် ဒါတွေက ကလေးစကားလား။ ကဲ ဒါဖြင့် ကိုယ်ကလေးပဲလုပ်မယ် ကိုယ့်ကလေးအဖြစ် မင်းလုပ်ပါလား"

ရာနီက သူ့ထံမှ မျက်နှာလွှဲလိုက်သည်။

"မင်းမှာသားသမီး ရှိသလား ရာနီ"

"ဟင့်အင်း. . ."

ချန်ပီယံနှင့် လက်ထပ်သည့်သတင်းကို သတင်းစာများထဲတွင် သူဖတ်ခဲ့ရသည်မှာ ကြာပေပြီ။ မည်မျှကြာပြီကိုမူ သူမမှတ်မိတော့။

"ကျွန်မ ကလေးမလိုချင်သေးဘူး" ဟု ရာနီက ရှင်းပြသည်။

"ကျွန်မ အနေနဲ့ လည်ပတ်ကြည့်ရှုစရာတွေ အများကြီးရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်. . . ဟုတ်ပါတယ်"

"မိခင်တစ်ယောက်ဟာ သားသမီးရရင် သားသမီးတွေရဲ့ ကျေးကျွန်ဖြစ်တော့တာပဲ"

"ဟုတ်ပါတယ် ကိုယ်နားလည်ပါတယ်"

"ရှင်တကယ်မသိပါဘူး၊ ရှင်ဟာလည်း ဒီတိုင်းပြည်က ယောကျ်ားတွေအတိုင်းပါပဲ၊ မိန်းမတွေဟာ သူတို့မိသားစုအတွက်သာ ဖြစ်တယ်လို့ ရှင်ကလည်း ယုံကြည်ထားတာပါ ဟုတ်တယ် မဟုတ်လားဟင်. . ."

"မိန်းမအများစုအတွက်တော့ အဲဒီလိုပဲ သဘောထား. . ."

"ကျွန်မဟာ အများစုထဲက မိန်းမ မဟုတ်ဘူး၊ ဘယ်တော့မှကို မဟုတ်ဘူး"

"ဒါဖြင့် မင်းဘဝဟာ လုံးဝပျော်စရာပေါ့ ဟုတ်လား ရာနီ"

ထိုအခိုက် သူမသည် နာဆစ်ကို တစ်ကြိုက်မော့သောက်၍ နာတူးမှာ အံ့ဩမိရသည်။

"ဘယ်သူကတော့ သူ့ဘဝမှာ လုံးဝပျော်တတ်သလဲ ကဲ. . ရှင်ရော"

စားပွဲထိုးက အစားအစာများ လာချ၍ ရာနီအမေးကိုဖြေရန် စဉ်းစားရင်း ငြိမ်သက်နေလိုက်သည်။

စားပွဲထိုးထွက်သွားလျှင်. . .

"ပျော်ရွှင်မှုဆိုတာကို လူတွေရဲ့ အဓိကလိုအပ်ချက်လို့ ကိုယ်က မယုံကြည်ပါဘူး။ မင်းကိုယ့်ကို မေးလိုက်တာ မှားသွားတယ်၊ ကိုယ်မေးချင်တာက မင်းဘဝကို ကျေနပ်သလားလို့၊ ရောင့်ရဲသလားလို့ပဲ ထားပါလေ. . ."

"လူအများစုလောက်တော့ ကျေနပ်တယ်၊ ရောင့်ရဲတယ်လို့ ကျွန်မထင်တယ်"

"ဒါဖြင့် နည်းနည်းပဲပေါ့"

"ဟုတ်တယ် နည်းနည်းပဲ၊ ရှင်ရော"

"ကိုယ်ကတော့ ဘယ်တုန်းကမှ မရောင့်ရဲဘူး" ဟု ပြောရင်း ဝီစကီကို ဖန်ခွက်ထဲ ငှဲ့လိုက်ပြန်သည်။

"ကိုယ်တို့ ကျွန်ဘဝရောက်နေသမျှ၊ မလွတ်လပ်သေးသမျှလည်း ကိုယ့်ဘဝကို ကျေနပ်ရောင့်ရဲမှာ မဟုတ်ဘူး"

"ရှင်အဲ့ဒီလို ပြောမယ်လို့ ကျွန်မ ထင်သားပဲ" ဟု ပြောရင်း သူမက ဟင်းတစ်တုံးကို ခက်ရင်းနှင့် ထိုးယူစားလိုက်သည်။





"ကိုယ့်အတွေးကို မင်းကြိုတင်သိနိုင်တယ် ဆိုရင်တော့ ကိုယ့်ကိုမင်း ကောင်းကောင်း ခန့်မှန်းနိုင်တော့မှာပေါ့"

"မခန့်မှန်းနိုင်ဘူး နာတူး၊ ရှင့်ကို ကျွန်မ ဘယ်လိုလူမျိုးဆိုတာ မဆုံးဖြတ်နိုင်သေးဘူး"

"ကိုယ်ဟာ လူထူးထူးဆန်းဆန်း မဟုတ်ပါဘူး၊ လူရိုးပါ။ မိန်းမတွေနဲ့ ယှဉ်လိုက်ရင် ယောကျ်ားတိုင်းဟာ ရိုးသားကြတယ်"

"ရှင်က မိန်းမတွေအပေါ် ဒီလိုပဲထင်သလား၊ ကဲ ကျွန်မနဲ့ ပတ်သက်ပြီးတော့ပဲ ရှင်ဆုံးဖြတ်စမ်းပါဦး၊ ဟော ကျွန်မမျက်နှာကို ဟောဒီဖန်ခွက်နဲ့ ကွယ်ထားပါပြီတဲ့၊ ရှင်အမှန်ကို မြင်ရပါတော့မလား"

ပြောပြောဆိုဆို ရာနီက သူမနှုတ်ခမ်းအထက်သို့ ဖန်ခွက်ကိုမြှောက်ကိုင်လိုက်သည်။ နာတူးက သူမလက်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်လိုက်သည်။

"ကိုယ်ကတော့ အမှန်တွေကိုပဲ မြင်တတ်တယ် ရာနီ၊ ဘာဖြစ်လို့လဲ သိလား မင်းကို ကိုယ်က ချစ်နေတာကိုး"

"ဟော စားစရာတွေတောင် အေးကုန်ပြီ" ဟု ပြောရင်း ရာနီက မျက်လုံးများကို သူ့ထံမှ လွှဲလိုက်သည်။ သူ့ကို မကြည့်မိရန် ကြိုးစားသည်။

သောက်သင့်သည့် ဝီစကီထက် သူက ပိုသောက်သည်။ ထိုသို့သောက်ရခြင်းမှာ ခါးသော၊ ပြင်းသော နာဆစ်ကို သူက နှစ်သက်လွန်း၍မဟုတ်။ သူက ရဲဆေးတင်ခြင်းသာဖြစ်သည်။ စကားပြောဝံ့ ဆိုဝံ့ရန် သောက်ခြင်းသာ ဖြစ်သည်။

"ဘယ်အချိန်ရှိပြီလဲ နာတူး" ဟု သူမကမေးသည်။

"၂ နာရီခွဲ"

"ကျွန်မတို့ ပြန်ကြမှထင်တယ်"

"ကိုယ်တို့ နာဆစ်က ၈ နာရီ ၁၅ မိနစ် ထွက်မယ့်ကားနဲ့ လိုက်ကြမယ်"

"ဒါဆိုရင် သိပ်နောက်ကျနေမှာပေါ့၊ ကျွန်မယောကျ်ားကို ၈ နာရီမထိုးမီ အရောက်ပြန်လာမယ်လို့ ကျွန်မ ပြောခဲ့တယ်"

"၈ နာရီ ဟုတ်လား ဘာဖြစ်လို့ သူ့ကို အဲ့ဒီလိုပြောတာလဲ ဟင်"

ကျွန်မ အဲဒီအချိန် ပြန်ရမယ် နာတူး။ သူ့မိတ်ဆွေအချို့ကို ညစာစားဖို့ သူက ဖိတ်ထားတယ်"

"ဒါဟာ မဖြစ်နိုင်ဘူး" ဟု နာတူးက ရှင်းပြသည်။

"ဟိုကို ၈ နာရီ ပြန်ရောက်ဖို့ နာဆစ်က ၄ နာရီထွက်မှ ဖြစ်မယ်၊ ဒီတော့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တို့ ဒီကအခုပဲ ပြန်ရမလို ဖြစ်နေပြီ”

“ဟုတ်တယ်လေ၊ ကျွန်မ ပြောခဲ့သားပဲ”

“အင်း. . . မင်းက ပြောကို ပြောခဲ့ရမယ်”

“ကျွန်မကို စိတ်မဆိုးပါနဲ့ နာတူး”

“ဟင် ကိုယ်က ဘာဖြစ်လို့ စိတ်ဆိုးရမှာလဲ”

“ဘာဖြစ်လို့လဲဆိုတာတော့ ကျွန်မ မသိဘူး။ ဒါပေမဲ့ ရှင်စိတ်ဆိုးမှန်းတော့ ကျွန်မ သိတယ်”

“ဩော်. . . မင်းက တယ်ပြီးသိတတ် မြင်တတ်ပါလား”

“ကျွန်မကို မအော်ပါနဲ့ နာတူး”

“ဘယ်သူက အော်လို့လဲ၊ ဘာအကြောင်းကြောင့်ရော မင်းကို ကိုယ်က အော်ရမှာလဲ၊ ဘာပဲဖြစ်ဖြစ် ကိုယ့်အနေနဲ့ကလည်း နေ့လယ်စာကို စားပြီးပြီ၊ နေ့လယ်စာ စားပြီးတော့ ချိုချဉ်ပွဲလေးစားရ မစားရ ဘာများ အကြောင်းထူးဦးမှာလဲ”

“ဒါပေမဲ့ ကျွန်မတို့မှာ ချိုချဉ်” သူမက စကားစလိုက်သော်လည်း သူဆိုလိုသည့် အဓိပ္ပာယ်ကို ရိပ်မိ၍ စကားကို ရပ်ပစ်လိုက်သည်။ မျက်နှာမှာလည်း နီလာသည်။ ဒီကိစ္စကြောင့်ရှင် စိတ်ဆိုးနေတယ်ဆိုရင်တော့ ကျွန်မ ရှင်းရှင်းပဲ ပြောပါရစေ မစ္စတာ ဂတ်ဆီး၊ တတ်နိုင်လို့ အချိန်ဘယ်လောက်ပဲ နောက်ကျရင် နောက်ကျပါစေ ရှင့်အတွက် ဘယ်လိုချိုချဉ်ပွဲမှ ကျွန်မ မပေးနိုင်ဘူး”

“အင်း ကိုယ်သိပါတယ်”

“ရှင်အမူးပြေပြီလို့ ကျွန်မ ထင်တယ်”

“မကြောက်ပါနဲ့ မစိုးရိမ်ပါနဲ့ မေမေ၊ ကိုယ်က အခုမှ လုံးဝမူးနေတုန်းပဲ ရှိသေးတယ်”

သူက စားပွဲထိုးကို လက်ဖျောက်တီးခေါ်ကာ ငွေ၁၀ ထုတ်ပေးသည်။ ပိုသောငွေကို ပြန်မယူဘဲ ပေးလိုက်သည်။

“ဘယ့်နှယ့် စောစောစီးစီး ပြန်တော့မလို့လား” ဟု မန်နေဂျာက လာမေးသည်။

“ကျွန်တော်တို့အပေါ် မကျေနပ်လို့များလား”

“ခင်ဗျားတို့အပေါ် မဟုတ်ပါဘူး ကာဘီး၊ ကျွန်တော့်အဖော် အပေါ်ပါ”

“အား ဒါဆိုရင်တော့ တယ်ဆိုးတာပဲ”

သူမက ဟိုတယ်ထဲမှ ထွက်နှင့်၍ သူတို့ပြောသည်များကို မကြား။ သူမကို





မြင်လျှင် ကားမောင်းသူက စက်နိုးရင်း ကားတံခါးလာဖွင့်ပေးသည်။

“ဘုရားရှိခိုးကျောင်းသွားကြည့်မလား ခင်ဗျာ” ဟု ကားမောင်းသူကမေးသည်။

“ဒီအမျိုးသမီးမှာက အချိန်မရှိတော့ဘူး” ဟု နာတူးက ဖြေသည်။ “ကျွန်တော်တို့ နာဆစ်ကို ပြန်သွားမယ်”

“ကျွန်တော့်ကိုတော့ အားမနာပါနဲ့ ကျွန်တော်တို့ သဘောတူခဲ့တဲ့အတိုင်း ည ၇ နာရီအထိ စောင့်နိုင်ပါတယ်”

“ခင်ဗျားဟာ အင်မတန် သဘောကောင်းတဲ့ လူတစ်ယောက်ပဲ” ဟု နာတူးကပြောသည်။

အပြန်ခရီးတွင် နာတူးက စကားမပြောဘဲ ဆိတ်ငြိမ်စွာ လိုက်ပါခဲ့သည်။ လမ်းဘေးရှိ ရှုခင်းများကို ကြည့်၍လည်း သူမဘက်သို့ လှည့်မကြည့်မိရန် ကြိုးစားသည်။

နာဆစ်ကားဆိပ်ရောက်သောအခါ အလာတုန်းကထက် နေသည် များစွာပူနေသည်။

ကားစောင့်ရင်း ရာနီက. . .

“ကျွန်မ ဒီခရီးကို တကယ်ပဲ နှစ်သက်ပါတယ် နာတူး” ဟု ပြောသည်။ “တကယ်လို့ ရှင်စိတ်မချမ်းသာအောင် ကျွန်မ လုပ်ခဲ့မိရင်တော့ ကျွန်မကို ခွင့်လွှတ်ပါနော်”

နာတူးသည် မည်သို့မျှ ပြန်မပြောဘဲ အင်္ဂါပြိုဟ်မှလာသော သတ္တဝါတစ်ဦးကဲ့သို့ သူမအား စိုက်ကြည့်လိုက်တော့သည်။

အပြန်ခရီးတွင်ကား မိုးသည်မရွာ။

“ကဲ. . . ကြည့်စမ်းပါဦး” ဟု ချာပါတီပန်းကန်ကို ကိုင်ရင်း ရှီလာက ပြောသည်။

နာတူးက ချာပါတီတစ်ခုကို တစ်ဝက်ခွဲပြီး အားရပါးရ စားလိုက်သည်။

“မဆိုးဘူးဟေ့” ဟု သူက ချီးကျူးသည်။

“ကျွန်မ ခင်ပွန်းက ချာပါတီ သိပ်ကြိုက်တာ”

နာတူးသည် တတိယအကြိမ်အဖြစ် ဂျင်ကိုသောက်လိုက်ပြန်သည်။ သူ့တစ်ကိုယ်လုံးမှာမူ ထူသွားသည်။ မျက်လုံးများလည်း လေးလာသည်။

သူမက ရှေ့တွင် ဒူးထောက်ထိုင်ချကာ ခြေသလုံးကို နှိပ်ပေးသည်။

“ရှင် သိပ်ပင်ပန်းနေပြီ။ အိပ်ရာပေါ်မှာ သွားအိပ်ပါလားဟင်၊ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



နှိပ်ပေးမယ်လေ"

"ငါ့ကို မင်းကပြုစုမှာ အဲဒါ အကုန်ပဲလား"

"ကျွန်မ ဘာမဆိုလုပ်ပေးပါ့မယ်" ဟု ရှီလာက စိတ်ထက်သန်စွာဖြင့် ပြောလိုက်သည်။

"မင်းအနေနဲ့ တိတ်တိတ်နေတတ်ဖို့ ကြိုးစားသင့်တယ်" ဟု သူကအကြံပေးသည်။

"ရှင်ပြောတာကို ကျွန်မ နားမလည်ဘူး"

"အဲဒါမှ ဒုက္ခပဲ ရှီလာ"

"ကျွန်မ စာနည်းနည်းပဲ သင်ခဲ့ရတယ်"

"ဒါဆိုရင် မင်း ငယ်ငယ်ရွယ်ရွယ်နဲ့ လက်ထပ်ခဲ့ရမှာပေါ့"

"ကျွန်မ လက်ထပ်တော့ ၁၄ နှစ်ပဲ ရှိသေးတယ်"

"၁၄ နှစ်ပဲ ရှိသေးတယ် ဟုတ်လား"

"ဟုတ်တယ် ဖေဖေက ဆင်းရဲလွန်းတာနဲ့ ကျွန်မကို စောစောစီးစီး လင်ပေးစားခဲ့တယ်"

"ဒါဖြင့် ကလေးတွေ အများကြီး ရခဲ့မှာပေါ့"

"ဘုရားက သူတို့ကို အကုန်လုံး ပြန်ခေါ်သွားတယ်" သူမ၏ အသံမှာ တိုးသွားသည်။

"မင်းဆိုလိုချင်တာက မူဆလင်တွေရဲ့ သုတ်သင်မှု မဟုတ်လား" ဟု နာတူးစိတ်က ပြောလိုက်သည်။ နှုတ်ကမူမပြော။

"ငါ့အတွက် နောက်ထပ်ပေးပါဦး"

"ရှင် သိပ်သောက်နိုင်ပါကလား"

"သိပ်သောက်တယ်လို့ မင်းထင်သလား"

"မဟုတ်ပါဘူး၊ ကျွန်မဆိုလိုချင်တာက အဲ့ဒီလို မဟုတ်ပါဘူး"

"ဒါဖြင့် မင်းငါ့အမေ မလုပ်နဲ့"

"ဘာပြောတာလဲဟင် ကျွန်မ မကြားလိုက်မိဘူး"

"ကိစ္စမရှိဘူး မကြားရင်လည်း နေတော့"

စတုတ္ထအရက်တစ်ခွက်ထက် သူ့ရင်ကို ပူစေတော့သည်။ ချွေးများလည်း ထွက်လာသည်။ သူက အင်္ကျီကိုချွတ်ရင်း သေနတ်ကို ခါးကြားမှ ထုတ်ကာ အင်္ကျီနှင့် သုတ်ပြီး ကုလားထိုင်ဘေးတွင် ချလိုက်သည်။ သူ့ခါးကြားတွင် သေနတ်ရှိနေသည်ကို





သိထားသော်လည်း ပစ္စတိုကို ထင်ထင်ရှားရှား တွေ့ရသောအခါ ရှီလာမှာ မျက်လုံးပြူး သွားမိတော့သည်။

"ရှင် သေနတ်ပစ်ဖူးသလား" ဟု သူမကမေးသည်။

"စစ်အတွင်းတုန်းကတော့ မရေမတွက်နိုင်အောင် ပစ်ခဲ့တာပဲ"

"ဩော် ရှင်က စစ်တပ်ထဲ ဝင်ခဲ့ဖူးတာကိုး"

"အင်း အဲ့ဒီလိုပဲ ဆိုပါတော့"

"ကျွန်မအစ်ကို တစ်ယောက်လည်း စစ်တပ်ထဲမှာ ရှိတယ်"

"ဒီမှာလား"

"ဟင့်အင်း ကက်ရှမီးယားမှာ"

"အဲဒီရောက်သွားကတည်းက ကျွန်မဆီ စာမလာတော့ဘူး"

"စာရေးနိုင်လောက်အောင် အချိန်မရလို့ ဖြစ်ပါလိမ့်မယ်"

"အဲဒီမှာနေရတာ သူ့အတွက် အန္တရာယ်များတယ်လို့ ရှင်က ထင်သလား ဟင်"

"မင်းအစ်ကို ကိစ္စက အရေးမကြီးပါဘူးလေ၊ မင်းငါ့ကို နှိပ်ပေးမယ်ဆို လာလာ"

ပြောပြောဆိုဆို နာတူးက လက်ပတ်နာရီကို ကြည့်လိုက်သည်။

အချိန်ကား တစ်နာရီခွဲ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## (၆)

ဆုတောင်းပွဲ တက်သူများ စုပြုံရောက်လာလျှင် သူ့လူများ မည်သည့်နေရာတွင် အစောင့်ချထားရမည်ကို ရိပ်ဒတ်က ဂတ်တာပန်းခြံထဲ၌ လှည့်လည်ကြည့်ရှုလေ့လာခဲ့သည်။

သူသည် ပန်းခြံ၏ မြက်ခင်းပြင်ဝယ်ထိုင်ရင်း အစောင့်များ ချထားရမည့် မြေပုံကို ဆွဲကြည့်သည်။ လုပ်ကြံသူ မည်သည့်နေရာမှ ပေါ်လာနိုင်သည်၊ မည်သို့လုပ်ကြံနိုင်သည် ဆိုခြင်းများကိုလည်း တွက်ဆကြည့်သည်။

ရိပ်ဒတ်သည် သူ့လူများကို အမြောက်အမြား ချထားလိုက်သည်။ သို့သော် ဂတ်တာ၏ပန်းခြံသည် ကျဉ်းနေသည်က ခက်လှသည်။

ပန်းခြံအပြင်ဘက် လမ်း၏ ဟိုဘက်ပလက်ဖောင်းတွင် အငှားကားတစ်စီး ရပ်ထားသည်ကို ရိပ်ဒတ် တွေ့ရသည်။ ကားမောင်းသူသည် သူ့လူဖြစ်ကြောင်း ရိပ်ဒတ်က မှတ်မိသည်။

ရိပ်ဒတ်သည် ကားပေါ်တက်ရင်း. . .

"ပြည်ထဲရေးဝန်ကြီးဌာန၊ မှုခင်းဌာနဂိတ်ကို မောင်းဟေ့" အမိန့်ပေးလိုက်သည်။

အငှားကားသည် အရှိန်ပြင်းစွာဖြင့် မောင်းထွက်သွားသည်။ မိနစ်ပိုင်းအတွင်းတွင်ပင် ကားသည် အတွင်းဝန်များ ရုံးဝင်းသို့ဝင်ခဲ့တော့သည်။

သူ့ရုံးခန်းသည် တတိယထပ်တွင်ရှိသည်။ ရိပ်ပဲသည် ဓာတ်လှေခါးကိုပင် မစောင့်နိုင်တော့ဘဲ လှေကားမှတက်သည်။ သူ့နှလုံးရောဂါကို ဆရာဝန်က အမောမခံရန် တားမြစ်ထားသော်လည်း ယခုအချိန်တွင် သူက ဂရုမစိုက်နိုင်တော့။

ရုံးခန်းထဲတွင် သူ့လက်ထောက် ဖရင့်က စောင့်နေသည်။ သူဝင်သွားသောအခါ ဖရင့်သည် ပြတင်းပေါက်မှ အပြင်သို့ ကြည့်နေရာမှ တံခါးဖွင့်သံကြား၍ အောက်သို့လှည့်ကြည့်သည်။

"အတော်ပဲ ဖရင့် ခင်ဗျားကို တွေ့ချင်နေတာနဲ့" ဆိုကာ ရိပ်ပဲက ပန်းခြံထဲ





တွင် ဆွဲခဲ့သော မြေပုံကြမ်းကို လက်ကိုင်အိတ်အတွင်းမှ ထုတ်လိုက်သည်။

"ကုလား ထိုင် ယူထိုင်ဗျ၊ ခင်ဗျားကို ကျွန်တော် ပြောစရာရှိတယ်"

"ဟိုအပေါ်မှာ နေ့လယ်စာ တင်ထားတယ်" ဟု ဖရင့်က လွန်ခဲ့သော တစ်နာရီကရောက်ပြီး အေးနေပြီဖြစ်သည့် စားစရာများကို ညွှန်ပြရင်းပြောသည်။

"ထားလိုက်ပါဦးဗျာ" ဟု ရိပ်ပဲက စားစရာများကို လှည့်မကြည့်ဘဲ ပြောသည်။ ထို့နောက် စီးကရက်တစ်လိပ် ထုတ်သောက်ကာ တယ်လီဖုန်း ကောက်ကိုင်လိုက်သည်။

"ဘိုဆီးနဲ့ မန်းဒါ ငါ့ဆီကို ချက်ချင်းလာဖို့ ပြောလိုက်စမ်း"

ရိပ်ပဲသည် စီးကရက်ကို အားရပါးရ ရှိုက်လိုက်ရင်း. . .

"ဂတ်တာပန်းခြံ လုံခြုံရေးအတွက် အစွမ်းကုန်လုပ်မယ်" ဟု ပြောသည်။

"ကျွန်တော့် အစီရင်ခံစာကို ဖတ်စမ်းပါဦး" ဟု ဖရင့်က ပြောသည်။

သူ့စားပွဲပေါ်တွင် အဆင်သင့်ရောက်နေသော အပတ်စဉ် အစီရင်ခံစာများကို ရိပ်ပဲက ကြည့်လိုက်သည်။

"နက်ဖြန်မှ ဖတ်မယ်" ဟု ရိပ်ပဲကပြောရင်း စာရွက်များကို ဘေးဖယ်လိုက်သည်။

"ကျွန်တော်ကတော့ အခုပဲ ဖတ်ကြည့်စေချင်ပါတယ်။ ကျွန်တော်တို့ဟာ လုပ်ကြံမှုအတွက် ကြိုတင်ကာကွယ်တဲ့အနေနဲ့ လုပ်ပြီးခဲ့တဲ့နောက် လွန်ခဲ့တဲ့ တစ်ပတ်လောက်ကစပြီး ဒေလီမှာ ရာဇဝတ်မှုတွေ ပိုမိုများပြားလာတာကို အစီရင်ခံစာထဲမှာ ဖော်ပြထားပါတယ်"

"ကျွန်တော် သိပါတယ် ဖရင့်" ဟု ရိပ်ပဲက ပြောလိုက်သည်။

"ဒါဖြင့် ဒီညမှာ ပန်းခြံထဲမှာ လူတွေပိုပြီး ချထားဖို့ စီစဉ်ထားတုန်းပဲပေါ့ ဟုတ်လား"

"ဟုတ်တယ်"

"အဲ့ဒီအတွက် ခင်ဗျားကို သူတို့က ကျေနပ်တာ မဟုတ်ဘူး"

"ခင်ဗျား ဘာကိုရည်ရွယ်ပြောလဲ ဖရင့်"

"ခင်ဗျားဟာ အင်္ဂလိပ်တစ်ဝက်အဖြစ် တာဝန်ထမ်းဆောင်နေရတာကို လုပ်ကြံရေးသမားတွေက ယုံကြည်ထားကြောင်း။ ဘာပဲဖြစ်ဖြစ် ဒီတိုင်းပြည်အတွက် ပုလိပ်တစ်ယောက် လုပ်အပ်တဲ့ တာဝန်ကို ကျွန်တော်က လုပ်နေတယ်လို့ ယုံကြည်တယ်။ ဘယ်သူပဲဖြစ်ဖြစ်၊ ဟိန္ဒူပဲဖြစ်ဖြစ်၊ မူဆလင်ပဲဖြစ်ဖြစ်၊ နာဆစ်ပဲဖြစ်ဖြစ်၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ကိုမဆို တရားဥပဒေနဲ့အညီ ကျွန်တော်က"

ဖရင့်က ပြတင်းပေါက်သို့ ထသွားသည်။ သူသည် အပြင်ဘက်သို့ ငေးကြည့်လိုက်သည်။ သူ့ဖခင်သည် မဒရပ်ပြည်နယ်ဆိုင်ရာ အင်္ဂလိပ်လူမျိုး ပုလိပ်မင်းကြီးဖြစ်သည်။ ထို့ကြောင့် သူ့တွင် အင်္ဂလိပ်သွေးက များခဲ့သည်။

"တကယ်လို့ ဒီညမှာ သူတို့က မလုပ်ကြဲဘူး ဆိုရင်ကော" ဟု ဖရင့်က ပြတင်းပေါက်မှ လှည့်၍မေးလိုက်သည်။

"ဒီည သေချာပါတယ် ဖရင့်"

"တကယ်လို့ မလုပ်ကြဲဘူး ဆိုရင်ကော"

"ဒီညမလုပ်ကြဲဖြစ်ရင် နက်ဖြန်တော့ သေချာတယ်"

"နက်ဖြန်မဟုတ်ရင် နောက်နေ့ပေါ့။ နောက်တစ်နေ့ မဟုတ်ရင်လည်း နောက်နေ့"

"ဟုတ်တယ်" ဟု ရိပဲက အသံပြတ်ဖြင့် ပြောလိုက်သည်။

ချွေးများစေးနေသော လက်ဖဝါးများဖြင့် ရိပဲက သူ့ဂုတ်ကို ပွတ်လိုက်သည်။ အစာမရှိသော သူ့ဗိုက်က ဆာလာသည်။ ကောင်းစွာမအိပ်ရသည်မှာ ကြာပြီဖြစ်၍လည်း သူ့မျက်လုံးများမှာ စင်းလာသည်။ သူ့အတွက် အိပ်စက်ခြင်းသည် စည်းစိမ်မဖြစ်ခဲ့သည်မှာ ကြာလေပြီ။

"ခင်ဗျားအစီအစဉ်ကို ကျွန်တော် သိပါတယ်" ဟု ဖရင့်က ရိပဲစားပွဲအနီး ကပ်လာရင်းပြောသည်။

"ဒါပေမဲ့ ကျွန်တော်တို့က ရှိသမျှလူတွေကို ဒီလုပ်ငန်းမှာ အသုံးချမယ် ဆိုရင် မြို့လုံခြုံရေးအတွက်က စိုးရိမ်ရတယ်။ ဒီမြို့က အကြီးအကျယ် မဟုတ်လား လုယက်မှု၊ ပြန်ပေးဆွဲမှု၊ သတ်ဖြတ်မှုတွေကို ကျွန်တော်တို့က တားနိုင်မှဖြစ်မယ်။ ဒီမြို့ထဲမှာရှိတဲ့ လူဆိုးတွေက ကျွန်တော်တို့တစ်တွေ ဘာဖြစ်နေတယ်ဆိုတာ သိထားကြတယ်။ ဒီက အဖြစ်အပျက်တွေဟာ ကျွန်တော်တို့ရဲ့ ချို့ယွင်းချက်၊ ပျော့ကွက်တွေဟာ ကာလကတ္တား၊ မဒရပ်၊ ဘုံဘေစတဲ့ မြို့ကြီးတွေကို ရောက်သွားရင် အဲ့ဒီမြို့က လူဆိုးတွေက ဒီကိုလာဖို့ မီးရထားလက်မှတ်တွေကို အလုအယက် ဝယ်ကြမှာက သေချာတယ်။ ကျွန်တော့် အစီရင်ခံစာကို ကျေးဇူးပြုပြီး ဖတ်. . ."

"အဲ့ဒါတွေကိုလည်း ကျွန်တော်သိပါတယ် ဖရင့်။ ဒါတွေက အရေးမကြီးပါဘူး ဘာဘူ့ကို ကယ်ဆယ်ဖို့ကသာ အရေးကြီးတာပဲ"

မျက်မှောင်ကုပ်ပြီး ဖရင့်သည် တစ်ဖက်သို့ လှည့်သွားပြန်သည်။





ခေါင်းကိုခါရမ်းရင်းလည်း "သူ့လုံခြုံရေးက သူ့အပေါ် တည်နေတာပါ" ဟု ပြောလိုက်သည်။

"သူ့လုံခြုံရေးအတွက် ဂန္ဒီဟာ သူကိုယ်တိုင် ဘာမှမလုပ်ဘူးဆိုရင် ကျွန်တော်တို့က သူ့လုံခြုံရေးအတွက် အခုလက်ရှိ အစောင့်ထက် နှစ်ဆချထားဦး ဘာမှအကြောင်းထူးမှာ မဟုတ်ဘူး"

"ဘာပဲဖြစ်ဖြစ် သူ့လိုမြင့်မြတ်တဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက် အကြမ်းဖက်သတ်ဖြတ်ခြင်းခံရတဲ့ ဘေးကတော့ ကျွန်တော်တို့ ကာကွယ်ပေးရမှာပဲ"

ပြောပြောဆိုဆို ရိပဲက သူ့မျက်နှာကို လက်ဖဝါးဖြင့် အုပ်လိုက်သည်။

"ရိပဲ ခင်ဗျား အနားယူသင့်ပြီ"

"ဘာလို့ယူရမှာလဲ" ဟု ရိပဲက စားပွဲကို လက်ဖဝါးဖြင့် ပုတ်ရင်း ထလိုက်သည်။

"ခင်ဗျားလက်အောက်မှာရှိတဲ့ လူတွေအကုန်လုံး ညနေ ၅နာရီ ပန်းခြံအရောက် လာစေချင်တယ်။ လောလောဆယ်တော့ ဘိုဆီးနဲ့ မန်းဒါတို့ ဘာဖြစ်နေတယ်ဆိုတာ သွားကြည့်ပေးစမ်းပါ"

"ဟုတ်ကဲ့ခင်ဗျာ" ဟု ပြောပြီး ဖရင့်က စောင့်နေသည်။

သို့သော် နောက်ထပ် မည်သည့်အမိန့်မှ ထွက်မလာတော့၍ ဖရင့်သည် အရိုအသေပေးပြီး အခန်းထဲမှ ထွက်သွားတော့သည်။

ရိပဲသည် ငိုင်၍ကျန်ခဲ့သည်။ ပါဝါကဲ့သို့ အသက်စွန့်၍ မိုက်မိုက်ကန်းကန်း လုပ်မည့်သူ ဘယ်နှစ်ယောက် ရှိနေသနည်းဟု သူက စဉ်းစားမိသည်။

* * *

တံခါးခေါက်သံနှင့်အတူ တံခါးပွင့်လာပြီး ရာဇဝတ်အုပ် ဘိုဆီးနှင့် မန်းဒါ အခန်းထဲ ဝင်လာသည်။

"ကံဆိုးတာပဲ ဆရာ" ဟု ဘိုဆီးကပြောသည်။ "ခုနကပဲ ဆာလယ်ဘက်မှာ သူတို့လူတစ်ယောက် ရုပ်ရှင်ရုံထဲဝင်တာ တွေ့တာနဲ့ ကျွန်တော်တို့ နောက်ယောင်ခံလိုက်ခဲ့တယ်။ ဒါပေမဲ့ ကံဆိုးချင်တော့ မျက်ခြည်ပြတ်သွားကြတယ်။ ဒီတော့ ကျွန်တော်တို့ လူများများ ထပ်လိုချင်တယ် ဆရာ။ ကျွန်တော်တို့ တစ်မြို့လုံး လူတွေ ပိုက်စိပ်တိုက် ချထားချင်တယ်။ ဖြစ်နိုင်ရင် ဆင်ခြေဖုံးကိုတောင် ကျွန်တော်တို့က လက်မလွှတ်ချင်ဘူး။ ကျွန်တော့်အစီအစဉ် ဘယ့်နှယ့်လဲဆရာ ကောင်းတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ကြော် ကောင်းပါတယ်" ဟု ရိပဲက မချင့်မရဲ ဖြေလိုက်သည်။

"ကောင်းပေမဲ့လည်း ငါတို့မှာ လူမရှိ အချိန်မရှိတော့ဘူး ဒီတော့ မင်းအစီအစဉ်ကို ဖျက်"

"ဒါပေမဲ့ ဆရာ"

"ဘိုဆီး မင်းပါးစပ်ကို ပိတ်ထားပါတော့လား"

ဘိုဆီးသည် ငြိမ်သွားတော့သည်။

"ကဲ တို့လုပ်ငန်းစရအောင်" ဟု ရိပဲကပြောရင်း သူ့မြေပုံကြမ်းကို စားပွဲပေါ်ဖြန့်လိုက်သည်။ "ဒါဟာ ပန်းခြံရဲ့ ခြံစည်းရိုးကို ဖော်ပြထားတဲ့ ပုံကြမ်းပဲ။ ဒီဟာ ဘာဘူသွားမယ့် လမ်းလေး၊ ဒီဟာက သူဆုတောင်းတတ်တဲ့ စင်မြင့်လေး၊ ဂတ်တာရဲ့အိမ်ဆင်ဝင်ကနေ ဆုတောင်းစင်မြင့်ရောက်အောင် ခြေလှမ်းတစ်ရာလောက်သွားရမယ်။ ဒီတော့ မင်းတို့နှစ်ယောက်စလုံး ဟောဒီ လမ်းကျဉ်းလေးတစ်လျှောက်မှာ ရှိစေချင်တယ်"

"ကျွန်တော်တို့ ဘာဘူကို ကာပြီးလိုက်ရင် ပိုမကောင်းဘူးလား" ဟု ဘိုဆီးကမေးသည်။

"တစ်ယောက်က ရှေ့ကသွားမယ် တစ်ယောက်က နောက်ကလိုက်မယ်"

"အဲ့ဒီလိုလိုက်ဖို့ကို သူက ခွင့်ပေးမှာ မဟုတ်ဘူး" ဟု ရိပဲက အကြောင်းပြသည်။

"အင်း ဒါဆိုရင်တော့လည်း အခက်သားလား" ဟု ဘိုဆီးက ညည်းလိုက်လေသည်။

"ဒီလိုဆိုရင်ရော" ဟု မြေပုံကြမ်းကိုကြည့်ရင်း မန်းဒါက ဝင်ပြောသည်။

"စင်မြင့်ပေါ် ကျွန်တော်တို့ တက်နေရင်ရော ဒါဆို ပိုမကောင်းဘူးလား"

"စင်မြင့်ပေါ်ရောက်ရင် ငြိမ်ထိုင်နေရမှာ" ဟု ဘိုဆီးက ပြောသည်။

"မန်းဒါပြောတာ ကောင်းတယ်" ဟု ရိပဲက သဘောတူသည်။ "စင်မြင့်ဟာ ငါတို့အတွက် မြင်ကွင်းကောင်းဖြစ်လိမ့်မယ်။ အပေါ်စီးကနေ မြင်နိုင်တယ်။ ငါကိုယ်တိုင် အဲဒီအပေါ်မှာ ရှိမယ်"

"ကျွန်တော့်ကို ခွင့်ပြုပါ ဆရာ" ဟု မန်းဒါကပြောသည်။

"ကျွန်တော် စင်မြင့်ပေါ်မှာ နေပါရစေ"

"သူတို့က ဗုံးနဲ့ပစ်သွင်းမယ်ဆိုရင်" ဟု ဘိုဆီးကပြောသည်။

"အဲဒီဗုံးဟာ စင်မြင့်ပေါ် ကျဖို့ကများတယ်။ ဒီတော့ ကျွန်တော်တို့အနေနဲ့





ရဲဝန်ထောက်တစ်ယောက် ဆုံးရှုံးမယ့်အစား ရာဇဝတ်အုပ်တစ်ယောက် ဆုံးရှုံးတာက ပိုကောင်းပါလိမ့်မယ်။ ကျွန်တော် ဖြစ်ဖြစ်၊ မန်းဒါ ဖြစ်ဖြစ် စင်မြင့်ပေါ်မှာ ရှိပါရစေ"

"ငါ ပြောပြမယ် တို့တိုင်းပြည်က ဒီမိုကရေစီတိုင်းပြည်ကွ၊ ဒီတော့ အစိုးရဌာနတစ်ခုဟာ လူတစ်ယောက်တည်းအတွက် မဖြစ်စေရဘူး။ ကဲ စင်မြင့်ကိုငါစောင့်မယ် ဒါပေမဲ့" ဟု ပြောရင်း ရိပဲက သက်ပြင်းချလိုက်သည်။ "သူတို့ဗုံးနဲ့တော့ ပစ်ခွဲလိမ့်မယ် မထင်ပါဘူး။ သေနတ်ကိုပဲ အသုံးပြုလိမ့်မယ်လို့ ငါယုံကြည်တယ်"

"ဟုတ်တယ် ခြောက်လုံးပြူးကို သုံးလိမ့်မယ်ထင်တယ်" ဟု မန်းဒါက ထင်မြင်ချက်ပေးသည်။

"ဘာနဲ့ပဲ လုပ်ကြံလုပ်ကြံပေါ့လေ" ဟု ရိပဲက ပြောသည်။ "တို့က လုပ်ကြံမယ့်လူတွေကို တားဆီးရမယ်၊ ရင်ဆိုင်ရမယ်၊ တို့တားနိုင်မှာပဲလေ၊ မန်းဒါ မင်းက ဆင်ဝင်နဲ့ ခပ်လှမ်းလှမ်းမှာနေ၊ သူတို့က ဘာဘူထွက်လာရင် ထွက်လာချင်း လုပ်ကြံဖို့ ကြိုးစားလိမ့်မယ်။ ဘာပဲဖြစ်ဖြစ် တို့က အဘက်ဘက်မှာ ပြင်ဆင်ကာကွယ်ထားရမယ်။ မင်းကို ကျော်သွားတာနဲ့ သူ့နောက်ကကပ်လိုက် ကြားလား မန်းဒါ၊ တတ်နိုင်သမျှကပ်လိုက် အဝေးကြီးက မလိုက်နဲ့။ အကြောင်းတစ်စုံတစ်ရာပေါ်လာတာနဲ့ သူ့ကို တို့က အိမ်ထဲပြန်ပို့ရမယ်ဆိုတာကိုလည်း မေ့မထားနဲ့ သိလား"

"ဟုတ်ကဲ့"

"ဘိုဆီး မင်းကိုတော့ လမ်းကျဉ်းလေးရဲ့ အလယ်မှာ ရှိစေချင်တယ်။ ငါက စင်မြင့်နားက စောင့်နေမယ်။ သူ စင်မြင့်ပေါ်တက်တာနဲ့ သူ့နောက်က ငါလိုက်တက်မယ်။ ဆုတောင်းပြီးလို့ အပြန်မှာ အလာတုန်းကအတိုင်းပဲ ငါတို့ကလုပ်မယ်။ ကဲ ရှင်းပြီလား"

"ရှင်းပါတယ်" ဟု ဘိုဆီးကပြောသည်။

"ကောင်းပြီ၊ တို့နာရီတွေ တိုက်ထားကြရအောင် ဘာဘူဟာ သိပ်အချိန်မှန်တာ သူ ဆင်ဝင်က ၅ နာရီတိတိမှာ ထွက်လိမ့်မယ် တို့က ပန်းခြံထဲကို ၄ နာရီထက် နောက်မကျဘဲ အရောက်လာရမယ်။ ကဲ အခု ၂ နာရီထိုးဖို့ ၇ မိနစ်ပဲလိုတယ်"

သူတို့သည် နာရီများကို တိုက်လိုက်ပြီး ထိုင်ရာမှ ထလိုက်ကြသည်။

"ဘိုဆီး မင်းအနေနဲ့က ပန်းခြံတစ်ဝိုက် ပုလိပ်တွေ ချထားဖို့လည်း တာဝန်ရှိတယ်" ဟု ရိပဲကမှာပြန်သည်။ "ပုလိပ်တစ်ရာလောက်နဲ့ အစောင့်ချပေးရမယ်၊ ရှင်းတယ် မဟုတ်လား။ တကယ်လို့ သေနတ်သံကြားတာနဲ့ ဘယ်သူ့ကိုမှ ဘယ်လိုလူမျိုးကိုမှ ပန်းခြံထဲက ထွက်ခွင့်မပေးရဘူးဆိုတာကိုလည်း ပုလိပ်တိုင်း သိနေပါစေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"အဓိကရုဏ်း နှိမ်နင်းရေး ပုလိပ်အဖွဲ့ကိုလည်း အသင့်ပြင်ထားရမယ်။ ဒါဟာ မင်းအလုပ်ပဲ မန်းဒါ၊ တို့တစ်တွေရဲ့ ရည်ရွယ်ချက်ကို ပုလိပ်တွေ နားလည်ထားစေရမယ်။ အခြေအနေ ရုတ်ရုတ်သဲသဲ ဖြစ်မှာကို မလိုလားဘူး။ ငါတို့ အနေနဲ့ အမြောက်တပ်ကို ခေါ်ဖို့လိုမယ် မထင်ပါဘူး။ ဘာပဲဖြစ်ဖြစ် လိုမယ်ဆိုရင်တော့" ရိပဲက သူ့စကားကို ဖြတ်လိုက်သည်။ ဤလုပ်ကြံမှု မအောင်မြင်ရန် သူ့အနေဖြင့် တတ်နိုင်သမျှ ကြိုးစားခဲ့သည်။ ပြင်ဆင်ခဲ့သည်။ ထို့ကြောင့် သူ့ကြိုးစားမှု များ အောင်မြင်စေရအောင် "စစ်တပ်ကို ငါအဆက်အသွယ်လုပ်ရင် ကောင်းမယ်ထင်တယ် ကဲ. . . ကဲ ထလိုက်တော့ မင်းတို့အားလုံး မှတ်မိတယ်နော်"

"မှတ်မိပါတယ်" ဟု ဘိုဆီးကပြောသည်။

မန်းဒါက ခေါင်းညိတ်ပြသည်။

"ကဲ ငါတို့ ပန်းခြံထဲမှာ တွေ့ကြရအောင်"

* * *



(၇)

"ကျွန်တော်တို့က အင်မတန် စိတ်ရှည်ခဲ့တာပါ ရှာမာ" ဟု မဟာရာဂျာက ပြောလိုက်သည်။ "ဒါကို ခင်ဗျားလည်း သိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ စိတ်ရှည်မှုကို ကန့်သတ်ရတော့မယ်"

"ခင်ဗျားရဲ့ စိုးရိမ်မှုဟာ အင်မတန် မှန်ကန်ပါတယ်၊ မဟာရာဂျာ" ဟု ဒေါက်တာရှာမာက ပြောသည်။

"တကယ်ကို မှန်ကန်ပါတယ်။ အခြေအနေနဲ့လည်း ကိုက်ညီတယ်"

"ကျွန်တော်တို့ အခြေအနေကို သေသေချာချာ လေ့လာကြည့်ကြရအောင်။ ဘာပဲပြောပြော အခြေအနေက စိုးရိမ်စရာအဆင့် မဟုတ်တော့ဘူး ရှာမာ။ ကျွန်တော်တို့ဟာ တဖြည်းဖြည်း စိတ်ဆင်းရဲလာကြရပြီ။ ဒီလူက ပါကစ္စတန်အပေါ် ကျွန်တော်တို့ အကြွေးဘယ်လောက် ပေးစရာရှိတယ်လို့ ထပ်ကာတလဲလဲ ပြောနေတာတွေကို ကျွန်တော်တို့က ငြီးငွေ့လာကြပြီ။ အဲဒါမျိုးကို ကျွန်တော်တို့ မကြားချင်တော့ဘူး။ ဘာဖြစ်လို့ရော အဲဒီလို မိုက်မဲအဓိပ္ပာယ်မရှိတဲ့ စကားမျိုးကို ကျွန်တော်တို့က နားထောင်တော့ရမှာလဲ"

ကျွန်တော်တို့ ဘုရင်ကြီးက အဲ့ဒီလို တရားလွန် တရားမဲ့ ပြောတဲ့ တော်လှန်ပုန်ကန်လိုတဲ့ စကားမျိုးတွေကို အရေးစိုက်တော့မှာ မဟုတ်ဘူးလို့ ကျွန်တော်ယုံကြည်တယ်" ဟု ဒေါက်တာက ပြောသည်။

ခံ့ညားသော ဒေလဟိုတယ်၏ညှိခန်း ခပ်လှမ်းလှမ်းနေရာတွင် ရွှေရောင်ဝတ်စုံကို ဝတ်ထားသော ဟိုတယ်စေသည် ရပ်နေသည် ဖြစ်၍ သူတို့စကားကို မကြားနိုင်ဟု ရှာမာက နားလည်ထားသည်။

သို့ပါလျက် ရှာမာက သူ့အသံကို တိုးတိုးသာပြောသည်။ သူသည် မဟာရာဂျာများနှင့် အပေါင်းအသင်းဆန့်သည်။ အထူးသဖြင့် လွန်ခဲ့သော လအနည်းငယ်အတွင်း လွတ်လပ်ရေးရခဲ့ပြီးနောက် သူတို့နယ်မြေများကို ပင်စင်လစာများဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လဲခဲ့ရသော မဟာရာဂျာ ၅၀၀ ခန့်က ရှာမာကို အားကိုးသည်။ သူတို့ဘက်တော်သားဟု အသိအမှတ်ပြုထားသည်။

အခြားသူ၏ ဘုရင့်အနွယ်ဝင် ကျောင်းနေဖက် သူငယ်ချင်းများကဲ့သို့ မဟုတ်ဘဲ ဘုရင်ကြီး၏ ရှိဘာဂျီရှိုင်းသည် ပြင်သစ်ကမ်းခြေတွင် သွားရောက်အနားမယူခဲ့။ သူက မိတ်ဆွေများနှင့် နီးနီးကပ်ကပ်နေခဲ့သည်။ တစ်နေ့တွင် သူ့တိုင်းပြည်သားများကို ပြန်လည်စုစည်းနိုင်လိမ့်မည်ဟု ယုံကြည်ထားသည်။

"ခင်ဗျား ဘာကြောင့် အဲဒီလို ပြောနိုင်တာလဲ ရှာမာ"

"ကျွန်တော် ဒီနေ့ပဲ ဂုရုဂျီဆီက ကြားခဲ့တယ် မဟာရာဂျာ" ဟု မုတ်ဆိတ်မွေးဖြူဖြူနှင့် ပါလီမန်အမတ် ဒေါက်တာက ဖြေသည်။ ဒေါက်တာရှာမာသည် ပါလီမန်တွင် အတိုက်အခံ လက်ယာအုပ်စု၏ ခေါင်းဆောင်ဖြစ်သည်။

"ဟိုတုန်းကတော့ ဒွန်ဒိုဆီက ကတိတွေ ကျွန်တော်တို့ ရခဲ့တာပဲ ရှာမာ၊ ဒွန်ဒိုက ကတိတွေ အများကြီးပေးခဲ့တယ်" ဟု ဘုရင်ကြီးက ဆိုသည်။

"ဂုရုဂျီဟာ ကိုယ်ကျိုးမကြည့်တဲ့ တကယ့်သူတော်စင်တစ်ယောက်ပဲ" ဟု ရှာမာက ထင်မြင်ချက်ပေးသည်။

"ကိုယ်ကျိုးမဖက်ဘူး ဟုတ်လား ဖြစ်ကောင်းဖြစ်ပါလိမ့်မယ် ရှာမာ။ ဘာပဲဖြစ်ဖြစ် လူသားတွေရဲ့ လှုပ်ရှားဆောင်ရွက်မှုကို ဘယ်သူက ဆုံးဖြတ်နိုင်မှာတဲ့လဲ၊ နောက်ပြီး 'သူတော်စင်' ဆိုတဲ့ စကားကလည်း အင်မတန် ဖောက်ပြန်တဲ့ စကားပါ။ ကျွန်တော်တို့ လူမျိုးတွေကလည်း သူတော်စင်ဆိုရင် အလွယ်တကူ လက်ခံကြည်ညိုကြတော့တာပဲ အဆိုးဆုံးက သစ္စာဖောက်တွေကလည်း သူတို့ကိုယ်သူတို့ သူတော်စင်လို့ ဆိုကြတာပဲ။ ဟုတ်တယ် မဟုတ်လား"

"မှန်ပါတယ် မဟာရာဂျာ"

"ဟုတ်တယ် ဒီလူတွေဟာ နွားတွေသာသာပဲ၊ ဒါပေမဲ့ နွားတွေဟာ အရိုက်ခံရမယ့်အစား နိုင်ငံရေးသမားတွေက သူတို့ကို ကြည်ညိုလေးစားနေကြတယ်။ ဩော် . . မေ့လို့ ခင်ဗျားဟာ နိုင်ငံရေးသမားတစ်ယောက် ဖြစ်နေတော့ ကျွန်တော့်ကို ခွင့်လွှတ်"

"ခင်ဗျားသဘောထားကို ကျွန်တော် သဘောတူမှန်း သိပါတယ် မဟာရာဂျာ"

"တကယ်တော့ မဲပေးခွင့်ဆိုတဲ့ အခြေအနေက အဆိုးဝါးဆုံး ဖြစ်စေတာပဲ။ ခင်ဗျားဟာ နွားထီးတစ်ကောင်ကို မဲတစ်ပြားပေးပြီး နွားအုပ်ကြီးကို သူကောင်းပြုခဲ့





တယ်။ သူတို့ကို ရှေ့က ဦးဆောင်သွားရမယ့်အစား ခင်ဗျားက ဦးညွှတ် အရိုအသေပေးတယ်။ ခင်ဗျားက နွားထီးအများစုရဲ့ ခြေရာထဲမှာ ခင်ဗျားဘဝကို အနစ်မွန်းခံခဲ့ပြီမို့ နွားအုပ်ကြီးက ခင်ဗျားအပေါ် တက်နင်းမယ်။ ဒါဟာ ဒီမိုကရေစီရဲ့ အဓိပ္ပာယ်ပဲ ရှာမာ။ သေသေချာချာ မှတ်ထားစမ်းပါ။ ခင်ဗျားကိုယ်ခင်ဗျား အနစ်မွန်းမခံဖို့ သတိထားစမ်းပါ"

ကျွန်တော့်ကိုယ်ကျွန်တော် မလိမ်ပါဘူး မဟာရာဂျာ။ နောက်ပြီး ဘုရင်ကြီးကိုယ်တိုင်ကလည်း စိုးရိမ်ဖို့ မလိုပါဘူး။ ဒီနိုင်ငံခြားက သွင်းလာတဲ့စနစ်တွေဟာ ကျွန်တော်တို့ တိုင်းပြည်မှာ အမြစ်မတွယ်နိုင်ပါဘူး။ ကျွန်တော်တို့ရဲ့ မိရိုးဖလာအုပ်စိုးမှုက ဘုရင်အုပ်စိုးမှုပါ။ ကျွန်တော်တို့လူမျိုး လူငယ်တွေဟာ စာတွေသိပ်ဖတ်လွန်းအားကြီးလို့ စာအုပ်တွေရဲ့ စိုးမိုးမှုကို ခံနေရတယ်။ ဒါပေမဲ့ ဒါဟာ ယာယီပါ၊ ခဏပါ၊ ကျွန်တော်တို့နိုင်ငံရဲ့ ရိုးရာယဉ်ကျေးမှုဟာ ပြန်လည်ထွန်းကားမှာပါ မကြာပါဘူး။ မကြာမီ ရောက်လာတော့မှာပါ"

ခင်ဗျားဟာ ပညာရှိပဲ ရှာမာ။ ခင်ဗျားရဲ့ ပညာရှိမှု၊ အမြော်အမြင်ကြီးမှုကတော့ ကျွန်တော်တို့က ဝမ်းသာတယ်။ ကျေနပ်တယ် ဒါပေမဲ့ စကားလုံးတွေချည်းပဲ ဆိုရင် ဘာမှရနိုင်မှာ မဟုတ်ဘူး"

"ကျွန်တော့်စကားတွေဟာ လက်တွေ့အဖြစ် လှုပ်ရှားတော့မယ်ဆိုတဲ့ အကြောင်းကို ကျွန်တော်ကလာပြီး သတင်းပေးတာပါ မဟာရာဂျာ" ဟု ရှာမာက လေသံကို ပိုမို၍ နှိမ်ပြီးပြောသည်။

"ဘယ်တော့လဲ"

"ဒီညပဲ မဟာရာဂျာ"

"ဒါ ဒွန်ဒို့စကား မဟုတ်လား"

"ဒီတစ်ခါတော့ သူတကယ် ကတိပေးတာပါ မဟာရာဂျာ"

"နောက်ဆုံးအကြိမ်တုန်းကလည်း သူ ကတိပေးခဲ့တာပဲ"

"ဒီတစ်ခါတော့ ကတိပျက်လိမ့်မယ် မဟုတ်ပါဘူး မဟာရာဂျာ"

"ခင်ဗျားပြောတာ မှန်ကန်ပါစေလို့ ကျွန်တော် မျှော်လင့်ပါတယ် ရှာမာ။ အရေးမနိမ့်မယ့် ကတိတွေ မပျက်မယ့် အလုပ်မျိုးကိုပဲ ကျွန်တော်တို့က ကူညီအားပေးနိုင်တော့မယ်။ လွန်ခဲ့တဲ့ လတွေက မအောင်မြင်ခဲ့တဲ့ လုပ်ငန်းတွေကို ကူညီခဲ့ရတာဟာ ကျွန်တော်တို့မှာ ငွေသိပ်ကုန်ခဲ့ရတယ်။ အရေးထဲ ခင်ဗျားတို့ အစိုးရက ကျွန်တော်တို့ ပင်စင်တွေကို လျှော့ပစ်မယ်လို့ ပြောနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအခိုက်အတန့် အုပ်စိုးမှုကို ကျွန်တော့် အစိုးရလို့ မယူဆ လက်မခံပါဘူး မဟာရာဂျာ"

ရှီဘာဂျီရှွင်းသည် အနည်းငယ် စဉ်းစားလိုက်သည်။

"ကျွန်တော့်အစိုးရဟာ ပြန်လည်ပေါ်ပေါက်လာရတော့မှာပါ ခင်ဗျာ" ဟု ရှာမာက ပြောသည်။ "ဒါပေမဲ့ အဲဒီမွေးဖွားမှုဟာ ခင်ဗျားအပေါ် မူတည်နေတယ်"

"ကျွန်တော်တို့အပေါ် ဟုတ်လား။ အင်း ကျွန်တော်တော့ အင်မတန် စိတ်ဝင်စားတာပဲ"

"ဒီနေ့ညနေမှာ ဖြစ်မယ့် သတင်းဟာ တစ်ပြည်လုံးကို တောမီးလို ပျံ့သွားမယ်ဆိုရင် မူဆလင်သစ္စာဖောက်တွေအပေါ် ဘယ်လိုတုံ့ပြန်ရမယ်ဆိုတာ ကျွန်တော်တို့လူမျိုးတွေကို အချက်ပေးသလိုနေလိမ့်မယ်။ အေးနေတဲ့ သူတို့သွေးကို ပူနွေးစေလိမ့်မယ်။ စကားအရ အဓိပ္ပာယ်ဆောင်ရရင် ဒီညနေ အဖြစ်အပျက်ဟာ မီးရှူးတန်ဆောင်ပဲ။ တစ်တိုင်းပြည်လုံးဟာ ရက်ပေါင်းများစွာ၊ ရက်သတ္တပေါင်းများစွာ ဆူပူလှုပ်ရှားလာလိမ့်မယ်။ အဲဒီအခါမှာ ကျွန်တော်က ဒီအစိုးရ နုတ်ထွက်ပေးဖို့ လွှတ်တော်မှာ တောင်းဆိုမယ်။ နောက်ပြီး ကျွန်တော်တို့လူမျိုးတွေအားလုံးက လေးစားမယ့်၊ ကြည်ညိုမယ့်၊ လက်ခံမယ့် ပုဂ္ဂိုလ်ကို တိုင်းပြည်ရဲ့ အထွတ်အထိပ် အကြီးအကဲအဖြစ် တင်မြှောက်ဖို့ တိုက်တွန်းမယ်"

ရှာမာသည် ပြောပြောဆိုဆို ကုလားထိုင်မှဆင်းပြီး ရှွင်းရှေ့တွင် ဒူးထောက်ထိုင်လိုက်သည်။ ထို့နောက် သူ့နဖူးဖြင့် ရှွင်း၏ လက်ယာခြေဖမိုးကို ငုံ့ထိလိုက်သည်။

"ခင်ဗျားရဲ့ အစီအစဉ်ဟာ အင်မတန် ကောင်းပါတယ်" ဟု မဟာရာဂျာက ပြောသည်။ ဒါပေမဲ့ ခင်ဗျားရဲ့ ရာထူးစွန့်လွှတ်ရေး အချို့ကို အစိုးရက ကြည်ကြည်ဖြူဖြူ လိုက်လျောမယ်လို့ ဘာဖြစ်လို့ ယုံကြည်ထားတာလဲ"

"နှစ်ချက်ရှိပါတယ် မြတ်သောမင်းကြီး" ဟု ကုလားထိုင်တွင် ပြန်ထိုင်ရင်း ရှာမာက ရှင်းပြသည်။ "ပထမ တစ်ပြည်လုံး ဥပဒေမဲ့ ဖြစ်နေတာမို့ လူတိုင်းကလည်း တစ်ခုခုကို အရေးတကြီး လုပ်ပေးရမယ်လို့ ယုံကြည်လာကြလိမ့်မယ်။ ဆူပူမှုဟာ အင်မတန် မြန်ဆန်ပြင်းထန်မှာမို့ ကျွန်တော့်အဆိုနဲ့ ယှဉ်ပြိုင်ပြီး ဘယ်သူကမှ ဒီ့ပြင် နည်းလမ်းရှာမယ့် အဆိုမျိုးကို တင်သွင်းနိုင်မှာ မဟုတ်ဘူး။ ဒုတိယက နိုင်ငံရဲ့ အကြီးအကဲ တစ်ဦးဦးကို ခန့်ဖို့ကိစ္စမှာ ဒီမိုကရေစီ စနစ်ကို ရှုံ့မုန်းနေတဲ့ အမတ်အများစုရဲ့ ထောက်ခံမှု၊ မဲပေးမှုကို ကျွန်တော် ရမယ်"

"ခင်ဗျားရဲ့ လိမ္မာပါးနပ်မှုအတွက်တော့ ကျွန်တော် သံသယ မဖြစ်ပါဘူး။





ထပ်ဆင့်မေးခွန်းလည်း မထုတ်ချင်ပါဘူး။ ဒါပေမဲ့ ခင်ဗျား စစ်တပ်ကိုတော့ မေ့မနေပါဘူးနော်။ စစ်တပ်ဟာ သူ့ဘာသာ အေးအေးဆေးဆေး အိပ်နေမယ်လို့တော့ ခင်ဗျား ယုံကြည်မထားပါဘူးနော်"

"မထားပါဘူး ခင်ဗျာ မထားပါဘူး" ဟု ရှာမာက သွက်လက်စွာ ပြောသည်။

"ဒါပေမဲ့ ကျွန်တော်တို့ စစ်တပ်အများစုဟာ အခုဆိုရင် ကက်ရှမီးယားနဲ့ နယ်စပ်သစ်တစ်လျှောက်မှာ တပ်စွဲထားကြတယ် မဟုတ်လား။ နောက်ပြီး တောင်ပိုင်းမှာ အဓိကရုဏ်းတွေ ဖြစ်နေတာမို့ နှိမ်နင်းဖို့ စစ်တပ်ကို ပို့ထားရတယ်။ အဲဒီ အဓိကရုဏ်းကို ဂုရုဂျီရဲ့ ဟိန္ဒူတွေက ဦးဆောင်တာမို့ စစ်တပ်အနေနဲ့ အားသွန်ခွန်စိုက် နှိမ်နင်းနေရတယ်။ ကျွန်တော်တို့ စစ်တပ်တွေဟာ ဒီအစိုးရပြုတ်ကျရင် ဘာလုပ်မလဲ။ ဟိန္ဒူညီအစ်ကိုတွေနဲ့ လက်တွဲတိုက်ပွဲဝင်ရအောင် သူတို့ဟာ မူဆလင်ရန်သူတွေကို ဦးတည်တိုက်ခိုက်နေရာက နောက်ဆုတ်လာပြီး ကျွန်တော်တို့အနေနဲ့ လာပေါင်းမလား။ ဒါပေမဲ့ အဲဒီလို တပ်တွေ ပြန်ဆုတ်လာအောင် ဘယ်သူက အမိန့်ပေးမလဲ"

"ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ ဘက်မှာကလည်း ချို့ယွင်းချက် ရှိနေတယ် ရှာမာ။ ကျွန်တော်တို့ဟာ အုပ်ချုပ်ရေးနဲ့ စစ်ရေးစစ်ရာတွေကို အပြီးတိုင် လေ့လာလို့ မပြီးသေးဘူး"

ထိုအခိုက် တယ်လီဖုန်းက မြည်လာသည်။ ခပ်လှမ်းလှမ်းတွင် ကျောက်ရုပ်ကဲ့သို့ တစ်ချိန်လုံး ရပ်နေသောအစောင့်က အပြေးအလွှား ရောက်လာပြီး တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

"ဟုတ်ကဲ့ခင်ဗျား" ဟု အစောင့်က ပြောသည်။ "ခဏလေး ကိုင်ထားပါဦး ဒေါ်ဒေါ်"

"ငါကခေါ်တဲ့အထိ စောင့်နေလို့ ပြောလိုက်စမ်းကွာ" ဟု ရှီဘာဂျီရှွင်းသည် အစောင့်က မည်သူမည်ဝါဟူ၍ မပြောမီ အမိန့်ပေးလိုက်သည်။

"အရှင်သခင်က သူ အဆင်သင့်ရှိတဲ့အခါမှာ အကြောင်းကြားပါမယ်တဲ့ ခင်ဗျာ" ဟု အစောင့်က ပြောသည်။

"ဟုတ်ကဲ့ ဒေါ်ဒေါ်" ဟု သူက တယ်လီဖုန်း ပြောခွက်ကို ချလိုက်ကာ. . .

"သူ သိပ်ဆာနေပြီလို့ အရှင့်ကို ပြောပေးပါတဲ့ ခင်ဗျာ" ဟု ပြောသည်။

ထို့နောက် ဦးညွတ်အရိုအသေပြုရင်း အစောင့်သည် မူလနေရာသို့



www.burmeseclassic.com

www.burmeseclassic.com



ပြန်သွားကာ မလှုပ်မယှက် ရပ်နေသည်။

"ဒီည အစီအစဉ်တွေအတွက်တော့ စိတ်ချထားပါ မဟာရာဂျာ" ဟု ရှာမာက ပြောသည်။ "ဂုရုဂျီက တကယ့်ကို ကတိပေးထားပါတယ်။

"ကျွန်တော်တို့ အိမ်စောင့်အစိုးရတက်လာရင် ဒွန်ဒိုအနေနဲ့ ဘယ်လိုနေရာမျိုးက ဆောင်ရွက်မှာတဲ့လဲ"

"ဂုရုဂျီအတွက် မစိုးရိမ်ပါနဲ့ မဟာရာဂျာ"

"ကျွန်တော်တို့ ဘယ်သူ့ကိုမှ မကြောက်တတ်ဘူး ရှာမာ။ ဒါပေမဲ့ ဘယ်သူ့ကိုမှတော့ ယုံကြည်လို့ မရဘူး"

"ဂုရုဂျီမှာ ပုဂ္ဂိုလ်ရေးရာအရ ဘယ်လိုရည်မှန်းချက်မှ မရှိဘူးဆိုတာ ကျွန်တော် ပြောခဲ့ပါတယ်"

"လူတိုင်းမှာ ရည်မှန်းချက်တွေ ရှိတာပါ"

"ဂုရုဂျီအနေကတော့ ဘယ်လိုတောင့်တမှုမှ မရှိတာ အမှန်ပါပဲ မဟာရာဂျာ"

"ဒါဖြင့် သူအဖွဲ့အစည်းအတွက် ဘာဖြစ်လို့ ကြိုးကြိုးစားစား အပင်ပန်းခံပြီး သူက လုပ်နေရတာလဲ ဟင်"

"ကျွန်တော်တို့ရဲ့ ဘာသာရေးကို မူဆလင်နဲ့ ခရစ်ယာန်တွေက မဖျက်ဆီးနိုင်အောင်လို့ပါ မဟာရာဂျာ"

"ဟုတ်ပါတယ် ဒါက သူ့အပြောပဲ ရှာမာ။ ခင်ဗျား ပညာရှိတစ်ယောက်ဖြစ်တယ်။ ဒီတော့ ဘယ်သူဟာ အန္တရာယ်အရှိဆုံး လူဖြစ်တယ်ဆိုတာ ကျွန်တော့်ကို ပြောပြစမ်းပါ"

"အန္တရာယ်အရှိဆုံးလူ ဟုတ်လား မဟာရာဂျာ၊ ဘယ်သူ့အတွက်ကို ပြောတာလဲ ဟင်"

"တစ်ယောက်ယောက်အတွက်ပဲ ရှာမာ။ ဘယ်သူ့အတွက်ဆိုတာက အရေးမကြီးပါဘူး"

"ဒါကတော့ အရေးကြီးပါတယ် မဟာရာဂျာ၊ လူတစ်ယောက်အတွက် ရန်သူဟာ ဒီ့ပြင်လူတစ်ယောက်အတွက် မဟာမိတ် ဖြစ်တတ်တယ် မဟုတ်လား"

"မဟုတ်ဘူး ရှာမာ ကြောက်စရာ အကောင်းဆုံး ရန်သူဟာ ခင်ဗျားအတွက်"

"ဒါပေမဲ့ မဟာရာဂျာ. ."





"ကျွန်တော့်စကားကို ဖြတ်မပြောပါနဲ့ ရှာမာ"

"ခွင့်လွှတ်ပါ မဟာရာဂျာ"

"လူတစ်ယောက်ဟာ ဒီ့ပြင်လူအတွက် ရန်သူဖြစ်ပေမဲ့ သူ့အနေနဲ့ သူ့ကိုယ်ကျိုးကို ကြည့်မယ်ဆိုရင် ဒီလူဟာ ခင်ဗျားအတွက် မိတ်ဆွေဖြစ်နိုင်တယ် မဟုတ်လား"

ဒေါက်တာရှာမာက မထိတထိ ပြုံးလိုက်သည်။

"ဥပမာ ခင်ဗျားလိုလူမျိုးပဲ ရှာမာ"

"ကျွန်တော် ဟုတ်လား"

"ဟုတ်တယ်လေ ခင်ဗျားရဲ့ မဖုံးကွယ်နိုင်တဲ့၊ ကြွယ်ဝချမ်းသာချင်တဲ့ ရည်ရွယ်ချက်တွေလေ"

"ကျွန်တော့်မှာ အပြစ်အချို့ ရှိခဲ့တာကို ကျွန်တော် ဝန်ခံပါတယ် မဟာရာဂျာ"

"ခင်ဗျားဟာ အာဏာကို မက်မောခဲ့တယ်၊ လိုချင်ခဲ့တယ်"

"ကျွန်တော် အာဏာကို လိုချင်တာက မဟာရာဂျာအတွက်ပါ။ မဟာရာဂျာ အထွတ်အထိပ် ရောက်အောင် ကျွန်တော် လုပ်ပေးနိုင်အောင်လို့ပါ"

"သတိထားပြောပါ ရှာမာ၊ ခင်ဗျားကိုယ်ခင်ဗျား ကိုယ်ကျိုးမဲ့သမား တစ်ယောက်အဖြစ် မပြောပါနဲ့၊ ကျွန်တော် အရေးတကြီး သိချင်တာက တစ်နေ့မှာ ဒွန်ဒိုဟာ ကျွန်တော်တို့ကိုရော ဖျက်ဆီးမှာတဲ့လား"

"ကျွန်တော်တို့ဟာ သူ့မိတ်ဆွေပါ မဟာရာဂျာ၊ မဟာရာဂျာ့အတွက်ဆိုရင် သူဟာ မိတ်ဆွေအပြင်မက သူ့ကို ထောက်ပံ့ကူညီခဲ့သူ တစ်ယောက်ဖြစ်တယ်။ တကယ်တော့ အင်္ဂလန်မှာ သွားပြီး ပညာသင်ဖို့ စားစရိတ် ထောက်ပံ့ခဲ့တာက မဟာရာဂျာ ဖခင် မဟုတ်ဘူးလား၊ ဒီတော့ ဂုရုဂျီက ခင်ဗျားအပေါ် ဘယ်လိုလုပ်ပြီး သစ္စာဖောက်ပါ့မလဲ၊ အကျိုးယုတ်အောင် လုပ်ပါ့မလဲ"

"ဒါပေမဲ့ ကျွန်တော်တို့ကတော့ အဲဒီလို မထင်ထားရဘူး ရှာမာ၊ တစ်နေ့မှာ သူဟာ ကျွန်တော်တို့ကို ကြံစည်လိမ့်မယ်လို့ အမြဲပဲ ယုံကြည်ထားတယ်"

"ကျွန်တော်တော့ အဲဒီလို လုံးဝမယုံကြည်ပါဘူး မဟာရာဂျာ"

"ဒွန်ဒိုဟာ အင်မတန် လိမ္မာပါးနပ် ကောက်ကျစ်တဲ့ လူဖြစ်တယ် ရှာမာ။ အင်မတန် ကြောက်စရာကောင်းတဲ့ လူပဲ၊ ကဲလေ. . . ကဲလေ ထားပါတော့ ဒီညအတွက် ခင်ဗျားက ဘယ်လောက်လိုချင်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်သောင်းလောက်ဆိုရင် လုံလောက်ပါတယ်"

"ကျွန်တော်တို့ကိုယ်က ရွှေတွေထွက်နေတယ်လို့ ခင်ဗျားက ထင်သလား ရှာမာ"

ဒီလပြည့်မတိုင်မီမှာ အခု ဘုရင်ခံချုပ်ရဲ့အိမ်မှာ အရှင်သခင်ဟာ ပြန်လည် နေထိုင်နိုင်ပါလိမ့်မယ်"

"ဒါနဲ့ ဒီညနေ သုတ်သင်ပွဲကို ဘယ်သူက လုပ်မှာလဲ ရှာမာ"

"နာတူးရမ်ဂေါ့ဆီးပါ မဟာရာဂျာ"

"အရက်သမားဟာလား"

"ဒါပေမဲ့. . ."

"မလိုချင်ပါဘူး ရှာမာ မလိုချင်ဘူး ဘာမှ နောက်ထပ်မပြောနဲ့တော့ ခင်ဗျား ဆက်လက်ပြီး အချိန်မဖြုန်းချင်ပါနဲ့တော့"

"ဒါပေမဲ့ ဂုရုဂျီက ကျိန်တွယ်. . ."

"ကြယ်တွေ စိမ်းလာတဲ့အထိ သူကျိန်တွယ်စမ်းပါစေ၊ ဒီအဓိပ္ပာယ် မရှိတာတွေအတွက် ကျွန်တော်တို့က ဘာဖြစ်လို့ ဂရုစိုက်ရမှာလဲ ကျွန်တော်တို့ဟာ ဒွန်ဒိုရဲ့ အရက်သမားကို လွှန်ခဲ့တဲ့လတွေက ဒီအလုပ်အတွက် ဘယ်လောက်ပေးခဲ့ရ တယ်ဆိုတာ ကျွန်တော် ပြန်ပြောရဦးမလား ဟင်"

"ကျွန်တော် ပြောပါရစေဦး"

"မလိုတော့ပါဘူး ရှာမာ" ဟု ပြောရင်း ထိုင်ရာမှ ထလိုက်သည်။ နောက်ဆုံး အကြိမ်ကလည်း တစ်သောင်း ပေးခဲ့ရသေးတယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ မဟာရာဂျာ ဒါပေမဲ့ ဒီတစ်ကြိမ်တော့"

"ဒါပေမဲ့ ဒွန်ဒိုရဲ့မိတ်ဆွေ သတင်းစာဆရာက ဘာတွေ လုပ်ခဲ့တယ်ဆိုတာ ကိုတော့ ပြောနေဦးမလား"

"ဟိုတုန်းက အချိန်မရောက်သေးလို့ မအောင်မြင်ခဲ့တာပါ မဟာရာဂျာ . . ."

ရှိဘာဂျီရှိန်းက ရှာမာ့စကားကို ဂရုမစိုက်ဘဲ အစောင့်ကို လက်ဖျောက်တီး ခေါ်လိုက်ကာ. . ."

"ကဲ ငါ့မိတ်ဆွေမကို လာနိုင်ပြီလို့ ပြောလိုက်တော့ဟေ့" ဟု အမိန့်ပေး လိုက်သည်။

"ကျွန်တော် တောင်းပန်ပါတယ်" ဟု ရှာမာက ဝင်ပြောသည်။





"ဘာလဲ လျှို့ဝှက်ချက်တွေကို မင်း နားမထောင်ချင်ဘူးလား"

"ဘယ်သူက ပြောလို့လဲ"

နာတူးက ပြုံးလိုက်သည်။

"ကဲ လက်ဖက်ရည်ပဲ သောက်ပါရစေ" ဟု ပြောလိုက်ရာ ရှီလာသည် သူ့အနီးမှ ထွက်သွားသည်။ သူ့ကို ကျောခိုင်းလျှောက်သွားသည့် ရှီလာနောက်ပိုင်းကို ကြည့်ရင်း "ဒီကို ပြန်လာဦး" ဟု လှမ်းခေါ်လိုက်သည်။

"ဘာလဲဟင်" ဟု ရှီလာက မဝံ့တဝံ့နှင့် ပြန်လျှောက်လာသည်။

သူက သူမကိုယ်လုံးကို အိပ်ရာပေါ် ဆွဲချလိုက်ရင်း သူ့ရင်နှင့်ဖိထားသည်။

"အို နေဦးလေ. . ကျွန်မ အဝတ်အစား လဲလိုက်ဦးမယ်" ဟု သူက တောင်းပန်သည်။

"စကားမပြောနဲ့" ဟု ပြောရင်း သူက ရှီလာ့နှုတ်ခမ်းများကို နမ်းလိုက် သည်။ သူ၏ ကိုယ်လုံးလေးကိုလည်း တင်းကျပ်စွာ ဖက်ထားသည်။

"လွှော့ပါဦး ကျွန်မ အသက်ရှုကျပ်လွန်းလို့" ဟု သူမက တောင်းပန် လာပြန်သည်။

"မင်းကို စကားမပြောနဲ့လို့ ပြောတာ မကြားဘူးလားဟင်" ဟု ပြောကာ သူမကို တွန်းထုတ်လိုက်သည်။

ရှီလာသည် ကြမ်းပြင်ပေါ် ယိမ်းယိုင်သွားရင်း တရှုပ်ရှုပ်ငိုသည်။

"တိတ်စမ်း" ဟု နာတူးက အမိန့်ပေးသည်။ "လက်ဖက်ရည်သွားဖျော်စမ်း မင်းမျက်ရည်အတွက် ငါက ပိုက်ဆံပေးထားတာ မဟုတ်ဘူး"

"ကျွန်မ ဝမ်းနည်းပါတယ်" ဟု တောင်းပန်ကာ ရှီလာသည် မီးဖိုထဲ ဝင်သွား တော့သည်။

သူ စိတ်ဆိုးခဲ့ရသည်မှာ သူမ အပြစ်မဟုတ်ကြောင်း နာတူးက လုံးဝသိ သည်။ သူ့ဆက်ဆံမှုများသည် အခြားလူများအတွက် နာကျင်မှုနှင့် မျက်ရည်များဖြင့်သာ ဆုံးခန်းတိုင်ခဲ့ရတတ်သည်။

ရာနီတစ်ယောက်သာ ထိုသို့မဖြစ်ခဲ့။

သူသည် ရာနီကို တွေ့ချင်လာသည်။ နောက်ဆုံး တစ်နာရီလောက်ပဲ ဖြစ်ဖြစ်. . .

ထရင်ဘတ်မှ ပြန်လာပြီးသည့်နောက် သူတို့နှစ်ယောက် ကိစ္စမှာ ပြီးပြီဟု နာတူးက ယုံကြည်ခဲ့သည်။ ထို့ကြောင့် သူက သူ့လုပ်ငန်းများတွင် စိတ်ဝင်စားစွာ



www.burmeseclassic.com

www.burmeseclassic.com



တွင် ဝတ်ထားသော သူ့စိန်လက်စွပ်ကို ကြည့်သည်။ ထိုစိန်လက်စွပ်ကို သူက များစွာ မက်မောသည်၊ စိန်ဆယ်ရတီပါသည် ဖြစ်၍လည်း လက်စွပ်မှာ အဖိုးတန်လှသည်။

မဟာရာဂျာက လက်စွပ်ကို တဖြည်းဖြည်းချင်း ချွတ်လိုက်သည်။ လက်စွပ်မှာ တစ်နေသည်။ ရှာမာက ကပျာကယာ ကူညီချွတ်ပေးသည်။

"အင်း ခင်ဗျားကတော့ ကျွန်တော့်လက်ချောင်းကိုပါ တစ်ခါတည်း ယူသွားချင်မှာပဲ ရှာမာ"

"မဟုတ်ပါဘူး မဟာရာဂျာ၊ အရှင်သခင်ရဲ့ ကျေးကျွန်ဟာ တတ်နိုင်သမျှ ကူညီချင်တဲ့ ဆန္ဒသာရှိပါတယ်"

"ကဲ" ဟု ဆိုကာ မဟာရာဂျာက လက်စွပ်ကို ချွတ်၍ ထောင်ပြလိုက်သည်။ "ဒီလက်စွပ်ဟာ ငွေ ၅၀,၀၀၀ တန်တယ်။ ဒီတော့ ခင်ဗျားအနေနဲ့ အနည်းဆုံး ၂၀,၀၀၀ ရမှာကတော့ သေချာတယ်။ ဘာပဲဖြစ်ဖြစ် ငွေတွေကိုတော့ မဖြုန်းတီးပစ်ပါနဲ့ ဒီလက်စွပ်ဟာ ကျွန်တော့် အဘိုးပိုင်တဲ့ လက်စွပ်ပဲ"

* * *



## (၈)

"မင်းကို ငါလျှို့ဝှက်ချက် ပြောပြရမလား" ဟု နာတူးက မေးလိုက်သည်။

"ဟုတ်ကဲ့ ကျွန်မ လျှို့ဝှက်ချက်မှန်သမျှကို ကြားချင်ပါတယ်ရှင်" ဟု ရှီလာက သူ့နားအနီးကပ်ပြီး တိုးတိုးပြောလိုက်သည်။

"ဒါ ဘာလုပ်တာလဲ"

"အဲဒီလို လုပ်တာကို ယောကျ်ားလေးတွေက ကြိုက်တယ်လို့ ကျွန်မ ထင်လို့ပါ"

"ငါတော့ မကြိုက်ဘူး ယားကယားနဲ့"

"ကျွန်မက ရှင်ကြိုက်မယ်ထင်လို့ လုပ်တာပါ" ဟု ရှီလာက ပြောသည်။ ဆက်ဆံဖူးသမျှ ယောကျ်ားများထဲတွင် သူသည် အထူးခြား ဆုံး ဖြစ်သည်ဟု သူမက ဆုံးဖြတ်သည်။

"မင်းက ငါ့ကို ယားအောင်လုပ်နေရင် လျှို့ဝှက်ချက်ကို ဘယ်လိုလုပ်ပြီး ငါက ပြောပြနိုင်တော့မှာလဲ"

"ကျွန်မ သေသေချာချာ နားထောင်ပါ့မယ်" ဟု သူမက ကတိပေးသည်။

"မင်း ဘယ်သူ့ကိုမှ ပြန်မပြောရဘူးနော်"

"မပြောပါဘူး"

"မင်းကျိန်ဝံ့ပါ့မလား"

"ကျိန်ဝံ့ပါတယ်။ ဘာဖြစ်လို့ရော မကျိန်ဝံ့ရမှာလဲ"

"ကဲ. . ဒါဖြင့် ကျွန်မ အခု ကြားရတာတွေကို ဘယ်တော့မှ ဘယ်သူ့ကိုမှ ပြန်မပြောပါဘူးလို့ ကျိန်တွယ်ပါတယ်လို့ ပြောစမ်း"

ရှီလာက လိုက်ဆိုသည်။

နာတူးက အိပ်ရာပေါ်မှ ထထိုင်လိုက်သည်။

"ရှင့်အတွက် ကျွန်မ ဂျင်ယူပေးရဦးမလား ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ရှင်းပြ. . ."

"ရှာမာ ကျွန်တော်တို့ စကားပြောခဲ့တာ ကြာလှပြီမို့ ပင်ပန်းလှပါပြီ၊ ကျွန်တော်တို့ အနားယူကြစို့"

"ဒီတစ်ကြိမ် မအောင်မြင်ရင် ဂေါ်ဆီးဟာ အသက်ရှင်နေနိုင်တော့မှာ မဟုတ်ဘူးဆိုတာ ကျွန်တော် ကတိပေးပါတယ် မဟာရာဂျာ"

"မယုံရတဲ့လူကို ကျွန်တော်တို့က ဘာဖြစ်လို့ ထပ်ခိုင်းတော့မလဲ ရှာမာ၊ ကဲ. . ကျေးဇူးပြုပြီး ထပ်မပြောကြစို့နဲ့လား. . ."

"ဟုတ်ကဲ့ခင်ဗျာ" ဟု အစောင့်က ပြောသည်။ "ကောင်းပါပြီခင်ဗျာ" ဟု သူက တယ်လီဖုန်းကို ပြန်ချလိုက်သည်။

"ဘာတဲ့လဲဟေ့" ဟု မဟာရာဂျာက လှမ်းမေးသည်။

"သူ့ကိုယ်သူ အလှပြင်နေပါတယ်တဲ့ ခင်ဗျား၊ ပြီးပြီးချင်း လာပါမယ်တဲ့. . ."

"ဒါပဲတဲ့လား ကောင်းပြီ. . ."

သူ့ကပွဲမှာ ပြီးဆုံးပေတော့မည်ဟု ဒေါက်တာရှာမာက နားလည်မိသည်။ သို့သော် သူက နောက်ဆုံးအနေအဖြစ် ကြိုးစားကြည့်သီးမှ ဖြစ်မည်။

"ဂေါ်ဆီးဟာ မအောင်မြင်ဘူးဆိုရင်. . . တကယ်တော့ သူ အောင်မြင်မှာပါ မဟာရာဂျာ၊ ဒီကိစ္စမှာ ကျွန်တော် လုံးဝတာဝန်ယူပါတယ်။ ကျွန်တော် ပြောတာကို ကြားတယ် မဟုတ်လား မဟာရာဂျာ"

"သိပ်တော့ သေသေချာချာ မကြားမိဘူး၊ ဆိုစမ်းပါဦး"

"ရှင်းစမ်းပါဦး ရှာမာ"

"ဒီလိုပါခင်ဗျာ အရှင်သခင် အကြိမ်ကြိမ် ပြောခဲ့တဲ့ အတိုင်းပဲ မူဆလင် လူမျိုးတွေကသာ မြင့်မြတ်တယ်လို့ သူက အကြိမ်ကြိမ် ပြောနေတာကို ကျွန်တော် ဆက်လက်သည်းမခံနိုင်တော့ဘူး"

"အင်း ဆိုစမ်းပါဦး"

"ဒီတော့ ကျွန်တော်တို့က သူ့ကို ဆက်လက်ပြီး စကားပြောခွင့် မပေးတော့ဘူး၊ တကယ်လို့ ဂုရုဂျီ မိတ်ဆွေဟာ မအောင်မြင်ဘူးဆိုရင်၊ ပုဆိန်ရိုးတစ်ခု ကျိုးရင် ကျိုးပါစေ၊ ကျွန်တော်တို့က နောက်ပုဆိန်ရိုးတစ်ခုကို လဲပါမယ်၊ အစားထိုးပါ့မယ်"

"ခင်ဗျားဟာ အင်မတန် စကားတတ်တဲ့လူပါလား ရှာမာ"

ရှီဘာဂျီရှိုင်းသည် ရှာမာကို ကြည့်လိုက်သည်။ ထို့နောက် လက်သူကြွယ်





လုပ်ခဲ့သည်။ သူ့ပြောင်းလဲမှုအတွက် အက်တီးကပင် မတွေးတတ်အောင် ရှိခဲ့သည်။

"မင်းကိုယ်မင်း သတ်နေတာလား နာတူး" ဟု အက်တီးက မေးခဲ့သည်။

"ဒီလောက် ညဥ့်နက်အောင် မင်းဘာဖြစ်လို့ အလုပ်လုပ်နေတာလဲ၊ နက်ဖြန် အားလပ်ရက်ဆိုတာ မင်းမေ့နေသလား"

"သွားသောက်စမ်း အက်တီး" ဟု ဖောင်တိန်ကို စားပွဲပေါ် တင်လိုက်ရင်း နာတူးက ပြောသည်။ "မစ္စတာဂျင်းနာက ဖွင့်ချပြီလေ. . . အဲဒါအတွက် ငါတို့ ကတော့ သဘောကျတယ်။ သူ့ပွင့်လင်းမှုအတွက်လည်း ချီးကျူးတယ်၊ မူဆလင်အဖွဲ့ ဟာ မကျေမနပ် ဖြစ်နေတယ်လို့ သူက ဝန်ခံခဲ့တဲ့အတွက် ငါတို့က သူ့ကို ကျေးဇူး တောင် တင်မိသေးတယ်။ သူတို့ဟာ အမှန်ပဲ မကျေမနပ် ဖြစ်နေကြတယ်"

"အင်း သတင်းကောင်းပဲ" ဟု အက်တီးက မှတ်ချက်ချသည်။ "ဒါပေမဲ့ နောက်တစ်နေ့ သတင်းစာထွက်မှာမှ မဟုတ်တဲ့ဟာ မင်းက ဘာဖြစ်လို့ ခုလို ညဥ့်နက်တဲ့အထိ ဒီသတင်းတွေကို ထိုင်ရေးနေရတာလဲဟင်"

နာတူးသည် သူရေးနေသည့် စက္ကူကို လုံးထွေးလိုက်ပြီး အမှိုက်ခြင်းထဲ ပစ်ထည့်သည်။ သို့သော် စက္ကူလုံးသည် ချော်ပြီး ကြမ်းပြင်ပေါ် ကျသွားသည်။

"နာတူး မင်းအနားယူသင့်ပြီ မင်းဟာ အေးအေးဆေးဆေးနဲ့ တေးဂီတတွေ ကို နားထောင်လို့. . ."

"စကားလုံးတွေဟာ တေးဂီတဖြစ်နိုင်တယ် အက်တီး၊ တေးဂီတလိုပဲ စကားလုံးတွေက လူ့စိတ်ကို မွှေနှောက်နိုင်တယ်။ တက်ကြွနိုင်တယ်။ ဂုရုဂျီရဲ့ စကားဟာ တေးဂီတပဲ၊ သူဟာ လက်ာဆရာ မင်းတွေ့တဲ့အတိုင်း. ."

"သူ့စကားတွေကို နားထောင်ရင်တော့ မင်းဟာ သူ့မှိုင်းမိဦးမှာပဲ၊ တွေဝေ ဦးမှာပဲ မင်းဘာဖြစ်နေတာလဲ နာတူး၊ တို့သတင်းစာရဲ့ စောင်ရေဟာ တစ်နေ့တခြား တက်နေတာ မင်းမေ့သွားပြီလား"

"သတင်းစာစောင်ရေ တက်တာ ကျတာကိုပဲ မင်းစိုးရိမ်သလား အက်တီး"

"ငါ စိုးရိမ်တာ အားလုံးလား၊ ငါဟာ ငါ့စားပွဲပေါ်မှာ အလိုအလျောက် အိပ်ပျော်တဲ့အထိ ထိုင်နေတတ်တဲ့ လူစားမျိုး မဟုတ်ဘူး နာတူး ကဲ. . . လာပါကွာ သူတို့ ဂါတောင်စနေရောပေါ့"

ကပွဲမှာ ပူနားတွင် လူကြိုက်များသည့် ပွဲဖြစ်သည်။ ထိုပွဲမျိုးမှာ နေဝင်သည် မှ အရုဏ်တက်အထိ ကသည်။ ပွဲကြည့်သူများသည် ထိုအချိန်အတွင်း ဝင်လိုဝင် ထွက်လိုထွက် ပြုနိုင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါမလိုက်နိုင်ဘူး ဒီအယ်ဒီတာ့အာဘော်ကို ပြီးအောင်ရေးလိုက်ဦးမယ်" ဟု နာတူးက ငြင်းသည်။

"မင်း နက်ဖြန်မှာ ရေးနိုင်သားပဲ နာတူး၊ ပွဲကိုမင်းကြိုက်မှာပါ"

"ကဲလေ" ဟု နောက်ဆုံးတွင်မူ နာတူးက သဘောတူသည်။

သူတို့ရောက်သွားချိန်တွင် ကပွဲခန်းမမှာ လူများပြည့်နေလေပြီ။

"လာဟေ့ ရှေ့တန်းမှာ သွားထိုင်ရအောင်" ဟု အက်တီးက ခေါ်သည်။

"ဟေ့ကောင် သိပ်မဆွဲနေနဲ့ကွာ လူတွေကို တက်နင်းမိဦးမယ်"

"ဟေ့လူတွေ တိုးတိုးပြောကြပါ" ဟု ပွဲကြည့်ပရိသတ်တစ်ဦးက ကန့်ကွက်လိုက်သည်။

ရှေ့ဆုံးတန်းတွင် ချန်ပီယံကို နာတူးက လှမ်းတွေ့ရသည်။ သူ့နံဘေးတွင်မူ လှပသော ရာနီ။

သူတို့နံဘေးတွင် နေရာလွတ်ရှိသည်ဖြစ်၍ အက်တီးက နာတူးကို ဆွဲခေါ်သွားကာ ထိုင်ချလိုက်သည်။

ရာနီက ခင်ပွန်းနှင့် နာတူးကို မိတ်ဆက်ပေးသည်။

"ကျွန်မတို့ရဲ့ အယ်ဒီတာကြီးနဲ့ တွေ့ခဲ့ဖူးတယ် မဟုတ်လား" ဟု သူမက ချန်ပီယံကို မေးသည်။

"တွေ့ဖူးတာပေါ့" ဟု ချန်ပီယံက ပြုံး၍ ဖြေသည်။

"ခုလို ထပ်တွေ့ရတာ ဝမ်းသာစရာပဲ၊ ဒါနဲ့ ခင်ဗျားလာတာ နောက်ကျလှချည့်လား၊ ဟုတ်တယ် မဟုတ်လား ရာနီ"

"ဒါပေမဲ့ ကပွဲက ခုမှ စသေးတာပါ" ဟု သူမက လေသံဖြင့် ပြောသည်။

"သြော်. . . ဒါဖြင့်"

"ဘာလဲ ကျွန်မကိုထားပြီး သွားဦးမလို့လား ဒီအချိန်မျိုးမှာ ဘယ်မှာသွားပြီး တင်းနစ်ရိုက်ဦးမှာလဲ"

"ကလပ်မှာ သန်းခေါင်မတိုင်မီ လာကစားပြပါ့မယ်လို့ ကိုယ်ကတိပေးခဲ့တယ် အချစ်၊ ဩစတြေးလျ ကစားနည်းတွေကိုလည်း ကိုယ်တို့ဆွေးနွေး. . ."

"ဒါဖြင့်လည်း သွားလေ" ဟု ရာနီက ပြောသည်။ "ဒါပေမဲ့ ကျွန်မလိုက်ဖို့"

"ကိစ္စမရှိပါဘူး ရာနီ၊ ဒါပေမဲ့ မင်းကိုယ့်ကို တကယ်ခွင့်လွှတ်တယ်နော်"

ရာနီက ပြုံးလိုက်သည်။

"မနက် ၃ နာရီထိုးတောင် ဒီကိုပြန်လာမယ်လို့ စိတ်မကူးပါနဲ့၊ ကျွန်မ





ဦးလေးနဲ့ပဲ ပြန်ပါ့မယ်။ ဟုတ်တယ် မဟုတ်လား ဦးလေး" ဟု သူမတို့ အနီးရှိ မိတ်ဆွေလူကြီးတစ်ဦးကို မေးလိုက်သည်။

ချန်ပီယံက နာတူးနှင့် အက်တီးတို့ကိုပါ နှုတ်ဆက်ပြီး ကပွဲခန်းမထဲမှ ထွက်သွားတော့သည်။

တေးဂီတသံသည် သူ့နားထဲ ဝင်လာသည်။ အံ့ဩစရာကောင်းလောက်အောင်ပင် သူ့အနီးသို့ ရာနီတိုးလာကြောင်း နာတူးက တွေ့ရသည်။ ရာနီ့မိတ်ဆွေလူကြီးမှာမူ အပြင်ထွက်သွားသည်။

ရေမွှေးနံ့က သင်းလာသည်။ သူက လှည့်ကြည့်လိုက်သောအခါ ရာနီက ပြုံးပြီး. . .

"ကျွန်မကို စိတ်ဆိုးတုန်းပဲလား" ဟု မေးလေသည်။ သူမ နှုတ်ခမ်းလေးများမှာ စိုစွတ်ပြီး တုန်လှုပ်နေကြသည်။

"မဆိုးပါဘူး" ဟု သူကဖြေသည်။

"ကျွန်မကို စိတ်မဆိုးပါနဲ့နော် ကျွန်မအဖြစ်ကို နားလည်ကြည့်စမ်းပါ"

ရွှေရောင်အနားကွပ်ထားသော နှင်းဆီနုရောင် သူမ၏ ပိုးဆာရီသည် သူမကိုယ်လုံးလေးကို ကြွကြွရွရွ ပေါ်လွင်နေစေသည်။ ရာနီသည် နုပျိုဆဲရှိသည်။ အပျိုဖြန်းမလေး တစ်ယောက်ကဲ့သို့ပင်-

"ရှင်နက်ဖြန်အားမလား" ဟု သူမကမေးသည်။

"အင်္ဂါနေ့ဟာ ကိုယ့်အားလပ်ရက်ပဲ"

"ကျွန်မ ဘုံဘေကို ကားနဲ့သွားမလို့ ရှင်လိုက်မလားဟင်"

ဇာတ်စင်ပေါ်မှ တယောသံက ထွက်လာသည်။ သူမနှင့် ထပ်မံတွေ့ဆုံဆက်ဆံခြင်းမပြုရန် သူ့အသိက အဆုံးအဖြတ်ပေးသည်။ နာဆစ် ဘတ်စ်ကားပေါ်မှာတုန်းက ဆုံးဖြတ်ခဲ့တဲ့ ဆုံးဖြတ်ချက်ကိုရော မင်းမှတ်မိသေးလား နာတူးဟု သူ့ဘာသာ ပြန်မေးသည်။

ဘုံဘေကို သူမတစ်ယောက်တည်း သွားမည်လော၊ ထိုသို့ဆိုလျှင် သူလိုက်ပါရန် ခင်ပွန်းကို သူမက မည်သို့ရှင်းပြမည်နည်း။ သုံးယောက်စလုံး သွားလျှင်ရော၊ နာတူးသည် သူ့စိတ်ကို မထိန်းနိုင်. . .

လက်ကိုင်ပဝါကို ထုတ်ကာ နှာခေါင်းကို သုတ်ရင်း. . .

"မင်းတစ်ယောက်တည်း သွားမှာလား" ဟု နာတူးက မေးလိုက်သည်။

"ဒါပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ"

သူက စဉ်းစားခြင်းမရှိဘဲ ဆုံးဖြတ်လိုက်သည်။ အကယ်၍ ထရင်ဘတ်ကို သွားစဉ်ကကဲ့သို့ အဆင်မပြေလျှင်လည်း ရှိစေတော့ ဘုံဘေကိုရောက်လျှင် သူ ကျေနပ်လေပြီ။ ဘုံဘေကို သူက နှစ်သက်သည်။

"ကတ်ကီကို ရထားစီးပါ" ဟု သူမက ရှင်းပြသည်။

"ကျွန်မ ဘူတာရုံကို ၉ နာရီ အရောက်လာခဲ့မယ်"

ကတ်ကီဘူတာရုံတွင် ပူနားမှ ထွက်သော လော်ကယ်ရထား နှစ်စီးဆိုက်သည်။ ပူနားမှ ၁၀ မိနစ်ခန့်သာ သွားရသည်။

နာတူးသည် ၉ နာရီမထိုးမီပင် ဘူတာသို့ အရောက်သွားသည်။ ရာနီက လည်း သူ့ကို အဆင်သင့်ပင် စောင့်နေသည်။ အော်စတင် ကားနက်လေးထဲတွင်ကား သူမတစ်ဦးတည်း. . .

"ကားငှားချင်ပါသလားရှင်" ဟု သူမက ပြုံး၍မေးသည်။

"အဲ့ဒါကတော့ ခင်ဗျား ဘယ်ကိုသွားမယ် ဆိုတာပေါ်မှာ မူတည်နေတာပဲ" ဟု နာတူးက သူမ နံဘေးတွင် ဝင်ထိုင်ရင်း ပြောလိုက်သည်။

"ကျုပ်ကတော့ ဘုံဘေကို သွားချင်တာပဲ"

"ဟာ ဒါဆိုရင်တော့ လူကြီးမင်း ကံကောင်းတာပဲရှင် ကျွန်မလည်း အဲ့ဒီကိုပဲ သွားမလို့ပါပဲ"

ကားသည် စထွက်တော့သည်။

"ဒီကားကို မင်းမောင်းတာ ဒါပထမဆုံးအကြိမ် မဟုတ်ဘူးလို့ ကိုယ်ထင်တယ်" ဟု သူက မေးသည်။

"သိပ်လည်း ကြောက်မနေပါနဲ့ ဒါဟာ ဒုတိယအကြိမ်ပါ"

"ဒါဆိုရင်တော့ ကိုယ်တို့ ရထားစီးသွားရင် ပိုကောင်းမယ်" ဟု သူက ပြုံး၍ပြောသည်။

ရာနီသည် ရှေ့တည့်တည့်ကို ကြည့်၍ ကားကိုမောင်းနေသည်။ ဆံပင်များကို နောက်တွင် စုချည်ထားသည်ဖြစ်၍ သူမလည်တိုင်လေးမှာ ကြော့ရှင်းနေသည်။

"မင်းလည်တိုင်လေးက မင်းရဲ့ လက်ချောင်းလေးလိုပါပဲလား" ဟု သူက ပြောသည်။

"ဘယ်ကဟုတ်ရမှာလဲ၊ ကျွန်မလည်ပင်းမှာ အမွေးမှ မရှိဘဲနဲ့ဟာ"

"ကိုယ်ကတော့ ဒီအတိုင်းကိုပဲ နှစ်သက်တယ်"





ပြောပြောဆိုဆို နာတူးက သူမလည်တိုင်လေးကို ကိုင်ကြည့်လိုက်သည်။

"ကျေးဇူးပြုပြီး မကိုင်ပါနဲ့လား" ဟု သူမက တောင်းပန်သည်။

"ကျွန်မကို လာကိုင်နေရင် ကားဟာ လမ်းဘေးရောက်သွားလိမ့်မယ်နော်၊ ကျွန်မ မထိန်းနိုင်ဘူး"

"ဒါဖြင့်လည်း ကားကို ရပ်လိုက်လေ" ဟု သူက အကြံပေးသည်။

"ရှင် ဘုံဘေကို သွားချင်တယ်လို့ ကျွန်မ ယုံကြည်ပါတယ်"

"အရေးတကြီး မဟုတ်ပါဘူး"

"ဒါပေမဲ့ ကျွန်မကတော့ အရေးကြီးတယ်၊ ၁၁ နာရီမှာ ဆရာဝန်နဲ့ တွေ့ဖို့ ချိန်းထားတယ်"

"ဘာလဲ နေမကောင်းလို့လား၊ မင်းကြည့်ရတာကတော့ ကျန်းကျန်းမာမာပါပဲ"

"ခုကိစ္စ ရှင်သိနိုင် မြင်နိုင်တာ မဟုတ်ဘူး"

"ပူနားမှာ ဆရာဝန် မရှိလို့လား"

"ကျွန်မ ဝေဒနာမျိုးကို ကုနိုင်မယ် မထင်ဘူး"

"ဒါနဲ့ ဘာဝေဒနာလဲဟင်"

"အကြောနဲ့ ပတ်သက်တဲ့ ဝေဒနာပါ"

"ဒါပေမဲ့ မင်းဟာ"

"ဟုတ်တယ် ဒီဝေဒနာရှင်တွေကို လူတွေက ဝေဒနာ ဖြစ်နေမှန်း မသိတတ်ကြဘူး"

မမျှော်လင့်ဘဲ ကမ်းဘေးမှ နွားအုပ်တစ်အုပ်သည် ကားလမ်းပေါ် ကျော်ဖြတ်လိုက်ကြသည်။

ရာနီက ကားကို ကမ်းဘေးတွင် ထိုးရပ်လိုက်သည်။

"ရပ်ထားတာက ဘေးကင်းပါတယ်" ဟုလည်း သူမကပြောရင်း စက်ကိုပါ ရပ်လိုက်သည်။

နာတူးက သူမပခုံးကို လှမ်းဖက်ပြီး ကိုယ်လုံးလေးကို ဆွဲယူလိုက်သည်။ သူမသည် ငြိမ်နေသည်။ သူမ မျက်လုံးများထဲတွင်မူ ထိတ်လန့်မှုများကို တွေ့ရသည်။ သူမ နှုတ်ခမ်းလေးအစုံကို သူက စုံ့ယူနမ်းလိုက်သောအခါ သူမ နှုတ်ခမ်းလေး များမှာ တုန်လှုပ်နေသည်။ ကြောင်လက်ထဲတွင် ဖမ်းမိသည့် ငှက်ငယ်လေးကဲ့သို့ ဖြစ်နေသည်။

www.burmeseclassic.com



သူ့လက်များသည် တဖြည်းဖြည်း လှုပ်ရှားလာသည်။

"ဟင့် အင်း. . ." ဟု သူမက ကန့်ကွက်သည်။ သူ့လက်တွင်းမှလည်း ရုန်းထွက်သည်။ "တော်ပါတော့ နာတူးနော်. . ."

"ဘာဖြစ်တာလဲ ရာနီ"

သူမ မျက်နှာမှာ ဝမ်းနည်းခြင်း ဝမ်းသာခြင်းတို့ဖြင့် ရောနေသည်။ သူမ အမူအရာကို နာတူး အကဲမခတ်နိုင်. . .

"ကျွန်မ ဘုံဘေကို အချိန်မီ သွားရမယ်လို့ ပြောခဲ့တယ် မဟုတ်လား၊ သူဟာ အင်မတန် အလုပ်များတဲ့ ဆရာဝန်ဖြစ်တယ်။ ကျွန်မကို တစ်ပတ် တစ်နာရီပဲ တွေ့ခွင့်ပေးနိုင်တာ"

"ကိုယ်တို့ မိနစ်ပိုင်းအတွင်း သွားနိုင်မှာပါ"

"အို နာတူးရယ် ကျွန်မကို စောင့်ပါလားဟင်. . . စောင့်ပါနော်"

သူက သူမလက်မောင်းကို တင်းကျပ်စွာ ဆုပ်ကိုင်ရင်း နှုတ်ခမ်းအစုံကို နမ်းလိုက်ပြန်သည်။

သူမထံမှ သက်ပြင်းချသံ ထွက်လာသည်။

"ရှင့်ကို ကျွန်မ ချစ်မိတာ စိုးရိမ်ထိတ်လန့်စရာတော့ မဟုတ်ပါဘူးနော်"

သူမ မေးသံမှာ တိုးတိုးလေးပင်. . .

* * *

"လက်ဖက်ရည် သောက်မယ်ဆို" ဟု ရှီလာက လက်ဖက်ရည် ပန်းကန်ကို ကိုင်ရင်းမေးသည်။

"ဩော်. . ဩော်. . . အင်းလက်ဖက်ရည်လား ကျေးဇူးပဲကွာ၊ ကဲ ငါ့နံဘေးမှာ ထိုင်စမ်း။ နောက်ပြီး မင်းဘဝကို ငါ့ကိုပြောပြစမ်း"

"ကျွန်မဘဝ ဟုတ်လား၊ ရှင့်အတွက် စိတ်ဝင်စားစရာ ကောင်းမှာ မဟုတ်ပါဘူး"

"ဘာပဲဖြစ်ဖြစ် ပြောစမ်းပါလေ"

"ကျွန်မဘဝကို ဘာပြောရမှာလဲ၊ ကျွန်မဘဝဟာ ခွဲခွာခြင်းနဲ့ နိဂုံးချုပ်တယ်။ တကယ်လို့ ကျွန်မမှာ ရုန်းကန်နိုင်တဲ့ အင်အားရှိရင်တော့ တော်သေးတာပေါ့။ ဒါပေမဲ့ အခုတော့ ရှင်မြင်တဲ့အတိုင်းပဲလေ"

"မင်းအတွက် တို့ကလဲ့စားချေပေးပါ့မယ် ရှီလာ" ဟု သူက ကတိပေးသည်။





"ကလဲ့စားချေမယ် ဟုတ်လား ဘာကို ဆိုလိုတာလဲဟင် ကျွန်မ နားမလည်ဘူး"

"ကြင်နာမှု၊ ကူညီမှုတွေပေါ့ ရှီလာ၊ တို့တစ်တွေ သေကြေဆုံးရှုံးခဲ့ရတဲ့ အတိုင်း မူဆလင်တွေ ခံစားစေမယ်"

"ဒါပေမဲ့ အဲဒါက သိပ်နောက်ကျနေပြီ"

"နောက်မကျသေးပါဘူး ခုမှ စီစဉ်ပြင်ဆင်တုန်းပါ"

လက်ဖက်ရည်က ပူသေးရဲ့လား ဟင်"

"ပူပါတယ်"

"အချိုပေါ့နေရင် ကျွန်မ သကြားထပ်ထည့်ပေးဦးမယ်လေ"

"တော်ပါပြီ အချိုမပေါ့ပါဘူး၊ မင်း နိုင်ငံရေးမှာ စိတ်မဝင်စားဘူးလားဟင်"

"ဒါဟာ မိန်းမတွေ စိတ်ဝင်စားနိုင်တဲ့ အကြောင်းမဟုတ်ပါဘူး" ဟု သူမက ဖြေသည်။ "သိပ်ပြီး လေးနက်လွန်းအားကြီးပါတယ်ရှင်"

"မိန်းမတိုင်းအတွက်တော့ မဟုတ်ပါဘူး"

"ကျွန်မတို့ အခန်းထဲမှာ စာဖတ်တတ်သူ တစ်ယောက်ရှိတယ်" ဟု သူမက ပြောသည်။

"ဟုတ်လား"

"ဟုတ်တယ် တစ်ခါတလေ သူဟာ သတင်းစာဝယ်လာပြီး ကျွန်မတို့အတွက် ဖတ်ပြတတ်တယ်၊ ဘယ်ရုပ်ရှင်တွေ ကောင်းတယ်ဆိုတာ သူက ပြောပြတယ်"

"အေး သိပ်ကောင်းတာပဲ" ဟု နာတူးက ရွှဲပြောလိုက်သည်။

လက်ဖက်ရည်ပူပူကို သောက်ရ၍ ချွေးများစို့လာသည်။ ချွေးကိုသုတ်ရင်း သူ့ခါးပေါ် လက်ရောက်သွားသည်။ သူ့ခါးတွင် သေနတ် မရှိတော့. . .

သူသည် ထိုင်ရာမှ ခုန်ထလိုက်သည်။

"ဘာဖြစ်လို့လဲ" ဟု သူက အထိတ်တလန့် မေးလိုက်သည်။

"ဘယ်ရောက်သွားပြီလဲ" ဟု ရှီလာ့ လက်မောင်းကို တင်းကျပ်စွာ ဆုပ်ကိုင်၍ အော်မေးလိုက်သည်။ "ဘယ်ရောက်သွားပြီလဲဟင်"

ချက်ချင်းပင် သူမ အမှတ်ရမိသည်။ သူသည် ပက်လက်ကုလားထိုင်ဆီ သွားထိုင်သည်။ ကြမ်းပြင်ပေါ်မှ ရုပ်အကျႌကို ကောက်ယူသောအခါ သေနတ်ကို တွေ့ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမသည် အိပ်ရာပေါ်တွင် ရှိနေဆဲ ထိတ်လန့်သော်လည်း မငိုဝံ့. . .

"လက်ဖက်ရည်က သိပ်ကောင်းတာပဲ" ဟု သူကပြောသည်။

"ရှိသေးလားဟင်"

"ကျွန်. . . ကျွန်မ ထပ်ဖျော်ပေးပါ့မယ်"

"သိပ်လိမ္မာတဲ့ ကောင်မလေးပဲ" ဟု ဆိုကာ သူ့သေနတ်ကို လှမ်းယူနိုင်သော ပက်လက်ကုလားထိုင်တွင် ထိုင်လိုက်ကာ. . .

သူသည် မျက်လုံးကိုမှိတ်ကာ အနားယူလိုက်သည်။ တစ်ဖန် မျက်လုံးကို ဖွင့်ကာကြည့်သည်။ သေနတ်သည် နေရာမပြောင်း။ ထို့ကြောင့် မျက်လုံးကို မှိတ်လိုက်ပြန်သည်။ သူ့မျက်လုံးများမှာ စင်းလာသည်။ လေးလာသည်။

သို့သော် သူအိပ်၍မဖြစ် အချိန်နောက်ကျနေချေပြီ။ သူသည် ပင်ပန်းလွန်းပြီဖြစ်၍ အချိန်ကြာစွာ အိပ်ပျော်သွားမိမည်ကို စိုးရိမ်ရသည်။ သို့သော် အနားတော့ ယူရမည်။ ထို့ကြောင့် မျက်လုံးကို မှိတ်ထားရင်း စဉ်းစားသည်။ စဉ်းစားလျှင် အိပ်ပျော်မည်မဟုတ်။

သူမကို ထပ်မတွေ့ရမည်ကို နာတူးက စိုးရိမ်မိသည်။

"အို ရှင့်ကို ကျွန်မ ချစ်တယ်လေ" ဟု သူမက ဖွင့်ဆိုခဲ့သည် မဟုတ်လော. . .

* * *

"ဒါပေမဲ့ ကိုယ့်ကိုချစ်တာက ဒိုပြင်လူ သန်းပေါင်းများစွာကို ချစ်တာနဲ့ မတူဘူး ရာနီ" ဟု သူမ ပေါင်ပေါ် ခေါင်းအုံးအိပ်နေရာမှ နာတူးက ပြောသည်။ သူတို့အပေါ်တွင်ကား သရက်ပင်ကြီးက လွှမ်းမိုးထားသည်။

"ဟုတ်တယ် လူတွေဟာ အများအားဖြင့် ချမ်းသာချင်တယ်၊ ပျော်ချင်ကြတယ်။ ဒါပေမဲ့လည်း သူတို့ဟာ ကျေနပ်ရောင့်ရဲကြတာ မဟုတ်ဘူး၊ ကျွန်မသိခဲ့တဲ့ ယောက်ျားတွေ အားလုံးဟာ အဲဒီအတိုင်းပဲ၊ ဒါပေမဲ့ ယောက်ျားတစ်ယောက်ကတော့. . ."

သူမသည် လက်ကို နောက်ပစ်ထောက်ကာ ကမ်းခြေတစ်လျှောက်နှင့် ဘုံဘေကောင်းကင်ကို လှမ်းကြည့်လိုက်သည်။

"သူက ဘယ်သူလဲ" ဟု နာတူးက မေးသည်။

"လူငယ်တစ်ယောက်ပဲ၊ ရှင်နဲ့ သိပ်တူတာပဲ၊ ဒါနဲ့ ရှင်အသက် ဘယ်လောက်ပြီလဲ နာတူး"





"၃၆ နှစ်"

"သူက ၁၈ နှစ်ပဲ ရှိသေးတယ်"

"မင်း သူ့ကိုချစ်သလား"

"အို. . . ချစ်တာပေါ့၊ သူမက အောက်နှုတ်ခမ်းကို ကိုက်၍ ပြောရင်း သူ့မျက်နှာကို ဆွဲယူလိုက်သည်။ သူ့မျက်နှာသည် သူမ ဗိုက်အနီး ရောက်လာသည်။

"ချစ်တယ် နာတူး၊ ရှင့်ကို မတွေ့မီအထိ သူဟာ ဒီကမ္ဘာလောကကြီးမှာ ကျွန်မ ချစ်တဲ့ တစ်ဦးတည်းသောသူ ဖြစ်တယ်"

"ချန်ပီယံရော ပါသလား"

သူမသည် မျက်မှောင်ကုတ်ပြီး မျက်လုံးကို ပိတ်လိုက်သည်။ ခဏကြာ မှ. . .

"သူ့ကို ကျွန်မ သိပ်ချစ်ပါတယ်" ဟု ဖြေသည်။ "သူဟာ အင်မတန် ရည်မွန်တဲ့ လူတစ်ယောက်ပါ။ ဒိုပြင်လူတွေထက်တောင် ပိုတယ်လို့ ကျွန်မထင်"

"ဒါပေမဲ့"

"ဒါပေမမဲ့ပါဘူး၊ ဘာလဲ ကျွန်မက ပိုပြီးတော့ သူဟာ ကျွန်မအပေါ် ဘယ်လောက်အထိ ရက်စက်တယ်ဆိုတာ ပြောပြလိမ့်မယ်လို့ ရှင်က ထင်နေလို့လား၊ ဒါဆိုရင်တော့ ရှင် မှားလိမ့်မယ်။ ကျွန်မတို့ လက်ထပ်ခဲ့တဲ့ အချိန်တွေ တစ်လျှောက်လုံးမှာ သူဟာ ကျွန်မကို တစ်ခါမှ အော်လား ငေါက်လားတောင် မလုပ်ခဲ့ဘူး"

"မင်းပြောပုံနဲ့ လုပ်ပုံက အံ့သြစရာပဲ ရာနီ"

"နို့ ကျွန်မက ဒီလောက်တောင်ပဲ ထူးဆန်းနေသလားဟင်"

"မထူးဆန်းပါဘူး၊ ဒါပေမဲ့ ခေါင်းမာတယ် စိတ်ဓာတ်ပြင်းတယ်၊ လွတ်လွတ်လပ်လပ် နေလိုတယ်"

"အဲဒါတွေဟာ အပြစ်တွေပါရှင်"

နာတူးသည် သူမနှင့် ဆက်လက် ငြင်းခုံသင့် မသင့်ကို စဉ်းစားမိသည်။

ဆရာဝန်နှင့်တွေ့ပြီး အပေါစား ဟိုတယ်တစ်ခုခုသို့ ခေါ်သွားရန် နာတူးက ရည်ရွယ်ခဲ့သည်။ သို့သော်လည်း သူတို့သည် လူရှင်းသော ကမ်းခြေတစ်နေရာသို့သာ ရောက်ခဲ့သည်။ လွန်ခဲ့သော တစ်နာရီကတည်းက သူတို့သည် စကားများသာ လှိုင်လှိုင်ပြောခဲ့သည်။

"ကျွန်မပြောတာ ဟုတ်တယ် မဟုတ်လားဟင်" ဟု သူမက မေးသည်။

"မိန်းမတွေအတွက်တော့ ဟုတ်ကောင်း ဟုတ်ပါလိမ့်မယ်" ဟု သူက ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲလေ ရှင့်ကို ကျွန်မပြောတာ တော်တော်များသွားပြီ၊ ကျွန်မ ထပါရစေဦး"

သူက ခေါင်းကို ကြွပေးလိုက်သည်။ သူမသည် အနောက်သို့ ဆုပ်ကိုင်ရင်း ထလိုက်သည်။ ထို့နောက် လက်တန်းအကာရှိရာသွားပြီး မြင်ကွင်းကို ရပ်ကြည့်နေသည်။

နာတူးသည် မြက်ပင်များကို နုတ်ယူကာ စိတ်ပျက်စွာဖြင့် လွှင့်ပစ်လိုက်သည်၊ နေ့တစ်ဝက်မှာ အချည်းနှီး ကုန်ဆုံးခဲ့ရလေတော့ပြီ၊

သူသည် လက်တန်းအနီးတွင် ရပ်နေသော သူမနံဘေး၌ သွားရပ်လိုက်သည်။ သူမသည် ရပ်ရာမှ မရွေ့၊ စကားလည်း မပြော အဝေးသို့သာ ငေးစိုက်ကြည့်နေသည်။

"လူငယ်က ဘာဖြစ်သွားတာလဲ ရာနီ"

" ဘယ်လူငယ်လဲ"

"မင်းချစ်ခဲ့တယ်ဆိုတဲ့ လူငယ်လေ"

"ဘာဖြစ်လို့ မေးတာလဲ၊ ရှင့်အတွက် ဘာထူးမှာမို့လို့လဲ၊ ကျွန်မဟာ ရှင့်အတွက် အသွေးအသား အစိတ်အပိုင်းတစ်ခုသာ ဖြစ်တယ်။ ဟုတ်တယ် မဟုတ်လားဟင်"

"မဟုတ်ဘူး"

"မဟုတ်ဘူးရယ် ဟုတ်လား အံ့ဩစရာပဲ၊ မိန်းမတိုင်းဟာ ယောကျ်ားတွေအတွက် ဒီလိုပဲလို့ ကျွန်မကတော့ နားလည်ထားတာပဲ"

"ကိုယ့်အနေနဲ့က ဒီပြင် မိန်းမတွေကိုမှ ရင်းရင်းနှီးနှီး မဆက်ဆံဖူးတာပဲ ရာနီ"

သူမသည် ဆာရီကို သူမကိုယ်လုံးလေးတွင် တင်းတင်းကျပ်ကျပ် ရစ်ပတ်လိုက်သည်။ သူမကိုယ်လုံးလေးမှာ အအေးမိသူပမာ တုန်လှုပ်နေသည်၊

"အေးသလားဟင်" ဟု သူကမေးသည်။

"ဟင့်အင်း. . . မအေးပါဘူး"

"ထပ်ပြီးတော့ မငိုပါနဲ့နော်"

"စိတ်မပူပါနဲ့၊ ကျွန်မ ရှင့်ကို သဘောကျပါတယ်။ ရှင့်ပျော်ရွှင်မှုကို ကျွန်မ မဖျက်ပါဘူး။ ရှင် ကျွန်မနဲ့ ပြန်လိုက်မလား ဒါမှမဟုတ် တစ်နေရာရာမှာ ချခဲ့ရမလား. . ."

"မင်းမကန့်ကွက်ဘူး ဆိုရင်တော့ ကိုယ်ဒီမှာ နည်းနည်းနေချင်သေးတယ်"





"ကျွန်မအတွက် အရေးမကြီးပါဘူးလေ" ဟု သူမက ဖြေသည်။

သူက ရာနီကို စိုက်ကြည့်လိုက်သည်။ သူမသည် အဝေးသို့ ကြည့်နေရာမှ နာတူးကို လှည့်ကြည့်သည်။ သူတို့ မျက်လုံးချင်း ဆုံမိတော့သည်။ သူတို့မျက်လုံးများက လေးနက်သော အဓိပ္ပာယ်ကို ဆောင်နေသည်။

ချက်ချင်းပင် သူမသည် သူ့ရင်ခွင်တွင်း ပြေးဝင်လာသည်။ သူ့ခါးကိုဖက်၍ သူမမျက်နှာကို သူ့ရင်ခွင်တွင်း မှီထားလိုက်သည်။

"အို နာတူး နာတူး အချစ်ရယ်၊ ကျွန်မတို့ ဆက်ပြီး စကားအချေအတင် မပြောကြပါစို့နဲ့နော်၊ မငြင်းကြပါစို့နဲ့တော့ ကျွန်မတို့အတွက် အချိန်ဟာ နည်းနည်းလေးပဲ ရှိပါတယ်။ ကျွန်မတို့အချိန် မဖြုန်းကြပါစို့နဲ့နော်. . ."

သူ့လက်များက သူမကျောပြင်ကို ပွတ်သပ်လိုက်သည်၊ ထို့နောက် ကြော့ရှင်းသေးသွယ်သော သူမကိုယ်လုံးလေးကို တင်းကျပ်စွာ ဖက်လိုက်သည်။

"ရှင့်ကိုချစ်တယ် နာတူး" ဟု သူမက ထပ်ပြောသည်။ သူ့အင်္ကျီမှ ကြယ်သီးလေးများကိုလည်း နမ်းသည်။

"ကျွန်မ အဲ့ဒီစကားကို ထပ်ကာတလဲလဲ ပြောရင် ရှင်နားငြီးမလားဟင်၊ ရှင့်ကိုချစ်တယ် နာတူး ချစ်တယ်"

သူက သူမကိုယ်လုံးလေးကို တင်းတင်းဖက်ထားရင်း. . .

"ဘာဖြစ်လို့ နားငြီးရမှာလဲကွယ်" ဟု ပြောသည်။

"မင်းကိုလည်း ကိုယ်က ချစ်တယ် ရာနီ၊ မင်းကိုလေ ကိုယ်က ငမ်းငမ်းတက်ကို ချစ်တယ်၊ ကဲ သိပြီလား"

"ရာနီ ကိုယ်တို့ ကားထဲသွားကြရင် ကောင်းမယ်ထင်တယ်" ဟု သူက ပြောသည်။

"လာလေ" ဟု ပြောကာ သူမက သူ့လက်ကို ဆွဲခေါ်သည်။

ခပ်လှမ်းလှမ်းတွင် ကလေးအချို့နှင့် လူကြီးအချို့ ထိုင်နေသည်မှတစ်ပါး ကမ်းခြေမှာ လူရှင်းနေသည်။

သူမက သူ့ပခုံးကို မှီ၍ ထိုင်လိုက်သည်။ ကားမှာ ကျဉ်းလွန်းလှသည် လူနှစ်ယောက် ထိုင်နိုင်ရုံသာ ရှိသည်။

"အလကား အသုံးမဝင်တဲ့ကားပဲ" ဟု နာတူးက ရေရွတ်လိုက်သည်။

ရာနီက အသံထွက်အောင် ရယ်လိုက်၍ သူမကိုယ်လုံးလေးမှာ သိမ့်သိမ့် လှုပ်သွားတော့သည်။။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မအတွက်တော့ ကျေနပ်စရာပဲ နာတူး၊ ရှင်နဲ့ ဟောဒီလို အသားချင်းထိ နီးနီးကပ်ကပ် ထိုင်ရရင် ကျေနပ်တာပဲ၊ သဘောကျတာပဲ"

နာတူးက ငြိမ်နေမိသည်။ ဟိုတယ်တစ်ခုခုသို့ ခေါ်သွားရလျှင် ကောင်းမလားဟုလည်း စဉ်းစားနေမိသည်။

"ရှင့်အကြောင်းတွေ ကျွန်မကို အကုန်လုံး ပြောပြစမ်းပါ နာတူး၊ ရှင့်ဘဝကို ကျွန်မ နားလည်ထားသင့်တယ်"

"ကိုယ့်ဘဝက ပြောရမှာ အရှည်ကြီးပါ။ မင်းကိုယ်တိုင်ကတော့ မင်းလူငယ်လေး အကြောင်းကို မပြောပြသေးဘူး မဟုတ်လား"

"သူ့အကြောင်းကို ကျွန်မက ဘာပြောရမှာလဲဟင်၊ သူဟာ တော်လှန်ရေးစိတ်ဓာတ် ပြင်းထန်တဲ့ လူငယ်တစ်ယောက်ပဲ၊ သူဟာ ဂန္ဒီနောက်လိုက်ဖို့အတွက် အိမ်ကရော ကျောင်းကရော ၁၅ နှစ်အရွယ်မှာ ထွက်ခဲ့တယ်။ သူဟာ ဂန္ဒီရဲ့ အကြမ်းမဖက်ရေး ဆန္ဒပြပွဲတွေမှာ ပါခဲ့တယ်။ တစ်ခါတော့ ဝါးရင်းတုတ်ချက်ထိပြီး သူ သေသွားခဲ့တယ်"

"အင်းလေ ဒီလိုပဲ ဖြစ်ရမှာပေါ့"

"ဒါပေမဲ့ ဒါဟာ သူတို့တစ်တွေ အာဏာရဖို့အတွက် သူက အစတေးခံရတာပါလို့ ယုံကြည်သွားတယ်"

"မကြာခင် ကိုယ်တို့ အာဏာတွေ ထပ်ရဦးမှာပါ"

"ဒါဖြင့် မဟတ္တမ မှန်တယ်ဆိုတာ ရှင်က မယုံဘူးပေါ့ ဟုတ်လား"

"ကိုယ့်အယ်ဒီတာ့ အာဘော်တွေကို မင်းဖတ်ခဲ့မယ်လို့ ကိုယ်ထင်တယ် ရာနီ"

"ဟင့်အင်း မဖတ်ခဲ့ဘူး၊ ဒါပေမဲ့ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး မင်းနဲ့ တစ်ခါတလေ ဆွေးနွေးချင်တဲ့ စိတ်တော့ အရှိသား"

"သူဟာ မြင့်မြတ်တဲ့လူ မဟုတ်ပါဘူး၊ သူဟာ သစ္စာဖောက်"

သူ့စကားကို ရာနီက အံ့သြမိသည်။ ထိတ်လန့်ခြင်းလည်း ဖြစ်မိသည်။

"နာတူး ရှင်ဘာပြောတာလဲဟင်၊ အဲ့ဒီလို မကျီစယ်သင့်ဘူး"

"ကိုယ်ကျီစယ်နေတာ၊ နောက်ပြောင်နေတာ မဟုတ်ဘူး ရာနီ"

"ရှင်နောက်နေတာပါ ရှင်ဟာ. . . "

"ကဲ သူ့အကြောင်းနဲ့ ပတ်သက်ပြီး ကိုယ်တို့ ထပ်မပြောကြပါစို့နဲ့လား"

"ကောင်းတယ်" ဟု သူမက သဘောတူသည်။ သူမအနေဖြင့် ငြင်းခုံခြင်း





ကို ဆက်လက်မလုပ်လို။

"ဒါပေမဲ့ တစ်ခုတော့ ရှင် ဝန်ခံရလိမ့်မယ်။ သူ့ချို့ယွင်းချက်တွေ ဘာပဲရှိနေနေ သူဟာ ကျွန်မတို့နိုင်ငံရဲ့ အမျိုးသားခေါင်းဆောင်ကြီး ဖြစ်တယ် သူ့လိုခေါင်းဆောင်မျိုး ဒီတိုင်းပြည်မှာ တစ်ခါမှ မပေါ်ခဲ့သေးဘူး ဟုတ်တယ် မဟုတ်လား ဒါကိုတော့ ရှင်ဝန်ခံရမှာပါ"

"ဂုရုဂျီက သူ့ထက်ပိုပြီး ခေါင်းဆောင်ပီသပါတယ်"

"ဘယ်သူ"

"ဒွန်ဒိုကာနက်ကာလေ သူ့အကြောင်းကို မကြားမိခဲ့ဘူးလား"

"ဘာလဲ လွတ်လပ်ရေး သို့မဟုတ် သုညဆိုတဲ့ စာအုပ်ရေးတဲ့ စာရေးဆရာလား"

"ဟုတ်တယ်၊ ဒီ့ပြင်စာအုပ်တွေကိုလည်း သူရေးခဲ့သေးတယ်၊ သူဟာ ကိုယ်တို့ရဲ့ ဆရာပဲ၊ ဒါကြောင့် သူ့ကို ဂုရုဂျီလို့ခေါ်တယ်"

"ကိုယ်တို့ ဟုတ်လား"

"ဟုတ်တယ်လေ၊ ကိုယ်တို့ဆိုတာက ကိုယ်တို့အသင်းဝင်တွေကို ပြောတာပါ"

"ဘယ်အသင်းလဲ"

"မင်းသိဖို့ မလိုသေးပါဘူး"

ဆိုလိုချင်တာက လျှို့ဝှက်တဲ့အသင်းပေါ့ ဟုတ်လား နာတူး"

"အနည်းနဲ့ အများပေါ့"

"ဒို့ ဒါဖြင့် အသင်းဝင်ရတာ ရှင့်အတွက် အန္တရာယ် ရှိတော့မပေါ့"

သူမသည် အလန့်တကြားနှင့် ကိုယ်ချင်းခွာလိုက်သည်။ "ဟုတ်တယ် မဟုတ်လား" ဟုလည်း မေးသည်။ "ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ သတိထားပြီး ပြောဆိုလုပ်ကိုင်ပါ အချစ်ရယ်"

နာတူးက ရယ်မိသည်။

"ကိုယ်ဘာမှ မဖြစ်ပါဘူးကွယ်"

"အင်းလေ ဒီအချိန်မှာ လုံခြုံချင်မှ လုံခြုံမှာပေါ့" ဟု သူ့ဆံပင်များထဲသို့ သူမ လက်ချောင်းလေးများထည့်ရင်း ပြောသည်။ "ရှင်ဟာ အခုချိန်မှာ လုံခြုံတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ရှင့်အနားမှာ ကျွန်မက ရှိပြီး ရှင့်ကို ထိန်းသိမ်းကြည့်ရှုနေနိုင်တာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . မင်းက ကိုယ့်အမေ လုပ်ချင်ပြန်ပြီ"

"ဟုတ်တယ်၊ အမြဲပဲ အမေလုပ်ချင်တယ်၊ ရှင့်ကို ကျွန်မ မွေးစားလိုက်ပြီလေ မသိဘူးလား"

"ဟင် မင်းကို ဘယ်သူက မွေးစားခွင့်ပေးလို့လဲ"

"ရှင်လေ"

"ဟုတ်ရဲ့လား"

"သိပ်ဟုတ်၊ ကျွန်မလုပ်ချင်တာ မှန်သမျှကို ရှင်လုပ်ခွင့်ပေးတယ်။ ကျွန်မတို့ ပထမဆုံး စတွေ့တဲ့ အချိန်ကတည်းက ရှင့် ရှန်ပိန်ကို ကျွန်မ တစ်ကျိုက်သောက်ခွင့် ရခဲ့တယ်လေ မှတ်မိသေးရဲ့လား"

"ဒါဖြင့် အဲ့ဒီကတည်းက ကိုယ့်ကိုမွေးစားဖို့ မင်းက ကြိုးစားခဲ့တယ်ပေါ့ ဟုတ်လား"

"အင်း. . ."

"မင်းဟာ သိပ်ထူးဆန်းတဲ့ မိန်းကလေးပဲ ရာနီ၊ မင်းအသက် ဘယ်လောက်ရှိပြီလဲ"

သူမက သူ့မျက်လုံးများကို စိုက်ကြည့်သည်။

"ပြီးခဲ့တဲ့လက ကျွန်မ ၃၇ နှစ် ပြည့်ခဲ့တယ်"

"ဒါဖြင့် ကိုယ့်အမေဖြစ်ဖို့ သိပ်ငယ်တယ်"

"ကျွန်မတို့ ဒီပြင့်လူတွေကို မပြောပြရဘူးနော် ဟုတ်လား"

"ဒီကိစ္စကိုတော့. . ." ပြောပြောဆိုဆို သူက အငမ်းမရ နမ်းလိုက်သည်။

"ကျွန်မကို အမေတစ်ယောက် နမ်းသလို ရှင်က မနမ်းပါလား" ဟု ရာနီက ပြုံး၍ပြောသည်။

"အင်း မင်းဟာ ကျားမလေးပဲ"

"ဟုတ်တယ်၊ ကျွန်မ သွားတွေ ဘယ်လောက်ထက်တယ်ဆိုတာ ရှင်မသိဘူးလား"

"ဟင့်အင်း ပြစမ်း ကြည့်ရအောင်"

သူ့နှုတ်ခမ်းများသည် သူမ နှုတ်ခမ်းပေါ် ရောက်သွားပြန်လေသည်။ ခဏကြာလျှင် သူက သူမ ရင်ခွင်တွင်းသို့ ခေါင်းကိုသွင်း၍ မှိန်းနေလိုက်သည်။ ရာနီက သူ့ဆံပင်များကို ပွတ်သပ်ပေးရင်း. . .

"နာတူး ရှင့်ကို ကျွန်မ ဘာဖြစ်လို့ သဘောကျရ၊ ချစ်ရတာလဲ ဟင်၊ ကဲ





ကျွန်မကို ရှင့်အကြောင်းတွေ ပြောပြစမ်းပါဦး"

"အကုန်လုံးကို ပြောပြဖို့က မလွယ်ဘူး ရာနီ"

"ဟုတ်ပါတယ်လေ ကျွန်မက ဘာထင်တယ်ဆိုတာ ရှင်သိသလားဟင် ကျွန်မ ပြောပြမယ် ရှင် မရယ်ရဘူးနော်"

"အင်းပါ" ဟု သူက ပြုံး၍ပြောသည်။ ကိုယ်ကတိပေးပါတယ်"

"ကျွန်မပြောရင် ကျွန်မကို မိုက်တယ်လို့ ရှင်က ထင်မှာ"

"မထင်ပါဘူးကွယ်"

သူမသည် ရယ်ပြီး ကလေးငယ် တစ်ယောက်ကဲ့သို့ လက်သည်းလေးများကို ကိုက်လိုက်သည်။

"ကျွန်မ ပြောပါမယ်လေ" ဟု သူမက ဆုံးဖြတ်သည်။ "ကျွန်မတို့ဟာ တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်တယ်လို့ ကျွန်မ ထင်တယ်"

"ဒါဟာ အံ့ဩစရာလား"

"ကျွန်မ ပြီးအောင် ပြောပါရစေဦးလေ၊ ကျွန်မမှာ ရှင့်လောက် သတ္တိမရှိတာတော့ အမှန်ပါ"

"ကိုယ့်အနေနဲ့ သတ္တိရှိတယ်လို့ မင်းက ဘာဖြစ်လို့ ထင်နေတာလဲဟင်"

"ရှင်ရေးတာတွေနဲ့ ပတ်သက်ပြီး ရှင်ဟာ အချိန်မရွေး အဖမ်းခံနိုင်တယ်လေ"

"အင်းလေ ထားပါတော့၊ ဒါပေမဲ့ အင်္ဂလိပ်တွေဟာ ကိုယ့်ကို ကြိုးရှည်ရှည်နဲ့ လွှတ်ထားတာ ဖြစ်ကောင်းဖြစ်လိမ့်မယ်၊ သူတို့က အယ်ဒီတာကို ဖမ်းတာနဲ့ သတင်းစာဟာ ကျော်ကြားလာမှာ မဟုတ်ဘူးဆိုတာ နားလည်ထားကြတယ်၊ ဒါကြောင့်မို့ ကိုယ်အဖမ်းမခံရသေးတာဘဲ"

"ဒါပေမဲ့ ဒီပြင်လုပ်ငန်းတွေအတွက် ရှင့်ကို သူတို့က ဖမ်းနိုင်တယ်လေ ဥပမာ ရှင်တို့အသင်းကိစ္စ"

"မင်း ဘယ်လိုလုပ်သိသလဲ ရာနီ"

"ရှင်တို့အသင်းက လျှို့ဝှက်အသင်း မဟုတ်လား၊ ကျွန်မကို နာမည်တောင် ရှင်က ပြောခဲ့တာမှ မဟုတ်တာ၊ ဒီတော့ ရှင်တို့အသင်းဟာ ဥပဒေအပြင်ဘက်က အသင်းဖြစ်ရမယ်"

"ဆိုပါတော့လေ" ဟု သူက ဝန်ခံသည်။ "ဒါပေမဲ့ ကိုယ်တို့အသင်းက လှုပ်ရှားမှုတွေ သိပ်မလုပ်ရသေးပါဘူး၊ လုပ်ရတာလည်း မလွယ်ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"တိုင်းပြည်ကို လွတ်လပ်အောင် လုပ်ဖို့ဟာ မလွယ်ပါဘူး" ဟု သူမက ပြောသည်။

"မင်ပြောတာ မှန်တယ်"

"ဒီတော့ ရှင့်အနေနဲ့ စိတ်ရှည်ရမယ်"

"ကိုယ်သိပါတယ် ဒါပေမဲ့. . ."

"ဘာပြောတယ်"

"ကိုယ့်ကိုယ်ကိုယ် ဘယ်လိုပြောရမယ်ဆိုတာ မသိဘူး"

"ရှင် အစလေးကိုတောင် မပြောတတ်ဘူးလား"

"အင်း တကယ်တော့ ကိုယ့်အနေနဲ့ ဆိုပါတော့ကွာ မုန်းတီးခြင်းပဲ ဆိုပါတော့"

"မုန်းတီးခြင်း ဟုတ်လား"

"ဟုတ်တယ်၊ တစ်ခါတလေ အင်္ဂလိပ်အရာရှိတွေ၊ တရားသူကြီးတွေ၊ စီးပွားရေးသမားတွေနဲ့ တွေ့တဲ့အခါမှာ သူတို့က ကိုယ်တို့ကို ဘယ်လိုကြည့်တယ် ဆိုတာ မင်းသိမှာ"

"ဟင့်အင်း ကျွန်မ မသိပါဘူး"

"သူတို့က ကိုယ်တို့ကို အရေးမစိုက်၊ မထီမဲ့မြင် အိုကွာ လူရယ်လို့ သဘော မထားဘဲ ကြည့်ပုံမျိုးတွေလေ အိုလေ"

"ရှင် စိတ်ထိခိုက်ရင်တော့ ဆက်မပြောပါနဲ့ နာတူး"

"စိတ်မထိခိုက်ပါဘူး၊ ဒါပေမဲ့ အဲဒါမျိုးကို မာ၊ ဒါမှမဟုတ် သေနတ်နဲ့ ရင်ဆိုင်နိုင်မယ်လို့ ကိုယ်ယုံကြည်ထားတယ်"

"ရှူး. . . အချစ်ရယ် ဒါမျိုးတွေ ဆက်မပြောပါနဲ့တော့"

"သူတို့သေနတ်တွေကို ကိုယ်တို့က အသုံးမပြုတတ်ဘူးလို့ ဒီလူဖြူတွေက ထင်နေကြတာကလား"

"ကဲလေ တော်ပါတော့ ရှင် စိတ်မချမ်းသာ ဖြစ်နေရပြီ"

"အဲ့ဒါကြောင့်မို့ သူတို့ စစ်တပ်ထဲကို ဝင်ဖို့ ကိုယ့်ကို သူတို့က ခွင့်မပေးတာပေါ့၊ သူတို့က ကိုယ့်ကို မလိုချင်ဘူးတဲ့လေ"

"နာတူး ကျွန်မတို့ ပြန်ကြစို့လား နောက်ကျနေဦးမယ်"

* * *





နောက်ကျနေဦးမယ်. . .။

သူသည် ထိတ်လန့်တကြား နိုးမိသည်။ သူ့တစ်ကိုယ်လုံးမှာ ချွေးများဖြင့် စိုရွှဲနေသည်။ သူ့မျက်လုံးများမှာ လေးလံနေဆဲ၊ အပူဒဏ်ကြောင့် သူ့ခေါင်းမှာ ရီဝေနေသည်။

ချက်ချင်းပင် သူ့သေနတ်ကို မှုန်ဝေသော မျက်လုံးများဖြင့် ကြည့်လိုက်သည်။ အချိန်မှာ ၂ နာရီခွဲ. . .

သူ့လက်ပတ်နာရီ ရပ်မရပ် သေချာရန် နာတူးက နာရီကို အနီးကပ် နားထောင်သည်။ စက်ခုတ်သံလေးကြောင့် သူ့မျက်နှာမှာ ပြုံးရွှင်လာသည်။

သူက ခေါင်းကိုရမ်းရင်း မျက်လုံးများကို ပွတ်လိုက်သည်။ မျက်နှာသစ်ဦးမှပဲဟု ဆုံးဖြတ်ပြီး သူက ထလိုက်သည်။

"ရှီလာ" ဟု သူကခေါ်သည်။

"မင်းဘယ်မှာလဲ"

သူက မီးဖိုထဲ ဝင်လိုက်သည်။ တစ်စုံတစ်ယောက်ကိုမျှ မတွေ့. . .။

"ရှီလာ"

ရေချိုးခန်းတွင်လည်း တစ်ယောက်မျှမရှိ သူက ရေဘုံဘိုင်ဖွင့်ပြီး တစ်ခေါင်းလုံးကို စွတ်လိုက်သည်။ ရေမှာ နွေးနေသည်။

သူသည် အခန်းတွင်းအနှံ့ လိုက်ရှာပြန်သည်။ မျက်နှာသုတ်ပဝါကိုသာ တွေ့သည်။ ရှီလာကိုကား မတွေ့။

သေနတ်အတွင်းတွင် ထည့်ထားသော ကျည်ဆန်များ လျော့မလျော့ စစ်ဆေးရင်း နာတူးက အကျီကို ဝတ်သည်။

သူမ ဘယ်ရောက်သွားပါလိမ့် သူ့ကို ထိတ်လန့်၍ ထွက်ပြေးသွားပြီလော။ ပုလိပ်ဆီများ သွားသလား၊ ထိုသို့ဆိုလျှင်တော့ ဒီအခန်းထဲတွင် ဆက်လက်နေ၍ မဖြစ်တော့ မလုံခြုံတော့. . .။

ငါသွားမှပဲဟု နာတူးက ဆုံးဖြတ်သည်။ သို့သော် ၄ နာရီမထိုးမီ မည်သည့် နေရာသို့ သွားရမည် ဆိုသည်ကိုကား သူ မဆုံးဖြတ်နိုင်၊ မဆုံးဖြတ်တတ်. . .

* * *



www.burmeseclassic.com

www.burmeseclassic.com

## (၉)

မည်သို့ပင်ဖြစ်စေ ရှီလာ အခန်းမှမထွက်မီ မိနစ်ပိုင်းအတွင်းတွင် မည်သည့်နေရာသို့ သွားရမည်ကို နာတူးက ဆုံးဖြတ်နိုင်ခဲ့သည်။

ဘယ့်အတွက် ထိုနေရာသို့ သွားရကြောင်းကို သူဘာသာမေးကြည့်သည်။ သူမကိုမည်သည့်အကြောင်းများ ပြရမည်ကိုလည်း မေးကြည့်သည်။ သို့သော် သူ့အမေးများအတွက် သူမ ဖြေနိုင်။

သူမနှင့်တွေ့ရန် သွားသည်ဟူသော အကြောင်းပြချက် တစ်ခုသာ သူရှာတွေ့သည်။ သူမ အပြင်ထွက်သွားလျှင်လည်း ရှိစေတော့ သူကမူ သွားရမည်။

သူမထံ သွားရခြင်းကား သူ့အတွက် မထူးဆန်း၊ စွန့်စားမှုလည်းမဟုတ်၊ သူမသည် သူနှင့် လက်လှမ်းမီသည့်နေရာတွင် ရောက်နေသည်။ သူကလည်း လွတ်လွတ်လပ်လပ်၊ ထို့ကြောင့် သူ သွားမည်။

အကယ်၍ တယ်လီဖုန်းတွေ့လျှင် သူက တယ်လီဖုန်းဆက်ပြီး ကြိုတင်အကြောင်းကြားမည်။ သို့သော် တယ်လီဖုန်းရှာရသည်ကား အချိန်ကုန်စရာပင်၊ ထို့အပြင် တယ်လီဖုန်းရှိရာ သွားရမည်ကလည်း အန္တရာယ်ပင်၊ တယ်လီဖုန်းများသည် ရုံးကြီးများ၊ ဘဏ်တိုက်များ၊ ဟိုတယ်များနှင့် ပိုက်ဆံရှိသူတို့ အိမ်များ၌ ရှိသည်။ ထို့ကြောင့် တယ်လီဖုန်းဆက်ရန် စိတ်ကူးကို သူက ပယ်ချလိုက်သည်။

ရှီလာ အခန်းအပြင် ထွက်လိုက်သောအခါ လူအများထက် သူ့တွင် သေနတ်ပါသည်ဟု ကြိုတင် သိထားသကဲ့သို့ ဝိုင်းကြည့်ကြသည်။ သူတို့သည် သူ့အပါးမှအဝေးသို့ ထွက်သွားကြသည်၊ ဖြတ်ကျော်သွားလျှင် အချင်းချင်း တီးတိုးပြောကြသည်။

သူကရပ်၍ လှည့်ကြည့်လျှင် သူတို့သည် တီးတိုးပြောခြင်းကို ရပ်လိုက်ကြသည်။ ထိတ်လန့်သော မျက်လုံးများဖြင့် မဝံ့တဝံ့ ခိုးကြည့်သည်။





ရှီလာက သူတို့ကို ပြောများထားရော့သလား၊ သတိများ ပေးထားရော့သလားဟု နာတူးက အံ့ဩမိသည်။

အငှားကားကို ရှာသော်လည်းမတွေ့။ ပထမတွင် လူအများ သံသယမဖြစ်ရန် သူက လမ်းကို ဖြည်းဖြည်းပင် လျှောက်သည်။ သို့သော် ရှီလာအခန်းနှင့်ဝေးသွားသောအခါ သူက မြန်မြန်လျှောက်သည်။ နောက်ဆုံး ပြေးမိသည်အထိပင်။

မောလာသောအခါမှ သူက အပြေးရပ်လိုက်သည်။ သူသည် ဆက်လျှောက်နေသော်လည်း သူ ဦးတည်ရာ အရပ်သည် သူ သွားလိုသည့်နေရာ ဟုတ်မဟုတ်သူကမသိ၊ သူမ၏ ဟိုတယ်သည် အရှေ့တွင်ပင် ရှိသလား အနောက်ဘက်တွင်ကျန်ခဲ့သလားဟု သူ မဆုံးဖြတ်နိုင်။

သူသည် ဤမြို့ကို မရောက်ခဲ့သည်မှာ ကြာပြီဖြစ်၍ ဤမြို့နှင့် ပတ်သက်၍ သူကမကျွမ်း။

ခံ့ညားသော တိုက်ကတုံးလေးများကို သူ ကျော်ဖြတ်မိသည်။

ဒီတိုက်တွေမှာ ဘယ်သူနေပါလိမ့်ဟု သူကတွေးမိသည်။ အင်္ဂလိပ်များကားမနေတော့၊ ယနေ့ လူဖြူတို့ ပိုင်ဆိုင်ရော့မည်။

ထိုတိုက်များတွင် တယ်လီဖုန်းရှိမည်ကား သေချာသည်။ သို့သော် နာတူးကသူတို့ကိုမုန်းသည်။ အငြိုးထားသည်။ သူတို့အပေါ် မေတ္တာမထားနိုင်။

ထိုအခိုက် သုံးဘီးအငှား မော်တော်ဆိုင်ကယ်တစ်စီး မျက်နှာချင်းဆိုင်မှလာနေသည်ကို တွေ့ရ၍ နာတူးက လှမ်းတားသည်။ ကာကီဝတ်စုံကို ဝတ်ထားသည့်ဆိုင်ကယ်သမားက သူ့နံဘေးတွင် ထိုးရပ်လိုက်သည်။

“ပမ်ရာပမ်းဟိုတယ်ကို လိုက်ပို့စမ်းပါဟု သူက အမိန့်ပေးရင်း ထိုင်ခုံပေါ်တက်ထိုင်လိုက်သည်။ ဆူညံသော စက်အသံနှင့်အတူ မော်တော်ဆိုင်ကယ် ဆောင့်ထွက်သွားသည်။

ထိုင်ခုံ၏ နောက်မှီကို မှီရင်း နာတူးက မျက်လုံးကို မှိတ်လိုက်သည်။

“ခင်ဗျားဟာ တန်ဖိုးရှိတဲ့ လူတစ်ယောက်ဖြစ်ကြောင်း ကျွန်တော်သက်သေထူပြမယ် ဂုရုဂျီ” ဟု စိတ်ထဲတွင်ပြောသည်။

သူသွားနေသော ခရီးကို နာတူးက မေ့သွားပြန်သည်။ သူက ဂုရုဂျီကိုအမှတ်ရမိသည်။ ဂုရုဂျီ ပြောသည်များကိုလည်း ကြားမိသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



လမ်းကျယ်ထဲမှ ကွေ့၍ ဆိုင်ကယ်သည် ခံ့ညားသော ဟိုတယ်တွင်း ဝင်လိုက်သည်။

ဖြူစင်သော ကျောက်သားများဖြင့် ဆောက်ထား၍ အဝင်ဝတွင် ဆုံလည်မှန်တံခါးကြီး တပ်ထားသည်။ ဟိုတယ်၏ ခံ့ညားပုံများကို မြင်ရသောအခါမှာ နာတူးသည် သူ့လိပ်ပြာသူ လန့်မိသည်။ လာလမ်းအတိုင်း ပြန်လှည့်မည်ဟုပင် စိတ်ကူးမိသည်။

သို့သော် ရောက်မိတော့မှ မထူး၊ ဆိုင်ကယ်မှာလည်း ဟိုတယ် ဆင်ဝင်အောက် ဝင်စပြုလေပြီ။

ဆိုင်ကယ်သည် တံခါးရှေ့တွင် ထိုးဆိုက်လိုက်သည်။ တောက်ပြောင်သော ဝတ်စုံကို ဝတ်ထားသည့် တံခါးစောင့်က သူ့ကို ထူးဆန်းစွာ စောင့်ကြည့်နေသည်။

"ကဲ ခဏစောင့်ဦးနော် ငါ မကြာပါဘူး" ဟု နာတူးက မောင်းသူကို ပြောလိုက်သည်။

ဆိုင်ကယ်ပေါ်မှဆင်းရင်း သူ့စိတ်ကို ထိန်းလိုက်သည်။ သူ့အနေဖြင့် ကိုယ့်အိုးကိုယ့်အိမ်သို့ ရောက်လာသကဲ့သို့ သဘောထားရမည်။ သို့မှသာ အများ၏ သံသယဖြစ်ခြင်းမှကင်းမည်။ ထို့အပြင် အေးအေးဆေးဆေး ဣန္ဒြေမပျက် သွားလာပါက သူ၏ ရိုးသားသော အဝတ်အစားများကြောင့် လူအများက ပါလီမန်အမတ်သို့မဟုတ် အစိုးရအဖွဲ့ဝင်တစ်ဦးဟု ထင်မှတ်ကောင်း ထင်မှတ်ကြပေမည်။ ထို့ကြောင့် သူ့အမူအရာများကို သတိထားရပေမည်။

နာတူးသည် တံခါးစောင့်အနီး ကပ်သွားရင်း. .

"မစ္စစ်မာတာနဲ့ တွေ့ချင်လို့" ဟု ပြောလိုက်သည်။

ပြုံးလည်းမပြုံး ခေါင်းလည်းမညိတ်သော တံခါးစောင့်က အတွင်းသို့ ညွှန်ပြသည်။ သူ ညွှန်ပြရာသို့ နာတူးက လာခဲ့သည်။

ဟိုတယ်အတွင်းတွင်လည်း တည်းခိုသူနှင့် ဧည့်သည်အများအပြားကို တွေ့ရလိမ့်မည်ဟု နာတူးက မျှော်လင့်ခဲ့သည်။ ထိုလူများထဲတွင် သူမ ရှိနေစေဦးတော့ ထိုလူများကို အရေးမစိုက်ရန်၊ လှည့်မကြည့်ရန် နာတူးက ဆုံးဖြတ်ခဲ့သည်။

သို့သော် ဧည့်ခန်းထဲရှိ အဖိုးတန် ဆိုဖာများမှာ ထိုင်သူမရှိ တံခါးစောင့်ဝတ်စုံကဲ့သို့ ဝတ်စုံများကို ဝတ်ထားသည့် ဟိုတယ် အမှုထမ်းများကိုသာ တွေ့ရသည်။ သူတို့မှာ ဟိုတယ်အမှုထမ်းများ ဖြစ်ကြသော်လည်း သူတို့အထဲမှ အချို့သည် သူ့ရန်သူ ဖြစ်ကောင်းဖြစ်လိမ့်မည်ဟု နာတူးက တွက်ဆထားသည်။





ချက်ချင်းပင် နောက်သို့ ခြေတစ်လှမ်းဆုတ်၍ ဆုံလည်တံခါး အကာအကွယ်ယူရန် သူက စဉ်းစားမိသည်။ ဆုံလည်တံခါး လှည့်နေစဉ်အတွင်း အပြင်သို့ ထွက်ပြေးရန်လည်း စဉ်းစားသည်။ အားလုံးက သူ့ကို သတိမပြုနိုင်မီ သူသည် ဆိုင်ကယ်ပေါ် ပြန်ရောက်နိုင်မည်ဟုလည်း ယုံကြည်သည်။

သူတို့က သူ့ကို အရူးတစ်ယောက်ဟု ယူဆလျှင်လည်း ထင်ကြပေတော့၊ အကယ်၍ ဘယ်သူ့ကိုမှ ဒုက္ခမပေးဘဲ အေးအေးဆေးဆေး ပြန်ထွက်လာလျှင် မည်သူကမှ သူ့နောက်သို့ လိုက်လိမ့်မည်မထင်။ ပုလိပ်သို့ အကြောင်းကြားလိမ့်မည်မဟုတ်။ ထိုသို့ဆိုလျှင် သူသည် တစ်ဦးတည်း လွတ်လွတ်လပ်လပ် ရှိလေဦးတော့မည်။

ထိုအခိုက် သူ့ထံ အရပ်ရှည်ရှည်နှင့် လူတစ်ဦး ပေါ်လာသည်ကို တွေ့သည်။ ထိုလူသည် စုံထောက်အရာရှိတစ်ဦး ဖြစ်ကြောင်း နာတူး သတိထားမိသည်။

ထို့ကြောင့် နာတူးက ဟန်မပျက်ရန် နေလိုက်သည်။

"ကျွန်တော် ဘာအကူအညီများ ပေးရပါမလဲ ခင်ဗျာ" ဟု အရပ်ရှည်ရှည်လူက မေးသည်။

နာတူးက သူ့နှုတ်ခမ်းကို တံတွေးဆွတ်လိုက်သည်။ သို့သော် စကားလုံးသည် ထွက်မလာ။

ထွက်ပြေးရန်အတွက်မှာလည်း များစွာနောက်ကျပေပြီ။ မဖြစ်နိုင်တော့။ သူသည် အဖြေပေးရန် စကားရှာသည် မရ။ မတွေ့။

အရပ်ရှည်ရှည်လူသည် စောစောက မေးခွန်းကို မေးပြန်သည်။

"ကျွန်တော် မစ္စစ်မာတာကို လာရှာတာပါ" ဟု နောက်ဆုံးတွင် နာတူးက ဖြေလိုက်သည်။ "ဒါပေမဲ့ ကျွန်တော် ဒီမှာ ရှာမတွေ့လို့. ."

"မစ္စစ်မာတာ ဟုတ်လား၊ ဪ. . . သိပြီ သိပြီ"ဟု လက်ထောက်မန်နေဂျာက ဝင်ပြောသည်။ "သူ့အခန်းထဲမှာ ရှိပါလိမ့်မယ် ခင်ဗျားတွေ့ချင်လို့လား"

"သိပ်ကောင်းတာပေါ့ ခင်ဗျာ" ဟု နာတူးက ခေါင်းညိတ်ရင်း ဖြေသည်။

"တယ်လီဖုန်း ဘယ်မှာရှိတယ်ဆိုတာ ခင်ဗျားသိသလား" ဟု အရပ်ရှည်ရှည်လူက မေးသည်။

"သိပါတယ်" ဟု နာတူးက သိဟန်ဆောင်ဖြေသည်။ ပြောပြောဆိုဆို သူက တယ်လီဖုန်းကို ရှာသည်။ တစ်ချိန်တည်းတွင်လည်း လိမ်ပြောမိခြင်းအတွက် သူ့ကိုယ်သူ အပြစ်တင်သည်။



www.burmeseclassic.com

www.burmeseclassic.com



နာတူးသည် ဟန်မပျက် အခန်းထောင့်သို့ လျှောက်သွားလိုက်သည်။ ခပ်လှမ်းလှမ်းတွင် ဖြတ်လမ်းတစ်ခုကို တွေ့ရသည်။ ဖြတ်လမ်းအလယ်ရှိ စားပွဲပေါ်တွင်ကား တယ်လီဖုန်းနှစ်လုံး။

နာတူးက တယ်လီဖုန်းကို ကောက်ကိုင်လိုက်သောအခါ အော်ပရေတာ ထူးသံ ကြားရသည်။

"မစ္စစ်မာတာ အခန်းကို ပြောပါရစေ" ဟု သူက လေသံဖြင့် ပြောလိုက်သည်။

"နံပါတ်ကို ကျေးဇူးပြု ပြောပါလားရှင်. . ." ဟု အော်ပရေတာက ပြန်မေးသည်။

"ကျွန်တော် မသိဘူး"

"ဒါဖြင့် ကိုင်ထားလိုက်ဦးနော်"

ခပ်လှမ်းလှမ်းရှိ အရပ်ရှည်ရှည်နှင့် လက်ထောက်မန်နေဂျာက သူ့ကို အကဲခတ်ကြည့်နေကြောင်း နာတူးက တွေ့ရသည်။ သူက ထိုမျက်လုံးများနှင့် ရင်မဆိုင်ဝံ့။

အော်ပရေတာ အဖြေကို စောင့်ရင်း သူ့လက်ပတ်နာရီကို ကြည့်လိုက်သည်။ ၃ နာရီထိုးတော့မှာပါလား။

"ဟယ်လို ဟယ်လို" ဟု သူက စိတ်မရှည်ဟန်ဖြင့် ခေါ်လိုက်သည်။

အော်ပရေတာသည် ဘယ့်အတွက် ဤမျှအချိန်ကြာနေရသနည်းဟု စဉ်းစားမိသည်။ ရာနီကို မတွေ့၍လော။ ရာနီရှိသည်ထားဦး ချန်ပီယံက တယ်လီဖုန်းကိုင်လျှင် ဘယ့်နဲ့လုပ်ပါ့မလဲ။ သို့မဟုတ် ရာနီပြောသမျှများကို ချန်ပီယံကကြားလျှင်ရော၊ ရာနီသည် သူနှင့် လွတ်လွတ် လပ်လပ် စကားပြောဝံ့ပါ့မလား။

ထိုအခိုက် တယ်လီဖုန်းထဲမှ ညင်သာသော အသံလေး ထွက်လာရာ အိပ်မက်များပင် မက်နေမိသလားဟု နာတူးက ထင်မိသည်။

"ရာနီ" ဟု သူက လေသံဖြင့်ခေါ်သည်။ တယ်လီဖုန်းကိုင်ထားသည့် သူ့လက်များ တုန်လှုပ်နေသည်ကို မြင်ရ၍ သူကအံ့သြမိသည်။

တစ်ဖက်မှ ပြန်ထူးသံသည် မိနစ်အနည်းငယ်ကြာသည်အထိ ထွက်မလာ။ သူမရော တုန်လှုပ်နေသလော။ အံ့သြလွန်း၍ စကားမပြောနိုင် ဖြစ်သလော။ သို့မဟုတ် တယ်လီဖုန်းကို ချလိုက်ပြီလော။

"ရာနီ"





"ဟုတ်ကဲ့ သူမအသံမှာလည်း တိုးတိုးလေးပင် "နာတူးလားဟင်"

"ဟုတ်တယ် မင်းကိုတွေ့ချင်လို့"

တစ်ဖက်မှ တိတ်သွားပြန်သည်။ သူက စောင့်နေမိသည်။

"ရှင် ဘယ်မှာလဲ" ဟု သူမကမေးသည်။

"မင်းတို့ဟိုတယ် ဧည့်ခန်းမှာလေ"

"အို ဒါပေမဲ့ ကျွန်မမှာ. . ."

"မင်းတစ်ယောက်တည်းလား မင်းကိုလာတွေ့မယ်လေ"

"ဟုတ်ကဲ့ ကျွန်မတစ်ယောက်တည်းပါ"

"ဒါဖြင့် မင်းအခန်းနံပါတ်ကိုပြော"

"ဒါပေမဲ့. . ."

"မင်းအခန်းနံပါတ်ကို မင်းကပဲ ပြောမလား ဒါမှမဟုတ် ဒီမှာ မေးယူရမလား"

သူမသည် တိတ်သွားပြန်သည်။

ခဏကြာမှ လေသံဖြင့် အခန်းနံပါတ်ကို ပြောကာ တယ်လီဖုန်းကို ချလိုက်တော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

"ကောင်းပြီ သူ့ကို လွှတ်လိုက်" ဟု ဗိုလ်ချုပ် ဂျီဆင်းက ရုံးတွင်းပြောခွက်မှ ပြောလိုက်သည်။

ခဏကြာလျှင် သူ့ရုံးခန်းအတွင်းသို့ ရိပဲဒတ် ဝင်လာသည်။ ဂျီဆင်းက ထိုင်ရာမှထ၍ ရိပဲဒတ်ကို လက်ကမ်းပေး နှုတ်ဆက်သည်။

"ကဲ ထိုင်" ဟု ဆင်းက ဧည့်ခံကုလားထိုင်တွင် ထိုင်ခိုင်းလိုက်သည်။ "ဘာသောက်မလဲ"

"ကျေးဇူးပါပဲ ကျွန်တော် ဘာမှမသောက်ချင်ပါဘူး"

"တကယ် ဘာမှမသောက်ဘူးလား"

"ဟုတ်ကဲ့ ရေတစ်ခွက်လောက်တော့"

"ကဲလေ ခင်ဗျားအတွက် စကော့ဝီစကီ တစ်ခွက်လောက်တော့ တိုက်ပါရစေ" ပြောပြောဆိုဆို စားပွဲအံဆွဲတွင်းမှ ဝီစကီပုလင်းကို ထုတ်၍ ဖန်ခွက်နှစ်ခုအတွင်းထည့်ပြီး ရိပဲဒတ်ရှိရာ ပြန်လာသည်။ ထို့နောက် တစ်ခွက်ကို လှမ်းပေးရင်း "ခင်ဗျားကို ကျွန်တော် စစ်အတွင်း အတွေ့အကြုံတစ်ခု ပြောပြီးပြီ ထင်ပါရဲ့ ကင်နာနယ်စပ်မှာ တိုက်ပွဲတွေ ဆင်နွှဲနေရတုန်း မသန့်ရှင်းတဲ့ရေတွေ သောက်ရလို့ ဝမ်းရောဂါဖြစ်ပြီး ကံကောင်းလို့ မသေခဲ့တာလေ"

ရိပဲဒတ်က ယဉ်ကျေးစွာ ပြုံးလိုက်သည်။ ဤရုံးခန်းတွင်းရောက်တိုင်း ဤအကြောင်းကို ရိပဲဒတ်က ကြားရတတ်သည်သာ ဖြစ်သည်။ ထို့ကြောင့်လည်း အရေးကြီးသည့် ကိစ္စရှိလျှင် ရိပဲက ကာကွယ်ရေးဝန်ကြီး ရုံးခန်းသို့ ဦးစွာ သွားတတ်သည်။

ယခုလည်း ဝန်ကြီးရုံးသို့ သွားခဲ့ရာ ဝန်ကြီးသည် ဘုရင်ခံချုပ် ဧည့်ခံပွဲသွားနေ၍ ဗိုလ်ချုပ်ဆင်းထံ လာခြင်းဖြစ်သည်။

"ကဲ ဆိုပါဦး" ဟု ဆင်းကမေးသည်။





"ဒီနေ့ညနေမှာ တစ်ခုခုဖြစ်လိမ့်မယ် ဗိုလ်ချုပ်" ဟု ရိပဲက ဝီစကီကို အနည်းငယ် သောက်လိုက်ရင်း ပြောသည်။

"ဘယ်လိုဟာမျိုးလဲ"

"အတိအကျတော့ ကျွန်တော် မပြောနိုင်သေးဘူး။ ဒါပေမဲ့ မဟာတ္တမဂန္ဒီကို ဒီနေ့ညနေမှာ နောက်တစ်ကြိမ် လုပ်ကြံဖို့ ကြိုးစားလိမ့်မယ်"

"အင်း ဒါဆိုရင်တော့ မီးခဲပဲ ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါနဲ့ပတ်သက်လို့ ဗိုလ်ချုပ်ကို ကျွန်တော်ကလာပြီး သတိပေးတာပါ"

"ခင်ဗျား ခုလိုလာပြီး သတိပေးတာ ကျေးဇူးပဲဗျာ၊ ဒီတော့ ခင်ဗျားအနေနဲ့"

"ဟုတ်ကဲ့ ကျွန်တော် တတ်နိုင်သလောက် ဒီကိစ္စကို ဟန့်တားပါ့မယ်"

"ကောင်းတယ် ကောင်းတယ်၊ ခင်ဗျား အစွမ်းကုန်ကြိုးစားစမ်းပါ"

ဆင်းသည် သူ့အိတ်ထဲမှ ဆေးပြင်းလိပ်ဘူးကို ထုတ်၍ ရိပဲအား တစ်လိပ်ပေးသည်။ ထို့နောက် သူက မီးညှိစေသည်။ ဆေးပြင်းလိပ်နှစ်လိပ်မှ မီးခိုးများ စတင်ထွက်လာသည်။

"ဂုရှဂျီကို ဖမ်းရင်ကောင်းမယ်ထင်တယ်" ဟု မီးခိုးကို မှုတ်ထုတ်ရင်း ဆင်းကပြောသည်။

"သူ့ကို ဖမ်းရမယ် ဟုတ်လား၊ တကယ်ပြောတာနော် ဗိုလ်ချုပ်"

"တကယ်ပေါ့ဗျ၊ ကြိုတင်ကာကွယ်တဲ့ အနေမျိုးပေါ့၊ နေဦး နေဦး ကျွန်တော်တို့က သူ့ကို ဆင်မလား ပို့လိုက်တာပေါ့။ သတင်းစာတွေကိုတော့ သူ့ကျန်းမာရေး ချို့ယွင်းလို့ အနားယူဆေးကုဖို့ ပို့တယ်လို့ ပြောတာပေါ့"

ဆင်းသည် သူ့စိတ်ကူးကို သူ့ဘာသာ သဘောကျ၍ ပြုံးလိုက်သည်။

ရိပဲသည် သူ၏ခွက်ထဲမှ ဝီစကီကို မျက်မှောင်ကုပ်ကြည့်လိုက်သည်။

"တကယ်လည်း သူနေမကောင်းနေတာပဲ မဟုတ်လား" ဟု ဆင်းက ဆက်ပြောသည်။

"ကျွန်တော်တော့ သဘောမတူဘူး ဗိုလ်ချုပ်" ဟု ဒတ်က ကန့်ကွက်သည်။

"ဘာဘူက သူ့အတွက် ဘယ်သူကိုမှ ထောင်မကျစေလိုဘူးဆိုတာ ခဏခဏ ပြောခဲ့တယ်မဟုတ်လား။ တကယ်တော့ သူဟာ အင်မတန် သည်းခံခြင်းတရားပြည့်ဝတဲ့ ပုဂ္ဂိုလ်ကြီးပဲ သူ့ကို ကိုက်နေတဲ့ ခြင်တောင်မှ ရိုက်မသတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါတွေကြောင့် သူ့အတွက် အန္တရာယ်များနေတာပဲ မဟုတ်လားဟင်။ ကျွန်တော်တို့က စစ်ပွဲတစ်ပွဲကို ဆင်နွှဲနေရတယ် ဆိုတာကိုလည်း ခင်ဗျားအသိ။ ကက်ရှမီးယားကလာတဲ့ သတင်းတွေ၊ အစီရင်ခံစာတွေကို ခင်ဗျား ဖတ်ကြည့်စမ်း။ ဟိုမှာ အခြေအနေ ဘယ်လောက် ဆိုးနေသလဲ။ သတင်းစာတွေကို ထုတ်ပေးတဲ့ သတင်းတွေမှာ သူတို့ဘက်က အကျအဆုံးတွေကိုပဲ ကျွန်တော်က ဖော်ပြတော့ ကျွန်တော်တို့ ဘက်ကျတော့ လျှော့လျှော့ပေါ့ပေါ့ ပေးရတယ်"

ဆင်းသည် သူ့အရက်ခွက်ကို မော့သောက်လိုက်ပြီး ချက်ချင်းပြန်ဖြည့်သည်။

"သူဟာ ကျွန်တော်တို့ တိုင်းပြည်မှာ နောက်ဆုံး ရာစုနှစ်အတွင်းရဲ့ အကြီးမားဆုံး ခေါင်းဆောင်ကြီးပဲ ဗိုလ်ချုပ်" ဟု ရိပဲကပြောသည်။ တစ်နည်းအားဖြင့်လည်း ဆင်း၏ မဆိုင်သောစကားလမ်းကြောင်းကို ပြောင်းပေးလိုက်ခြင်း ဖြစ်သည်။

"အဲဒါကို ကျွန်တော် လက်ခံပါတယ်" ဟု ဆင်းက သဘောတူသည်။ "အဲဒီလို ကြီးမားထင်ရှားတဲ့ ခေါင်းဆောင်ဖြစ်လို့လည်း သူ့အတွက် အန္တရာယ်တွေ များပြားတာပဲ။ ထင်ရှားလေ၊ လုပ်ကြံချင်သူတွေ များလေပဲ။ ဒါပေမဲ့ သူလုပ်တဲ့အထဲမှာ အမှားတွေ အများကြီး ပါနေတယ် ဒတ်"

ရိပဲသည် ဆင်းစကားကို ကြားရသောအခါ စိတ်ပျက်မိသည်။ ပီကေနှင့် တွေ့မည်က စိတ်ပျက်သည့်နည်းတူ ယခုလည်း စိတ်ပျက်ရပြန်လေပြီ။ သူ့အထက် လူကြီးတို့အပေါ် ရိပဲက မကျေနပ်ခြင်း ဖြစ်မိလေတော့သည်။ သို့သော် သူက မည်သို့မျှ မတတ်နိုင်။

ဆင်းသည် သူ့ပါးစပ်မှ ဆေးပြင်းလိပ်ကို ချွတ်လိုက်ရင်း

"ကဲလေ ဒါတွေထားပါတော့" ဟု ပြောသည်။ "ဘယ်အချိန်လောက်မှာ လုပ်ကြံကြမှာတဲ့လဲ"

"သူတို့ လုပ်ကြံမယ်ဆိုရင်တော့ ၅ နာရီနဲ့ ၆ နာရီကြားပဲ. . ."

"ကောင်းပြီလေ ကျွန်တော့် တပ်မှူးတွေကို အဆင်သင့် ဖြစ်ဖို့ သတိပေးလိုက်ပါ့မယ်"

* * *



(၁၁)

နာတူးသည် ဟိုတယ်ဝရံတာတွင် လျှောက်သွားရင်း သူမ အိမ်သို့ သွားခဲ့သည်။ ပထမဆုံးညကို အမှတ်ရမိသည်။ ထိုစဉ်က သူ့စိတ်မှာ လက်ထပ်ပြီး သတို့သား သတို့သမီးအခန်းသို့ သွားသကဲ့သို့ ရှိခဲ့လေတော့သည်။

"ဝင်ခဲ့လေ"

သူက တံခါးမခေါက်မီပင် တံခါးပွင့်လာပြီး ရာနီက ဖိတ်ခေါ်သည်။

"မင်းပေးတဲ့စာ ရလို့" ဟု သူက အခန်းတွင်း ဝင်သင့် မဝင်သင့် ချင့်ချိန်ရင်း ပြောသည်။

"ဟုတ်တယ် ကျွန်မရှင့်ကို တွေ့ချင်လို့"

သူသည် အခန်းတွင်းသို့ ဝင်လိုက်သည်။ မီးရောင်ဖျော့ဖျော့တွင် ခေတ်ဆန်သော ဧည့်ခန်းကို တွေ့ရသည်။ ဆုတံဆိပ်များ၊ ဖလားများ၊ ဒိုင်းများနှင့် တင်းနစ်တံတို့ နံရံတွင် ချိတ်ထားသည်ကိုလည်း တွေ့ရသည်။

သူ့ကို ချန်ပီယံကလည်း ဧည့်ခန်းတွင် လာရောက်တွေ့ဆုံ နှုတ်ဆက်မည်လောဟု နာတူးက သံသယဖြစ်ခဲ့သည်။

"ကျွန်မ ခင်ပွန်း ပြိုင်ပွဲအတွက် ဩစတြေးလျကို သွားတယ်" ဟု သူမက သူ့စိတ်ကို ရိပ်မိ၍ပေလောမသိ ရှင်းပြသည်။ "နောက်ပြီး အိမ်စေတွေကိုလည်း ကျွန်မ အားလပ်ရက် ပေးထားတယ်၊ ကဲ ထိုင်လေ"

"ကျေးဇူးပဲ" ဟု ပြောရင်း ထိုင်ချကာ စီးကရက်ကို မီးညှိလိုက်သည်။ သူ့စိတ်ထဲတွင် သူ့ကိုယ်သူ ဘုရားရှိခိုးကျောင်း ရတနာများအခန်းအတွင်း ရောက်နေသော သူခိုးကဲ့သို့ ထင်မိသည်။

"တစ်ခုခုစားဖို့ ကျွန်မ ယူပေးရမလားဟင်"

သူမက သူ့ကိုမကြည့် သူ့မျက်လုံးများကို ရှောင်ကာ သူ့လက်ဖဝါးနှစ်ခုကို ပွတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေ ကျေးဇူးပါပဲ" ဟု သူကပြောသည်။ "ဒါပေမဲ့ ပြာခံခွက်ကိုတော့"

သူမက ဆေးလိပ်ပြာခံခွက် တစ်ခုကို ယူ၍ပေးသည်။ နာတူးက ပြာခံခွက်ကိုယူရင်း သူမ လက်ကိုပါ ဆွဲလိုက်သည်။

"စကားပြောရအောင်နော်" ဟု သူမက တောင်းပန်သည်။

"ဟင့်အင်း ကိုယ်မပြောချင်ဘူး"

"အို. . ."

သူက စီးကရက်ကို ပြာခံခွက်တွင် ချေလိုက်ပြီး သူမကိုယ်လုံးကလေးကို သူ့နံဘေးသို့ ဆွဲချသည်။

"ဘုံဘေက ပြန်လာပြီးကတည်းက ကျွန်မကို သတိမရသေးရဲ့လား နာတူး"

"ကိုယ်မင်းကို အမြဲသတိရ စဉ်းစားခဲ့တာပါ ရာနီ"

"ကျွန်မကို ဘာဖြစ်လို့ သတိရတာလဲ၊ စဉ်းစားတာလဲ" သူမကမေးသည်။

"ကိုယ့်ကို နမ်းပါလား ရာနီ"

"ကျွန်မကို ချစ်တယ်လို့ ပြောလေ နာတူး"

"အချစ်ဆိုတာ ဘာမှန်း ကိုယ်သေသေချာချာ မသိရသေးဘူး ရာနီ၊ မင်းကို ကိုယ်က ငမ်းငမ်းတက် နှစ်သက်တာပဲ၊ အဲဒါဟာ အချစ်ဆိုရင်တော့ မင်းကို ကိုယ်ချစ်"

သူမကိုယ်လုံးလေးကို နာတူးက တင်းတင်းကျပ်ကျပ် ဖက်လိုက်သည်။ သူ့နှုတ်ခမ်းကလည်း နီထွေးသော သူမ နှုတ်ခမ်းအပေါ် ရောက်သွားသည်။ ထို့နောက် သူမကိုယ်လုံးလေးကို တွန်းလှဲကာ သူ့ကိုယ်လုံးဖြင့် ဖိလိုက်သည်။

သူမက သူ့ဆံပင်ကို ဆွဲထားသည်။ သို့သော် သူကနာရမှန်းမသိ၊ သူမက လက်သည်းများဖြင့် သူ့လည်ပင်းကို ထိုးကာ တွန်းထုတ်လိုက်သည်။

"ဟင့်အင်း" ဟု သူမက မောပန်းစွာဆိုသည်။ "ရှင်ကျွန်မကို အဲ့ဒီလို အကြမ်းဖက်လို့ မရဘူး၊ ရှင်ဟာ. . "

"မီးဖို ဘယ်မှာလဲ" ဟု သူကမေးသည်။ "ငါ့လက်ကိုင်ပဝါကို ရေဆွတ်ပြီး ငါ့နှုတ်ခမ်းကို ဆေးပေးမှ၊ နို့မို့ရင် နက်ဖြန် ကိုယ့်နှုတ်ခမ်း မီးပုံးပျံ ဖြစ်လိမ့်မယ်"

"လာ ကျွန်မနောက်လိုက်ခဲ့ သိပ်နာသွားသလားဟင်"

"ကိစ္စမရှိပါဘူး"

"ကျွန်မ အဲ့ဒီလို လုပ်ချင်အောင် ဘာဖြစ်လို့ လုပ်ရတာလဲဟင်"

သူက ရှင်းမပြလို၊ သူမနှင့်လည်း ဆက်လက်မတွေ့လိုတော့။ သူ့နှုတ်ခမ်းသည် သူမကိုက်၍ရသော ဒဏ်ရာမှ သွေးများ အထွက်ရပ်လျှင် ဒီအိမ်မှ ထွက်သွား





ရန် ဆုံးဖြတ်မိသည်။

သူသည် ဘုံဘိုင်ကိုထွက်ကာ သူ့နှုတ်ခမ်းကို ဆေးသည်။ ရေတို့သည် နီကုန်သည်။ သူမကား ကျားမပါတကား။ မှန်သည် ကျားမထက်ပင် ဆိုးသေးသည်။ ရက်စက်သေးသည်။

သူမ ဘာကိုအလိုရှိမှန်း မခန့်မှန်းနိုင်။ သူမ ဆန္ဒကို မဝေခွဲနိုင်။ တကယ်တော့ သူပျော့ချက်များလည်း ပါသည်ဟု နာတူးက ယုံကြည်မိသည်။

သူသည် သူမနှင့် တွေ့ခဲ့၊ ရင်းနှီးခဲ့သည်ကား မှန်သည်။ သို့သော် အချိန်ဖြုန်းသလိုသာ ရှိခဲ့သည်၊ သူမထံမှ ဘာမျှမရခဲ့။

ရေဆေးရင်း သူမနှင့် မဆက်ဆံတော့ရန် နာတူးက ဆုံးဖြတ်လိုက်သည်။ ဒီည အို ဘယ်တော့မှ ဒီကျားမနှင့် မတွေ့တော့၊ မဆက်ဆံတော့။

မိနစ်အနည်းငယ် ကြာသောအခါ နှုတ်ခမ်းမှသွေးအကျရပ်သွားသည်။

"လာ ဟိုမှာသွားပြီး လှဲနေလိုက်ဦး" ဟု သူမက သူ့ခါးကိုဖက် သူ့လက်ကို ဆွဲကာ အခန်းတစ်ခုအတွင်းခေါ်သွားသည်။ အခန်းမှာ လုံးဝမှောင်နေပြီး အိပ်ခန်း ဖြစ်ဟန်တူသည်။

"ရှင်ဟာ တကယ့်ကို ကလေးပဲ နာတူး" သူမက သူ့ဆံပင်များကို လက်နှင့်ဖွရင်းပြောသည်။ လက်သည်းများနှင့်လည်း သူ့လည်ပင်းကို မနာအောင်ကုတ်သည်။

"တကယ့်ကို ကလေးဆိုးကြီးပဲ၊ ရှင့်ကို ကျွန်မ ဘာမဆိုပေးမယ်ဆိုတာ ရှင်မသိဘူးလားဟင်၊ ကျွန်မ ပိုင်ဆိုင်သမျှတွေကို ပေးမယ်ဆိုတာလေ။ အချစ်ဆိုတာ ပေးကမ်းခြင်း၊ အလိုလိုက်ခြင်းဆိုတာ ရှင်မသိဘူးလားဟင်၊ ဒါပေမဲ့ အဲ့ဒါတွေကို အကြမ်းဖက်ပြီး အဓမ္မနည်းနဲ့ မယူရဘူးရှင့်၊ ကျွန်မကို ရှင်ဘာဖြစ်လို့ အကြမ်းကိုင်ခဲ့တာလဲဟင်"

ပြောပြောဆိုဆို သူမက သူ့တစ်ကိုယ်လုံးကို ညင်သာစွာ နမ်းသည်။ စောစောက သူ့ဆုံးဖြတ်ချက်များမှာ နာတူး အသိမှ ပျောက်ကွယ်လေတော့သည်။

"ဟင့်အင်း ရှင်မလှုပ်ရဘူး" ဟု သူမက တောင်းပန်သည်။ "ရှင့်ကို ကျွန်မ ချစ်ပါရစေ၊ ရှင့်ကို ကျွန်မ တကယ့်ကို ချစ်မိတာပါ၊ ချစ်ချင်တာပါ နာတူး"

လမ်းပေါ်မှ ညတာဝန်ကျ အစောင့်များ၏ ခြေသံများကို ကြားရသည်။ ချက်ချင်းပင် အနီးအနားမှ ခွေးများအူသံ၊ ဟောင်သံများ ပေါ်လာသည်။ အစောင့်များ ခပ်လှမ်းလှမ်းရောက်သွားမှ ပတ်ဝန်းကျင်မှာ ပြန်လည် တိတ်ဆိတ်ငြိမ်သက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ပြန်သင့်ပြီ ထင်တယ်" ဟု သူကပြောသည်။

"မင်းကို ဘယ်တော့ထပ်ပြီး တွေ့နိုင်ဦးမလဲဟင်"

"ကျွန်မ မသိဘူး" ဟု သူမကဖြေသည်။

"ဘာဖြစ်လို့လဲ ရာနီ၊ ဘာမကျေနပ်လို့လဲဟင်"

"ဘာဖြစ်လို့ မကျေနပ်ဘူးလို့ ရှင်က ထင်တာလဲ"

"မင်းပြောပုံက ပြတ်တောင်းတောင်း နိုင်လွန်းလို့ပါ"

"ကဲ ရှင်ပြန်မယ်ဆို ပြန်လေ၊ ကျွန်မ ရှင့်ကို ပြန်ပြီးလက်မခံချင်ဘူး"

သူမအသံမှာ မာကြောလှသည်။ မျက်နှာကိုလည်း တစ်ဖက်သို့ လွှဲလိုက်သည်။

"မင်း. . . မင်း နေလို့မှကောင်းရဲ့လားဟင်"

"ဘာဖြစ်လို့ နေမကောင်းရမှာလဲ ရှင်ကရော"

"ကိုယ်. . . ကိုယ်နေကောင်းပါတယ်၊ နက်ဖြန်မှာ အလုပ်မဆင်းရပါစေနဲ့လို့တောင် ကိုယ်ဆုတောင်းမိတယ်၊ ဒါမှ မင်းနဲ့ ဒီည ဒီမှာအိပ်. . . "

"ဟင့်အင်း ရှင့်ကို အိပ်ခွင့်မပေးနိုင်ဘူး"

"ကိုယ်ကလည်း မအိပ်နိုင်ပါဘူး"

"ဒါဖြင့်ရင်လည်း ဘာဖြစ်လို့ လေကုန်ခံ ပြောနေရတာလဲ" သူကထလိုက်ရင်း ဆာရီကို ပြင်ဝတ်သည်။

"ဝွတ်ဘိုင် နာတူး"

"မင်းဘာဖြစ်တာလဲဟင်၊ မင်းနဲ့ကိုယ်ဟာ ဒီနည်းနဲ့ ခွဲခွာရမှာ မဟုတ်ပါဘူး"

သူမက မဖြေ၍ နာတူးက သူမ လက်မောင်းများကို ကိုင်လိုက်သည်။ သို့သော် ရာနီက အကိုင်မခံ။

"ရှင်သွားတော့"

"ကိုယ့်ကို တကယ်ပဲ အတွေ့မခံချင်ဘူးလားဟင်. . . " သူက နောက်ဆုံးအနေဖြင့် မေးလိုက်သည်။

ထိုအခါတွင်မှ သူမသည် ကိုယ်လုံးလေး တသိမ့်သိမ့်တုန်အောင် ငိုလေတော့သည်။

"ကျွန်မ ရှက်တယ် အို. . . သိပ်ရှက်. . . "

နောက်တစ်နေ့ သူက တယ်လီဖုန်းဆက်မေးသောအခါ အိမ်စေတစ်ဦးက သူမ ဘုံဘေသို့သွားကြောင်း ဖြေသည်။ ဘုံဘေမှ ပြန်လာသည့်အချိန်တွင်လည်း





သူမက အကြောင်းမကြား။

နေ့စဉ် သူက တယ်လီဖုန်းခေါ်သံ သို့မဟုတ် သူမထံမှ စာကို စောင့်ခဲ့သည်။ သို့သော် တယ်လီဖုန်းလည်း မခေါ်၊ စာလည်းမလာ ရက်သတ္တတစ်ပတ်၊ သုံးပတ် တိတိ သူမနှင့် အဆက်အသွယ်မရ။

သူမသည် ဥရောပသို့ ခရီးထွက်ပြန်ပြီလော၊ သို့မဟုတ် ချန်ပီယံနောက်သို့ လိုက်သွားလေပြီလောဟု နာတူးက ထင်မိသည်။ ထိုစဉ် သူမထံမှ စာရောက်လာခဲ့သည်။ သူမက ဂျူဟူးကမ်းခြေရှိ ဗိုလ်တဲမှ စောင့်နေပါ့မယ်တဲ့. . ။

ဗိုလ်တဲမှာ ချန်ပီယံက သူ့ကို လက်ထပ်ပြီးခါစ ရာနီအတွက် ဆောက်ပေးခဲ့ခြင်းဖြစ်သည်။ ကမ်းခြေ၏ တောင်ကုန်းမြင့်မြင့်လေးပေါ်တွင် ဆောက်ထားခြင်းဖြစ်၍ သူတို့ဗိုလ်တဲကို အဝေးမှပင် လှမ်းမြင်ရသည်။

ဗိုလ်တဲမှာ နေသူမရှိသလိုပင် တိတ်ဆိတ်နေသည်။ ပြတင်းပေါက်တံခါးပိတ်ထားသည်။

နာတူးက တံခါးကိုခေါက်ပြီး စောင့်နေလိုက်သည်။ အတွင်းမှ အသံမကြား၍ ခဏကြာလျှင် တံခါးကို ခပ်ပြင်းပြင်း ခေါက်လိုက်ပြန်သည်။ သူက ထပ်ခေါက်ပြန်သည်။ နောက်ဆုံး အတွင်းမှ အသံမကြား၍ သူက တံခါးကို အသာတွန်းလိုက်သည်။

အတွင်းခန်းသို့ ဝင်လိုက်လျှင် သူမကို တွေ့ရသည်။ သူမသည် နံရံကိုမှီ၍ ငြိမ်သက်စွာ ထိုင်နေသည်။

"တံခါးပိတ်လိုက်ပါ" ဟု သူမက လှမ်းပြောသည်။ "ကျွန်မ မျက်စိကျိန်းလို့"

သူမ စကားကို နာတူးက နားထောင်သည်။ သို့သော် သူမ ရှိရာ သွားရမည့်အစား သူက အပေါက်ဝတွင် ရပ်နေသည်။

"ရှင်လာမှာတော့ မဟုတ်ဘူးလို့ ကျွန်မ ထင်နေတာ" ဟု သူမက ပြောသည်။

"မင်းဘာဖြစ်လို့ အမှောင်ထဲမှာ ထိုင်နေတာလဲဟင်. . . "

"ဘာဖြစ်လို့လဲဆိုတော့ အမှောင်ကို ကျွန်မကြိုက်လို့ပေါ့"

"ဒီနေ့မနက်က မင်းမီးမမွှေးခဲ့ဘူးလား"

"မီးဟုတ်လား ရှင်ပြောတာ မီးသွေးမီးနော် ဟင့်အင်း. . . မီးဟာ ဒီမှာ မလိုဘူး။ ကျွန်မတို့မှာ ဓာတ်ငွေ့အိုးတွေနဲ့ ရေနံဆီမီးဖို ရှိတယ်"

"မင်းဟာ အနောက်နိုင်ငံတွေရဲ့ အပြုအမူတွေကို အတုခိုးလွန်းတယ်"

"အတုခိုးလွန်းတယ် ဟုတ်လား၊ ဟုတ်ကောင်း ဟုတ်ပါလိမ့်မယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ရှင့်စကားက မကျေနပ်ပုံဘဲ၊ ဘာဖြစ်လို့လဲ နာတူး ဒီဓာတ်ငွေ့အိုးရယ် မီးဖိုရယ်နဲ့ ပတ်သက်ပြီး ရှင်က ဘာသဘောမကျလို့လဲဟင် . . ."

"မကျေနပ်ဘူးလို့တော့ မဟုတ်ပါဘူး" ဟု သူက ပခုံးတွန့်ပြီး ပြောသည်။ အမှန်မှာမူ မီးဖိုကြောင့် မဟုတ်ဘဲ သူမ၏ အနောက်တိုင်း ဆန်စွာ မပေါ့တပေါ့ ဝတ်ထားသော အဝတ်အစားများကြောင့် သူက ဒေါသထွက်ခဲ့ခြင်း ဖြစ်သည်။ သို့သော် သူက သူ့ဒေါသကို ထိန်းလိုက်သည်။ တကယ်တော့ ရာနီသည် သူ့ဇနီး မဟုတ်၊ သူ့နှမ မဟုတ်၊ သူ့အမျိုး မဟုတ်။

"ဒါဘာလဲ နာတူး"

"ဘာကို မေးတာလဲ"

"ကျွန်မ ဘာကိုမေးတယ်ဆိုတာ ရှင်သိပါတယ်"

"ဟင့်အင်း ကိုယ်မသိဘူး"

"ရှင် ကျွန်မကို ဘာဖြစ်လို့ ဒီလောက်တောင် စိတ်ဆိုးချင်နေတာလဲဟင်"

"ကိုယ်စိတ်မဆိုးပါဘူး"

"ကောင်းပြီ ဒါဖြင့်လည်း ကျွန်မကို မပြောနဲ့တော့"

"ကိုယ့်အနေနဲ့ ဘာမှပြောစရာ မရှိဘူး။ မင်းကသာ ဒီကိုလာဖို့ ကိုယ့်ကို ခေါ်တာ မဟုတ်လား။ ကိုယ်မနက် ၆ နာရီကတည်းက ဒီကိုလာခဲ့ရပေမဲ့ မင်းက ကိုယ့်ကို လက်ဖက်ရည်တစ်ခွက်တိုက်ဖို့တောင် သတိမရဘူး။ ကိုယ်တံခါးခေါက်သံ ကြားရဲ့နဲ့ ကိုယ့်ကို တံခါးလာမဖွင့်ပေးဘူး"

သူမက ထိုင်ရာမှထရင်း သူ့ကို ဦးညွှတ်လိုက်သည်။

"ကျွန်မကို ခွင့်ပြုပါ၊ ကျွန်မက ရှင့်ကိုစော်ကားခဲ့. . ."

"တိတ်စမ်း ရာနီ"

"ဒါပေမဲ့ ကျွန်မက ရှင့်ကို ကျေနပ်အောင်လုပ်"

"ဒါဆိုရင်တော့ မင်းမှားပြီ"

"တကယ်ပါရှင်"

"မင်း ကျေးဇူးပြုပြီး တိတ်စမ်းပါလား"

ပြောပြောဆိုဆို သူသည် သူမထံသွားပြီး သူမ ကိုယ်လုံးလေးကို တအားဖက်လိုက်သည်။ မော့နေသော သူမ နှုတ်ခမ်းလေးအစုံကိုနမ်းရန် ငုံ့လိုက်သည့်အခါ သူမက မျက်နှာကိုငုံ့ပြီး သူ့ရင်ခွင်တွင်းဝင်လိုက်သည်။ ထို့နောက် လေသံဖြင့် . . .





"ရှင်ကျွန်မကို မုန်းပြီပေါ့ ဟုတ်လား" ဟု ပြောသည်။

"မင်းကို ကိုယ်မမုန်းပါဘူး ရာနီ"

"ဒါပေမဲ့ ရှင့်ပြောပုံက"

"အင်းလေ တစ်ခါတလေတော့ မင်းက ကိုယ်စိတ်ဆိုးအောင် လုပ်တာကိုး"

"ကျွန်မ ရှင်စိတ်ဆိုးအောင် ဘယ်တုန်းကမှ မလုပ်ချင်ပါဘူး"

"ကိုယ်သိပါတယ်"

"ရှင်သိတယ်နော်၊ ဟုတ်လားအချစ်"

"ကိုယ်သိပါတယ်" ဟု သူက ထပ်ပြောသည်။

သူမမျက်နှာသည် ပြန်မော့လာသည်။ နေရောင်ခြည်ကို မျှော်နေသည့် ပန်းပွင့်လေးကဲ့သို့ပင်။

သူက မက်မောစွာဖြင့် နမ်းလိုက်လေတော့သည်။

"ကျွန်မက ရှင့်ကို လွမ်းတာ သတိရတာရဲ့တစ်ဝက်လောက်ပဲ၊ ရှင်က ကျွန်မကို လွမ်းတယ် သတိရပါတယ်လို့ ပြောစမ်းပါလားရှင်"

"ဒါဖြင့် မင်းဘာဖြစ်လို့ ထွက်ပြေးရတာလဲဟင်"

သူမက မျက်လွှာကို ချလိုက်သည်။ သူမ ကိုယ်လုံးလေး တုန်နေကြောင်း နာတူးက သိမိသည်။

"ကဲလေ ကိစ္စမရှိပါဘူး" ဟု သူက အားပေးသည်။

"ဒါတွေဟာ ကုန်ဆုံးသွားပါပြီ"

"ရှင့်ကို ကျွန်မ မေ့ဖို့ မေ့ဖို့ ကြိုးစားခဲ့တယ်" ဟု သူမက ဝန်ခံသည်။

"အို ကျွန်မလေ အစွမ်းကုန်ကို ကြိုးစားခဲ့တယ်"

"ဟုတ်တယ်၊ ကိုယ်ကလည်း ကြိုးစားခဲ့တာပဲ" ဟု သူက ဝန်ခံသည်။

"ရှင်က ဟုတ်လား၊ ဒါဖြင့် ဒါဖြင့် ရှင်လည်း ကြိုးစားလို့ မရဘူးပေါ့ ဟုတ်လား"

"မင်းမြင်တဲ့အတိုင်း ကိုယ်ဒီကို ရောက်နေတယ်လေ"

"အို နာတူး၊ ရှင့်ကို ကျွန်မ ချစ်တယ်၊ ချစ်တယ်"

သူတို့သည် မျက်လုံးချင်း ဆုံမိကြလေသည်။

"ကဲ" ဟု သူမက စပြောသည်။

"မင်းကို လာနှုတ်ဆက်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"နှုတ်ဆက်ပြန်ပလား"

"နောက်ဆုံး နှုတ်ဆက်တာပါ" ဟု သူက ပြောသည်။

"အို" ဟုဆိုကာ သူမသည် အောက်နှုတ်ခမ်းသို့ ကိုက်၍ တစ်ဖက်သို့ လှည့်သွားသည်။

"ထိုင်ပါဦးလား နာတူး"

"ကိုယ့်မှာ အချိန်မရှိဘူး ရာနီ"

"ကဲ ဒါဖြင့်ရပ်နေ သွားချင်ရင်လည်း သွား တကတည်းမှပဲ" သူမအသံမှာ မချင့်မရဲ။

မမျှော်လင့်ဘဲ သူမထံမှ ရှိုက်သံထွက်လာသည်။

"ရာနီ"

သူက သူမလက်မောင်းအိုးလေးများကို ကိုင်လိုက်သောအခါ ရာနီက သူ့ဘက်သို့လာသည်။

"အချိန်မရဘူး ဟုတ်လား" သူမမျက်ရည်တို့မှာ မေးစေ့သို့ပင် ရောက်နေလေပြီ။

"ကျွန်မအတွက် ရှင်က ဒီတစ်ခါ ဘယ်လောက်များ အချိန်ဖြုန်းနိုင်မလဲ၊ ကျွန်မနဲ့ ဘယ်လောက်ကြာအောင် နေနိုင်မှာလဲ နာတူး။ တစ်နာရီလား၊ နှစ်နာရီလား။ အဲဒီထက်တော့ ဘယ်နည်းနဲ့မှ ပိုမှာ မဟုတ်ပါဘူးလေ။ နောက်တော့ ရှင့်အသံကိုကြားဖို့ ရက်သတ္တတစ်ပတ်ပေါင်း ဘယ်လောက်ကြာအောင် ကျွန်မက စောင့်ရဦးမှာလဲဟင်။ ငါးပတ်လား၊ ခြောက်ပတ်လား။ အခုရော ဘယ်လောက် ကျွန်မ စောင့်ခဲ့ရသလဲဟင်"

"ကိုယ်အလုပ်များနေလို့ပါ ရာနီ"

"ဟုတ်ပါတယ် အဲဒါကို ကျွန်မ သိပါတယ်၊ ကျွန်မ သိပါတယ်။ ဘာဖြစ်လို့ မသိရမှာလဲ၊ အိုကျေးဇူးပြုပြီး သွားပါတော့ နာတူးရယ်၊ ကျွန်မတစ်ယောက်တည်းပဲ နေပါရစေ၊ ဖြစ်ခဲ့သမျှကိစ္စကို ပြန်ပြီးတော့ အစဖော်မပေးဖို့ ကျွန်မ တောင်းပန်ပါတယ်။ ကျွန်မ၊ ကျွန်မ မေ့ဖို့ ကြိုးစားနေတုန်းမှာ၊ အို. . . ဘုရားရယ်"

သူမသည် မျက်လုံးကိုပိတ်လိုက်သည်။ မျက်ရည်များသည် လိမ့်ဆင်းကျလာပြန်သည်။

သူမသည် အခန်းထောင့်ရှိ စားပွဲပေါ်မှ လက်ကိုင်ပဝါယူကာ မျက်ရည်များကို သုတ်ရင်း. . .





"ဝမ်းနည်းပါတယ်" ဟု တောင်းပန်သည်။

"ကျွန်မစိတ်ကို ထိန်းသင့်တာပါ ကဲ ထိုင်ပါဦး၊ ရှင့်အခြေအနေကို ပြောပြပါဦး"

"ကိုယ့်အခြေအနေကတော့ မင်းမြင်တဲ့အတိုင်းပဲ" ဟု ပြောကာ သူက လက်ပတ်နာရီကို ကြည့်လိုက်သည်။

"ကဲလေ ထိုင်ပါဦး" ဟု သူမက တိုက်တွန်းပြန်သည်။

"အဲ့ဒီလိုကြီး ရပ်မနေ စမ်းပါနဲ့ သိပ်ပြီးတော့လည်း စိုးရိမ်မနေစမ်းပါနဲ့ သူ တင်းနစ်သွားကစားနေတယ် ၆ နာရီလောက်မှ ပြန်လာမှာပါ"

"ကိုယ် သူ့ကို မစိုးရိမ်ပါဘူး"

"ဒါဖြင့် တစ်ခုခု ဖြစ်ခဲ့လို့လား နာတူး၊ ဘာလဲဟင်"

"မင်းကို ကိုယ်ပြောပြချင်တယ်" ဟု သူက သူမအနီးကပ်သွားကာ ပြောသည်။ "မင်းနဲ့တွေ့ပြီး ပြော ပြောဖို့"

"ဘာလဲ ပြောလေ"

"ကိုယ့်အနေနဲ့ ချစ်ခြင်းမေတ္တာကို လိုလားတယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့မိဘူး"

"လူတိုင်းဟာ ချစ်ခြင်းမေတ္တာကို လိုလားတာပါ နာတူး"

"ဒါပေမဲ့ ကိုယ်ကတော့ လိုလားတယ်လို့ကို မထင်ခဲ့တာ အမှန်ပဲ" သူမကလည်း သူ့အနီးသို့ တိုးကပ်လာသည်။

"မင်းနဲ့တွေ့တဲ့အထိ၊ ဆုံတဲ့အထိ ကိုယ်မထင်ခဲ့မိဘူး"

"ကျွန်မ သိပါတယ်"

"မင်းမသိပါဘူး" သူက သူမနားအနီးကပ်၍ လေသံဖြင့် ပြောသည်။ သူမကိုယ်မှ ရေမွှေးနံ့များ၊ ပေါင်ဒါနံ့များက သူ့နှာခေါင်းတွင်းသို့ အလုအယက် ဝင်လာသည်။

"ကိုယ်ဟာ ဘယ်မိန်းမကိုမှ မင်းလို မလိုလားခဲ့ပါဘူး၊ မချစ်ခဲ့ပါဘူး ရာနီရယ်"

"နာတူး ရှင့်ကို ကျွန်မ ချစ်တယ်"

"ချစ်ရတာဟာ တကယ်တော့ အဖျားပဲ"

"ဟုတ်တယ်၊ ငှက်ဖျားလိုပဲ၊ ပျောက်ပြီထင်တဲ့အချိန်မှာ အဖျားက ရောက်လာပြန်ရော၊ နာတူး ကျွန်မကို နမ်းစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



သူက သူမကို တင်းကျပ်စွာ ဖက်ထားလိုက်သည်။ ထိုအခါ သူ့ခါးမှ သေနတ်က သူမ ဝမ်းဗိုက်ကို သွားထောက်မိသည်။ မျက်လုံးကို မှိတ်ထားရာမှ ရာနီက သူ့ကိုမော့ကြည့်သည်။

"ဘာဖြစ်လို့ သေနတ်ကို ယူလာတာလဲဟင်" ဟု သူမက လေသံဖြင့် မေးသည်။

"အသုံးလိုလို့ပါ"

"နာတူး ရှင်ဘာတွေ လုပ်မလို့လဲဟင်"

"မသိချင်ပါနဲ့လေ ဒါက အရေးမကြီးပါဘူး"

"ဟင့်အင်း ရှင်ကျွန်မကို ပြောရမယ်"

"မပြောနိုင်ဘူး ရာနီ၊ မင်းမျက်လုံးလေးတွေက သိပ်ချစ်စရာကောင်းတာပဲ နောက်ပြီး. . ."

"ရှင်စကားပြောင်းမပစ်နဲ့ နာတူး ပြီးခဲ့တဲ့လက ရှင့်အကြောင်းကို ကျွန်မ ဘာမှမကြားခဲ့ရဘူး။ ရှင်သေသလား ရှင်သလားဆိုတာကိုတောင် ကျွန်မ မသိခဲ့ရဘူး။ ရှင်ဘာတွေ လုပ်ခဲ့သလဲ"

"မင်းကိုတွေ့ဖို့ ကိုယ်အကြိမ်ကြိမ်ကြိုးစား. . ."

"အချစ်ရယ် ရှင်က ပျောက်နေခဲ့တာပါ။ ရှင့်အတွက် ကျွန်မ စိုးရိမ်လိုက်ရတာလေ ရှင်ဘယ်ရောက်နေခဲ့တာလဲဟင်။ ရှင်ဘာတွေ လုပ်ခဲ့သလဲ၊ ဒေလီကိုရော ဘယ်တုန်းကတည်းက ရောက်နေတာလဲ၊ ဘာဖြစ်လို့ရော လာတာလဲ"

"ကိုယ့်မှာအလုပ်ရှိလို့ပါ တာဝန်ကြောင့် လာတာပါ"

"သတင်းစာအတွက်လား"

"အနည်းနဲ့ အများပေါ့"

"ကျွန်မကို ဘာဖြစ်လို့ လိမ်နေတာလဲ နာတူး"

"ဘယ်မှာလိမ်လို့လဲ"

"ကျွန်မကို လိမ်လို့မရဘူး၊ ရှင့်ကိုလည်း ကျွန်မလိမ်လို့ မရဘူး နာတူး၊ ဒါဟာ ကျွန်မတို့ရဲ့ အကျိုးပဲ ကျွန်မတို့နှစ်ယောက်ရဲ့ နားလည်မှုပဲ"

သူမ မျက်လုံးများကို သူက မကြည့်ဝံ့တော့၊ လိမ်လည်းမလိမ်ချင်တော့ သူသည် သူမအနီးမှ ခွာလိုက်ပြီး ခပ်လှမ်းလှမ်းတွင် သွားထိုင်သည်။

"ဒါဖြင့်ရင်လည်း ဘာဖြစ်လို့ တွေးနေရသေးသလဲကွယ်" ဟု သူက ပြောသည်။





"ဘာဖြစ်လို့လဲဆိုတော့ ရှင့်ကို ကျွန်မ ချစ်လို့ စိုးရိမ်လို့" ဟု ပြောရင်း သူမက သူ့ဒူးအနီးတွင် ထိုင်ချလိုက်သည်။ ထို့နောက် သူ့ခြေထောက်နှစ်ချောင်းကို ဆုပ်ကိုင်ကာ မျက်နှာကို ဒူးပေါ် တင်၍ မော့ကြည့်နေသည်။

"ကျွန်မ ရှင့်ကိုချစ်တယ် နာတူး၊ ရှင်နဲ့အတူတူ နေချင်တယ်၊ ရှင်ဟာ ကျွန်မအတွက် အသက်ရှူစရာ၊ အသက်ရှင်စရာသွေးပဲ"

"ဒီပြင်တစ်ဘဝမှာ ဖြစ်ကောင်းဖြစ်ပါလိမ့်မယ် မင်းနဲ့ ကိုယ်ဟာ. . ."

"ဟင့်အင်း ဒီဘဝမှာပဲ ကျွန်မ ရှင်နဲ့ အတူတူနေချင်တယ် နောက်ဘဝအတွက် ကျွန်မ မမျှော်လင့်ဘူး ကံတရားကို ကျွန်မ မယုံဘူး"

"နှစ်သက်တွယ်တာခြင်းဆိုတာက ကံတရားပဲ ရာနီ ဘာမှမထူးခြားဘူး"

"ရှင်က ဘာဖြစ်လို့ နောက်ဘဝကို ပြောနေတာလဲဟင်၊ ရှင်က. . ."

နာတူးက ပခုံးကို တွန့်ပြလိုက်သည်။

"အဲဒီ နောက်ဘဝဆိုတာ ဘယ်တော့ရောက်မယ် ဘယ်လောက်ကြာမယ်ဆိုတာ ကိုယ်တို့မသိနိုင်ဘူး"

"ဟင့်အင်း ရှင်သိတယ် သိတယ်"

"တကယ့်ကို မသိပါဘူး ရာနီ"

"ရှင်သိပါတယ်၊ ဒါကြောင့်မို့ ရှင်က ကျွန်မကို နောက်ဆုံးနှုတ်ဆက်ခြင်းအဖြစ်သာ နှုတ်ဆက်တာပေါ့၊ ဒါကြောင့်မို့လည်း ရှင့်မှာ သေနတ်ပါတာပေါ့ နာတူး။ ရှင်ဘာလုပ်မလို့လဲဟင်၊ ဒီကနေပြီး ရှင်ဘယ်ကိုသွားမလဲဟင်"

"နက်ဖြန်မှ ကိုယ်ပြောမယ်"

"နက်ဖြန်ဆိုတော့ နောက်ကျလွန်းပါတယ်၊ ဟုတ်ပါတယ် နက်ဖြန်မှာ အို ရှင့်မျက်လုံးတွေထဲမှာ ကျွန်မ မြင်နေရတယ်၊ ရှင်ဘာလုပ်မယ်ဆိုတာ တွေ့နေရတယ်"

"ကဲ ကိုယ်တို့စကားပြောတာလည်း ကြာသွားပြီ၊ ကိုယ့်ကို မင်း ဘာဖြစ်လို့ နမ်းတာလဲဟင်၊ ကိုယ်မင်းနဲ့ ခွဲရတော့မယ်လေ"

"ဟင့်အင်း ရှင့်ကို ကျွန်မ သွားခွင့်မပေးဘူး"

"ဒါဖြင့် ကိုယ်အခုပဲ သွားတော့မယ်"

သူက ထိုင်ရာမှထလိုက်သည်။

"ဟင့်အင်း နေဦး" ဟု ပြောကာ သူမက သူ့လည်ပင်းကို ဖက်လိုက်သည်။ ထို့နောက် သူ့နှုတ်ခမ်းများကို အားရပါးရ နမ်းရင်း သူမလက်များက သူ့ခါးကို ဖက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူကလည်း သူမကို တင်းကျပ်စွာ ပြန်ဖက်သည်။ သို့သော် သူမက အရှိန်နှင့် ဖက်သည်ဖြစ်၍ သူသည် မထိန်းနိုင်ဘဲ လဲကျသွားတော့သည်။

သူတို့နှစ်ယောက်စလုံး ကြမ်းပြင်ပေါ်သို့ လဲကျသွားသည်၊ သို့သော် သူတို့သည် ဖက်လျက် နမ်းလျက်ပင်။

တစ်ခန်းလုံးမှာ ငြိမ်သက်နေပြီး စားပွဲပေါ်မှ စားပွဲတင်နာရီ၏ စက်သံကိုသာ ကြားနေရသည်။ နာတူးက နာရီစက်သံကို ဂရုစိုက် နားထောင်မိသည်။

"ရှင့်ကို ချစ်မိတဲ့အကြောင်း ရှင့်ကို မပြောမိပါစေနဲ့လို့ ကျွန်မဆုတောင်းမိတယ်" ဟု သူမက လေသံဖြင့် ပြောသည်။ ဒါမှ အခု ပထမဆုံးအကြိမ်အဖြစ် ရှင့်ကိုချစ်တယ်လို့ ပြောပြနိုင်မှာမဟုတ်လား"

"မင်းဟာ ကိုယ်တွေ့ဖူး သိဖူးတဲ့ မိန်းမတွေ အားလုံးထဲမှာ အလှဆုံးပဲ ရာနီ"

"ရှင်က ကျွန်မ လှအောင်လုပ်တာပါ"

"နောက်ပြီး သိပ်ချစ်စရာကောင်းတာပဲ"

"ဒါလည်း ရှင့်ကြောင့်ပဲ" ဟုပြောရင်း သူမက နှုတ်ခမ်းကို မနာအောင် ကိုက်သည်။

"ကဲ ရာနီ ကိုယ့်အတွက် နောက်ကျနေရတော့မယ်" ဟု နာတူးကပြောသည်။

"ဟင့်အင်း ရှင်ကျွန်မကို ဘယ်တော့မှ စွန့်ပစ်မသွားရတော့ဘူး။ ဘယ်တော့မှ"

"အချိန်တွေ အများကြီး ရှိပါသေးတယ်ကွယ်"

"ဟင့်အင်း မရှိတော့ဘူး"

သူက သူမဆံပင်အဖျားကို ပွတ်သပ်လိုက်သည်။

"မင်းဟာ တကယ်ထူးဆန်းတဲ့ မိန်းကလေးတစ်ယောက်ပဲ"

"ကျွန်မဟာ ရှင့်အတွက် အို. . . ကျွန်မ တစ်ကိုယ်လုံးဟာ ရှင့်အတွက်ပဲ နာတူး"

သို့သော် သူ့နားထဲတွင် နာရီ၏စက်သံက ပို၍ကျယ်နေသည်။ နာရီကို လှမ်းကြည့်သောအခါ ၃ နာရီ ၁၅ မိနစ် ရှိနေပေပြီ။

"ဟင့်အင်း မလွှပ်ရဘူး" ဟု သူမက တောင်းပန်သည်။

"ကိုယ်သွားရမယ် ရာနီ"

သူမက သူ့ခါးကို တင်းကျပ်စွာ ပို၍ဖက်လိုက်သည်။





"ကျွန်မ ပြောမှာကို သေသေချာချာ နားထောင်စမ်းပါ နာတူး၊ ကျွန်မ ဒီညနေ သူနဲ့ ပြတ်စဲခွင့်ရအောင် တောင်းမယ်။ နောက်တော့မှ ရှင်နဲ့ ကျွန်မ လက်ထပ်"

"လက်ထပ်မယ် ဟုတ်လား"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့ ဒီလောက်တောင် အံ့ဩသွားရတာလဲဟင်" ဟု သူမကမေးသည်။

သူက ကပျာကယာ ထလိုက်သည်။

"မဖြစ်နိုင်ဘူး ရာနီ အဲဒါဟာ မဖြစ်နိုင်ဘူး"

"တကယ်ပြောတာလား" ဟု ဆိုကာ ရာနီက ငိုလေတော့သည်။

နာတူးက သူမ အနီးမှ စတင်ခွာသည်။ သူသည် မူလက ခန့်မှန်းထားသည့် အချိန်ထက် ပိုပြီးကြာအောင် နေခဲ့ပြီးလေပြီ။ သူ့အနေဖြင့် ပန်းခြံကိုရောက်အောင် မည်မျှကြာကြာ သွားရမည်ဖြစ်ကြောင်း မခန့်မှန်းနိုင်၊ သူ၏ခရီးမှာ လွယ်ကူမည် မဟုတ်ကြောင်းကား သေချာသည်။ တစ်ဖန် သူ စောင့်ဆိုင်းထားခဲ့သည့် အငှားဆိုင်ကယ်ကလည်း နာရီဝက်ကျော် ကြာသည်အထိ စောင့်လိမ့်မည်မထင်။

သူသည် တံခါးလက်ကိုင်ဘုကို ကိုင်လိုက်သည်။ သူမထံမှ ရှိုက်သံကိုမူ ကြားနေဆဲ။

နာတူးသည် သူမ ထံပြန်သွားပြီး ပခုံးကို ဆုပ်ကိုင်သည်။

"ရာနီ ကိုယ်ပြောတာက"

"ဟင့်အင်း . . ဟင့်အင်း ကျွန်မကို တောင်းပန်နေဖို့ မလိုပါဘူးရှင်၊ မလိုပါဘူး။ ကျွန်မကမှ ရှင့်ကို မပိုင်တာ မဆိုင်တာ"

"မင်းကိုယ့်ကို ပိုင်ပါတယ်၊ ဆိုင်ပါတယ်။ တကယ်လို့ ကိုယ့်အနေနဲ့ တစ်ယောက်ယောက်ကို လက်ထပ်နိုင်မယ်ဆိုရင် မင်းကို လက်ထပ်မှာပါ"

သူမသည် တဖြည်းဖြည်း ထသည်။ သူမ မျက်လုံးမှာ မျက်ရည်များဖြင့် ရွှဲနေသည်။

"ရှင်ပြောတာ ကျွန်မ နားမလည်ဘူး"

"ကဲလေ ကိုယ်ရှင်းပြရမှာပေ့ါ"

သက်ပြင်းကိုချပြီး သူက ထိုင်ချလိုက်သည်၊ မည်သည့်အကြောင်းက စပြောရမည်ကို သူမသိ။ ထို့ကြောင့် သူမလက်ကိုသာ သူက ဆွဲကိုင်လိုက်တော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## (၁၂)

နံနက်စာ စားပြီးကတည်းက ခုန်ခဲ့သည့် သူ့နှလုံးသည် ၃ နာရီ ၁၅ မိနစ် ရောက်လာသောအခါ ပို၍ခုန်လာသဖြင့် ဒွန်ဒို ဂုရုဂျီသည် စာရေးခြင်းကို ရပ်ပြီး စားပွဲပေါ်ရှိ လူခေါ်ခေါင်းလောင်းလေးကို နှိပ်လိုက်သည်။

ခေါင်းလောင်း၏အသံ မဆုံးမီပင် အိမ်စေတစ်ဦး ရောက်လာသည်။

"ဒေါက်တာဂျီဘန်ကို ချက်ချင်းလာဖို့ ခေါ်ပေးစမ်း" ဟု ဂုရုဂျီက အမိန့်ပေးလိုက်သည်။

အိမ်စေသည် အရိုအသေပေးပြီး အခန်းတွင်းမှ ကတိုက်ကရိုက် ထွက်သွားသည်။ ဆင်ဝင်အောက်တွင် အသင့်ရှိနေသည့် ကားထဲသူက အပြေးအလွှား သွားသည်။

"ဒေါက်တာဂျီဘန်ကို ခေါ်ပေးစမ်းပါ" ဟု သူက ကားမောင်းသူကို အမိန့်ပေးသည်။

"သူက အခုချက်ချင်း ခေါ်လာပါတဲ့"

ကားသည် ဘုံဘေ၏ လမ်းပေါ်တွင် အရှိန်ပြင်းစွာဖြင့် ထွက်သွားတော့သည်။

အိမ်စေသည် ကျေနပ်စွာဖြင့် ခေါင်းကိုညိတ်လိုက်ရင်း အိမ်တွင်းဝင်သွားသည်။

ဒွန်ဒိုသည် သူ့သွေးတိုးနှုန်းကို သူ့လက်ကောက်ဝတ်တွင် စမ်းသပ်ကြည့်သည်။ သွေးတိုးနှုန်းကား မှန်သည်။ သို့သော် သူ့နှလုံးက ခုန်လွန်းလှသည်။

အသက် ၇၀ ရောက်ပြီဖြစ်၍ ရောဂါထူပြောလာခြင်း ဖြစ်ကောင်းဖြစ်မည်ဟု ဒွန်ဒိုက တွေးမိသည်။ သူသည် အိပ်ရာပေါ် သွားလှဲရင်း ဆရာဝန်အလာကို စောင့်နေလိုက်သည်။

"ဆရာဝန် ခဏကြာရင် လာပါလိမ့်မယ်" ဟူသော အိမ်စေအသံကို သူက





ကြားရသည်။ သူ့နှလုံးခုန်ခြင်းအတွက် ကုသရန်နည်းလမ်းကို ဒွန်ဒိုက သိထား၍ အိမ်စေကမ်းလှမ်းချက်ကို လက်မခံ။

ဒွန်ဒိုသည် မောလာသည်။ သူက ပိန်သော လှီသော သူ့လက်နှစ်ဖက်ကို သူ့ရင်ဘတ်ပေါ် ယှက်၍တင်လိုက်သည်။ ယခုအချိန်တွင် ဆုတောင်းခြင်းကို ယုံကြည်ရလျှင် ကောင်းပေမည်လောဟု သူက တွေးမိသည်။

တကယ်တော့ သူသည် ဆုတောင်းခြင်းကို မယုံခဲ့။ လက်မခံခဲ့။ သူက လက်တွေ့သမားဖြစ်သည်။ သူသည် လက်တွေ့သမားတစ်ဦးအဖြစ် လှုပ်ရှားခဲ့သည်။ ထို့ကြောင့် လက်တွေ့သမားတစ်ဦးအနေဖြင့်သာ သေလိုမည်။ သေမည်။

သို့သော် ယခုမဟုတ်သေး။ သူသေမည့်အကြောင်း မသိသေးသမျှ ကာလပတ်လုံး ဒွန်ဒိုက အသက်ရှင်နေလိုသေးသည်။

ဒါဟာ ပုဂ္ဂိုလ်အရ မုန်းတီးမှုလားဟု ဒွန်ဒိုက သူ့ကိုယ်သူ မေးသည်။ မျက်စိ ကိုမှိတ်ရင်း သူက ခေါင်းခါသည်။ မျက်စိကိုလည်း ပို၍ တင်းကျပ်စွာ မှိတ်လိုက်သည်။

ထိုအခါ အတိတ်သည် သူ့အသိထဲတွင် ပေါ်လာသည်။ သူတို့နှစ်ယောက် လန်ဒန်တွင် ပထမဆုံးအဖြစ် တွေ့ခဲ့ရသောအချိန်. . .

၁၉၃၄ ခုနှစ်၊ ဩဂုတ်လ။

ထိုညက တောင်အာဖရိက လှုပ်ရှားမှုများနှင့် ပတ်သက်၍ သူတို့ကို ရှင်းလင်းတင်ပြရန် ဂန္ဒီသည် ဟင့်စတက်ရှိ ဝိတိုရိယ အဆောက်အအုံသို့ ရောက်ခဲ့သည်။

သူ့ရှင်းလင်းပွဲသို့ လန်ဒန်ရောက် အိန္ဒိယတိုင်းရင်းသား အများအပြား တက်ကြသည်။ ကျောင်းသားဦးရေမှာ အများဆုံး ဖြစ်သည်။ ထိုအထဲတွင် ဒွန်ဒိုလည်း ပါခဲ့သည်။

"ဂန္ဒီက တောင်အာဖရိက လှုပ်ရှားမှုများကို အသေးစိတ်ရှင်းပြသည်။

"ကဲ အဲ့ဒါကတော့ ကျွန်တော် သိသလောက် လက်လှမ်းမီသလောက်ပဲ" ဟု ဂန္ဒီက နိဂုံးချုပ်သည်။ "ကျွန်တော်ပြောခဲ့တာတွေနဲ့ ပတ်သက်လို့ မရှင်းတာရှိရင် မေးနိုင်ပါတယ်"

ပရိသတ်က လက်ခုပ်များတီး၊ လေများချွန်ကာ ဆူညံစွာ ဩဘာပေးကြသည်။ ဒွန်ဒိုကလည်း သိမ်မွေ့စွာ လက်ခုတ်တီးခဲ့သည်။

ထို့နောက် ဩဘာသံများ ရပ်သွားရန် သူက စောင့်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဩဘာသံများကို လွှမ်းမိုးရန် သူက အသံကုန်မအော်လို. . .

အားလုံးငြိမ်သွားသောအခါ ဒွန်ဒိုက ယဉ်ကျေးသိမ်မွေ့စွာဖြင့် စတင်ပြောတော့သည်။

"ခင်ဗျားရဲ့ စိတ်ဝင်စားစရာ ရှင်းလင်းချက်နဲ့ ပတ်သက်လို့ ကျွန်တော့်မှာ မရှင်းလင်းတဲ့အချက်တွေ ရှိနေပါတယ်"

ထို့နောက် ဘာသာရေးနှင့် ပတ်သက်၍ မေးခွန်းထုတ်ခဲ့ရာမှ ဂန္ဒီနှင့် ဒွန်ဒိုတို့သည် အချီအချ ပြောဆိုဆွေးနွေးခဲ့ကြ၏။

သို့သော် နောက်ဆုံးတွင် ဒွန်ဒိုက အရှုံးပေးခဲ့ပါသည်။ ပရိသတ်အများစုက သူ့ကို ဝိုင်းဝန်းပြောင်လှောင်ခဲ့သည်။

* * *

စိတ်ကို တည်ငြိမ်စွာထားနိုင်လျှင် နှလုံးတုန်မှန်လာမည်ဟု ယုံကြည်မိ၍ ဒွန်ဒိုက သူ့စိတ်ကို ထိန်းလိုက်သည်။

ဒွန်ဒိုသည် များစွာကျန်းမာသူဖြစ်သည်။ ဖျားနာခဲသည်။ သူ့ကိုယ်သူလည်း အသက်တစ်ရာ နေရမည်ဟု ယုံကြည်ထားသည်။ သူသည် အရက်မသောက်၊ ဆေးလိပ်မသောက်၊ ကျန်းမာရေးနှင့် ညီညွတ်စေမည့် အစားအစာကိုသာ စားသည်။

တကယ်တော့ ဒွန်ဒိုသည် သေခြင်းတရားကို ငယ်စဉ်ကတည်းက ရင်ဆိုင်ခဲ့ရသည်။ သူ့မိခင်နှင့် အစ်မမှာ ငတ်၍သေခဲ့ရသည်။ သူနှင့် ဖခင်သာ သေခြင်းတရားမှ လွတ်ခဲ့သည်။

သူတို့ သားအဖသည် တစ်လမ်းဝင် တစ်လမ်းထွက် ပိုက်ဆံတောင်းခဲ့ရသည်။ ဒွန်ဒိုက သီချင်းဆို၍ အဖေက ပုံတီးသည်။

ဒွန်ဒိုသည် ဆရာဝန် လာခဲလှချည်လားဟု သူ့စိတ်ထဲတွင် ရေရွတ်သည်။ သူသည် ဆရာဝန်ကို ရောဂါထက်ပင် မနှစ်သက်တတ်။ ဒေါက်တာဂျိဘန် တစ်ဦးတည်းကိုသာ သူက ယုံကြည်သည်။ တစ်ကြိမ်က မီးအလောင်ခံခဲ့ရရာမှ ဆရာဝန်ကို မုန်းတတ်လာခဲ့တော့သည်။

ထိုအဖြစ်အပျက်ကို ဒွန်ဒိုက မမေ့နိုင်။

၁၉၁၆ ခုနှစ်၊ မတ်လ၏ တစ်ညတွင် ဟင့်စတက်ရှိ အိမ်၌ သူက ဗုံးများလုပ်ခဲ့သည်။

သူ့ဗုံးများနှင့် ပတ်သက်၍ ဒွန်ဒိုသည် များစွာကျေနပ်ခဲ့သည်၊ တလောက





သူပို့လိုက်သည့် ဗုံးများ ပူနားသို့ ရောက်ခဲ့ကြောင်း သိရသောအခါ ဒွန်ဒိုသည် ပို၍အားရကျေနပ်ခြင်း ဖြစ်ခဲ့သည်။ ထို့ကြောင့် ဘုံဘေသို့ ပို့ရန် ဗုံးကို သူက အားကြိုးမာန်တက် လုပ်ခဲ့သည်။

အနောက်ပိုင်း အိန္ဒိယနယ်တွင် ဗြိုတိကရက် အဆန်ဆုံးသော မျက်နှာဖြူတရားသူကြီး နှစ်ဦးကို သူလုပ်ပေးသည့် ဗုံးများဖြင့် ပစ်ခတ်သတ်ခဲ့ရာ နှစ်ဦးစလုံးမှာ ကိစ္စတုံးခဲ့သည်။

သတင်းစာများ အဆိုအရ ထိုလုပ်ကြံမှုနှင့် ပတ်သက်၍ ပုလိပ်တို့သည် လုံးဝ သဲလွန်စမရဟုဆို၏။ ထိုမျှမက ဗုံးများကို မည်သို့မည်ပုံ ရသည်ကိုလည်း ပုလိပ်များက မစုံစမ်းနိုင်လောက်အောင် ရှိနေသည်ဟု သိရသည်။

စစ်ကြီးစခဲ့ပြီဖြစ်၍ အိန္ဒိယပြည်တွင်းတွင် လက်နက်များ ထုတ်လုပ်ရောင်းချခြင်းကို ဆိုင်ရာက တင်းကျပ်စွာ တားမြစ်ခဲ့သည်။ လက်နက်ပုန်းမိလျှင် ထောင်ဒဏ် ၁၀ နှစ် အပြစ်ပေးမည်ဟုပင် ကြေညာခဲ့သည်။

လုပ်ကြံခဲ့သည် ဗုံးများနှင့် ပတ်သက်၍ အစိုးရပိုင်က ဗုံးများမှာ ဂျာမနီတွင် လုပ်ပြီး တူရကီ မှတစ်ဆင့် သင်္ဘောဖြင့် အာဖဂန်နစ္စတန်သို့ ပို့ခဲ့ခြင်း ဖြစ်သည်ဟု ကြေညာသောအခါ ဒွန်ဒိုမှာ ပို၍ပင် ကျေနပ်ခဲ့မိတော့သည်။

ထို့ကြောင့် နောက်တစ်ကြိမ်ပို့မည့် သူ့ဗုံးများသည် ဘုရင်ခံ သို့မဟုတ် ဘုရင်ခံချုပ်ကိုပင် လုပ်ကြံသတ်ဖြတ်နိုင်လိမ့်မည်ဟု ယုံကြည်ခဲ့သည်။ ထိုသို့ဆိုလျှင် သူ၏ရည်မှန်းချက်များ အောင်မြင်ခြင်းပင်တည်း။

ထိုသို့ ကျေနပ်အားရခြင်းများ ဖြစ်နေခိုက် သူသည် အမှားတစ်ခုကို လုပ်ခဲ့မိတော့သည်။ သူသည် အက်ဆစ်ခွက်ကို မှား၍ ထည့်မိသည်။ ထို့ကြောင့် တစ်ဝက်ခန့် လုပ်ပြီးသော ဗုံးသည် ပေါက်ကွဲလေတော့သည်။

ဗုံးပေါက်ကွဲမှုသည် များစွာအရှိန်မပြင်းသော်လည်း သူသည် ပက်လက်လန် လဲကျခဲ့သည်။ သူ့မျက်နှာကို လက်ဖဝါးနှင့် အချိန်မီ ကာနိုင်၍ လက်ဖဝါးတွင်သာ ဒဏ်ရာရခဲ့သည်။

သူ့အဖော်နှစ်ဦးသည် သူ့ထံ ချက်ချင်းရောက်လာသည်။ တစ်ဦးက သူ့ဒဏ်ရာကို ဆေးထည့်ပေးပြီး တစ်ဦးက ဗုံးပေါက်ကွဲမှုကြောင့် အနီးအနားရှိလူများ ထိတ်လန့်တကြား ဖြစ်မဖြစ် အကဲခတ်ကြည့်သည်။ ကံအားလျော်စွာပင် ပေါက်ကွဲသံမှာ ပြင်းထန်သည် မဟုတ်၍ မည်သူကမှ အထိတ်တလန့် အရေးတယူ မဖြစ်ခဲ့ကြ။



www.burmeseclassic.com

www.burmeseclassic.com



သန်းခေါင်ကျော်တွင် အမှတ်မထင် ပေါက်ကွဲမှု တစ်ခုကိုလည်း အိမ်နီးချင်းများက အရေးထားမိမည် မဟုတ်ကြပေ။

သူ့လက်ချောင်းများမှာ ပူလောင်လာသည်။ သို့သော် သွေးထွက်ခြင်းမှုမရှိ။ သူသည် မျက်စိမှိတ်ထားရာမှ တစ်ခဏအတွင်း အိပ်ပျော်သွားမိသည်။

အရုဏ်တက်ချိန် လန့်နိုးသောအခါ သူ့ဒဏ်ရာတို့မှာ များစွာ နာကျင်လာတော့သည်။ ပတ်တီးများကို ဖြေကြည့်လိုက်သောအခါ သူ့လက်ဖဝါး နှစ်ဖက်စလုံးပင် မီးလောင်ဖုကြီးများ သီးထနေသည်ကို တွေ့ရသည်။ သူ့လက်ကောက်ဝတ်များလည်း ယောင်နေသည်။

သူ့မိတ်ဆွေ အိန္ဒိယ ဆရာဝန်လောင်းများကို တစ်ဦးပြီး တစ်ဦး ခေါ်ပြသည်။ သူတို့က နည်းအမျိုးမျိုးဖြင့် ကုသည်။ သို့သော်လည်း သူ့ဒဏ်ရာများမှာ မပျောက်ခဲ့။ ဒဏ်ရာမှာ ပို၍ပင် ဆိုးဝါးခဲ့သည်။

နောက်ဆုံးတွင် မခံမရပ်နိုင်လွန်း၍ အနီးဆုံးရှိ အင်္ဂလိပ်လူမျိုး ဆရာဝန်တစ်ဦးထံသွားရန် ဆုံးဖြတ်ခဲ့သည်။

"ထမင်းချက်ရင်း မီးလောင်တယ်လို့ ပြောမယ်" ဟု ဒွန်ဒိုက မိတ်ဆွေများကို ရှင်းပြခဲ့သည်။ "ပူရီကြော်ရင်းနဲ့ ဆီတွေ လက်ပေါ် ကျလောင်တယ် ပြောမယ်ကွာ"

ဆရာဝန်ဆေးတိုက်မှာ လူနာများဖြင့် ပြည့်နေသည်။ သို့သော် သူနာပြုဆရာမက သူ့ဒဏ်ရာတွေ့လျှင် ဆရာဝန်ထံ ချက်ချင်းခေါ် သွားသည်။

ဒွန်ဒိုက ပူရီကြော်ရာမှ ဒဏ်ရာရခဲ့ပုံများကို လုပ်ကြံပြောဆိုသည်။

"မီးလောင်ဖုတွေက တော်တော်များတာပဲ"ဟု ဆရာဝန်က မှတ်ချက်ချသည်။

"ဟုတ်တယ် ဆရာ၊ သိပ်ပြီးတော့လည်း နာတာပဲ"

"ဟုတ်တယ်၊ နာမှာသေချာတယ်။ နာလို့ အော်ချင်ရင် အော်နော်၊ ခင်ဗျားကို ကျွန်တော် ခွင့်ပေးပါတယ်"

ဆရာဝန်က သူ့ဒဏ်ရာများကို ဆေးထည့်ပေးပြီးသည့်နောက် သူ့အခြေအနေကို မေးမြန်းသည်။

သူ့နာမည်ကို ဒွန်ဒိုက ရှန်ကာဟု လိမ်ပေးသည်။

"ဒီမှာ စာလာသင်နေတာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"





"ဘယ်ဘာသာလဲ"

"ဥပဒေပါ ဘာဖြစ်လို့ မေးတာလဲ"

"ဪ ဘာမှမဖြစ်ပါဘူး သိချင်လို့ပါ၊ ဘာလဲခင်ဗျား မကြိုက်ဘူးလား"

"ကြိုက်ပါတယ် ဆရာ"

ဆရာက သူ့ကို ဆေးခန်းထဲတွင်ပင် ခေတ္တ စောင့်ခိုင်းသည်။ ခဏကြာမှ သူ့ကို သွားခွင့်ပေးသည်။

ဆေးတိုက်နောက်ခန်းထဲရောက်လျှင် သူ့အနီးသို့ ပုလိပ်တစ်ဦး ကပ်လာသည်။ ပုလိပ်က မည်သို့မျှ မေးမြန်းခြင်းမပြုဘဲ လက်ထိတ်ခတ်သည်။

ထို့နောက် ရုံးတင်တရားစွဲရန် သူ့ကို ဘုံဘေသို့ ပြန်ပို့ခဲ့လေတော့သည်။

လုံ့နေခြင်းသည် မသက်သာ၍ ဒွန်ဒိုသည် လှုံ့ရာမှ ထသည်။ အခန်းထဲတွင် လမ်းလျှောက်သည်။

အခန်းနံရံတစ်ခုတွင် စာအုပ်စင်လုပ်ထားရာ စာအုပ်များဖြင့် ပြည့်နေသည်။ သူ ရေးမည့် စာအုပ်များအတွက်မူ စင်တစ်ခု သီးခြားလုပ်ထားသည်။ ရေးသားထုတ်ဝေခဲ့သည့် စာအုပ်ခြောက်အုပ်၏ လက်ရေးကော်ပီများမှာလည်း ရှိနေသည်။

၎င်းတို့မှာ မဟာရာစထရာ ရာဇဝင်၊ ဟိန္ဒူအဘိဓမ္မာ၊ ဘုရင်မင်းမြတ်ရှိဘာဂျီရှိုင်းအတ္ထုပ္ပတ္တိ၊ ၎င်းရေးသည့် လင်္ကာများ အဖွင့်ကျမ်းနှင့် ၎င်းရေးသည့် ဟိန္ဒူ လူမျိုးများ လွတ်လပ်ရေး ကြိုးပမ်းမှု ကျမ်းငါးတွဲအနက် ရေးပြီးသည့် ပထမနှင့် ဒုတိယတွဲများ စသည်တို့ဖြစ်သည်။

သူ့အမှုနှင့် ပတ်သက်၍ စစ်ဆေးစဉ်က အဖြစ်အပျက်များကို ရေးထားသည့် မှတ်တမ်းတင် စာအုပ်က စာအုပ်စင်ပေါ်တွင် အငယ်ဆုံး စာအုပ်ဖြစ်သည်။ စာအုပ်မှာငယ်သော်လည်း ခံ့ညားပြီး သားရေဖုံးထားသည်။ သားရေဖုံးပေါ်တွင် သူ့ကိုယ်တစ်ပိုင်းပုံကို ရွှေမှင်ဖြင့် ရုပ်လုံးကြွ ရိုက်နှိပ်ထားသည်။

သူ့အမှုမှာ အမျိုးသားလှုပ်ရှားမှုအတွက် အရေးပါခဲ့သည်။ သူက စာအုပ်ငယ်ကို ယူလိုက်ပြီး စားပွဲတွင် ထိုင်လိုက်သည်။

စာအုပ်ထဲတွင် နာမည်တစ်ခု မပါကြောင်း တွေ့ရ၍ ဒွန်ဒိုက ကျေနပ်မိသည်။

"မဟာတ္တမ နာမည်လေ" ဟု ဒွန်ဒိုက သူ့ဘာသာ ပြောသည်။ ဂန္ဒီအကြောင်း သတိရမိသောအခါ သူ့နှလုံးမှာ အခုန်မြန်လာပြန်တော့သည်။

"ငါ သူ့ကို ပုဂ္ဂိုလ်အရ မုန်းတာမဟုတ်ပါဘူး၊ တကယ်လို့ ဘုရားသာ



www.burmeseclassic.com

www.burmeseclassic.com



ရှိရင်တော့ ဘုရားက သိကောင်းပါရဲ့” ဟု သူက မန္တလေးတွင် သူအကြိမ်ကြိမ် စဉ်းစားတွေးတောခဲ့သည့်အတိုင်း စဉ်းစားမိပြန်တော့သည်။

* * *

“ဟော့ မင်းဘယ်က လာတာလဲ” ဟု သူက တိုးတိုးပင် မေးခဲ့သည်။

“ဂုရုဂျီကိုကယ်ဖို့ ဘုရားက မင်းကိုလွှတ်လိုက်တာလား ဟုတ်လားဟင်”

ရှည်လျားသော အမြီးများဖြင့် သူ့ကိုယ်လုံးမှာ ဖွံ့ခြင်းမရှိ၊ မန္တလေး ဗဟိုအကျဉ်းထောင်တွင် ဖွံ့ဖြိုးနိုင်ရန်မှာလည်း မလွယ်ကူ။

“ဟောဒီသံတိုင်တွေကို မင်းက တိုက်ပေးပါလားကွဲ့ ဟင်၊ အဲ့ဒီလိုဆိုရင်တော့ မင်းကို ငါ သိပ်ချစ်မှာပဲ။ မင်းကိုငါက မနက်နဲ့ ညနေတိုင်း ကျွဲနို့နဲ့ အုန်းထမင်း ကျွေးမယ်ကွာ၊ မင်းက ဂုရုဂျီကိုယူပါ၊ ငါ့ကိုယူပါ ၊မင်းကိုလည်း ငါယူမယ်”

ကြွက်ငယ်သည် သူ့နှာခေါင်းဖြင့် အနံ့ခံသည်။

ထို့နောက် ထိတ်လန့်တကြား ထွက်ပြေးသွားတော့သည်။

ဒွန်ဗိုသည် ဒေါသထွက်၍ ကျန်ခဲ့သည်။ သူ့ကို မကယ်ကောင်းလားဆိုပြီး မြည်တွန်သည်။ သူသည် သံတိုင်များကို ကိုင်လှုပ်သည်။

ထိုအချိန်က သူ၏ထောင်သက်မှာ နှစ်နှစ်သာ ရှိသေးသည်။ သူ့ကို ထောင်ဒဏ်ငါးနှစ်အဖြစ် ၄ နှစ်ပြည့်နှင်ဒဏ်ချခဲ့သည်။

တတိယနှစ်တွင် သူ စာစရေးသည်။ သူ တောင်းသမျှ စာအုပ်များကို ဆိုင်ရာကပေးသည်။ အပြင်ဘက်ရှိ ဆွေမျိုးများထံသို့ တစ်လလျှင် စာတစ်စောင် ရေးခွင့်ရ၍ သူတို့ထံမှ နှစ်စောင်ရခွင့်ပေးခဲ့သည်။

သူ့ထောင်ဒဏ်နှင့် ပတ်သက်၍ ဒွန်ဗိုက တစ်နေ့တွင် သူ လွတ်မည်ဟု ယုံကြည်ခဲ့သည်။ ထောင်ဒဏ်မပြည့်မီပင် ပြည်ထဲရေးဝန်ကြီးကိုယ်တိုင်က ထောင်တံခါးကို သူ့အတွက် လာဖွင့်ပေး၍ တောင်းပန်စကားပြောမည်ဟု ယုံကြည်ခဲ့သည်။

ထို့ကြောင့် သူက အစီအစဉ်များ လုပ်ခဲ့သည်။ သူက ကလဲ့စားချေရန် လုပ်ငန်းများကို ပုံစံချခဲ့လေသည်။

* * *

“ငါဟာ ငါ့ကိုယ်ငါတောင် မပိုင်တော့ဘူး” ဟု ဂုရုဂျီက ရေရွတ်သည်။

“ဒီတော့ ငါ့အနေနဲ့ ပုဂ္ဂိုလ်ရေးရာဆန်တဲ့ မနာလိုမှုတွေ မုန်းတီးမှုတွေကို





ဘေးချိတ်ထားရမယ်၊ ငါ့အမိနိုင်ငံရဲ့ လိုအပ်ချက်တွေကိုသာ ငါ လုပ်ရမယ်”

သို့သော်လည်း သူ့နှလုံးမှာ ဆက်လက်ခုန်နေဆဲ။ ဘယ့်အတွက် နှလုံးခုန်နေရသည်ဆိုခြင်းကို သူက မဝေခွဲနိုင်။

ထိုအခိုက် ဒေါက်တာဂျိဘန်သည် အခန်းတွင်း ဝင်လာ၏။ သူက စားပွဲရှိရာသို့ ရဲရဲတင်းတင်း လျှောက်သွားပြီး ဆေးသေတ္တာကို စားပွဲပေါ် တင်လိုက်လေသည်။

“ကဲ မိတ်ဆွေကြီး ဂုရုဂျီ” ဟု ဒေါက်တာက ပြောသည်။ “ခင်ဗျားကို ကြည့်တော့ သန်သန်မာမာပဲ။ ဘာများဖြစ်နေပြန်ပြီလဲ၊ နှလုံးခုန်နေပြန်ပြီလား ကဲ. . . ကဲ ခင်ဗျားနှလုံးကို ကျွန်တော် စစ်ကြည့်စမ်းပါရစေ”

ဂုရုဂျီနံဘေးတွင် လာထိုင်၍ နားကြပ်ဖြင့် စမ်းသပ်သည်။

“ကဲ အသက်မှန်မှန်ရှူစမ်း၊ ဟုတ်ပြီ အသက်ရှူ ခဏရပ်ထား၊ ကဲ. . . ရှူထုတ် နောက်တစ်ခါရှူပါဦး ဟုတ်ပြီ ဟုတ်ပြီ၊ ကဲတော်ပြီ”

ဒေါက်တာဂျိဘန်က နားကြပ်ကို ဆေးသေတ္တာထဲ ပြန်လည့်လိုက်သည်။

ဂုရုဂျီသည် တရားသူကြီးထံမှ စီရင်ချက်ကို စောင့်နေသည့်တရားခံတစ်ဦး ကဲ့သို့ ဂျိဘန်မျက်နှာကို စောင့်ကြည့်နေသည်။

“ကဲ ခင်ဗျားရင်ထဲမှာ ဘယ်လိုဖြစ်နေတယ်ဆိုတာ ပြောစမ်းပါဦး”

“အရေးကြီးတာက ခင်ဗျား ဘာတွေစမ်းသပ်တွေ့ရှိတယ်ဆိုတာ ကျွန်တော့်ကို ပြောပြဖို့ပဲ မဟုတ်လား ဂျိဘန်”

“ပြောစရာမလိုဘူး ဂူယူဂျီ” ဟု ဂျိဘန်က ငြင်းသည်။ “ဝေဒနာနဲ့ ပတ်သက်လို့ လူနာမသိစေချင်တဲ့ အချက်တွေ ရှိတယ်ဗျ၊ ကဲ. . ခင်ဗျား အသက်ရှူ ရတာ အောင့်သလား”

“အောင့်တယ်”

“နည်းနည်းလား သိပ်အောင့်သလား”

“နည်းနည်းအောင့်တဲ့အခါလည်း အောင့်တာပဲ၊ သိပ်အောင့်တဲ့အခါလည်း အောင့်တာပဲ မမှန်ဘူး။ ရင်ထဲက တလှပ်လှပ် ခုန်တာကတော့ အမြဲပဲ”

“တလှပ်လှပ်ခုန်တယ် ဟုတ်လား၊ အခုရော”

အခုလည်း ခုန်တာပဲ၊ ခုန စမ်းကြည့်တုန်းက ခင်ဗျား မသိခဲ့ဘူးလား”

“တစ်ခါတလေများ အဲ့ဒါမျိုးဟာ နားထောင်ရတာ မလွယ်ဘူးဗျ။ ကဲ. . . ဘယ်နားက တလှပ်လှပ်ဖြစ်နေတယ်ဆိုတာ ကျွန်တော့်ကို လက်ညှိုးနဲ့ ထောက်ပြစမ်းပါလား”

www.burmeseclassic.com



ဂုရုဂျီက ဆရာဝန်ကို မကျေမနပ် ကြည့်လိုက်ရင်း. . .

"ဟော့ ဒီနားက အကုန်လုံးအောင့်တာပဲ" ဟု ပြောသည်။

"ကဲ. . ကျွန်တော် ထပ်ပြီးတော့ နားထောင်ကြည့်ပါရစေဦး" ဟု ပြောရင်း ဂျီဘန်က နားကြပ်ကိုထုတ်ပြန်သည်။ "ဒီနားက မဟုတ်လား အသက်မှန်မှန် ရှူစမ်းပါ"

ခေတ္တမျှ စမ်းသပ်ပြီးလျှင် ဂျီဘန်က နားကြပ်ကို ဖြုတ်၍ထိုင်ရာမှ ထလိုက်သည်။

"ခင်ဗျားရဲ့ သွေးတိုးပုံကို ကျွန်တော် စမ်းကြည့်ဦးမယ်"

"ခင်ဗျားသဘောအတိုင်းပေ့ါ ဒါနဲ့ ဒီလို နှလုံးခုန်တာက ဘာဖြစ်လို့တဲ့တုန်း"

"ခင်ဗျားကို ကျွန်တော် သေသေချာချာ စမ်းသပ်ကြည့်ပါရစေဦး၊ ဒါနဲ့ ခင်ဗျားအသက်ကို ပြောပါဦး ၆၉ လား၊ ၇၀ လား"

"၇၀"

"၇၀။ အင်း အသက်ကတော့ ထောက်လာပြီ။ ကဲ. . . ကဲ ခင်ဗျား ဟိုမှာ လှဲအိပ်တော့။ အင်္ကျီလက်ကို နည်းနည်းပင့်လိုက်ပါဦး"

"လုပ် လုပ် ခင်ဗျားကြိုက်သလိုလုပ်" ဟု ဂုရုဂျီက စိတ်ထဲတွင် ရေရွတ်လိုက်ပြီး အိပ်ရာရှိရာသို့ သွားလှဲသည်။ မျက်လုံးကိုလည်း မှိတ်ထားသည်။

"ငါ ဘာကိုမှ ဂရုမစိုက်" ဟု ဂုရုဂျီက သူ့စိတ်ထဲတွင် ပြောလိုက်ပြန်သည်။

* * *

"ကျွန်တော့် တစ်ဦးချင်းအနေနဲ့ ပြောရရင်တော့" ဟု သူ့ထံရောက်လာသည့် အမျိုးသားကွန်ဂရက်ပါတီ အလုပ်အမှုဆောင် လူကြီးသုံးဦးကို ဒွန်ဒိုက ပြောသည်။

"ကျွန်တော်ကတော့ ဘာကိုမှ ဂရုမစိုက်ဘူး"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်" ဟု အမှုဆောင်လူကြီး ဗဟာဒူးကပြောသည်။ "တကယ်တော့ ခင်ဗျားဟာ တိုင်းပြည်အတွက် အနစ်နာခံခဲ့တဲ့ ခေါင်းဆောင်တစ်ယောက်ပါ။ ဒါကြောင့်မို့ ခင်ဗျားဟာ ဥက္ကဋ္ဌရာထူးနဲ့ အထိုက်တန်ဆုံး ပုဂ္ဂိုလ်ပါပဲ"

"မဟုတ်သေးပါဘူး၊ မဟုတ်သေးပါဘူး" ဟု ဒွန်ဒိုက ကန့်ကွက်သည်။

"ခင်ဗျားသိတဲ့အတိုင်း ကျွန်တော့်ကျန်းမာရေးဟာ သိပ်ဆိုးနေတယ်။ နောက်ပြီး ၁၆ နှစ်လောက် ပြည်နှင်ဒဏ် ခံခဲ့ရတာမို့ ဒီက နိုင်ငံရေးအခြေအနေတွေနဲ့





ကျွန်တော် သိပ်ကင်းကွာနေတယ်။

ခင်ဗျားဟာ တကယ်ကို စိတ်ထားဖြူစင်လွန်းလှပါတယ် ခင်ဗျာ၊ အဲ့ဒီဖြူစင်ခြင်းဟာ တကယ်တော့ မြင့်မြတ်ခြင်းရဲ့ အထိမ်းအမှတ်ပါပဲ၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ရဲ့ အမြဲတမ်း ပူးတွဲအတွင်းရေးမှူးအဖွဲ့နဲ့ အလုပ်အမှုဆောင်အဖွဲ့ဟာ ဆုံးဖြတ်ထားတဲ့အတိုင်း လုပ်ရမှာပဲ။ ခင်ဗျားဟာ ကျွန်တော်တို့ပါတီရဲ့ နှစ်ပတ်လည် ညီလာခံမှာ သဘာပတိတစ်ယောက်အနေနဲ့ ဆောင်ရွက်စေလိုတယ်။ အဲဒီညီလာခံက ခင်ဗျားကို ဥက္ကဋ္ဌအဖြစ် ရွေးကောက်မယ်"

ဒွန်ဒိုဂုရုဂျီသည် လက်ဖက်ရည်ကို တစ်ကြိုက်မော့သောက်လိုက်သည်။ ယခု သူနှင့် လာဆွေးနွေးသူ ၃ ဦးကား တစ်ခါက သူ့မဟာမိတ်များ ဖြစ်ခဲ့ကြသည်။ သူ့အမှုအတွင်းက သူတို့က ဘုံဘေတွင် ရန်ပုံငွေများ ကောက်ခံကာ ဂုရုဂျီအတွက် တရားမျှတမှု ဖြစ်စေရေး ကော်မတီ ဖွဲ့စည်းခဲ့ကြသည်။ ထိုကော်မတီက သူ့အတွက် ပန်ကြားလွှာ အမျိုးမျိုး ထုတ်ခဲ့ကြသည်။ အစိုးရထံ အရေးဆိုခဲ့ကြသည်။

ဒွန်ဒိုဂုရုဂျီက သူတို့ကို ယုံကြည်သည်။ ပူးပေါင်းလိုသည်။ သို့သော် ကျန် အလုပ်အမှုဆောင် နှစ်ဦးကိုကား သူကမသိ မယုံကြည်။

"ခင်ဗျားတို့သိတဲ့အတိုင်းပဲ ကျွန်တော့်ဘဝဟာ အမိနိုင်ငံအတွက်ပါ" ဟု ဒွန်ဒိုက ရှင်းပြသည်။ "ဒီတော့ ခင်ဗျားတို့နဲ့ ခင်ဗျားတို့ရဲ့ ရဲဘော်တွေက အမိနိုင်ငံအတွက် ကျွန်တော့်ကို ယုံကြည်စွာနဲ့ တာဝန်ပေးမယ်ဆိုရင် ကျွန်တော့်အနေနဲ့ ငြင်းစရာအကြောင်း မရှိပါဘူး"

"ခုလို ကြားရတဲ့အတွက် ကျွန်တော် အများကြီး ဝမ်းသာမိပါတယ်" ဟု ဗဟာဒူးက ပြောသည်။ "ကျန်တဲ့အမှုဆောင် ၆ ဦး ဆိုပါတော့လေ။ ၇ ဦးပဲ အဲ သူတို့ကလည်း ဝမ်းသာကြမှာက သေချာပါတယ်"

"၆ ယောက်ပဲ ပြောပါလေ" ဟု ငြိမ်၍ နားထောင်နေသော အမှုဆောင် လူကြီးတစ်ဦးဖြစ်သည့် ဂျိရှိက ဝင်ပြောသည်။

"၇ ယောက်ပဲ ဖြစ်ရမယ်ဗျာ"ဟု ဗဟာဒူးက ဆိုသည်။ "ကျွန်တော်တို့က ဥက္ကဋ္ဌရွေးတဲ့နေရာမှာ ကန့်ကွက်သူမရှိဖို့ လိုတယ်။ ဒါမှ နယ်ကရောက်လာမယ့် ကိုယ်စားလှယ်တွေနဲ့ ပြေပြေပြစ်ပြစ် ရှိမယ်"

"ဗဟာဒူးပြောချင်တာက" ဟု ကိုယ်စားလှယ် ၃ ဦးအနက် အငယ်ဆုံး ဖြစ်သည့် ဂျိရှိက ဝင်ပြောသည်။ "မဟာတ္တမရဲ့ သဘောတူညီချက်မရဘဲ ကျွန်တော်တို့ အမှုဆောင်အဖွဲ့ဟာ ဥက္ကဋ္ဌအဖြစ် ဘယ်သူ့ကိုမှ လျာထားခြင်း မပြုနိုင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ ကျွန်တော်တို့ရဲ့ ပြောရေးဆိုခွင့် ရှိသူတစ်ယောက်အဖြစ် ခန့်မှာပဲ" ဟု ဗဟာဒူးက မကျေနပ်ဟန်ဖြင့် ပြောလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ ဝန်ခံရမှာပါ" ဟု ဂျိုရှီက ရှင်းပြပြန်သည်။

"ကျွန်တော်တို့ အမှုဆောင်တစ်ဖွဲ့လုံးဟာ တကယ်တော့ မဟတ္တမရဲ့ ရာဘာတံဆိပ်တုံးပဲ မဟုတ်လား။ ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့ စိတ်ကြိုက်အတိုင်း လုပ်နိုင်တာ ဘာလဲလို့ ခင်ဗျားမေးရင် အဲဒါဟာ အမှုဆောင်အဖွဲ့ထဲက နုတ်ထွက်တာပဲ ဖြစ်တယ်လို့ ကျွန်တော်က ဖြေမှာပဲ"

မွန်ရှီက သက်ပြင်းချပြီး ခေါင်းရမ်းပြသည်။

"လက်ဖက်ရည်ထပ်ထည့်ပါဦး" ဟု ဒွန်ဒိုက ပြောသည်။

"တော်ပါပြီဗျာ" ဟု ဗဟာဒူးက ပြောသည်။"ကျွန်တော်တို့ ရောက်တာလည်း ကြာပါပြီ၊ ကျွန်တော်တို့ နိုင်ငံရေးသမားတွေကြောင့်လည်း ခင်ဗျား ဦးနှောက်ခြောက်ရောပေါ့"

"ကျွန်တော့်အတွက်က အရေးမကြီးပါဘူးလေ"

"ကဲ ကျွန်တော်တို့ မပြန်ခင် ခင်ဗျားအနေနဲ့ ဘာဘူဆီကိုလာတွေ့ဖို့ စာတစ်စောင်လောက် ရေးပေး. . . "

ဒွန်ဒိုက ဆက်လက်နားမထောင်တော့ ဗဟာဒူး ပါးစပ်လှုပ်သည်ကိုသာ ကြည့်နေမိသည်။

ထိုအကျင့်ကို မန္တလေးမရောက်မီကတည်းက ဒွန်ဒိုသည် ရခဲ့သည်။ သူ့အပေါ် သြဝါဒပေးမည့်သူ၊ ဆရာလုပ်မည့်သူများနှင့် တစ်ဖက်သတ် ပြောသူများ၏ စကားကို နားထောင်နေသော်လည်း ကြားခြင်းမရှိ၊ သိခြင်းမရှိ။

သူ့စကားကို နားပြီး ဗဟာဒူးက ပြုံးလိုက်ပြီး။

"ဘာပဲဖြစ်ဖြစ် ခင်ဗျားကြိုက်တာ၊ နှစ်သက်တာကို ခင်ဗျား ဆုံးဖြတ်လုပ်ကိုင်နိုင်ပါတယ်" ဟု သူက ဆက်ပြောသည်။ "ကျွန်တော်တို့ အနေနဲ့ကတော့ အခုလို ခွင့်ပေးတဲ့အတွက် ဂုဏ်ယူစွာနဲ့ . . . "

သူ့လေသံမှာ တဖြည်းဖြည်း တိမ်သွားသည်။ ဒွန်ဒိုက မတ်တတ်ထလိုက်သည်။

"ကျွန်တော့်ကို ခုလိုလာတွေ့တဲ့အတွက် ကျေးဇူးတင်ပါတယ် ခင်ဗျာ" ဟု ဒွန်ဒိုက ပြောသည်။

"ကဲ ထနိုင်ပြီဗျို့" ဟု ဒေါက်တာရှီဘန်က ဆေးသေတ္တာကို ပိတ်ရင်းပြော





သည်။ "ခင်ဗျားကိုယ်ခန္ဓာထဲမှာ ထူးထူးခြားခြား ဝေဒနာရယ်လို့ ကျွန်တော် မတွေ့ပါဘူး"

"ဒါဖြင့် ဒီရင်ခုန်နေတာတွေက ဘာဖြစ်လို့လဲ"

"အခုထိ ခုန်တုန်းပဲလားဟင်"

"ဟုတ်တယ်"

"အင်း ဒါဆိုရင်တော့ အတော့်ကို အပြောရကျပ်တာပဲ၊ နားကြပ်ကလည်း ခင်ဗျား ကိုယ်ခန္ဓာတွေထဲမှာ ဖြစ်နေတာ အကုန်လုံးကို ပြောပြနိုင်တာမဟုတ်ဘူး။ ကဲလေ နက်ဖြန်အထိ စောင့်ကြည့်သေးတာပေါ့။ နက်ဖြန်မှာ ဆက်ပြီး ရင်ထဲက အောင့်တယ်ဆိုရင် နှလုံးခုန် စမ်းသပ်တဲ့ ကိရိယာနဲ့ ကျွန်တော်တို့ စမ်းသပ်ကြတာပေါ့။ ဒါနဲ့ ခင်ဗျား အစားကိုတော့ အရမ်းမစားပါဘူးနော်။ အစာကြေစေမယ့် အစားအစာ တွေကိုပဲ စားတယ်မဟုတ်လား"

"ဟုတ်ပါတယ် အရမ်းမစားပါဘူး"

"ခင်ဗျား အရက်တွေ ဘာတွေလည်း မသောက်ပါဘူးနော်၊ ဟုတ်တယ် မဟုတ်လား"

"ဘယ်ကလာ သောက်ရမှာလဲ၊ ဒါနဲ့နေပါဦး ခင်ဗျားက အဲဒါတွေကို ဘာဖြစ်လို့ မေးနေတာလဲ"

ဒေါက်တာရှီဘန်သည် သူ့အမေးကို မဖြေဘဲ ဂုရုဂျီကိုသာ စိုက်ကြည့်နေသည်။

"ဒါနဲ့ ခင်ဗျားစိတ်ကို ထိခိုက်စေတဲ့ စိုးရိမ်စေတဲ့ ပြဿနာတွေရော ရှိနေသလား"

"ကက်ရှမီးယားအနေနဲ့ ပတ်သက်လို့တော့ ကျွန်တော့်စိတ်ထဲမှာ အကြီးအကျယ် စိုးရိမ်မှုတွေ ရှိနေတယ်"

ဘယ့်အတွက် ရှီဘန်ကို လိမ်လိုက်ပါသနည်းဟု ဂုရုဂျီက သူ့ကိုယ်သူ မေးမိသည်။

"ဟုတ်တာပေါ့၊ ဒီပြဿနာကတော့ လူတိုင်း စိုးရိမ်နေတဲ့ ပြဿနာပဲလေ" ဟု ဆရာဝန်က မှတ်ချက်ချသည်။ "ခင်ဗျားကို လူထုခေါင်းဆောင်တစ်ယောက် အနေနဲ့ ပိုပြီးတော့"

"ကျွန်တော် ဘယ်လိုလှုပ်ရှားမှုမျိုးမှ မလုပ်တော့ဘူးဆိုတာ ခင်ဗျားသိသားပဲ ရှီဘန်" ဟု သူကပြောလိုက်သည်။ နိုင်ငံရေးကိစ္စများနှင့် ပတ်သက်၍ ဆက်လက်



www.burmeseclassic.com

www.burmeseclassic.com



ဆွေးနွေးလိုသော ဆန္ဒများ သူ့တွင်မရှိ။

"အင်း ဒါကတော့ ကျွန်တော်တို့ လူမျိုးတွေအနေနဲ့ ခေါင်းဆောင်တစ်ယောက် ဆုံးရှုံးရတာပဲ"

နောက်ဆုံးတွင် ဒေါက်တာရှိဘန်က နှလုံးခုန်စက်မှာ သူ့ဆေးခန်းတွင်ရှိပြီး ရွှေ့ပြောင်း၍မရ၍ နက်ဖြန်တွင် ဆက်လက်ရှင်အောင့်နေဦးမယ်ဆိုက သူ့ဆေးတိုက်သို့ လာခဲ့ရန်မှာပြီး အခန်းထဲမှ ထွက်သွားတော့သည်။

ဂုရုဂျီသည် အခန်းထဲတွင် တစ်ယောက်တည်းရပ်၍ ကျန်ခဲ့သည်။ ထို့နောက် စားပွဲဆီသွားပြီး သူရေးထားသည့် မဆုံးသေးသော မှတ်စုစာရွက်များကို စိုက်ကြည့်လိုက်သည်။

၁၉၄၆ ခု၊ ဧပြီလတွင် ငါတို့၏ ရွေးချယ်မှုမှာ သဲသဲကွဲကွဲ ရှိခဲ့တော့သည်။ နေ့စဉ် ဟိန္ဒူတို့ကို မူဆလင်တို့က သတ်ဖြတ်နှုန်း တိုးတက်လာခဲ့သည်။ ထိုအထဲတွင် လူဖြူအရှင်သခင်များကလည်း တမော့င်။ သူတို့သည် မူဆလင်အဖွဲ့၏ မဟာမိတ်များ ဖြစ်ခဲ့ကြသည်။ ဟိန္ဒူမျိုးချစ်များမှာ သူတို့ရန်သူများ ဖြစ်ခဲ့သည်။

ရန်သူများကို ကာကွယ်ရန်အတွက် ဗြိတိသျှတို့၏ ရိုင်ဖယ်များသည် မဟာမိတ်များဆီသို့ လှည့်မည်လော၊ ရိုးသော၊ အသော၊ ထုံထိုင်းသော၊ ပညာမဲ့သော သူများကသာ ထိုကဲ့သို့ ယုံကြည်ပေလိမ့်မည်။

မရိုးသော၊ မအသော၊ မထုံထိုင်းသော၊ ပညာမမဲ့သော အမိတိုင်းပြည်အပေါ် သစ္စာဖောက်သူများက အထက်ပါအတိုင်း ယုံကြည်လက်ခံရန် လူအများကို တိုက်တွန်းကြပေလိမ့်မည်။

ငါတို့ ရွေးချယ်ဆုံးဖြတ်စရာကား ကိုယ့်ကိုယ်ကိုယ် ကာကွယ်မလား၊ အသေခံမလားဟူသည်ပင်။ လွတ်လပ်ရေးအတွက် အသက်များ စတေးခံ တိုက်ခိုက်မည့် လမ်းစဉ် သို့မဟုတ် လူမျိုးပြုတ်အောင် အနှိမ်ခံရင်း အသုတ်သင်ခံရမည့် လမ်းစဉ်ကို လိုက်မလား။ ငါတို့တစ်တွေ ဟိန္ဒူတွေကဲ့သို့ အသေခံပြီး ကိုယ့်အမျိုးကို ကာကွယ်ရန် ရွေးချယ်ခဲ့ကြမည်။

ထိုသို့ ဆုံးဖြတ်ခဲ့ပြီးသည့်နောက် ဒေလီသို့ ငါ အရေးတကြီး သွားခဲ့သည်။ ငါ့ရည်ရွယ်ချက်က ကွန်ဂရက်ပါတီကို အနှစ် ၂၀ နီးပါး ကြီးစိုးချုပ်ကိုင်ထားသူနဲ့ တွေ့ပြီး အခြေအနေကို ရှင်းပြတောင်းပန်ရန် ဖြစ်သည်။

ငါက ရောက်မည့်ရက်၊ ရောက်မည့်အချိန်ကို ကြိုတင်အကြောင်းကြားစာရေးခဲ့သော်လည်း ဟိုရောက်တော့ သူနှင့်မတွေ့ရ၊ သူက မူဆလင် ဆုတောင်းပွဲ





တစ်ခုကို သွားနေသည်။

ချက်ချင်းပင် ငါတို့တစ်တွေက ယုံကြည်အားကိုးထားသည့် ဒီလူသည် သူ့ကိုယ်သူ ဟိန္ဒူဟူ၍ မယူဆမိကြောင်း ငါ သိခဲ့ရတော့သည်။ သူ ရူးသွားပြီလားဟု ငါ စဉ်းစားခဲ့မိသည်။

ဒွန်ဗိုသည် နောက်ဆုံးစာကြောင်းကို အကြိမ်ကြိမ် ဖတ်ပြီး အိပ်ရာပေါ် လှန်ချလိုက်ပြန်သည်။ ရင်ခုန်မှုသည် သက်သာလာသလိုပင် ရင်အောင့်ခြင်းမှာလည်း ဆက်တိုက်မဟုတ်တော့။

မဟုတ်ဘူး၊ ဒါဟာ ပုဂ္ဂိုလ်ရေးရာနဲ့ ဘယ်လိုမှ မဆိုင်ဘူးဟု သူ့ကိုယ်သူ ပြောပြန်သည်။

သူသည် အနေရထိုင်ရ သက်သောင့်သက်သာ ရှိလာသည်။ ထို့အပြင် နာရီကို လှမ်းကြည့်လိုက်သောအခါ ၄ နာရီထိုးရန် မိနစ် ၂၀ သာ လိုတော့ကြောင်း တွေ့ရ၍ အံ့သြခြင်း ဖြစ်မိရလေတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## (၁၃)

နှစ်နာရီနီးပါးခန့် အက်တီးသည် အမျိုးမျိုး စဉ်းစားခဲ့သည်။

"ကဲပါ အခုပဲ သွားတော့မယ်" ဟု သူက အကြိမ်ကြိမ် ဆုံးဖြတ်ခဲ့သည်။ သို့သော် သူ့စိတ်မှာ မပြတ်သားခဲ့။ ထိုသို့ဆုံးဖြတ်တိုင်း ခဏလောက် စောင့်ကြည့်သေးတာပေါ့လေဆိုပြီး သူ့ဆုံးဖြတ်ချက်ကို လျှော့ရဲစေခဲ့သည်။

တကယ်တော့ ဘဝတစ်လျှောက်လုံးမှာ ထိုအတိုင်းသာ ဖြစ်ခဲ့သည်။ တစ်ခုခုကိုလုပ်ရန် ဆုံးဖြတ်ခဲ့သော်လည်း အခြားလူများ တိုက်တွန်းအကြံပေးချက်အရ ဆုံးဖြတ်ချက်၏ ဆန့်ကျင်ဘက်ကိုသာ သူက လုပ်တတ်ခဲ့သည်။

သို့သော် သူက နှစ်ကြိမ်ခန့် သူ့စိတ်ကို စိုးမိုးနိုင်ခဲ့သည်။ သူ့ဆုံးဖြတ်ချက်အတိုင်း လုပ်ခဲ့သည်။ ၎င်းတို့မှာ သူ လက်ထပ်ရန်နှင့် အဖွဲ့အတွင်းဝင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အမှန်မှာ ဒုတိယဆုံးဖြတ်ချက်မှာ သူ့စိတ်ကို တော်လှန်ခဲ့ခြင်းမဟုတ်။ အဖွဲ့အတွင်းသို့ ဝင်မည်ဖြစ်ကြောင်း သူက မည်သူ့ကိုမှ အသိမပေးဘဲ လျှို့ဝှက်စွာကြံစည်ခဲ့ခြင်းသာ ဖြစ်လေသည်။

ပထမဆုံးဖြတ်ချက်အတွက်မူ အက်တီးက သူ့ကိုယ်သူပင် အံ့သြခြင်း ဖြစ်မိခဲ့သည်။ သူသည် တကယ့်ကို ရဲရဲဝံ့ဝံ့ ဆုံးဖြတ်ခဲ့ခြင်းပါတကား။

* * *

သူ့ဖခင်မှာ ကွမ်းတမြုံ့မြုံ့ဝါးရင်း သူ့ညီလေး ၄ ယောက်နှင့် စကားများ ဖောင်လောက်အောင် ပြောနေ၍ အခန်းကြီးထဲမှ သူ ထွက်သည်ကိုပင် မသိခဲ့။

မီးဖိုထဲမှ သူတို့အိမ်စေ အမျိုးသမီးကြီးက တွေ့လိုက်၍ သူ့ဖခင်ထံ သွား၍. . .

"လူလေး ဘုရားဆီထွက်သွားပြီ" ဟု အကြောင်းကြားသည်။





မည်သည့်ဘုရားထံသွားမှန်း သူမက မပြော၍ ဖခင်က မသိရသော်လည်း အိမ်အပြင်ထွက်လိုက်သောအခါ ကောင်းကင်တွင် လမင်းကြီး ဝိုင်းစက်စက် ရှိနေကြောင်း တွေ့ရ၍ လပြည့်ညဖြစ်ကြောင်းကိုမူ သိရသည်။

အက်တီးသည် သူ့မိခင်ရှိမည်ထင်သော တောင်ကုန်းထိပ်သို့ တက်ခဲ့သည်။ သူသည် သူတော်စင်များကို တစ်ဦးပြီး တစ်ဦး၊ ဘုရားရုပ်တုများကို တစ်ခုပြီးတစ်ခု ဖြတ်ကျော်ခဲ့သည်။

အက်တီးသည် တောင်ကုန်းကို ပြေး၍တက်ခဲ့သည်။ တောင်ကုန်းတစ်ဝက်ရောက်သောအခါ သူက တက်လာရာလမ်းကို ပြန်ကြည့်သည်။ တောင်ခြေရှိ အိမ်များကို ပိုးစုန်းကြူးများကဲ့သို့ သူကမြင်ရသည်။ ထိုအိမ်များထဲတွင် သူ့အိမ် မည်သည့်နေရာတွင်ရှိကြောင်း သူက ရှာကြည့်၊ ခန့်မှန်းကြည့်သည်။ သို့သော် မတွေ့ရ၊ မခန့်မှန်းနိုင်။

သူ မြင်နေရသော ကမ္ဘာကား အများအားဖြင့် မှောင်နေသည်။ ထို့ကြောင့် သူ့ဇနီးလောင်းသည် အိပ်မက်များထဲတွင် တွေ့ခဲ့ရသကဲ့သို့ ချောမောလှပပါမည်လားဟု သူက စဉ်းစားကြည့်မိပြန်သည်။

သူတို့သည် တစ်ကြိမ်သာ တွေ့ခဲ့ဖူးသည်။ ထိုသို့ တွေ့စဉ်က သူမသည် မျက်နှာကို ဇာပဝါ ခြုံထားခဲ့သည်ဖြစ်၍ သူမအလှကို အက်တီးက လုံးဝမမြင်ခဲ့ရ။

"သူမသည် အသက်ငယ်ကြောင်း သူမ ဖခင်မှာလည်း သူတို့ထက် ချမ်းသာခဲ့ကြောင်းသာ အက်တီး သိခွင့်ရခဲ့သည်။

ထို့ကြောင့် သူ့ဇနီးလောင်းသည် လှပါ၏လောဟု သူ့ဖခင်ကို အက်တီးက မကြာခဏ မေးခဲ့ဖူးသည်။ ထိုသို့မေးတိုင်းလည်း ဖခင်က. . .

"သား မင်းအနေနဲ့ မိန်းမဘက်က ခန်းဝင်ပစ္စည်းတွေ အများကြီး ရမှာပါ" ဟု ပြောခဲ့သည်။

တောင်ထိပ်သို့ တဖြည်းဖြည်း နီးသထက် နီးလာသောအခါ ကမ္ဘာကြီးမှာ ကောင်းကင်နှင့် လမင်းမှတစ်ပါး အခြားမည်သည့်အရာဝတ္ထုမှမရှိဟု ထင်မှတ်စရာပင်။

သူ့အင်္ဂလိပ်ဆရာက ကမ္ဘာကြီးမှာ ဝိုင်းနေသည်။ အဆုံးအစမရှိသော နံရံကြီးများဖြင့် ကာထားသည်ဟု ပြောခဲ့သော်လည်း ဟိန္ဒူတို့၏ စကြဝဠာ အတတ်ပညာက ပို၍ ယထာဘူတကျသည်ဟု ယုံကြည်ထားခဲ့သည်။

တစ်နေရာတွင် ကမ္ဘာ၏အဆုံးမှာ ရှိနေသည်ဟု သူ့အမေက ပြောပြခဲ့သည်။ ထိုနေရာတွင် ဘုရားက သမုဒ္ဒရာ၏ လှိုင်းလုံးကြီးများ၊ တောင်တန်းကြီးများထက်



www.burmeseclassic.com

www.burmeseclassic.com



မြင့်မားသည့် ဖြူဆွတ်သော အုတ်နံရံကြီးကို ဆောက်ထားသည်။

ဘုရားရှိခိုးကျောင်းဝင်းတံခါးမှာ ပွင့်နေသည်။ အစောင့်များလည်းမရှိ။ ထို့ကြောင့် အက်တီးက ပန်းခြံတွင်း ဝင်ခဲ့သည်။ ပန်းခြံဆိုသော်လည်း ပန်းများကားမရှိ သစ်ပင်များသာ ရှိပြီး လေအတိုက်တွင် လှုပ်ရှားနေကြသည်။

တောင်ထိပ်တွင် ဘုရားရှိခိုးကျောင်း သုံးကျောင်းရှိသည်။ အက်တီးသည် အနီးရှိ တံခါးပွင့်နေသော ဘုရားရှိခိုးကျောင်းအတွင်း ဝင်လိုက်သည်။ အမေ့ကို ဘုရားကျောင်းထဲတွင် တွေ့ရလိမ့်မည်ဟု သူက မမျှော်လင့်။ ထိုဘုရားကျောင်းအတွင်းသို့ မည်သည့်အမျိုးသမီးကိုမှ ဝင်ခွင့်မပြု။

အက်တီးသည် လက်များစွာရှိသော ရုပ်တုရှေ့တွင် ဒူးထောက်ထိုင်ချလိုက်သည်။ ထို့နောက် သူ့လက်ကိုင်ပဝါထဲတွင် သေသပ်စွာ ထုတ်၍ ယူလာသည့် ငွေအကြွေများကို ရုပ်တုရှေ့ရှိ အလှူခံပုံးထဲ ထည့်လိုက်သည်။

ဘုရားရှိခိုးကျောင်းအတွင်းမှ သူ ပြန်ထွက်လိုက်သောအခါ ပန်းခြံထဲတွင် အမျိုးသမီးတစ်ဦးကို အက်တီးက တွေ့မိသည်။ ထိုအမျိုးသမီးသည် သူ့မိခင်ဖြစ်ရမည်ဟု သူက ချက်ချင်းနားလည်မိသည်။

အက်တီးသည် အမေ၏ သွားရာ အခြားဘုရားရှိခိုးကျောင်းအတွင်းသို့ ဝင်လိုက်သွားသည်။ ဘုရားရှိခိုးကျောင်း အတွင်းတွင်ကား မှောင်မည်းနေသည်။ ဘုရားရုပ်တုများကိုသာ ထင်ထင်ရှားရှား တွေ့ရသည်။

အမှောင်ထုထဲတွင်ပင် အက်တီးက အမေ့ကို ရှာကြည့်သည်။ အမေသည် ရုပ်တုတစ်ခုရှေ့တွင် ဦးညွှတ်ထိုင်နေသည်။ အက်တီးက သူမ နောက်နားတွင် သွားရပ်သည်။

"အက်တီး" ဟု အမေက နောက်လှည့်မကြည့်ဘဲ ခေါ်လိုက်သည်။

"မေမေ ဘာဖြစ်လို့ ငိုနေတာလဲဟင်" ဟု သူကမေးသည်။ သူကိုယ်တိုင်မှာလည်း မျက်ရည်ဝဲလာသည်။

"ဘုရားရှေ့မှာ အဲ့ဒါကို မမေးနဲ့သား၊ ကဲ ရှိခိုးစမ်း လူတွေအတွက် ဆုတောင်းစမ်း"

သူက ခေါင်းကိုညိတ်လိုက်သည်။ သို့သော် မည်ကဲ့သို့ ဆုတောင်းရမည်ကိုကား သူ မသိ။

သူက အမေ့ကိုသာ စိုက်ကြည့်နေမိသည်။ အမေ စိတ်ချမ်းသာအောင် လုပ်ပေးနိုင်ပါစေဟုလည်း ဆန္ဒပြုမိသည်။ သူသည် အမေ၏ တစ်ဦးတည်းသော





သားဖြစ်သည်။ ထို့ကြောင့် အမေက သူ့ကို အသက်ပေး၍ချစ်သည်။

တကယ်တော့ သူ့ကို အမေက အသက်ပေး၍ မွေးခဲ့ရသည်။ ထိုအကြောင်းကို အမေက ပြောမပြခဲ့။ ဒေါ်ဒေါ်က ပြောပြ၍သာ အက်တီးသိခဲ့ရသည်။

သူ့ကို မွေးစဉ်က အမေသည် များစွာ သွေးအားနည်းခဲ့ရသည်။ သို့သော် အမေက စိတ်မလျှော့။

"ကျွန်မ ယောကျ်ားလေး မွေးမှာပါ၊ ယောကျ်ားလေး မွေးမှာပါ" ဟု တဖွဖွပြောရင်း ဝေဒနာကို ကြိတ်ခံခဲ့သည်။ ရှိသမျှ ခွန်အားတို့ဖြင့် အက်တီးကို မွေးထုတ်ပါသည်။

ကျွန်တော့်ကို ကူညီဖို့အတွက် အမေ့ကို စောင်မတော်မူပါ" ဟု အက်တီးက အသံထွက်အောင်ပင် ဆုတောင်းလိုက်သည်။

"သား ဘာဖြစ်လို့လဲဟင်" ဟု လေသံဖြင့်မေးသည်။

"ကျွန်တော် လက်ထပ်ဖို့ အဆင်သင့် မရှိသေးဘူး မေမေ" ဟု သူကဖြေသည်။

"ဒါပေမဲ့ အားလုံးဟာ စီစဉ်ပြီးပြီလေ"

"ဟင့်အင်း ကျွန်တော့်ကို ကယ်ပါ မေမေ၊ ကျွန်တော့်ကို သနားလည်း သနားပါ"

"သားဟာ ကလေးမှ မဟုတ်တော့ဘဲ"

"ကျွန်တော့်ကို ပစ်မထားပါနဲ့"

"ကဲ လာစမ်း အက်တီး" ဟု သူ့လက်မောင်းကို ဆွဲကာ အမေက အပြင်သို့ ခေါ်သွားသည်။ သူတို့သားအမိသည် ပြာသော ကောင်းကင်အောက်တွင် ရပ်လိုက်ကြသည်။

"ကဲ ဆိုစမ်းသား" ဟု အမေက မေးသည်။

"မေမေ့ကိုရော၊ ဖေဖေ့ကိုရော စိတ်ညစ်အောင် လုပ်ချင်တဲ့ဆန္ဒ ကျွန်တော့်မှာ မရှိပါဘူး"

"ဒါပေမဲ့ မင်းအဖေကတော့ နက်ဖြန်အတွက် အားလုံးကို ပြင်ဆင်ထားပြီ မဟုတ်လား၊ မင်းဦးလေးတွေကလည်း ဟိုအဝေးကြီးကရောက်အောင် လာခဲ့ကြရတယ် မဟုတ်လား"

အက်တီးသည် စိတ်အိုက်မိတော့သည်။

"ဘာလဲ မင်းက လောကီနဲ့သက်ဆိုင်တဲ့ အိမ်ထောင်သည်ဘဝကို မလိုလား ဘူးလား" ဟု အမေကမေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မေမေ၊ ကျွန်တော့်ကိုကူပါ"

"ဘဝရဲ့ မွန်မြတ်မှုဟာ လူတွေအတွက် သီးခြားရှိတယ်" ဟု အမေက လေသံဖြင့် ပြောသည်။ အဲ့ဒီထဲမှာ လက်ထပ်တာဟာ မပါဘူး"

"ဒါဖြင့် ကျွန်တော်က လက်မထပ်ဘူးဆိုရင်. . . "

"သူတော်စင်တစ်ယောက် ဖြစ်လာမှာကို ဘယ်မိခင်ကမှ ဝမ်းမနည်းပါဘူး သား"

"ဒါပေမဲ့ ဖေဖေက ဘာပြောမလဲ"

"မင်းဦးလေးတစ်ယောက်နဲ့ ပတ်သက်ပြီး မင်းကို တစ်ခါမှ မေမေ ပြောမပြခဲ့ရသေးဘူး။ တစ်ခါက မေမေ့မောင် တစ်ယောက်ဟာ မင်းလိုပဲ လက်ထပ်လုဆဲဆဲမှာ ဖြစ်ခဲ့တယ်။ သူ့စိတ်ဟာ အိမ်ထောင်သည်ဖြစ်ဖို့ လက်ထပ်ဖို့အတွက် အင်မတန် သန့်ရှင်းခဲ့တယ်။ သူ့ဘဝကို ဘုရားဆီ အပ်ထားခဲ့တာမို့ သူဟာ လက်ထပ်မယ့်နေ့ရဲ့ တစ်ရက်အလို ညဘက်မှာ အိမ်ပြန်မလာတော့ဘူး။ နောက်နေ့မှာ သတို့သမီးဟာ အဆင်သင့် ရှိနေခဲ့ပေမဲ့ သတို့သားမရှိဘဲနဲ့ ဘယ်မှာလာပြီး လက်ထပ်ပွဲ လုပ်နိုင်မှာတဲ့လဲ။ မိန်းမဘက်ကပေးတဲ့ ခန်းဝင်ပစ္စည်းတွေကို ပြန်ပေးပြီး မင်္ဂလာအခမ်းအနားလည်း ပျက်ခဲ့တော့တယ်။ အဖေဟာ သူ့သားကို ဆူပူကြိမ်းမောင်းလိုက်တာ မပြောပါနဲ့တော့၊ ဒါပေမဲ့ ရက်အနည်းငယ်လည်းကြာရော အဖေက သူ့အတွက် ဆုတောင်းခဲ့တော့တယ်။ နှစ်ပတ်လောက်ကြာတော့ သူဟာ ဝတ်ဖြူစင်ကြယ်နဲ့ ဖေဖေတို့ အိမ်တံခါးကို ရောက်လာတော့တယ်။ အဖေဟာ ဝမ်းသာကြည်နူးလွန်းလို့ မျက်ရည်တောင်ကျခဲ့တယ်။ ဒါတောင်မှ သူဟာ အဖေရဲ့ တစ်ဦးတည်းသောသား မဟုတ်ဘူး"

"ဒါဖြင့် ကျွန်တော်ဟာလည်း"

"ရှူး. . . မင်းအစီအစဉ်တွေ မေမေ့ကို ပြောပြဖို့ စိတ်မကူးစမ်းနဲ့ အက်တီး၊ မင်းအဖေရဲ့ ဇနီးတစ်ယောက်အနေနဲ့ မေမေ့ရဲ့ ပထမဆုံး လုပ်ရမယ့် တာဝန်ဟာ သူ့သဘောဆန္ဒအတိုင်း မင်းကလိုက်လုပ်ဖို့ တိုက်တွန်းပေးဖို့ပဲ ဖြစ်တယ်။ ဒီတော့ကာ မင်းအနေနဲ့ ခြေတစ်ဖက် မသန်တဲ့ သတို့သမီးနဲ့. . . "

"ဟင် ခြေတစ်ဖက် မသန်ဘူး၊ ဟုတ်လား မေမေ"

ထိုကိစ္စနှင့် ပတ်သက်၍ အက်တီးသည် တစ်ကြိမ်မျှ မသိခဲ့ရ ဒုက္ခိတ၏ ခင်ပွန်း ဖြစ်ရမှာပါလား။

ထိုကြောင့်လည်း အဖေက သူမအလှကို မေးခဲ့တိုင်း ခန်းဝင်ပစ္စည်းများ





အကြောင်းကိုသာ ပြောခဲ့ခြင်း မဟုတ်လော။ ထို့ကြောင့်လည်း သူ့ထက် အသက်ငယ်သော သတို့သမီးဘက်က ခန်းဝင်ပစ္စည်း အမြောက်အမြားပေးရန် စီစဉ်ထားခြင်း မဟုတ်လော။

"မေမေပြောတာတွေက လွန်သွားသလား သား" ဟု အမေက ကြင်နာစွာဖြင့် မေးသည်။

"မလွန်ပါဘူး မေမေ၊ မေမေက ကျွန်တော့်ကို ကယ်ခဲ့တာပါ" ဟု ပြောရင်း မျက်ရည်များ သွယ်တန်းစီးကျနေသည့် သူမ ပါးပြင်ကို နမ်းလိုက်သည်။

"ကဲ မေမေ သွားဦးမှ" ဟု သူမက ပြောသည်။ "ဒီနေရာကို မေမေက တစ်နေ့တစ်ခေါက် ဝတ်ပြုဖို့ ရောက်မှာပဲ"

"ကျွန်တော့်အတွက် မစိုးရိမ်ပါနဲ့ မေမေ၊ ကျွန်တော် မေမေ့ကို ဒီကပဲ စောင့်မယ်"

သူမသည် ဝိညာဉ်ကဲ့သို့ ည၏ မလင်းတလင်း အလင်းရောင်အောက်တွင် ပျောက်သွားတော့သည်။

အက်တီးသည် တောင်ထိပ်တွင် ၁၀ ရက်ကြာနေခဲ့သည်။

ညစဉ် ဘုရားရှိခိုးကျောင်းများထဲတွင် အိပ်ခဲ့သည်။ အရုဏ်မတက်မီ ပန်းခြံတွင်းမှ ရေကိုသောက်ကာ အရှေ့ဘက်သို့ လှည့်၍ တဖြည်းဖြည်း မြင့်တက်လာသည့် နေလုံးကိုကြည့်ပြီး ဆုတောင်းခြင်းများ ပြုလုပ်သည်။

တောင်ထိပ်တွင် သူသည် တရားအားထုတ်ခဲ့သည်။ ဘာသာရေးတွင် အားစိုက်ခဲ့သည်။ သို့သော် ၁၀ ရက်မြောက်သောနေ့တွင် အိမ်ကို လွမ်းလာသည်။ သူငယ်ချင်းများကို သတိရလာသည်။ ကျောင်းသည်လည်း မကြာမီ ဖွင့်တော့မှာပါလား။ သူ့မင်္ဂလာပွဲကို နွေရာသီ ကျောင်းပိတ်ရက်အတွင်း လုပ်ရန် စီစဉ်ခဲ့ခြင်း ဖြစ်သည်။

ထိုညနေတွင် အမေ ရောက်လာသောအခါ သူမ ရင်ခွင်တွင်းဝင်၍. . .

"ကျွန်တော် မနေနိုင်တော့ဘူး မေမေ၊ စိတ်မထိန်းနိုင်တော့ဘူး" ဟု ပြောကာ ငိုလေတော့သည်။

"ကဲ ဒါဖြင့်လည်း မင်းအိမ်ပြန်လာလေ" ဟု အမေကဆိုသည်။

"မှောင်တဲ့အထိစောင့်ပြီး နောက်ဖေးတံခါးပေါက်က ဝင်ခဲ့ ဟုတ်လား"

နေဝင်သည်နှင့် အက်တီးသည် တောင်ထိပ်မှ ပြန်လည်ဆင်းခဲ့သည်။ ပထမတွင် သူက တတ်နိုင်သမျှ မြန်မြန်လျှောက်သည်။ ထို့နောက် ပြေးလေတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

သူသည် မောပန်းလွန်း၍ သူ့အိမ်ရောက်သောအခါ ချက်ချင်း တံခါး မခေါက်နိုင် အမောဖြေပြီးမှ တံခါးခေါက်နိုင်သည်။

တံခါးကို လာဖွင့်ပေးသူက အမေ။

"သား. . . သား မင်းကို ဘုရားက တို့ဆီပြန်လွှတ်လိုက်ပြီ မဟုတ်လား" ဟု သူမက ဝမ်းသာအားရပြောသည်။

နောက်ဆုံး အဖေသည် မီးဖိုထဲ ရောက်လာသည်။

"အင်း နောက်ဆုံးတော့ မင်းပြန်လာတာပဲ မဟုတ်လား" ဟု အဖေကဆို သည်။ ထို့နောက် အသားများတုန်လောက်အောင် ဒေါသထွက်ပြီး သူ့ကို အဖေက ရိုက်သည်။

"ရှင်ရိုက်ရင် ကျွန်မကိုပါ ရိုက်ပါ" ဟု အမေက ဆိုသည်။

"သားကိုခွင့်လွှတ်ပါ ကျွန်မ တောင်းပန်ပါရစေ"

သို့သော် အဖေ့တုတ်ချက်က အက်တီးကျောပေါ် ကျဖြစ်အောင် ကျခဲ့သေး သည်။

"ဟော့ကောင် ထစမ်း၊ မင်းသွားစမ်း"

သို့သော် အက်တီးသည် မထနိုင်ခဲ့ မသွားနိုင်ခဲ့။

* * *

ကာတုတ်သည် သူ့ဖခင်များ ဖြစ်နေရော့သလားဟု အက်တီးက ထင်မိ သည်။ ဘယ့်အတွက်ကြောင့်ဆိုသော် ကာတုတ် အနီးမှ သူ မသွားနိုင်၍ ဖြစ်သည်။

သို့သော် အဖေက မျိုးချစ်ပုဂ္ဂိုလ်မဟုတ်။ သူက ဘုရားတစ်ဆူကဲ့သို့ ကိုးကွယ်လေးစားခဲ့သည်။ ဂုရုဂျီကဲ့သို့ အမျိုးသားခေါင်းဆောင်လည်းမဟုတ်။ အဖေ သည် စီးပွားရေးသမားတစ်ဦးသာ ဖြစ်ခဲ့သည်။

အဖေသည် စီးပွားရေးတွင် လာဘ်မြင်သောသူတစ်ဦးလည်း ဖြစ်သည်။ စည်းစနစ်ရှိသူလည်း ဖြစ်သည်။ ထို့ကြောင့်လည်း ပူနားတွင် သတင်းစာတစ်စောင် ထုတ်ခဲ့ရာ အောင်မြင်မှု ရခဲ့တော့သည်။

သူ့လုပ်ငန်းတွင်းသို့ အက်တီးကို ဆွဲသွင်းခဲ့ခြင်းဖြင့်လည်း သူ့သားကို အဖေက မသေမီကတည်းက အမွေပေးသလိုရှိခဲ့သည်။

ထို့ကြောင့်ပင် အက်တီးသည် နာတူးနှင့် တွေ့ခဲ့ရခြင်း ဖြစ်လေသည်။





တစ်နေ့သော် အက်တီး ရုံးခန်းတွင်းသို့ လူစိမ်းလူငယ်တစ်ဦး ဝင်လာသည်

"ဟုတ်ကဲ့ အမိန့်ရှိပါခင်ဗျာ" ဟု အက်တီးက ပြုံးပြီး သိမ်မွေ့စွာမေးသည်။

"ကျွန်တော် စီးပွားရေးလုပ်ငန်းအတွက် ဒီကိုလာတာ မဟုတ်ပါဘူး" ဟု လူငယ်ကပြောသည်။, ကျွန်တော့်ကို ထိုင်ခွင့်ပြုပါ"

"ဩော်. . ဟုတ်ကဲ့ ထိုင်ပါ ကျွန်တော့်နာမည်က အက်တီးပါ"

"ကျွန်တော့်နာမည်က နာတူး၊ ကျွန်တော်ဟာ ဒွန်ဒိုရဲ့ ကိုယ်စားလှယ်အဖြစ် ဒီကိုလာခဲ့တာပါ"

"ဩော်. . . ဆူပူရေးသမား ဒွန်ဒိုဟာလား"

"မျိုးချစ်ပုဂ္ဂိုလ်ပါ" ဟု နာတူးကပြင်ပေးသည်။ လူဖြူတွေအတွက် သူဟာ ဆူပူရေးသမား ဖြစ်ကောင်းဖြစ်မယ်။ ဒါပေမဲ့ ကျွန်တော်တို့ လူမျိုးတွေအတွက်တော့ မျိုးချစ်ပုဂ္ဂိုလ်တစ်ဦးပါ"

"ကျွန်တော့်ထင်မြင်ချက်အတွက် ခွင့်လွှတ်ပါ။ တကယ်တော့ သူဟာ အင်မတန်ထင်ရှားတဲ့ ခေါင်းဆောင်တစ်ယောက် ဖြစ်ပါတယ်"

"သူဟာ ကျွန်တော်တို့တစ်တွေရဲ့ ခေါင်းဆောင်ကြီးပါ"

"ခေါင်းဆောင်ကြီး ဟုတ်လား"

"ဟုတ်ပါတယ်၊ ဘယ်ခေါင်းဆောင်ဟာ သူ့လောက်ထောင်ကျခံခဲ့လို့လဲ"

"ဩော်. . . ဟုတ်ပါတယ်"

"ကျွန်တော့်အနေနဲ့ ဒီနေ့မှာ ဒိုပြင်ကိစ္စတွေလည်း ရှိနေလို့ လိုရင်းကိုပဲ တိုတိုတုတ်တုတ် ပြောပါရစေ။ ခင်ဗျားတို့ သတင်းစာအနေနဲ့ ဒွန်ဒိုရဲ့ ရွှေရတုသဘင် ပွဲအတွက် အလှူငွေထည့်ဖို့ ရွေးချယ်ထားပါတယ်"

"ရွှေရတုသဘင် ရန်ပုံငွေ ဟုတ်လား"

"ဟုတ်ပါတယ်၊ ဒွန်ဒိုဟာ လာမယ့်အောက်တိုဘာလမှာ အနှစ် ၆၀ မြောက် မွေးနေ့သဘင်လုပ်ဖို့ စီစဉ်ထားတယ်"

"ဩော်. . ဩော်. . ဟုတ်ပါရဲ့"

"သူ့အနေနဲ့ အမိနိုင်ငံအပေါ် အစတေးခံမှု အမျိုးမျိုးနဲ့ လှုပ်ရှားဆောင်ရွက်မှု တွေအတွက် ကျွန်တော်တို့က သူ့ကို ငွေတစ်သိန်း လက်ဆောင်ပေးဖို့ ရည်ရွယ်ထားတယ်"

"တစ်သိန်းဟုတ်လား"

"ဟုတ်ပါတယ်၊ တကယ်တော့ ဒါဟာ နည်းတောင်နည်းပါသေးတယ် ခင်ဗျားသိတဲ့အတိုင်း တစ်ယောက်ကို တစ်ကျပ်ပဲ ကောက်ဦး ထည့်ချင်သဲ့သူဟာ



www.burmeseclassic.com

www.burmeseclassic.com



တစ်သိန်းကျော်တယ်ဆိုတာ ခင်ဗျားလည်း အသိပဲ မဟုတ်လား"

"ဟုတ်ကဲ့"

"ဒါပေမဲ့ ကျွန်တော်တို့မှာ အဲဒီ လူတစ်သိန်းဆီလိုက်ပြီး ရန်ပုံငွေ လိုက်ကောက်ခံဖို့ အချိန်မရတာမို့ ခင်ဗျားတို့လို မျိုးချစ်ပုဂ္ဂိုလ်တွေကို ရွေးချယ်ခဲ့ကြတယ်"

"ဟုတ်ကဲ့ ငွေရေးကြေးရေးနဲ့ ပတ်သက်ရင်တော့ ကျွန်တော့်ဖခင်ရဲ့ သဘောတူညီချက်ကို ယူရပါလိမ့်မယ်"

"ဒါပေမဲ့ မန်နေဂျာကို တွေ့ချင်ပါတယ်လို့ ကျွန်တော်ပြောတော့ အပြင်က လူတွေက ခင်ဗျားဆီသွားဖို့ ညွှန်လိုက်ကြပါလား"

"ဒါက ဒီလိုပါ။ ကျွန်တော့်အဖေ အပြင်သွားနေတုန်း ကျွန်တော် ခဏဝင်ထိုင်တာပါ"

နာတူးသည် ထလိုက်သည်။

"ဒါဖြင့် ခင်ဗျားအဖေ ဘယ်တော့ပြန်လာမှာလဲ"

"နေပါဦး ကျွန်တော့်ငွေထဲက ကျွန်တော် တတ်နိုင်သလောက်လေး ထည့်ပါရစေ ကျွန်တော် ၁၀"

"၁၀ ဆိုတဲ့ငွေက မနည်းပါဘူး ခင်ဗျာ"

နာတူးသည် ပြန်ထိုင်သည်။

"ကျွန်တော့်အဖေနဲ့ တွေ့တဲ့အခါ သူက ငွေထပ်ထည့်ကောင်း ထည့်ပါလိမ့်မယ်၊ တစ်ခုတော့ ရှိတယ် သူနဲ့တွေ့တဲ့အခါ နိုင်ငံရေးစကားကို သိပ်မပြောနဲ့ သူက နိုင်ငံရေးနဲ့ ပတ်သက်လာရင် သိပ်ကြိုက်တာ မဟုတ်ဘူး၊ ဒါပေမဲ့ ကျွန်တော်ကတော့ စိတ်ဝင်စားပါတယ်။ စိတ်ဝင်စားလို့လည်း အခုလို ကျွန်တော် တတ်နိုင်သမျှ ထည့်ဝင်တာပါပဲ"

"ခင်ဗျားရဲ့ စိတ်သဘောထားဟာ မှန်ကန်တဲ့နေရာမှာ ရောက်နေပြီပဲ"

"နောက်ပြီး ကျွန်တော့် မေမေကလည်း သူ့ကိုယ်ပိုင်ငွေထဲက ထည့်ကောင်း ထည့်ပါလိမ့်မယ်။ မေမေက ဖေဖေနဲ့ ဆန့်ကျင်ဘက်ဗျ။ နိုင်ငံရေးမှာ စိတ်ဝင်စားတယ်"

"ကောင်းတယ်"

"နောက်ပြီး ကျွန်တော့် ဦးလေးတွေ သူတို့ကိုလည်း ကျွန်တော် မေးပေးမယ်။ နောက်တော့ ကျွန်တော်တို့ အိမ်နီးချင်းတွေ သူတို့ အားလုံးကလည်း နိုင်ငံရေးမှာ စိတ်ဝင်စားကြတာ ဖြစ်တယ်"

"ခင်ဗျားစိတ်ဓာတ်ဟာ ချီးကျူးစရာပဲ အက်တီး"





"ကျေးဇူးတင်ပါတယ် နာတူး၊ ဒါနဲ့ ခင်ဗျားကို ကျွန်တော် ဘယ်လိုလုပ်ဆက်သွယ်ရမလဲ၊ ငွေတွေကောက်ပြီးရင် ဘယ်မှာလာပေးရမလဲ"

"ကျွန်တော် နက်ဖြန် ခင်ဗျားအဖေရှိမယ့်အချိန် ဒီကို လာပါ့မယ်။ ခင်ဗျားအဖေ ဘယ်အချိန် ရှိမယ်ဆိုတာသာ ခင်ဗျားက ကျွန်တော့်ကို ပြောပြပေးပါ"

"မနက်စောစော ဆိုရင် အသေချာဆုံးပဲ"

"၈ နာရီ ဟုတ်လား" ဟု နာတူးကမေးသည်။

"ဟုတ်ကဲ့"

"ဒါဖြင့်"

"နေဦးလေ၊ ခင်ဗျားကို ၁၀ ပေးလိုက်ပါရစေဦး"

အက်တီးက လက်ကိုင်ပဝါ အတွင်းတွင် ကျစ်ကျစ်ပါအောင် ထုတ်ထားသည့် ငွေ ၁၀ တန်ကို ထုတ်ပေးသည်။

"အနာဂတ်မှာ ဒီ့ထက် ကူညီနိုင်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်" ဟု အက်တီးက ပြောသည်။

"ခင်ဗျားကူညီနိုင်လိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ် အက်တီး"

"ကျေးဇူးပါပဲ၊ နက်ဖြန်မှာ ငွေများများပေးနိုင်အောင် ကျွန်တော် ကြိုးစားပါ့မယ်"

တကယ်လည်း အက်တီးက ကြိုးစားခဲ့သည်။ အောက်တိုဘာလတွင် သူက ငွေ ၁၀၀ ခန့်လောက် ပေးနိုင်ခဲ့သည်။

ထို့နောက် သူက နာတူးနှင့် ရင်းနှီးကာ နာတူးကြောင့်ပင် ဂုရုဂျီနှင့် ပထမဆုံး တွေ့ခဲ့ရသည်။

ထိုသို့တွေ့ပြီး မကြာခင် သူ့သတင်းစာမှာ ဂုရုဂျီတို့အဖွဲ့၏ ဩဇာခံ ဖြစ်မှန်းမသိ ဖြစ်ခဲ့သည်။

အသက်ကြီးလာပြီဖြစ်သော အဖေက သတင်းစာလုပ်ငန်းကို အက်တီးနှင့်သာ လွှဲထားခဲ့၍ သူ့အနေဖြင့် စိတ်ကြိုက်လွတ်လွတ်လပ်လပ် လုပ်နိုင်ခဲ့တော့သည်။

* * *

ကာတုတ်ကို ကြည့်ရင်း အဲကိုကြိတ်ကာ အက်တီးက ထိုင်ရာမှ ထလိုက်သည်။

"ကဲ ၃ နာရီမိနစ် ၄၀ ရှိပြီ" ဟု နာတူးက ပြောသည်။

"ကျွန်တော် သွားမှပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းမှာ အချိန်တွေ ရှိသားပဲ အက်တီး" ဟု ကာတုတ်က ပြောသည်။

"ပန်းခြံကို ၄ နာရီ မထိုးခင် မင်းအရောက်သွားဖို့ မသင့်ဘူး၊ ဒီကနေ ဟိုကို ၁၀ မိနစ်ပဲ လမ်းလျှောက်ရမှာပါ၊ ကဲ ထိုင်ဦး"

"ကျွန်တော် ဖြည်းဖြည်းပဲ လျှောက်သွားမယ်"

"သိပ်ပြီး ဖြည်းဖြည်းလျှောက်ရင်လည်း မင်းကိုလူတွေက သံသယ ဖြစ်လိမ့်မယ်၊ စောင့်တာက မင်းအတွက် ဘေးကင်းမှာပါ၊ ထိုင်ပါဦး အက်တီး၊ မင်းအတွက် ငါ လက်ဖက်ရည်မှာပေးပါ့မယ်"

"ဟင့်အင်း ကျွန်တော် မစောင့်နိုင်တော့ဘူး"

အက်တီးက ကာတုတ်စကားကို လက်မခံ။

"မင်းစိတ်စောနေတယ် ဟုတ်လား အက်တီး" ဟု ကာတုတ်ကဆိုသည်။

"စိတ်စောနေတယ် ဟုတ်လား ကာတုတ်၊ ခင်ဗျားက ဒီလောက်တောင် သတ္တိရှိရင်ဒီမှာယူ၊ ကဲ ခင်ဗျားပဲ သွားတော့" ပြောပြောဆိုဆို အက်တီးက ပစ္စတိုကို လှမ်းပေးသည်။

ပါချုရီက ညင်သာစွာ ရယ်လိုက်သည်၊ ကာတုတ်က သေနတ်ကို လှမ်းမယူ။

"ကဲ ကာတုတ် ခင်ဗျားယူမလား၊ ကျွန်တော်ပဲ သွားရမလား"

အက်တီးသည် ပစ္စတိုကို ခါးကြားအတွင်း ပြန်သွင်း၍ တံခါးဝသို့ ထွက်သွားသည်။

"အေးလေ ၅ နာရီမှာ မင်းတကယ် သတ္တိရှိပါစေလို့ ငါ ဆုတောင်းပါတယ်" ဟု ကာတုတ်က လှမ်းပြောသည်။

မည်သို့မျှ ပြန်မပြောဘဲ အက်တီးသည် အခန်းတွင်းမှ ထွက်လိုက်လေတော့သည်။ သူတို့တစ်တွေ ဘယ့်အတွက် စိုးရိမ်ကြောက်လန့် နေရသည်ဆိုခြင်းကို အက်တီးက မခန့်မှန်းနိုင်။

ဂုရုဂျီ၏ တပည့်များအဖြစ် သူတို့တစ်တွေသည် သတ္တိရှိရမည် မဟုတ်လော။ ခုတော့ သတ္တိကြောင်လိုက်တဲ့လူတွေ။

နာတူးသည် များစွာပင်ပန်းခြင်းဖြင့် လမ်းလျှောက်လာသည်။ တစ်ယောက်တည်း ဖြစ်၍လည်း အားငယ်မိသည်။

နာတူးနှင့်တွေ့ပြီး အဖော်လုပ်ရလျှင် မည်မျှကောင်းပေမည်နည်း။ နာတူးမှာ သူ့မိခင်ကဲ့သို့ပင် သူ့မိခင်ကို အားကိုးခဲ့ရသလို နာတူးကိုလည်း အက်တီးက အားကိုး ခဲ့သည်၊ ယုံကြည်ခဲ့သည်။





အနောက်ဂေါ်ယာသို့ ယွန်းစပြုနေပြီဖြစ်သော နေမင်းရှိရာ ပန်းခြံသို့ အက်တီးက ဦးတည်သွားနေသည်။

အက်တီးသည် လမ်းကို ဖြည်းဖြည်းသာလျှောက်သည်။ ခြေလှမ်း အနည်းငယ် လှမ်းမိတိုင်း သူ့နောက်သို့ တစ်စုံတစ်ယောက် လာမည်လား ဆိုသောစိတ်ဖြင့် နောက်သို့ လှည့်ကြည့်တတ်သည်။

အက်တီးမှာ အစစအရာရာ စိတ်မချ ထိတ်လန့်နေတော့သည်။

ထို့ကြောင့် ခပ်လှမ်းလှမ်းတွင် တွေ့ရသော ရှေးဟောင်း အဆောက်အအုံ တစ်ခုဖြစ်သည့် ဂျန်တာမန်တား ရဲတိုက်အတွင်းသို့ ဝင်လိုက်လေတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## (၁၄)

သူ့ရုံးခန်းမှ ၃ နာရီ ၄၅ မိနစ်တွင် ထွက်ခဲ့ပြီးနောက် ရိပဲဒတ်သည် ပန်းခြံမသွားမီ အိမ်သွားရန် ဆုံးဖြတ်ခဲ့သည်။

မူလက အိမ်တစ်ခေါက်ပြန်ရန် သူ့တွင် ရည်ရွယ်ချက်မရှိခဲ့။ သို့သော် ဗိုလ်ချုပ်နှင့် တွေ့ပြီးသောအခါ စိတ်ပျက်မိ၍ အိမ်ပြန်ရန် ဆုံးဖြတ်ခြင်း ဖြစ်သည်။

ထို့အပြင် ယမန်နေ့ ညကလည်း သူသည် အိမ်ပြန်ခဲ့သည် မဟုတ်၍ ဇနီးသည်ကိုတွေ့ရန် တစ်ကြောင်းနှင့် သူ့အိမ်မှာ ပန်းခြံသွားရာ လမ်းတွင်ရှိသည်က တစ်ကြောင်းတို့ကြောင့်လည်း အိမ်ပြန်ဖြစ်ခဲ့သည်။

ညနေခင်းတွင် ကားမောင်းရသည်မှာ စိတ်ကြည်နူးစရာပင်၊ အိမ်များ၊ တိုက်များ၊ သစ်ပင်များသည် တစ်မြေတည်းပေါ်တွင် လည်းကောင်း၊ တစ်ကောင်းကင်အောက်တွင် လည်းကောင်း ရှိနေကြသည်။ သို့သော် မြေပြင်မှာ သွေးချင်းတို့နီ၍ ကောင်းကင်မှာ မီးခိုးများဖြင့် မှိုင်းအုံနေရသည်မှာ ဝမ်းနည်းစိတ်မချမ်းသာစရာပင်။

မည်သို့ပင်ဖြစ်စေ ဒီကာလဆိုးကို ဖြတ်ကျော်ရမည်။ ငြိမ်းချမ်းခြင်းသည် ခိုင်မြဲရမည်။ လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက ခိုင်မြဲသည့် ဂျန်တာမန်တာ အဆောက်အအုံကြီးကဲ့သို့ ခိုင်မြဲရမည်။

ရှေးဟောင်း အဆောက်အအုံကြီးကို ဖြတ်လိုက်ရာ နံဘေးရှိ လှေကားမှ လူတစ်ဦးတက်သွားသည်ကို ရိပဲဒတ်က အမှတ်မထင် တွေ့မိသည်။ လူသူကင်းမဲ့သော ဤနေရာ၊ ဤအချိန်မျိုးတွင် ထိုလူသည် ဘယ့်အတွက် ရဲတိုက်ပေါ် တစ်ဦးတည်း တက်သွားရသနည်းဟု ရိပဲက စဉ်းစားမိသည်။

ကားသည် သူ့အိမ်အနီး ရောက်လာသည်။ သူ့အိမ်မှာ အခြားအိမ်နီးချင်းများနှင့် ဆင်တူဖြစ်သည်။ တစ်ထပ်တိုက်ပုလေးပင်။ သူတို့သည် ခြံထဲတွင် လီမွှော်ပင် စိုက်ခဲ့သော်လည်း တစ်ခါမျှ အသီးမသီးဖူးခဲ့။

အိမ်ဝင်းအတွင်း ဝင်မိသည်နှင့် သူ့သားအသံကို ရိပဲက ကြားလိုက်ရသည်။





ညှော်ခန်းတွင်း ရောက်သောအခါ သူ၏ ၄ နှစ်အရွယ်ရှိ သားသည် ကြမ်းပေါ်တွင် ကျွမ်းထိုးနေကြောင်း တွေ့ရသည်။

"သားက တယ်တော်ပါလားဟေ့" ဟု ရိပဲက ချီးကျူးလိုက်သည်။

"ဟင် ဖေဖေ မြင်လိုက်တယ်နော်" ဟု သူ့သားက ဝမ်းသာအားရပြောသည်။ "ဖေဖေ သေချာကြည့်နော်၊ ကျွန်တော် တစ်ခါ ပြန်လုပ်ပြဦးမယ်"

သမီးကမူ. . .

"ဖေဖေ ပြန်လာပြီ" ဆိုကာ သူ့ထံလက်ကမ်း၍ ပြေးလာသည်။

ဇနီးသည် ကမလာကလည်း သူ့အနီး ကပ်လာသည်။

မောင်လည်း ပင်ပန်းလှပြီ" ဟု သူ့လက်မောင်းကို ဆုပ်ကိုင်ထားရင်း ပြောသည်။ ထို့နောက် တစ်ဦးကိုတစ်ဦး စိုက်ကြည့်သည်။ သားသမီးများရှေ့တွင် သူတို့က မည်သည့်အခါမျှ မနမ်းကြ။

"ကဲ သားတို့ သမီးတို့ ဖေဖေ လွတ်လွတ်လပ်လပ် နေပါရစေ" ဟု ရိပဲကို တွယ်ကပ်နေသည့် ကလေးများကို ကမလာကဆိုသည်။

"ကလေးများသည် အခန်းတွင်းမှ တစ်ဦးပြီး တစ်ဦး ထွက်သွားကြလေတော့သည်။

"လက်ဖက်ရည်သောက်ဦးမလား ဆရာ" ဟု အိမ်စေတစ်ဦးက လာမေးသည်။

"နေပစေတော့ ငါ အခုပဲ ပြန်သွားရမှာ"

"အမယ်လေး လက်ဖက်ရည် တစ်ခွက်လောက် သောက်နိုင်တဲ့အထိ ရှင့်မှာ အချိန်ရမှာပါ၊ ကဲ နှစ်ခွက်ယူခဲ့ဟေ့"

"အိမ်စေသည် မီးဖိုခန်းအတွင်း ဝင်ရောက်ပျောက်ကွယ်သွားတော့သည်။

"သိပ်လည်း အပင်ပန်းခံမနေနဲ့ ရိပဲ" ဟု ကမလာက ပြောသည်။

"ညကဆိုရင် ပြန်မလာလို့ ကျွန်မ စိတ်ပူလိုက်ရတာလေ မောင်ဘာမှ မဖြစ်ခဲ့ဘူးနော်"

"ကိုယ် ဘာမှ မဖြစ်ပါဘူးကွယ်၊ မင်းလည်း ဘယ်တော့များမှ စိုးရိမ်ထိတ်လန့်စိတ်တွေ မမွေးဖို့တတ်မယ် မသိတော့ဘူး။ ကိုယ့်အနေနဲ့ အန္တရာယ်ဖြစ်ဖို့ဆိုတာက အင်မတန် ခဲယဉ်းပါတယ်လို့ မင်းကို ကိုယ်အကြိမ်ကြိမ် ပြောခဲ့တယ် မဟုတ်လားဟင်"

ကမလာသည် သူ့ရင်ခွင်တွင်း ဝင်မှီလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင် တစ်နာရီလောက်ပဲဖြစ်ဖြစ် အနားမယူနိုင်ဘူးလားဟင် သွားအိပ်ရအောင်လေ တစ်နာရီလောက်လေးပါ"

"မဖြစ်နိုင်ဘူး"

သူ့အသံမှာ ပြတ်သားသည်။

"ဟင် ဘာဖြစ်လို့လဲ၊ မောင့်ဌာနက လူတွေက မောင်မရှိဘဲနဲ့ အလုပ်တွေ မလုပ်တတ်ကြတော့ဘူးတဲ့လားဟင်၊ ရှိသမျှအလုပ်တွေအားလုံး မောင်က လုပ်ပေးနေရတယ်ပေါ့ ဟုတ်လား"

"အားလုံးပဲ ဆိုပါတော့ကွာ"

လက်ထပ်ခဲ့သည်မှာ ၁၀ နှစ်ကြာပြီး ကလေးနှစ်ယောက် မွေးပြီးသော်လည်း ကမလာသည် သူနှင့် လက်ထပ်စဉ်ကကဲ့သို့ လှပနေဆဲ ရှိသည့်အလျောက် ရိပဲက အံ့ဩဝမ်းသာမိသည်။

"ကဲပါ မောင်က ကျွန်မကို နောက်နေတာပါ၊ ဟုတ်တယ် မဟုတ်လား"

"မနောက်ရပါလား ကမလာ"

"ထားပါတော့လေ" ဆိုကာ ကမလာက သူ့ရင်ခွင်ထဲမှ ထွက်လိုက်သည်။ "ကျွန်မမှာ မောင့်ကို ပြောစရာ လျှို့ဝှက်ချက်တွေ ရှိနေတယ်"

"လျှို့ဝှက်ချက်တွေ ဟုတ်လား"

"ဟုတ်တယ်၊ ဒါပေမဲ့ ကျွန်မ မပြောပြပါဘူး၊ မောင့်ဘာသာ စုံစမ်းပြီး သိအောင်လုပ် ဒါမှ မောင် သိပ်အံ့ဩမှာ"

"ကိုယ်သိပါတယ်ကွာ၊ မင်းကလေးအမေ ဖြစ်တော့မယ် မဟုတ်လား"

"ဟင် မောင်ဘယ်လိုလုပ် သိသလဲ မဟုတ်မှလွဲရော အိမ်စေတွေ ပြောပြပြီထင်တယ်"

"သူတို့ မဟုတ်ပါဘူး၊ မောင့်မှာ မင်းနဲ့ နီးနီးကပ်ကပ်ရှိတဲ့ စုံထောက်ရှိတယ်"

ကမလာက ခင်ပွန်းကို စိုက်ကြည့်သည်။

"ကျွန်မတို့ အနားယူကြရအောင်နော်၊ မောင် ခွင့်ယူပါလား ဟင်၊ ကျွန်မတို့ နှစ်ယောက်တည်း တစ်နေရာရာကို သွားကြရအောင်နော်"

"အခုနေတော့ ခွင့်ရဖို့ ဆိုတာက မသေချာဘူး ကမလာ၊ နောက်လလောက်မှ ဆိုရင်တော့. . .

ကမလာသည် သက်ပြင်းချမိသည်။

"ခွင့်ယူဖို့အတွက် ပြောမိတာ ကျွန်မ ဝမ်းနည်းပါတယ်"





သူတို့သည် ငြိမ်သွားကြသည်။ ခဏကြာမှ ကမလာက. . .

"မောင့်အလုပ်တွေက တော်တော်ပဲ အရေးကြီးနေသလားဟင်" ဟု မေးသည်။ "မောင့်အတွက်ရော အန္တရာယ်မှ ကင်းရဲ့လား"

"ကိုယ့်အတွက်တော့ အန္တရာယ်ကင်းပါတယ်" ဟု လက်ဖက်ရည်ကို သောက်ရင်း ရိပဲက ပြောသည်။

"ဒါဖြင့် ဘယ်သူ့အတွက်လဲ၊ တိုင်းပြည်အတွက်လားဟင်"

"အဲ့ဒီလိုပဲ ကိုယ်ထင်တယ်" ဒီထက်ပို၍ ပြောနိုင်ပါစေဟု တစ်ချိန်တည်းတွင် ရိပဲက ဆန္ဒပြုမိသည်။

ထိုအခိုက် ကလေးများ ဝင်လာကြသည်။

"မေမေ သကြားလုံး စားချင်တယ်" ဟု သမီးက ပြောသည်။

"မစားရဘူး၊ မင်းတို့ ထမင်းစားချိန် နီးနေပြီ၊ ထမင်းစားပြီးမှ စားရမယ်"

ရိပဲက သူ့လက်ပတ်နာရီကို ကြည့်လိုက်သည်။ ၄ နာရီ ထိုးရန် ၅ မိနစ်သာ လိုပါတော့သည်။

"ဘာလဲ သွားတော့မလား" ဟု ကမလာက မေးသည်။

"သွားတော့မှပဲ ထင်တယ်"

"ဒီည ပြန်အိပ်မယ် မဟုတ်လားဟင်"

"ကိုယ်ကြိုးစားမယ်လေ"

"ကျွန်မတို့ ခြံဝအထိ လိုက်ပို့မယ်နော်"

"ကျွန်တော်တို့လည်း လိုက်မယ်" ဟု သားငယ်က ပြောသည်။ သမီးကလည်း သဘောတူသည်။

"ဟင့်အင်း မင်းတို့အားလုံး ဒီမှာနေခဲ့" ဟု ရိပဲက ကန့်ကွက်သည်။

ကမလာသည် အခန်းဝထဲတွင် မျက်ရည်များ ဝဲလာသည်။ သူမ မျက်ရည်ကြည်များကို ရိပဲက တွေ့သည်။

"ကမလာ ဘာဖြစ်လို့လဲ" ဟု သူက အရေးတကြီးမေးသည်။

"မောင့်အလုပ်ဟာ အန္တရာယ်မကင်းဘူး" ဟု သူမက ဖြေသည်။

"အို. . . ကျွန်မ သိပါတယ်"

ရိပဲက သူမ လက်မောင်းကို တင်းတင်းဆုပ်ကိုင်လိုက်သည်။

"ကိုယ် ဒီညပြန်လာမှာပါ၊ မင်းကို ကတိပေးပါတယ်"

"ကျွန်မကို ခွင့်လွှတ်ပါနော် မောင်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ကသာ ခွင့်လွှတ်ဖို့ တောင်းပန်ရမှာပါ ကမလာ" ဟု သူမ လက်မောင်းကို လွှတ်လိုက်ရင်း ရိပဲက ပြောသည်။

"ဒီရက်တွေအတွင်း မင်းကို တစ်ယောက်တည်း ထားခဲ့တာတွေအတွက် စိတ်မကောင်းပါဘူးကွယ်"

ကမလာသည် ပြုံးလာသည်။

"ဒီအလုပ်တွေပြီးရင် ကိုယ်ခွင့်ယူမယ် နောက်ပြီး တစ်နေရာရာကို သွားမယ်၊ ဒါနဲ့ မင်းဘယ်ကို သွားချင်သလဲ ကမလာ"

"ကျွန်မတို့ ဟန်းနီးမွန်းထွက်ခဲ့တဲ့ ဒီဝါရာဆိုရင် မကောင်းလား"

"ကောင်းတယ်၊ သိပ်ကောင်းတယ်"

သူ့ကား မျက်စိအောက်မှ ပျောက်သွားသည်အထိ ကမလာသည် ဆင်ဝင်အောက်တွင် ရပ်၍ ကျန်ခဲ့လေတော့သည်။

* * *



(၁၅)

သူမကို မည်သည့်အတွက် လက်မထပ်နိုင်ကြောင်း ရှင်းပြရမည်မှာ မလွယ်ကူကြောင်း နာတူးက နားလည်မိသည်။

အဖွဲ့အတွင်း ဝင်ခဲ့စဉ်က သူ့အနေဖြင့် ကျမ်းကျိန်ခဲ့ရသည်ကို ပြောပြခဲ့ရာ ရာနီအနေနှင့် လက်ခံလိမ့်မည်ဟု နာတူးက မျှော်လင့်မိသည်။ ထိုသို့ပြောလျှင် သူမက ပို၍ ငိုမည်ဟု မျှော်လင့်ခဲ့မိသည်။ သို့သော် ရာနီက မငိုခဲ့။

မိန်းမများ၏ သဘောထားမှာ ခန့်မှန်းရ ခက်ခဲလွန်းလှပါကလား။

ပို၍ငိုရမည့်အစား ရာနီသည် အငိုပင် တိတ်ခဲ့သည်။ မျက်ရည်များလည်း မထွက်တော့။ ထို့နောက် မျက်ရည်များ ခြောက်အောင်ပင်မနေဘဲ သူမက ရယ်လေတော့သည်။

ပထမတွင် သူက ရာနီတစ်ယောက် စိတ်လှုပ်ရှားလွန်းသွား၍လောဟု ထင်မိခဲ့သော်လည်း ခဏအကြာတွင် သူက ဒေါသထွက် စိတ်ဆိုးရလေတော့သည်။

"ကျွန်မ ဘာဖြစ်လို့ ရယ်တယ်ထင်သလဲ နာတူး" ဟု သူမက မေးသည်။

နာတူးသည် အဖြေမပေးနိုင်ဘဲ ကြောင်နေမိသည်။

"ရှင်တို့ဟာ တကယ်တော့ ကလေးတွေ ကစားတတ်တဲ့ လျှို့ဝှက်အဖွဲ့ အခန်းမျိုးကို ထောင်ခဲ့တာပါကလား နာတူးရယ်၊ ရှင်ဟာ ကျောင်းသားလေး တစ်ယောက်ပဲ၊ ဒါကိုရော ရှင်သတိထားမိရဲ့လားဟင်၊ ဗြိတိသျှတွေ ဒီမှာ ရှိနေသမျှ ကျွန်မတို့အတွက် မကျေနပ်စရာတွေ၊ အဆင်မပြေမှုတွေ ရှိကောင်း ရှိမယ်ဆိုတာ ကျွန်မ ဝန်ခံပါတယ်။ ရှင်ဟာ မျိုးချစ်ပုဂ္ဂိုလ်တစ်ယောက်ပါ ကျွန်မတို့ လွတ်လပ်ရေး အတွက် တိုက်ခိုက်ခဲ့တဲ့ သူတွေ အားလုံးကို ကျွန်မက လေးစားကြည်ညိုပါတယ်။ ဒါပေမဲ့ ခုတော့ ခုတော့ ရှင်တို့က ဘာအတွက် လှုပ်ရှားတိုက်ခိုက်နေကြတာလဲဟင်၊ ဘယ်သူ့ကိုရော ဆန့်ကျင်နေတာလဲ၊ ဒီတိုင်းပြည်ဟာ ရှင့်တိုင်းပြည် ဟုတ်တယ် ရှင်တို့ ကျွန်မတို့ တိုင်းပြည် ကျွန်မတို့ တိုင်းပြည်မှာ ဘယ်နိုင်ငံခြားသား အုပ်စိုးမှုမှ မရှိတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ဒီတိုင်းပြည်ကို အုပ်စိုးနေတာက မူဆလင်တွေနဲ့ သစ္စာဖောက်တွေ မဟုတ်လား"

"အဲဒါက သိမ်ဖျင်းတဲ့ အကြောင်းပြချက်ပါရှင် ကျွန်မတော့လက်မခံ. . ."

သူမသည် အင်္ဂလိပ်လူမျိုး လေသံထွက်နေပါပကောဟု နာတူးက နားလည်မိသည်။

"အဲဒီအကြောင်း မင်းနဲ့ မဆွေးနွေးချင်ဘူး" ဟု သူက လေသံဖြင့် ပြောသည်။

"ဘာဖြစ်လို့လဲဟင်၊ ကျွန်မဟာ မိန်းမမို့ သိပ်ပြီး မိုက်မဲနေလို့လားဟင်"

"မဟုတ်ပါဘူး"

သူက မတ်တတ်ရပ်လိုက်ပြန်သည်။ တံခါးဆီသို့လည်း သွားသည်။

"ကဲ ဒါဖြင့်ရင်၊ ဒါဖြင့်ရင် ရှင်က ဘာဖြစ်လို့ ကျွန်မဆီက ထွက်သွားတော့မှာလဲဟင်၊ ကျွန်မကို မုန်းလို့လား၊ ရွံသွားလို့လား"

"မင်းကို ကိုယ် သတိပေးပါရစေ"

"ဟုတ်ကဲ့ ပြောစမ်းပါရှင် ဘာပါလိမ့်၊ ကျွန်မကို ရှင်က ဘာများ သတိပေးချင်လို့ပါလိမ့်" သူမက သူ့အနီးလျှောက်လာသည်။ "ပြောလေ နာတူး၊ သတိပေးမယ်ဆို ပြောလေ ဘာလဲ၊ ကျွန်မကို ရိုက်မလို့လား၊ ရှင်သတိပေးချင်တာ ဒါလား။ ဒါမှမဟုတ် ရှင့်ခါးကြားက ပစ္စတိုကို အသုံးပြုချင်လို့လား၊ ရှင်ဟာ ဓားသွားထက်ကလောင်သွားထက်တယ်လို့ ယုံကြည်ထားတဲ့ လူတစ်ယောက်ဖြစ်ကြောင်း ကျွန်မနားလည်ခဲ့တာ မိုက်များမိုက်ခဲ့ရှာ့သလား မသိဘူး"

"မင်းပါးစပ် ပိတ်ထားစမ်း"

"ဟင့်အင်း နာတူး ဟင့်အင်း၊ ကျွန်မ ဘယ်တော့မှ ရှင့်ကို မကြောက်ဘူး နည်းနည်းလေးမှ မကြောက်ဘူး၊ ရှင့်မှာကလည်း ကျွန်မကို အနာတရ လုပ်ဝံ့တဲ့သတ္တိရှိတယ်လို့ မယုံကြည်. . ."

"မင်းပါးစပ် ပိတ်ထားလို့ ကိုယ်ပြောခဲ့တယ်နော်"

"ရှင် ဘာဖြစ်နေတာလဲ နာတူး၊ ကျွန်မ ပြောနေတာတွေကို တစ်ယောက်ယောက် ကြားသွားမှာ ရှင် စိုးရိမ်နေလို့လားဟင်၊ အဲဒါကို ရှင်က ကြောက်နေတာလားဟင်၊ မိန်းမတစ်ယောက်ကို အနာတရ လုပ်နိုင်လောက်အောင် ရှင့်မှာ သတ္တိတွေရှိနေပါတယ်။ ကျွန်မ ခင်ပွန်း ဒီမှာရှိရင် ရှင်က ကျွန်မကို ရိုက်ဝံ့ပါ့မလား နာတူး၊ တကယ်လို့ သူက ဂရုစိုက်မယ်ဆိုရင်၊ ဂရုစိုက်မယ်ဆိုရင် ရှင့်ကိုပြန်. . ."

မျက်ရည်များ လိမ့်ဆင်းကျလာပြန်တော့သည်။ သူမ မျက်ရည်သည်





ရယ်မောခြင်းထက် သူ့အသည်းနှလုံးကို ဆွဲကိုင်လှုပ်ရမ်းလာတော့သည်။

"ရာနီ. . . မင်း"

"ကျွန်မကို ကိုင်ရင် အော်လိုက်မယ်နော် ကျွန်မ တကယ်ပြောတာ ကျိန်ပြီးပြောတာ၊ ကျွန်မကို မထိနဲ့နော်၊ ကျွန်မ အော်လိုက်ရင် ဒီပြင်လူတွေ အားလုံးလာကြမှာ. . ."

သို့သော် သူက ရာနီစကားကို ဂရုမစိုက် သူက သူမကိုယ်လုံးလေးကို ဆွဲယူဖေးမလိုက်သည်။ ထိုနော် ဆိုဖာပေါ်သို့ နေရာတကျ ချသည်။

"ကျွန်မအော်ရင် ရှင်ဘာလုပ်မလဲဟင်" ဟု သူမက လေသံဖြင့် မေးသည်။

"ကိုယ့်သဘောကို နားလည်စမ်းပါ ရာနီ၊ ကိုယ်တို့နှစ်ယောက်အတွက် အကောင်းဆုံးဖြစ်အောင် ကိုယ်က လုပ်နေတာပါ"

"ဟင့်အင်း ရှင်နဲ့ ကျွန်မ ကောင်းဖို့ဆိုတာ မဟုတ်ဘူး"

"ကိုယ်တို့တစ်တွေအတွက်ပါ ရာနီ"

"ရှင် ကျွန်မဆီက ထွက်သွားရင်တော့ ဘယ်နည်းနဲ့မှ ကောင်းကျိုးဖြစ်မှာမဟုတ်ဘူး၊ ကျွန်မအနားမှာ ရှင်မရှိတော့ရင် ကျွန်မ ကောင်းဖို့အတွက်ဆိုပြီး ရှင်လုပ်သမျှတွေဟာ အလကားဖြစ်တော့မှာပဲ၊ ကျွန်မ အသက်ရှင်နေတာ၊ လှုပ်ရှားနေတာတွေဟာ ဘယ်သူ့အတွက်လို့ ရှင်ထင်သလဲဟင်၊ ရှင့်အတွက်ပေါ့ နာတူး၊ ရှင့်အတွက်ပေါ့"

"တကယ်လို့ မင်း ကိုယ့်ကို ချစ်တယ်ဆိုရင်"

"တကယ်လို့ ဟုတ်လား နာတူး၊ ဘာလဲ ရှင်က အခုထက်ထိ ကျွန်မအပေါ် သံသယရှိနေတုန်းပဲပေါ့လေ ဟုတ်လား၊ အင်း ရှင်သံသယ မဖြစ်အောင် ကျွန်မ ဘယ်လိုလုပ်ရပါ့မလဲ၊ ကျွန်မ အချစ်ကို ဘယ်လိုသက်သေထူရပါ့မလဲ"

"မလိုပါဘူး"

"ဒါပေမဲ့ ကျွန်မ သက်သေပြချင်တယ်။ ပြလည်းပြရမယ်၊ အဲဒါဟာ ကျွန်မအတွက် တကယ်လိုအပ်တယ်ဆိုတာ ရှင်က မသိဘူးလား ဟင်"

"မင်းကို ကိုယ်ယုံပါတယ် ရာနီ" ဟု ပြောရင်း သူက သူမမျက်နှာအနီး သူ့မျက်နှာကို ကပ်လိုက်သည်။ ဒီကမ္ဘာကြီးတွင် သူမမျက်နှာ မှတစ်ပါး အခြားမည်သည့်အရာဝတ္ထုကိုမှ သူမ မမြင်လိုတော့။

"ဘယ်လောက် ချစ်တယ်ဆိုတာကိုရော ရှင်က သိသလားဟင်" ဟု သူမကမေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကိုလည်း ကိုယ်ကသိပါတယ်"

"ဒါနဲ့များ ရှင်က ကျွန်မအနားက ဘာဖြစ်လို့များ ထွက်သွားချင်တာလဲ ဟင်"

"ဒါက ကိုယ့်တာဝန်အတွက်ပါ"

"ကျွန်မ တာဝန်ကတော့ ရှင့်ကိုချစ်ဖို့ပဲ"

"ဒါပေမဲ့ မင်းခင်ပွန်းကို စွန့်လွှတ်ဖို့တော့ ကိုယ်က မတောင်းဆိုချင်ပါဘူး ရာနီ"

"ရှင်က သဘောမတူဘူးပေါ့ ဟုတ်လား"

ပြောပြောဆိုဆို အံကိုကြိတ်၍ ရာနီသည် ဆိုဖာနောက်မှီဘက်သို့ သူ့မျက်နှာကိုလှည့်လိုက်သည်။ ထိုမှသာ လိမ့်ဆင်းလာသည့် သူမမျက်ရည်များကို သူက မမြင်နိုင်မည် ဖြစ်သည်။ သူ၏သနားခြင်းကို ရာနီက မလိုလားတော့။

"ကိုယ့်သဘောထားကို နက်ဖြန်မှာ မင်းသိကောင်း သိမှာပါ" ဟု ရာနီက ရှင်းပြသည်။

"ကျွန်မက ဟုတ်လား"

"ဟုတ်ကောင်း ဟုတ်မယ်၊ နောက်ပြီး လာမယ့် တစ်နာရီကျော် အကြာမှာ မင်းအနေနဲ့"

"ဟုတ်လား"

ဖွင့်ပြောလိုက်ရလျှင် ကောင်းပေမည်လော။ သို့သော် သူက စိတ်ကိုထိန်းလိုက်သည်။ သူမ အနီးမှလည်း ထသည်။ ရာနီသည် သူတို့အဖွဲ့ဝင်မဟုတ်၊ အက်တီးလည်း မဟုတ်၊ ဂုရုဂျီလည်း မဟုတ်၊ သူ့ရဲဘော်များအနက် တစ်ယောက်မျှ မဟုတ်၊ ထို့ကြောင့် သူမကို ပြောပြ၍ မဖြစ်. . .

"နောက် တစ်နာရီကြာရင် ဟုတ်လား" ဟု သူ့ပခုံးဘက် သူမ မျက်နှာနှင့် နီးနိုင်သမျှနီးအောင် တိုးကပ်ပြီး ရာနီက မေးသည်။

"ရှင် ဘာလုပ်မလို့လဲ နာတူး၊ ကျွန်မကို ပြောစမ်းပါ"

"ကိုယ်တို့အမိနိုင်ငံရဲ့ ဂုဏ်သိက္ခာကို ကယ်တင်မလို့"

"ဘယ်လို ကယ်တင်မှာလဲဟင်"

"အဲဒါတော့ ပြောပြလို့ မဖြစ်ဘူး"

"ရှင် ဘယ်သူ့ကို သတ်မလို့လဲဟင် နာတူး"

"ကိုယ့်အနေနဲ့ လိုတာထက် ပိုပြောခဲ့ပြီးပါပြီ ရာနီ"





"ရှင် ဘာမှ မပြောသေးပါဘူးလေ၊ ကျွန်မတို့ကြားမှာ ဘာလျှို့ဝှက်ချက်မှ မရှိပါဘူး၊ ဟုတ်တယ် မဟုတ်လား နာတူး၊ အို. . . ဘုရား ရယ်" သူမသည် နှုတ်ခမ်းကို လက်ဖဝါးဖြင့် အုပ်၍ သူ့အနီးမှ ထိတ်လန့်တကြား ခွာလိုက်သည်။

"မင်း ဘယ်လိုထင်သလဲ ရာနီ"

"အို သူ့ကို၊ သူ့ကိုတော့ ဟင့်အင်း၊ ဟင့်အင်း ကျေးဇူးပြုပြီး. . ."

"မင်းဘာတွေ ပြောနေတာလဲ" ဟု နာတူးက မေးသည်။

သူမသည် စကားမပြောနိုင်တော့။ သူ့ကိုသာ စိုက်ကြည့်နေသည်။

"ရာနီ"

"ဟင့်အင်း၊ ရှင် ကျွန်မကို မထိနဲ့တော့၊ သူ သူဟာ သူတော်စင်ပါ နာတူး၊ သူဟာ တကယ့်ကို မွန်မြတ်သန့်ရှင်းတဲ့"

သူမသည် ဆိုဖာထောင့်စွန်းတွင် ထိုင်ချလိုက်သည်။ မျက်ရည်များမှာလည်း ပါးပြင်ပေါ် လိမ့်ဆင်းလာသည်။

"မင်းဘာတွေပြောနေတယ်ဆိုတာ ကိုယ်တော့ နားမလည်ဘူး" ဟု သူကပြောသည်။

သူ့အနေဖြင့် ဤအခန်းတွင်းမှ အမြန်ဆုံး ထွက်သွားရတော့မည် ဖြစ်ကြောင်း နာတူးက နားလည်လိုက်သည်။ သူမကို မသတ်နိုင်သမျှ အခန်းထဲမှ အမြန်ဆုံး ထွက်သွားရပေမည်။

"ဘုရားကတော့ ရှင့်ကို ခွင့်လွှတ်မှာ မဟုတ်ဘူး" ဟု သူမက အော်ပြောသည်။

အထက်ပါ စကားမှာ တံခါးဝကို ဆောင့်မပိတ်မီ သူ့အနေဖြင့် သူမထံမှ နောက်ဆုံး ကြားလိုက်ရသော စကားပင် ဖြစ်တော့သည်။

သူ့ကိုယ်သူ အပြစ်တင် ရေရွတ်ရင်း နာတူးသည် ဝရံတာတစ်လျှောက် သွက်လက်စွာ လှမ်းလာသည်။ ဟိုတယ်ထဲက လူများကား ဇိမ်ခံလူတန်းစားများသာ ဖြစ်သည်။ အထက်တန်းအလွှာတွေ ဒီလူတွေကို ငါ မုန်းတယ်၊ ဟုတ်တယ် ရာနီ့ကိုလည်း မုန်းတယ်။

ညှော်ခံစာရေး၏ စားပွဲအနီး ရောက်လာသောအခါ သူက ခြေလှမ်းကို နှေးနှေးသာ လှမ်းလိုက်သည်။ စာရေးကို သူမက တယ်လီဖုန်းဖြင့် အကြောင်းကြားထားကောင်း ကြားလေမည်။

"သူ့ကို ဖမ်းပါ သူ့ကိုဖမ်းပါ" ဟုလည်း အမိန့်ပေးထားကောင်း ပေးထားမည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မည်သူကမျှ သူ့ကို မတားဆီး၊ မဖမ်း၊ စာရေးကို လည်းကောင်း၊ အရပ်ရှည်လူကို လည်းကောင်း၊ လက်ထောက်မန်နေဂျာကို လည်းကောင်း၊ ဟိုတယ်စေတစ်ဦးကို လည်းကောင်း၊ တံခါးစောင့်ကို လည်းကောင်း ဖြတ်ကျော်ပြီး စောင့်နေသည်။ ဆိုင်ကယ်ဆီသို့ နာတူးက သွားလိုက်သည်။

"ဂတ်တာ ဘုရားရှိခိုးကျောင်းကို သွားပါ" ဟု သူက ဆိုင်ကယ်ပေါ် တက်မိလျှင် တက်မိချင်း အမိန့်ပေးလိုက်သည်။

မော်တော်ဆိုင်ကယ် စတင်ထွက်လျှင် နာတူးက သက်ပြင်းရှည်ကြီးကို ချမိတော့သည်။ ဟိုတယ်သည် တဖြည်းဖြည်း ဝေး၍ ကျန်ခဲ့သည်။ ဒီဟိုတယ်သို့ သူက နောက်တစ်ကြိမ် လာတော့မည်မဟုတ် သူမကိုလည်း လုံးဝမေ့ရပေတော့မည်။

သူက လမ်းကိုမြင်သည်။ ဆိုင်ကယ်စက်သံကို ကြားသည်။ ထိုင်ခုံ၏ လှုပ်ရှားမှုကို ထိတွေ့သည်။ သူ၏နောက်ဆုံး တာဝန်ကို ထမ်းဆောင်ရတော့မည့် ခရီးကား ထူးဆန်းလှချေ၏တကား။ ပထမဆုံးအကြိမ် အဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်က အတိုင်းပင် ထိုအချိန်ကား ကြာခဲ့ပေပြီ။ ပူနားတွင် ဖြစ်သည်။

* * *

လူရှုပ်သော လတ်ရှမီလမ်းသို့ ရောက်သောအခါ ဆိုက်ကားနင်းသူက သူ့ရာဘာဟွန်းကို မနားတမ်း တီးတော့သည်။ သို့သော်လည်း ပူနား မြို့သူမြို့သားတို့ကား သူ့ဟွန်းသံကို အရေးမထားကြ။ ဂရုမစိုက်ကြ။

နာတူးသည် စီးကရက်တစ်လိပ်ကို ထုတ်သောက်သည်။ ဂုရုဂျီနှင့် ကာတုတ်တို့က အကြိမ်ကြိမ် သတိပေး ညွှန်ကြားထားပါလျက်နှင့် နာတူးမှာ စိတ်လှုပ်ရှားမိသည်။ ကာရှီနတ် သတင်းစာတိုက်အနီးသို့ ရောက်လေ ပို၍ စိတ်လှုပ်ရှားလာလေ ရှိခဲ့သည်။

သူသည် ဒိုတီစဖြင့် မျက်နှာမှ ချွေးများကို သုတ်လာရသည်။ ဤလုပ်ငန်းကား သူ၏ ပထမဆုံး လုပ်ငန်းတာဝန်နှင့် သူ့သတ္တိကို ပထမဆုံး စမ်းသပ်ခြင်းပင် ဖြစ်တော့သည်။

သူ့ခါးကြားထဲမှ သံပိုက်လုံးငယ်သည် သူ့ဗိုက်သားကို ရေခဲချောင်းဖြင့် ထိုးကပ်သလို ရှိစေတော့သည်။

နာတူးသည် ပထမစီးကရက်မကုန်မီပင် နောက်ထပ် စီးကရက် တစ်လိပ်ကို ထုတ်လိုက်ပြန်သည်။ စီးကရက်အသစ်ကို မီးညှိပြီး သူက တစ်ဝက်သာ ကုန်သေး





သည့် စီးကရက်အဟောင်းကို လွှင့်ပစ်လိုက်သည်။

မင်းစိတ်ကို ထိန်းစမ်းဟု သူကိုယ့်သူ သတိပေးသည်။ ဒီဘာမဟုတ်တဲ့ တာဝန်အတွက် ငါ ဘာဖြစ်လို့ ဒီလောက်တောင် စိတ်လှုပ်ရှား နေရတာလဲ၊ ထိန်းစမ်း မင်း စိတ်ကို ထိန်းစမ်း။

နာတူးသည် တစ်နေရာသို့ အရောက်တွင် "အဲဒီမှာပဲ ရပ်တော့ဟေ့" ဟု အမိန့်ပေးလိုက်သည်။

အထပ်သုံးထပ်ရှိသော အဆောက်အအုံကို ဆိုက်ကားပေါ်မှ ဆင်းပြီး နာတူးက မော့ကြည့်လိုက်သည်။ ဤအဆောက်အအုံနှင့် ပတ်သက်၍ သူသည် ရက်ပေါင်းများစွာ လေ့လာခဲ့ရသည်။ ကာရှီနတ် ထရင်ဘတ် အခန်းအနေအထားကိုလည်း သူက မြေပုံကြမ်းတွင် လေ့လာခဲ့ရသည်။

နာတူးသည် လမ်းထောင့်တွင် သွားရပ်ပြီး အဆောက်အအုံထဲမှ ကာရှီနတ် ထွက်အလာကို စောင့်နေခဲ့သည်။ ကာရှီနတ်သည် ပြုပြင်ရေးသတင်းစာ၏ အယ်ဒီတာ တစ်ဦးဖြစ်သည်။ သူသည် ဂုရုဂျီကို ဆန့်ကျင်ဘက်များ မပြတ်ရေးခဲ့သည်။

မိနစ်အနည်းငယ်အတွင်းတွင်ပင် ကာရှီနတ်သည် အဆောက်အအုံထဲမှ ထွက်လာသည်။ သူသည် နေ့လယ်စာကို ဤအချိန်တွင် စားနေတတ်စမြဲဖြစ်သည်။

ကာရှီနတ်သည် လူများကို ရှောင်ရင်း စားသောက်ဆိုင်များ ရှိရာသွားသည်။ နာတူးက သူ့နောက်သို့ ခြေလှမ်းကျဲကျဲဖြင့် လိုက်သည်။

နာတူးသည် ကာရှီနတ်နှင့် တစ်ခါမျှ ရင်မဆိုင်ဖူးခဲ့၊ ထို့ကြောင့် ကာရှီနတ်က သူ့ကို သိမည်မဟုတ်၊ ထိုသို့ မသိခြင်းကပင် သူ့အတွက် အခွင့်အရေးတစ်ရပ် ဖြစ်သည်။ ထိုအခွင့်အရေးကပင် သူ့ကို ဤတာဝန်ပေးခဲ့ခြင်း ဖြစ်သည်။

သူသည် ကာရှီနတ်နောက် ကိုက် ၃၀ အကွာမှ မျက်ခြည်မပြတ် လိုက်နေသည်။ ကာရှီနတ်ကို ရိုက်ရန် နေရာမှာ သူ့အိမ်မရောက်မီ လမ်းကျဉ်းလေးတွင် ဖြစ်ကြောင်း ကာတုတ်က ပြောခဲ့သည်။ ထိုနေရာမှာ ဆုံးဖြတ်ပြီး အိမ်ခြေလည်း ကျဲသည်။

ထိုနေရာရောက်လျှင် သူ့အနေဖြင့် တုံ့ဆိုင်းနေခြင်း မရှိဘဲ ရိုက်ရမည်။ အချိန်ဆွဲနေလျှင် ကာရှီနတ်က သူ့နောက်မှ လူပါလာခြင်းကို သိပြီး သံသယဖြစ်လိမ့်မည်ဟုလည်း ကာတုတ်က မှာခဲ့သေးသည်။

အစီအစဉ်အရ အယ်ဒီတာ့ ဖက်ပိုးကို သူက သံပိုက်ဖြင့် ရိုက်ပြီး လမ်းကျဉ်းလေးအတိုင်း ဆက်ပြေးရမည်။ သံပိုက်လုံးကို လမ်းဘေး တစ်နေရာတွင် ပစ်ခဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



သူက ပျော်ပွဲစားရုံသို့ သွားရမည်။ ညနေမှောင်သည်အထိ ပျော်ပွဲစားရုံတွင် နေပြီးမှ ဂုရုဂျီထံ သတင်းပို့ရမည်။

"ကျွန်တော့်အတွက် စိတ်ချပါခင်ဗျာ" ဟု ယမန်နေ့က သူက ဂုရုဂျီကို ပြောခဲ့သည်။

"ကာရှိနတ် ခဏဖျို့" ဟု နာတူးနောက်မှ တစ်စုံတစ်ယောက်က လှမ်းအော်ခေါ်သည်။

နောက်မှ လူကို သူက လှည့်မကြည့်မီ ကာရှိနတ်က လှည့်ကြည့်သည်။

သူ ငါ့ကို တွေ့သွားပြီဟု နာတူးက သူ့ဘာသာပြောသည်။ သူက သံပိုက်လုံးကို ဆွဲထုတ်သည်။ အရေးထဲ သံပိုက်လုံးက ဒိုတီနှင့်ငြိနေ၍ ဆွဲထုတ်မရ၊ သူဘာလုပ်ရမည်နည်း ဂုရုဂျီထံ ပြန်ပြေးကာ ဖြစ်သမျှကို ရှင်းပြရမည်လော။

ကာရှိနတ်နှင့် သူ့မိတ်ဆွေသည် ပခုံးချင်းယှဉ်၍ စကားတပြောပြောပျောက်သွားကြလေပြီ။ သူတို့သည် လမ်းကျဉ်းလေးတစ်ဝက်ကိုပင် ရောက်ခဲ့လေပြီ။

နာတူးသည် သူတို့နှစ်ယောက်နောက်မှ လိုက်ပြန်သည်။ မည်သို့လုပ်ရမည်ကိုကား မသိသေး နှစ်ယောက်စလုံးကိုပင် ရိုက်ရမည်လော။

သူ့အတွက် ကံကောင်းချင်၍ပင်လော မသိ၊ လမ်းချိုးတစ်ခု အရောက်တွင် ကာရှိနတ်နှင့် သူ့မိတ်ဆွေသည် လူချင်းခွဲတော့သည်။ သူတို့ တစ်ယောက်ကို တစ်ယောက် နှုတ်ဆက်သည်ကို နာတူးက ကြားရသည်။

ကာရှိနတ် တစ်ဦးတည်း လျှောက်သွားသည်ကို နာတူးက တွေ့ရသည်။ အကယ်၍ သူ့ကို သံပိုက်ဖြင့် ရိုက်ချိန်တွင် မထိဘဲ လွဲသွားလျှင် မခက်လော။ အကယ်၍ အယ်ဒီတာတွင် သေနတ်၊ သို့မဟုတ် ဓားမြှောင်၊ သို့မဟုတ် သံပိုက်လုံး ရှိနေလျှင်ကော၊ ငါက သူ့ကို ရိုက်လိုက်သည့်အချိန်တွင် လဲကျသွားရမည့်အစား အယ်ဒီတာက ငါ့ကို လှည့်ကြည့်လျှင်ကော. . .

သူ့အတွေးများက သူ့ကို တုံ့ဆိုင်းတွေဝေစေခဲ့သည်၊ နာတူးက သူ့စိတ်ကို ထိန်းသည်။ သတ္တိမကြောင်ပါဘူး ဆိုကာ သတ္တိကိုမွေးသည်။

နာတူးသည် ဖိနပ်ကိုချွတ်ကာ ကာရှိနတ်နောက်သို့ ပြေးလိုက်သည်။ ထို့နောက် အယ်ဒီတာ၏ ခေါင်းကို သံပိုက်လုံးဖြင့် အားကုန်လွှဲရိုက်လိုက်လေတော့သည်။

အယ်ဒီတာသည် တစ်ချက်မျှပင် မအော်နိုင်ဘဲ မြေပြင်ပေါ် လဲကျသွားတော့သည်။

နာတူးသည် အယ်ဒီတာကို တစ်ချက်ငုံ့ကြည့်ရင်း ရှိသမျှ ခွန်အားဖြင့်





ထိုနေရာမှ ထွက်ပြေးခဲ့လေတော့သည်။

မော်တော်ဆိုင်ကယ်သည် ရပ်သွားလေပြီ၊ နာတူးက ပတ်ဝန်းကျင်ကို လှည့်ကြည့်သည်။ ဘုရားရှိခိုးကျောင်းကိုကား မတွေ့ရ။

ထိုအခိုက် မော်တော်ဆိုင်ကယ် ရပ်ထားရာသို့ ပုလိပ်အရာရှိတစ်ဦး လာနေကြောင်း တွေ့ရသည်။ သူ့နှလုံးထဲမှ သွေးများခဲကုန်ပြီလောဟု နာတူးက ထင်မှတ်မိသည်။

ချက်ချင်းပင် သူ့လက်သည် အင်္ကျီအောက်ရှိ သေနတ်ထံ ရောက်သွားသည်။ ပုလိပ်အရာရှိ၏ ရင်ညွန့် သူ ပစ်ရမည့်နေရာသို့လည်း နာတူးက ကြည့်ထားသည်။

တစ်ချက်တည်းနှင့် ချက်ကောင်းထိအောင်ပစ်ပြီး သူက ထွက်ပြေးရမည်။ ထို့နောက် လူအုပ်ထဲတွင် သူ့ကိုယ်ကို ကိုယ်ရောင်ဖျောက်မည်။

"ဝမ်းနည်းပါတယ် ခင်ဗျာ" ဟု ပုလိပ်က ယဉ်ကျေးစွာ ပြောသည်။ ဒီက နေပြီး ဘယ်ယာဉ်မျိုးမှ မသွားရပါဘူးခင်ဗျာ"

"သြော်. . . ဟုတ်လား" ဟု နာတူးက ပြောရင်း သူ့လက်ကို အင်္ကျီထဲမှ ထုတ်သည်။ "ကဲလေ ဒါဖြင့် ကျွန်တော် ဘုရားရှိခိုးကျောင်းကို လမ်းလျှောက်သွားပါ့မယ်"

"ကောင်းပါပြီခင်ဗျာ"ဟု ပြောကာ ပုလိပ်အရာရှိသည် လှည့်ထွက်သွားတော့သည်။

ဆိုင်ကယ်ပေါ်မှ ဆင်းရင်း နာတူးက ကားမောင်းသူကို ဆယ်တန်တစ်ရွက် ထုတ်ပေးသည်။

ပြန်အမ်းငွေကို သူကမစောင့်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## (၁၆)

ဘုရင်ခံချုပ် ညစာစားပွဲမှ ၄ နာရီထိုးပြီးခါစ သူ့ရုံးသို့ ပြန်လာသည့် ပီကေသည် ရုံးခန်းအပြင်ဘက်တွင် စောင့်နေသော ဒေါက်တာ ရှာမာကို တွေ့ရတော့သည်။

"ကျွန်တော် လာတာက တောင်းရရမ်းရအောင်လာတာပါ" ဟု ခေါင်းမာသော လွှတ်တော်အမတ်က ဆီးပြောသည်။

"ခင်ဗျားဆီက အချိန်နည်းနည်း တောင်းပါရစေ"

ပီကေက လက်ကမ်းပေး နှုတ်ဆက်ပြီး သူနှင့် နိုင်ငံရေးတွင် ယှဉ်ပြိုင်ဘက်ဖြစ်သည့် ရှာမာကို အတွင်းခန်းသို့ ခေါ်သွားတော့သည်။

ပီကေသည် ရှာမာ၏ ကျန်းမာရေးအခြေအနေကို မေးခြင်း၊ လက်ဖက်ရည်တိုက်ခြင်း စသည်တို့ဖြင့် ပျူငှာယဉ်ကျေးစွာ ဆက်ဆံသည်။

ရှာမာက ကုလားထိုင်နောက်မှီကို အားရပါးရ မှီလိုက်ရင်း. . .

"ကဲ ဒီယဉ်ကျေးမှုတွေကို ခဏမေ့လိုက်ကြပါစို့လား" ဟု ပြောသည်။ "ကျွန်တော်တို့က တစ်ယောက်အကြောင်း တစ်ယောက် သိပြီးသားတွေပါဗျာ"

"ကောင်းပါပြီတဲ့ဗျာ ကောင်းပါပြီ"

"တကယ်တော့ ကျွန်တော်တို့ဟာ တစ်ဦးအပေါ် တစ်ဦး အထင်လွဲခဲ့ကြတာပါ။ အထင်မှားခဲ့ကြတာပါ။ တစ်ယောက်ကိုတစ်ယောက် သံသယဖြစ်တယ်၊ မယုံကြည်ချင်ကြဘူး ဒီတော့. . ."

"ဪ. . . ခင်ဗျားက ကျွန်တော့်ပါတီထဲဝင်ဖို့ လာပြောတာများလား ရှာမာ အဲဒီလိုဆိုရင်တော့ ခင်ဗျားကို ကျွန်တော်တို့က လှိုက်လှဲစွာ ကြိုဆိုပါမယ်လေ"

ရှာမာက သိမ်မွေ့စွာ ပြုံးပြသည်။

"ခင်ဗျားရဲ့ ပါတီသာ တကယ်မှန်ရင်တော့ ကျွန်တော်က ဝင်ခဲ့ပြီးတာကြာလှပေါ့ခင်ဗျာ"

"လွန်ခဲ့တဲ့ အနှစ် ၃၀ လောက်ကတည်းက ကနေ့အထိ အထွေထွေ





အတွင်းရေးမှူး အနေနဲ့ ဆောင်ရွက်ခဲ့တာမို့ ကွန်ဂရက်ပါတီကို ကျွန်တော့်ပါတီရယ်လို့ ကျွန်တော်က ပြောတာဟာ မလွန်ဘူး ထင်ပါတယ်"

"မလွန်ပါဘူးဗျာ မလွန်ပါဘူး၊ ဒါပေမဲ့ ခင်ဗျားရဲ့ ပါတီက ခင်ဗျားလို တကယ်ပဲ သဘောထားနိုင်မလားဟင် ကျွန်တော့်လို ဟိန္ဒူတစ်ယောက်ကို"

"ကျွန်တော်တို့ပါတီက တစ်မျိုးသားလုံးနဲ့ သက်ဆိုင်တဲ့ ပါတီပါ" ဟု ပီကေက ကြားဖြတ်ပြောသည်။ "ကျွန်တော်တို့ ပါတီဝင်အဖြစ် ဘယ်သူဝင်ရမယ်၊ ဘယ်သူမဝင်ရဘူးလို့ ကန့်သတ်ချက် မရှိပါဘူး"

"အင်း. . . ကြားရတာ ဝမ်းသာစရာပေါ့ ခင်ဗျား"

"ကျွန်တော်တို့ အစိုးရဟာ ဟိန္ဒူရယ်၊ မူဆလင်ရယ် မခွဲခြားဘူး။ လူတိုင်းအပေါ်မှာ ညီတူညီမျှ ဆက်ဆံမယ်၊ တစ်ခါက ဘာသာရေး အယူသီးမှုကြောင့် လူမျိုးရေး အဓိကရုဏ်းတွေဖြစ်. . ."

"အဓိကရုဏ်းတွေ ဖြစ်နေတာဟာ ခုဆိုရင် တစ်နှစ်လောက်တောင် ကြာခဲ့ပါပြီ ပီကေ"

"ဒါကတော့ အရင်အုပ်စိုးသူတွေ လက်ထဲက ကျွန်တော်တို့ ရခဲ့တဲ့ အမွေဆိုးပဲပေါ့ ရှာမာ။ အဲဒီအမွေဆိုးကို ကျွန်တော်တို့က တတ်နိုင်သမျှ ပယ်ဖျက်"

"လူများစုရဲ့ ဆန္ဒတွေ ဖြည့်စွမ်းဖို့ လူနည်းစုကို အစတေးခံပြီး ပယ်ဖျက်နည်းများလား ပီကေ"

"တရားဥပဒေအရ ကျွန်တော်တို့က လုပ်မှာပါ ရှာမာ"

"ဘယ်သူရဲ့ ဥပဒေလဲလို့ ကျွန်တော်တို့ မေးပိုင်ခွင့် ရှိပါသလား"

"ဪ. . . ခင်ဗျားကလည်း"

"ဗြိတိသျှတွေရဲ့ ဥပဒေပေါ့ ဟုတ်လား ပီကေ၊ ဒီလူတွေရဲ့ တရားဥပဒေကို ကျွန်တော်တို့က ပယ်ခဲ့ပြီးပါပြီ လက်မခံတော့ပါဘူး"

"ကျွန်တော့် အနေနဲ့ကတော့ . . ."

"ခင်ဗျားကို ပုဂ္ဂိုလ်အရ ကျွန်တော် ပြောနေတာ မဟုတ်ပါဘူး ပီကေ၊ တကယ်တော့ ခင်ဗျားတို့ ပါတီထဲမှာ ရှိနေတဲ့ ဟိန္ဒူတွေဟာ တကယ့် ဟိန္ဒူစစ်စစ် မဟုတ်ပါဘူး။ အနောက်နိုင်ငံတွေကို အထင်ကြီးနေတဲ့-"

"ကဲလေ ခင်ဗျားက ဘယ်လို အကြံပေးချင်လို့လဲ"

ပီကေသည် သူ့စားပွဲသို့ လျှောက်လာသည်။ သို့သော် သူက ကုလားထိုင်တွင်မထိုင်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အကြံပေးချင်တာက ခင်ဗျားနဲ့ ကျွန်တော်ဟာ ပါတီသစ်တစ်ခုကို တွေ့ခဲ့ပြီဆိုတာပဲ။ အဲဒီပါတီကတော့ ဟိန္ဒူအမျိုးသားပါတီ"

"ယုတ္တိမရှိတဲ့ အကြံပေးချက်ပါလား" ဟု ပီကေက ချက်ချင်း မှတ်ချက်ချသည်။ သိပ်ပြီးတော့ အတွေးမခေါင်စမ်းပါနဲ့ ရှာမာ၊ ကဲလာဗျာ ခင်ဗျားရဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေနဲ့ ပတ်သက်လို့ ကျွန်တော်က ခင်ဗျားကို အမြဲလေးစားခဲ့တာပါ၊ ကျွန်တော့်လေးစားမှုကို မဖျက်ဆီးချင်စမ်းပါနဲ့ဗျာ"

"ကျွန်တော်ကတော့ နိုင်ငံရေးနဲ့ ပတ်သက်လို့ အမြဲပဲ စဉ်းစားတွေးတောခဲ့တာပဲ၊ ကျွန်တော်တို့နဲ့ နိုင်ငံရေး မဟာမိတ်ဖွဲ့ဖို့ ခင်ဗျားက စိတ်မဝင်စားမှန်း သိရတာကတော့ တကယ့်ကို စိတ်မကောင်းစရာပဲ"

"အဓိပ္ပာယ် မရှိလိုက်တာဗျာ၊ နိုင်ငံရေး မဟာမိတ်ဖွဲ့လုပ်ဖို့ကို ကျွန်တော်က အမြဲကြိုဆို ကမ်းလှမ်းခဲ့တာပါ၊ ဒါကို ခင်ဗျားလည်း အသိပါပဲ။ ဒီနေ့ ခင်ဗျား ကွန်ဂရက်ပါတီထဲ ဝင်လိုက်စမ်းပါ၊ နက်ဖြန် ခင်ဗျားဟာ အစိုးရအဖွဲ့ဝင်တစ်ဦး ဖြစ်ရစေမယ်။ အဲဒါကို ကျွန်တော် ကောင်းကောင်း တာဝန်ယူရဲတယ်။ ကဲ ခင်ဗျား ဘာပြောချင်သေးသလဲ။ ကျွန်တော့် အကြံပေးချက်ဟာ ခင်ဗျားအကြံပေးချက်ထက် ယုတ္တိမရှိဘူးလို့ ခင်ဗျားက ဆိုချင်သလား။ ဘာပဲပြောပြော ကျွန်တော့် ကမ်းလှမ်းချက်က လက်တွေ့ဆန်တယ်ဆိုတာကိုတော့ ခင်ဗျားက ဝန်ခံရမှာပါ"

"မလိုပါဘူးဗျာ၊ တကယ်လို့ အစိုးရကို လူထုက အယုံအကြည် မရှိလာတဲ့တစ်နေ့ အဲဒါကလည်း သေချာတဲ့ အနာဂတ်ပါပဲလေ"

"လာမယ့် အနှစ် ၂၀ လောက်မှာ ဖြစ်ကောင်းဖြစ်ပါလိမ့်မယ် ရှာမာ၊ အဲဒီထက်တော့ ဘယ်နည်းနဲ့မှ မစောဘူးဆိုတာ ကျွန်တော် ပြောရဲတယ်"

"တကယ်ဟုတ်ပါ့ဗျာ" ဟု ဒေါက်တာက ရွှဲ့ပြောသည်။

"အင်းလေ ဒါကလည်း စိတ်ထားချင်း၊ ယုံကြည်ချက်ချင်း မတူတဲ့ လူနှစ်ယောက်ရဲ့ အမြင်ဆိုတော့ ကွဲပြားပေမပေ့ါ။ ကျွန်တော့် အမြင်ကတော့ ခင်ဗျားတို့ အစိုးရဟာ အများဆုံး ၂၀ ရက်ပဲ ခံလိမ့်မယ်လို့ ဆိုချင်တယ်"

ထိုအခိုက် ပီကေ၏ အတွင်းရေးမှူးသည် တံခါးမခေါက်ဘဲ အခန်းတွင်းဝင်လာသည်။ ထို့နောက် စာရွက်လေးတစ်ရွက်ကို ပီကေ စားပွဲပေါ် တင်ပြသည်။

စာရွက်ကို လှမ်းကြည့်ပြီး ပီကေက. . .

"သူတို့ကို စောင့်ခိုင်းဦးပေ့ါ" ဟု ပြောသည်။

"ကဲ ခင်ဗျားအချိန်တွေကို ကျွန်တော် သိပ်ဖြုန်းခဲ့ပြီ" ဟု ရှာမာက ထိုင်ရာမှ





ထရင်းပြောသည်။

"ခင်ဗျားက အရက် ၂၀ ပဲ ခံမယ်လို့ ဘာဖြစ်လို့ ပြောတာလဲ" ဟု ပီကေက မေးသည်။

ခင်ဗျားအနေနဲ့ အရေးတကြီး လုပ်စရာ အလုပ်တွေမရှိတဲ့အချိန် အေးအေးဆေးဆေး တွေ့နိုင်မယ့်အချိန်မှာ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ဆွေးနွေးကြတာပေ့ါလေ"

"ထိုင်ပါဦးလေ၊ ကျွန်တော့်မှာ ဘာမှအရေးတကြီး ကိစ္စမရှိပါဘူး။ ကဲ ခင်ဗျားရဲ့ ခန့်မှန်းချက်ရဲ့ အကြောင်းပြချက်ကို သိပါရစေ"

ရှာမာက ပခုံးတွန့်ပြသည်။

"အကြောင်းပြချက်ကတော့ ထူးထူးခြားခြား မဟုတ်ပါဘူး။ ခင်ဗျားသိပြီးသားတွေပါပဲ။ တကယ်တော့ ဒီအချိန်ဟာ ဒုက္ခမျိုးစုံ အကျပ်အတည်းမျိုးစုံနဲ့ တွေ့နေရတယ်။ သူတို့ဟာ လွတ်လပ်ရေးကို မျှော်နေကြတယ်၊ ခုဆိုရင်"

စကားကိုဖြတ်လိုက်ပြီး ရှာမာက ပြုံးသည်။

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ် ဒီတော့"

"ဒီတော့ ထွေထွေထူးထူး မဟုတ်ပါဘူး ပီကေ။ တကယ်တော့ ဘာမှပြောင်းလဲခဲ့သေးတာ မဟုတ်ဘူး။ ဗြိတိသျှတွေ သွားကုန်ပေမဲ့ ဘုရင်ခံချုပ်ဟာ ရှိသေးတယ်။ လူဖြူတွေ အများကြီး ကျန်သေးတယ်"

ဘုရင်ခံချုပ်ဟာ မကြာခင် သွားတော့မှာပါ"

"ဟုတ်ပါတယ် ပီကေ၊ သူ ဒီတိုင်းပြည်မှာ ဘာဖြစ်လို့ ဆက်နေနေရတယ်ဆိုတာ ခင်ဗျားရော၊ ကျွန်တော်ရော သိထားတယ်။ ဒါပေမဲ့ သာမန်လူးတန်းစားတွေကတော့ အရောရော အထွေးထွေး အုပ်ချုပ်မှုကို မသိကြဘူး၊ သူတို့ဟာ စိတ်မရှည်ကြတော့ဘူး။ သူတို့ဟာ စိုးရိမ်နေကြတယ်။ ဟိန္ဒူတွေကဆိုရင် သူတို့ ဘာသာရေးကို ဖျက်ဆီးမယ်လို့ နားလည်ထားကြတယ်"

"ကျွန်တော်တို့ အစိုးရအဖွဲ့ထဲက ဘယ်သူမှ ဟိန္ဒူဘာသာကို ဖျက်ဆီးဖို့ စိတ်တောင် မကူးခဲ့ပါဘူး ရှာမာ"

"ဒါပေမဲ့ သာမန်လူတန်းစားတွေကတော့ စိုးရိမ်တာ အမှန်ပဲ၊ ဒီတိုင်းပြည်မှာ သာမန်လူတန်းစားဟာ လူများစု ဆိုတာ ခင်ဗျားလည်း အသိပဲ"

"သာမန်လူတန်းစားတွေကို အသာထားလိုက်စမ်းပါလေ" ဟု ပီကေက ကန့်ကွက်သည်။ "ခင်ဗျား ဘယ်လိုထင်တယ် ဆိုတာသာ ပြောပြစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့် ထင်မြင်ချက်ကတော့ နည်းနည်း အရေးကြီးမယ်ဗျ"

"ဟုတ်ပါတယ်၊ ကဲ ခင်ဗျား ပွင့်ပွင့်လင်းလင်းပဲ ပြောပါ ဟုတ်လား"

ရှာမာသည် သူ့လက်ဖဝါးနှစ်ဖက်ကို ဖြန့်၍ စိုက်ကြည့်သည် သူ့ လက္ခဏာမှာ အသက်လမ်းကြောင်းက ရှည်လှသည်။

"ကောင်းပြီ မိတ်ဆွေကြီး ပီကေ" ဟု ရှာမာက ပြောသည်။ ကျွန်တော်တို့ ဟိန္ဒူခေါင်းဆောင်တွေထဲမှာ အသားမစားတဲ့လူ၊ အရက် မသောက်တဲ့ လူတွေ မရှိတာ အမှန်ပဲ။ ဆိုလိုချင်တာက ကျွန်တော်တို့ဟာ ဟန်မဆောင်ဘူး၊ ခင်ဗျားတို့ အစိုးရအဖွဲ့ထဲမှာသာ"

"မဟတ္တမဟာ အစိုးရအဖွဲ့ထဲမှာ ဘယ်လို ရာထူးမှ လက်မခံပါဘူး ရှာမာ"

"မှန်ပါတယ်၊ ဟုတ်ပါတယ်၊ ဒါပေမဲ့ သူက အစိုးရအဖွဲ့ကြီးကို ကြိုးကိုင်ညွှန်ကြားနေတယ်လေ"

"ကျွန်တော်တို့ အစိုးရရဲ့ လွတ်လပ်မှုကို ခင်ဗျား အထင်မှားတာပဲ ရှာမာ"

"ခင်ဗျားတို့ အစိုးရကို မဟုတ်ပါဘူး ပီကေ၊ ခင်ဗျားကို ကျွန်တော်က ပုဂ္ဂိုလ်အရ လေးလေးနက်နက် ပြောနေတာ၊ ဆွေးနွေးနေတာလို့ လက်ခံစမ်းပါ"

"ကဲလေ ထားပါတော့ ဘာဖြစ်လို့ အရက် ၂၀ လဲ"

"ဒါကတော့ ချင့်ချင့်ချိန်ချိန် တွက်ပေးတဲ့ ရက်ပါပဲလေ၊ ကျွန်တော်က ရက် ၄၀ ဒါမှ မဟုတ် ၁၀၀၊ ၁၀၀၀"

"နောက်လာမယ့် အနည်းငယ်အတွင်း ထူးထူးခြားခြား ဖြစ်မယ်လို့ ခင်ဗျားက မျှော်လင့်ထားသလား ရှာမာ"

"တစ်ခုခု ထူးခြားချက် ဟုတ်လား၊ ကျွန်တော်တော့ မသိရပါလား မိတ်ဆွေကြီး ပီကေ"

"ကဲ ဒါဖြင့်ပြောစမ်း၊ ခင်ဗျား ဘာဖြစ်လို့ ဒီလောက်တောင် အသေအချာ ပြောနိုင်နေရတာလဲ"

"ကျွန်တော်တို့ ဆွေးနွေးပွဲကို ဆက်လက်လုပ်ဖို့ မလိုတော့ဘူးလို့ ကျွန်တော်ထင်. . ."

"ကျွန်တော့်ကို ခင်ဗျားက ဘာဖြစ်လို့ မကြည့်နိုင်ရတာလဲ ရှာမာ၊ ဘာဖြစ်လို့လဲဟင်"

"ခင်ဗျားကို ကျွန်တော် ပြောချင်တာတွေ ပြောပြလို့ ပြီးပြီလေ" ဟု ပြောရင်း ရှာမာက သူ့လက်နှစ်ဖက် တုန်လှုပ်နေသည်ကို ပီကေ မမြင်စေရန် နောက်သို့





ပစ်လိုက်သည်။ "ဒီတော့ ခင်ဗျားက ဆက်လက်ဆွေးနွေးချင်သေးတယ်ဆိုရင်တော့ ကျွန်တော့်ဆီ ဘယ်လိုလာ ရတယ်ဆိုတာ ခင်ဗျားလည်း သိသားပဲ"

ပြောပြောဆိုဆို ရှာမာက တံခါးဆီသို့ လျှောက်သွားသည်။

"ဒီနေ့ညနေမှာ တစ်ခုခုဖြစ်မယ်လို့ ခင်ဗျားက ထင်သလားဟင်" ဟု ပီကေက လှမ်းမေးသည်။

ရှာမာက မဖြေ၊ လှည့်၍လည်းမကြည့်။

သို့သော် ပီကေ အမေးကြောင့် သူ ကျောချမ်းသွားရသည်။ သူ့ကျောကို ဓားချွန်ချွန်ဖြင့် ထိုးလိုက်သကဲ့သို့လည်း ရှိသည်။ ထို့ကြောင့် တံခါးကိုကိုင်ရင်း သူသည် ခေတ္တမျှ ငြိမ်သက်နေမိသည်။

ခေတ္တမျှ တိတ်ဆိတ်နေပြီးမှ တံခါးသည် ပွင့်လာကာ ရှာမာသည် ထွက်သွားတော့သည်။

ပီကေသည် မလှုပ်မယှက် ကျန်ခဲ့သည်။

အတွင်းရေးမှူးက ထိတ်ထိတ်ပျာပျာဖြင့်. . .

"ဘာဖြစ်လို့လဲ ဆရာ" ဟု မေးသည်။

"ဂတ်တာအိမ်ကို တယ်လီဖုန်း ချက်ချင်းဆက်စမ်း" ဟု ဝန်ကြီးက အမိန့်ပေးသည်။ ငါ ရောက်မလာမီအထိ မဟတ္တမကို အိမ်ပြင်ထွက်ခွင့်မပေးဖို့ ဂတ်တာကို ပြောစမ်း၊ ငါ သူ့အိမ်ကို ခုပဲရောက်လာမယ်လို့လည်းပြော၊ နောက်ပြီး ငါ့ကားကို အသင့်ပြင်ထား ကြားလား"

"ဟုတ်ကဲ့ ခင်ဗျာ"

အိမ်မက်မက်နေရသူ တစ်ယောက်ပမာ ပီကေသည် သူ့စားပွဲတွင် ထိုင်လိုက်သည်။ သို့သော် သူက မည်သည့်အလုပ်ကိုမှ မလုပ်နိုင်"

သူသည် ရိပဲဒတ် စကားများကို လုံးဝမယုံကြည်ခဲ့၊ သို့သော် ယခုမူ ရိပဲဒတ် စကားများကို သူက ယုံရပေတော့မည်။ သူ့စကားများမှာ စိုးရိမ်နေသူတစ်ဦးက အစိုးရိမ်လွန် ပြောခဲ့သည် မဟုတ်တော့။

ရိပဲဒတ်သည် သူ့ကားကို ပန်းခြံအနီး ပုလိပ်များက လမ်းပိတ်ထားသည့် သစ်တုံးများနေရာတွင် ရပ်လိုက်သည်။

လူများကား တဖြည်းဖြည်း များလာလေပြီ၊ ရိပဲဒတ် ကားပေါ်မှဆင်းရင်း လူအုပ်ကြီးကို အကဲခတ်ကြည့်လိုက်သည်။ ကားဟွန်းသံ တစ်ခုကို ကြားရသည်၊ ထိုကားဟွန်းသံကို သူက ကောင်းကောင်းမှတ်မိသည်။ မှန်သည် ပီကေ၏ ကားဟွန်းသံ။



www.burmeseclassic.com

www.burmeseclassic.com



ဝန်ကြီး ဘယ့်အတွက် ရောက်လာရသနည်းဟု ရိပဲဒတ်က တွေးတော သည်။ ကားသည် ပန်းခြံအနီး ရောက်လာရာမှ နောက်ဆုံး ဂတ်တာ၏ အိမ်အတွင်း ဝင်သွားသည်ကို သူက အံ့ဩစွာ တွေ့ရလေသည်။

ပီကေသည် သာမန်ကိစ္စကြောင့် ပြန်လာခြင်း မဖြစ်နိုင်။ အရေးကြီးသော ကိစ္စကြောင့်သာ လာခြင်းဖြစ်သည်။ ထိုသို့ဆိုလျှင် အရေးတကြီးကိစ္စမှာ မည်သည် နည်း။

ဘိုဆီးက သူ့ပုလိပ်များကို အကွက်ကျကျ ချထားပြီးသည်ဖြစ်၍ ရိပဲအနေ နှင့် လောလောဆယ်တွင် လုပ်စရာမရှိ စောင့်နေရုံသာ ရှိသည်။

ပီကေရောက်လာခြင်းမှာ တစ်စုံတစ်ရာ အရေးကြီးသော ကိစ္စဖြစ်မှန်း သိထား၍ ရိပဲစိတ်မှာ ပို၍လှုပ်ရှားလာသည်။ သူသည် စိတ်ငြိမ်စွာပင် ရပ်မနေနိုင် တော့။

သူသည် လူအုပ်ကို ဖယ်ရှားရင်း ဂတ်တာအိမ်ရှိရာ တိုးဝှေ့လာခဲ့တော့ သည်။

* * *



(၁၇)

နာတူးသည် လူအုပ်ကြီးအတွင်း မသိမသာတိုးရင်း ပန်းခြံတွင်း အရောက် လာခဲ့သည်။ လူအုပ်ထဲ ဝင်မိသည်ဆိုလျှင်ပင် နာတူးသည် ကျေနပ်မိတော့သည်။ ပုလိပ်များ၊ စုံထောက်များသည် သူ့ကို အလွယ်တကူ ရှာဖွေတွေ့ရှိနိုင်တော့မည် မဟုတ်တော့ပေ။

သူသည် စိတ်တည်ငြိမ်လာသည်။ သူ့ကိုယ်သူလည်း စိတ်ချလာသည်။ ယုံကြည်လာသည်။

တိုးရင်းတိုးရင်း သူသည် ဂတ်တာအိမ်၏ ဆင်ဝင်သို့ပင် လှမ်းမြင်ရလေပြီ။ ဂန္ဒီသည် ထိုဆင်ဝင်အောက်မှ ထွက်၍ ပန်းခြံတွင်း လာမည်ဖြစ်လေသည်။

နာတူးသည် အိမ်တံခါး ပွင့်လာမည်ကို စောင့်ကြည့်နေသည်။ တံခါးပွင့်လာ ခြင်းသည် ဂန္ဒီအိမ်ထဲမှ ထွက်လာခြင်းပင်။ ဂန္ဒီထွက်လာလျှင် ဂန္ဒီထံ အပြေးအလွှား အရောက်သွားပြီး တာဝန်ကို ပြီးဆုံးစေမည်ဟု နာတူးက ဆုံးဖြတ်လိုက်သည်။

၅ နာရီထိုးရန် မိနစ်ပိုင်းပင် လိုပါတော့လား။ ၅ နာရီထိုးလျှင်ကား သူ့တာဝန်မှာ ပြီးတော့ပေမည်။ သူ ထမ်းထားရသော ဝန်ထုပ်ကြီး ကျောပေါ်မှ ကျ သွားပေတော့မည်။

သူ့စိတ်မှာ လှုပ်ရှားလာပြန်သည်။ ပြဇာတ်မင်းသားသည် ဇာတ်ခုံပေါ် တက်ရန် မီးများအမှိတ်ကို စောင့်ရင်း စိတ်လှုပ်ရှားရသလိုပင်။ နာတူးက သူ့ကိုယ်သူ တတ်နိုင်သမျှ အားပေးသည်။ မူလက စီစဉ်ထားသည့်အတိုင်း ပန်းခြံစောင့်၏ အိမ်တွင် သွားစောင့်ရလျှင် ကောင်းပေမည်လား။

"ရှင်ဘာဖြစ်လို့ ကျွန်မဆီက ထွက်ပြေးချင်တာလဲနာတူး၊ ရှင်ကြောက်နေ သလား စိုးရိမ်နေသလား၊ ဘာဖြစ်လို့လဲဟင်" ဟု သူမက မေးခဲ့သည်။

တစ်စုံတစ်ယောက်က သူ့ကို အရှိန်ဖြင့် ဝင်တိုးသည်။ နာတူးသည် ထိန်လန့် တကြား ထိုနေရာကို ဖယ်ပေးလိုက်သည်။ သူ့ကို ဝင်တိုးသူကမူ လှည့်၍ပင်မကြည့်



www.burmeseclassic.com

www.burmeseclassic.com



ဘဲ ရှေ့ကို ဆက်လက်လျှောက်သွားသည်။

သူ့ထိတ်လန့်မှုကို မည်သူကများ ရိပ်မိသွားပြီနည်းဟု နာတူးက စိုးရိမ်မိသည်။

ဂတ်တာ ဆင်ဝင်အောက်သွားရန် မလိုသေးသည့် ဤအချိန်တွင် ယခုကဲ့သို့ လူမြင်သူမြင် နေရာ၌ ရပ်နေခြင်းသည် သူ့အတွက် အခြေအနေဆိုးသို့ ပို့စေမည်ဖြစ်ကြောင်း နာတူးက သိလာသည်။

ထို့ကြောင့် သူသည် အစောင့်အိမ်လေးရှိရာသို့ သွားလိုက်သည်။ ထို့နောက် တံခါးကို ခေါက်ခြင်း မပြုတော့ဘဲ တွန်းဖွင့်ကာ အတွင်းသို့ ဝင်လိုက်လေတော့သည်။

တစ်ခန်းတည်းသာရှိသော အိမ်လေးမှာ ဆေးလိပ်ငွေ့များဖြင့် မှိုင်းနေသည်။ ထို့ကြောင့် အိမ်အတွင်းရောက်လျှင်ရောက်ချင်း အထဲတွင် မည်သူများရှိသည်ကို နာတူးက မတွေ့ခဲ့ရ။

"အား. . . ဟား"

အက်တီးသည် ထိုင်ရာမှ ခုန်ထရင်း သူ့ရဲဘော်ကို ဆီးကြိုဖက်သည်။

"နောက်ဆုံးတော့ မင်းရောက်လာတာပဲ" ဟု အက်တီးက ဝမ်းသာစွာပြောသည်။ "မင်း ဘေးကင်း ရန်ကင်းရှိနေတာပဲ"

"ငါ ဘာမှမဖြစ်ပါဘူး" ဟု နာတူးက ပြန်ပြောသည်။ တည်းခိုအိမ်က အထွက် လူအုပ်ကြီးနဲ့ တိုးနေလို့ မင်းနဲ့ ချိန်းထားတဲ့အတိုင်း ငါမလာနိုင်တာပါ"

"ဟုတ်ပါတယ် ဒါနဲ့"

"အက်တီး" ဟု ခေါ်ရင်း နာတူးက သူ့စကားကိုဖြတ်လိုက်သည်။ "မင်း လက်ဖက်ရည်ဗိုင်းက တယ်ကောင်းပါလား။ မင်းကို ပန်းခြံစောင့်က အသေအချာ ဧည့်ခံထားပြီထင်တယ်"

"ခင်ဗျားအတွက်လည်း တစ်ခွက်ဖျော်ပေးပါ့မယ်" ဟု ပန်းခြံစောင့်က ဝင်ပြောသည်။

"ခင်ဗျားသိပ်ပြီး ဖော်ရွေလွန်းပါတယ်ဗျာ" ဟု နာတူးကပြောရင်း ထိုင်ချလိုက်သည်။

"ခင်ဗျားတို့ကို ဒီ့ပြင် စားစရာ မပေးနိုင်တဲ့အတွက် ကျွန်တော် ဝမ်းနည်းပါတယ်" ဟု ပန်းခြံစောင့်က တောင်းပန်သည်။

"ဟာ ကိစ္စမရှိပါဘူး" ဟု နာတူးက ပြောသည်။ "ခင်ဗျားက ကျွန်တော်တို့အတွက် အချိန်ပေးတယ် လူအုပ်ကြီးနဲ့ ဝေးတဲ့ နေရာတစ်နေရာမှာ အေးအေး





ဆေးဆေး အနားယူခွင့်ပေးတယ်။ ကဲ ကျွန်တော်တို့က ဘာများ ခင်ဗျားဆီက ထပ်တောင်းနေရဦးတော့မှာလဲ၊ ဒါနဲ့ အက်တီး သူ့အတွက် ငွေပေးပြီးပြီလား"

"ဟာ အရေးတကြီး မဟုတ်ပါဘူးလေ၊ နောက်မှ ပေးပါ လူကြီးမင်းတို့ကို ကျွန်တော်က ယုံကြည်ပါတယ်"

"ကျွန်တော်တို့က ဒီမြို့ကို ခဏလာလည်တဲ့ လူတွေဗျ" ဟု နာတူးက သူ့အိတ်ထဲမှ ၁၀ တန် ထုတ်ပေးရင်း ပြောသည်။

"ဒီတော့ နက်ဖြန်မှာ ခင်ဗျား အကြွေးလာပေးဖို့တောင် အချိန်ရချင်မှ ရမှာ ကဲ. . . ကဲ ရော့"

"ဟာ ငွေက များလွန်းပါတယ်၊ ကျွန်တော့်အနေနဲ့ ပြန်အမ်းစရာ. . ."

"အို အကုန်ယူလိုက်ပါ၊ ပြန်အမ်းမနေပါနဲ့"

"များပါတယ် ခင်ဗျာ၊ ၅ ကျပ်ဆိုရင် လုံလောက်ပါပြီ"

"ကဲ ယူပါလေ"

သို့သော် ပန်းခြံစောင့်က ခေါင်းမာဆဲ။

"ကျွန်တော့်မိန်းမကို သခင့်အိမ်လွှတ်ပြီး အိမ်စေတွေဆီမှာ ၁၀ တန် လဲခိုင်းမယ်လေ"

"ဟင့်အင်း. . . ဟင့်အင်း" ဟု အက်တီးက အော်ပြောသည်။ သို့သော် ပန်းခြံစောင့်ပခုံးကို လှမ်းဆွဲရင်း ၁၀ တန်ကို အနီးရှိ ပန်းခြံစောင့်လက်တွင် ထည့်လိုက်သည်။

"ဒီလိုပါ" ဟု ပန်းခြံစောင့်၏ သံသယအမူအရာများကြောင့် နာတူးက ရှင်းပြသည်။ "သူ စိုးရိမ်တာက ဂတ်တာရဲ့ အိမ်စေတွေက ခင်ဗျားအိမ်မှာ ကျွန်တော်တို့ကို တည်းခိုခွင့်ပြုကြောင်း သူတို့ သခင်ကို ပြောပြရင် မစ္စတာ ဂတ်တာ အနေနဲ့ ခင်ဗျားအပေါ် စိတ်ဆိုးလိမ့်မယ် ဟုတ်တယ်မဟုတ်လား"

"ဟုတ်တယ်ဗျို့" ဟု အိမ်ရှင်က ပြောသည်။

"ကဲ ၁၀ လုံးပဲ ယူထား" ဟု နာတူးက ပြောသည်။

"နောက်တစ်ခေါက် ကျွန်တော်တို့လာရင် ခင်ဗျားကို ထပ်မပေးဘူး ဟုတ်လား"

"ဟုတ်တယ်" ဟု အိမ်ရှင်က သဘောတူသည်။ "အဲဒါကပိုကောင်းတယ်"

"ကောင်းပြီ၊ ဒါဖြင့် ဒီကိစ္စမှာ ဒီတွင်စခန်းရပ်စို့" ဟု နာတူးကပြောသည်။

"နေပါဦး ဒီငွေ ၁၀ ကို ခင်ဗျားတို့ပဲ ယူထားပါ၊ နောက်တစ်ခါလာမှ ကျွန်တော့်ကို ၁၀ ပေးပေါ့။ အဲဒါက ပိုကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



နာတူးသည် စိတ်ပျက်လာမိသည်။ သူတို့မှာ အချိန်ဖြုန်းနေကြတာပါ ကလား။

နာတူးက လက်ပတ်နာရီကို ကြည့်လိုက်သည်။ ၅ နာရီထိုးရန် ၁၅ မိနစ်။

"ကဲပါဗျာ၊ ခင်ဗျားသိက္ခာကို ကျွန်တော်တို့ ယုံပါတယ်" ဟု နာတူးက ပြောသည်။ "ငွေကို ခင်ဗျား ယူထားလိုက်စမ်းပါ"

ထိုအခါတွင်မှ ကိစ္စပြီးသွားတော့သည်။

နာတူးသည် ပြတင်းပေါက်သို့ လျှောက်သွားသည်။ ပန်းခြံအတွင်းတွင် လူများ ပြည့်လုနီးပါး ရှိနေသည်။ သူတို့သည် မဟတ္တမကို စောင့်ရင်း ထိုင်နေကြသည်။

"နာတူး. . . ငါတော့ သွေးလန့်နေတယ်" ဟု သူ့အနီးကို ရောက်လာသည့် အက်တီးက လေသံဖြင့်ပြောသည်။ "သူတို့က ငါတို့ကို ဘာလုပ်မလဲဟင်"

"ဘယ်သူကလဲ"

"အဲဒီပန်းခြံထဲက လူတွေလေ"

"ဒါက သူတို့နဲ့ ဆိုင်တာပါ၊ တို့အလုပ် မဟုတ်ပါဘူး"

"ဒေါသဖြစ်နေတဲ့ လူတွေဟာ ငါတို့ကို အစိတ်စိတ် အပိုင်းပိုင်း ဖြစ်အောင် ဆွဲဖွဲ့နိုင်မယ်၊ နင်းသတ်. . ."

"တိတ်စမ်း"

"သူတို့က ဘာလုပ်"

"ဟေ့ကောင် မင်းမိန်းမလား၊ ဒီလောက်ပဲ ကြောက်နေရသလား"

"စိတ်ထဲမှာ စိုးရိမ်ထိတ်လန့်နေတာကိုတော့ ငါ မခံနိုင်ဘူး နာတူး၊ စိတ်ဆင်းရဲတာဟာ. . ."

"ဘာလဲ ချစ်ခြင်းမေတ္တာလိုပဲလား အက်တီး"

"ဘာပြောတယ်"

မျက်ရည်များ ဝိုင်းနေသော အက်တီးက တအံ့တသြမေးသည်။

"ချစ်ခြင်းမေတ္တာနဲ့ ပတ်သက်ပြီး စိတ်ဆင်းရဲရသလို မင်းခံစားရတာပဲ မဟုတ်လား အက်တီး"

"မင်း ဘာကိုဆိုလိုချင်တာလဲ နာတူး"

"မင်း ဘယ်မိန်းမကိုမှ မချစ်ခဲ့ဘူးလား အက်တီး"

"ငါ့အမေကိုတော့ ချစ်ခဲ့တာပေါ့"





"အဲ့ဒီလို ချစ်ပုံ ချစ်နည်းကို ပြောတာ မဟုတ်ဘူး"

"ငါ မိန်းမတွေနဲ့ အိပ်ခဲ့တယ် နာတူး၊ ဒါတွေကိုလည်း မင်းကို ငါပြောခဲ့တာပဲ မဟုတ်လား"

"အဲဒီလိုလည်း မဟုတ်သေးဘူးကွ"

"ဒါဖြင့် ဘာကို မင်းဆိုလိုချင်တာလဲဟင်"

သူ့ကိစ္စများနှင့် ပတ်သက်၍ လည်းကောင်း၊ သူမအကြောင်း မမျှော်လင့်ဘဲ ပြုံးတတ်သော သူ၏အပြုံး၊ သူမစိတ်လှုပ်ရှားမှု၊ လှည့်စားမှု စသည်များအားလုံးကို သူက တစ်စုံတစ်ယောက်အား လုံးစေ့ပတ်စေ့ ပြောလိုခဲ့သည်။

သူမ၏ မျက်လုံးများအကြောင်း နှုတ်ခမ်းများအကြောင်းကိုလည်း ပြောပြလိုသည်။ သို့သော် ထိုအကြောင်းများသည် မရေးဖြစ်သော အယ်ဒီတာ့အာဘော်များကဲ့သို့ ရှိတော့သည်။

"မင်း ဘာကို ဆိုလိုချင်တာလဲ နာတူး ပြောစမ်းပါ"

"အလကား မင်းကို နောက်တာပါကွာ မိန်းမတွေဟာ အကုန်လုံး အတူတူ ချည့်ပါပဲ"

"ငါ့အမေကတော့ မတူဘူး နာတူး"

"ဟေ့ ဘာဖြစ်လို့ ငိုနေတာလဲ တိတ်စမ်း"

"ငါ. . . ငါ"

ထိတ်လန့်စိုးရိမ်စွာဖြင့် နာတူးသည် ပတ်ဝန်းကျင်ကို လှည့်ကြည့်သည်။ အခန်းထောင့်တွင် ပန်းခြံစောင့်နှင့် သူ့ဇနီးသည် ငွေ ၁၀ ဖြင့် မည်သည့်ပစ္စည်းများ ဝယ်ရမည်ကို တိုင်ပင်နေကြသည် ဖြစ်၍ သူတို့ကို ဂရုမစိုက်နိုင်ကြောင်း နာတူးက တွေ့ရသည်။

"ဟေ့ကောင် မင်းစိတ်ကိုထိန်းစမ်း"

"ငါ မထိန်းနိုင်ဘူး နာတူး"

"မင်းရူးနေသလား"

"ငါ့ကိုယုံပါ နာတူး၊ ငါ အများကြီး ကြိုးစားခဲ့ပါတယ်"

နာတူးသည် သူ့ခါးကြားထဲမှ သေနတ်ကို ဆွဲထုတ်ပြီး အက်တီး ဝမ်းဗိုက်ကို ထိုးလိုက်သည်။

"နာတူး"

"မင်းစိတ်ကို ထိန်းထားလို့ ငါ ပြောနေတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



အက်တီး မျက်နှာမှာ သွေးမရှိတော့။

"ပစ်ပါ သူငယ်ချင်း" အက်တီးအသံမှာ တိုးသော်လည်း တုန်လှုပ်နေကြောင်း သတိထားမိသည်။ "ငါ့ကို သတ်ပါ နာတူး ပါ အခုနေ သေသွားတာက ကောင်းပါသေးတယ်"

"တိတ်စမ်း"

နာတူးသည် သေနတ်ကို သူ့ခါးကြားထဲ ပြန်ထည့်လိုက်သည်။

"ငါ့ကို မမုန်းပါနဲ့နော် နာတူး"

"မင်းအတွက် ဒီအချိန်ကျမှ ရွေးစရာလမ်း မရှိတော့ဘူး"

နာတူးက သူ့သူငယ်ချင်းကို လှည့်မကြည့်။

"ငါ သိပါတယ် နာတူး"

"တကယ်လို့ မင်းထွက်ပြေးမယ်ဆိုရင် ကာတုတ်တို့က မင်းကို ဝိုင်းပြီး ရိုက်သတ်ကြမှာက သေချာတယ်"

"ဒါပေမဲ့ မင်း ငါ့ကို အထင်မမှားဘူးနော် နာတူး၊ မင်း ငါ့ကို မမုန်းဘူးနော်"

"ဘာဖြစ်လို့ အဓိပ္ပာယ် မရှိတဲ့ မေးခွန်းကို ခဏခဏ မေးနေတာလဲ အက်တီး။ တကယ်လို့ မင်းသတ္တိကြောင်ပြီး ထွက်ပြေးရင် အဲဒါဟာ ငါနဲ့ ဘယ်လိုမှ ပတ်သက်မှာ မဟုတ်ဘူး။ ငါ့ကိုလည်း ဘာမှ စိုးရိမ်နေစရာ မလိုဘူး။ ကဲပါလေ မင်းကို ငါက ဖျောင်းဖျနေချိန်မရတော့ဘူး၊ မင်းထွက်ပြေးရင်လည်း ထွက်ပြေးလေ။ အေးတစ်ခုတော့ရှိတယ်။ မင်း ဘယ်လောက်ဝေးဝေးအထိ ပြေးနိုင်မယ်ဆိုတာကိုတော့ စောင့်ကြည့်သေးတာပေါ့"

"မင်းဟာ ငါ့အမေကလွဲလို့ ငါ့ဘဝမှာ အင်မတန် ချစ်ခင်တဲ့ သူငယ်ချင်းပါ နာတူး"

"ငါ့မှာတော့ ဘယ်သူငယ်ချင်းမှ မရှိဘူး" ဟု နာတူးက ပြတ်ပြတ်တောင်းတောင်း ပြောသည်။

"မင်းဟာ ငါ့အသက်ကို တစ်ကြိမ်မက ကယ်ခဲ့ဖူးတယ် နာတူး၊ ဒါကြောင့်မို့ မင်းမှာ သူငယ်ချင်း ရှိရှိ မရှိရှိ မင်းဟာတော့ ငါ့သူငယ်ချင်းပဲ"

"အို တိတ်စမ်းကွာ"

"နာတူး မင်းနဲ့ငါ ထွက်ပြေး"

"ဩော် မင်းက ဒီလိုစိတ်ကူးထားတာကိုး မင်းနဲ့အတူတူ ငါထွက်ပြေးမယ်လို့ မင်းထင်သလား၊ မူဆာလင် ကိုယ်တော်ကြီးရဲ့ ကိုယ်အတွင်းကို ငါက ကျည်ဆန်





တစ်တောင့် ပစ်မသွင်းဘူးလို့ မင်းက. . ."

"နာတူး သူဟာ မူဆာလင်ကိုယ်တော်ကြီး မဟုတ်ပါဘူး"

"ကဲ ဒါဖြင့် သူကဘာလဲ အက်တီး"

"သူ့ကို သူတော်စင်လို့ လူအများကခေါ်ကြတယ်။ ငါအခု စဉ်းစားမိတာက သူတို့မှားသလား ငါတို့ပဲ မှားသလားဆိုတာပဲ နာတူး"

နာတူးသည် အက်တီးမျက်နှာကို ကွက်ခနဲ တစ်ချက်ကြည့်ကာ ထွက်သွားတော့သည်။

အချိန်ကား ၅ နာရီထိုးရန် ၂ မိနစ်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## (၁၈)

"ဘယ်ပဋိပက္ခ ဘယ်ပြဿနာတွေမဆို အကြမ်းဖက် ဖြေရှင်းနိုင်တယ် ဆိုတာ ခင်ဗျားမေ့နေပြီ ပီကော" ဟု ဘာဘူက ရှင်းပြသည်။

"သေသေချာချာ စဉ်းစားဖို့ ကျွန်တော် ထပ်ပြီး တောင်းပန်ပါတယ် မဟာတ္တမ"

ပီကောက သူ့ကိုယ်သူ ဒေါသမထွက်ရန် ထိန်းထားသည်။ ဤအချိန်မျိုးတွင် ဒေါသမထွက်သင့်ဘူးဟု သူက လက်ခံထားသည်။

"ခင်ဗျားပြောတဲ့ အမှန်တရားဆိုတာက ပွင့်ပွင့်လင်းလင်း ပြောရရင် ပျင်းရိခြင်း။

"ကျွန်တော့်ကို ခွင့်လွှတ်ပါ မဟာတ္တမ၊ ကျွန်တော်ဟာ အလုပ်ကို ကြိုးစားခဲ့သူပါ"

"ကျွန်တော်က ခင်ဗျားကို လူပျင်းလို့ စွပ်စွဲတာ မဟုတ်ဘူးလေ၊ ခင်ဗျား အရည်အချင်း ခင်ဗျားကြိုးစားမှုတွေကို ကျွန်တော် သိပါတယ်"

ဂန္ဒီပြောသမျှ စကားများကို မလွတ်တမ်း ကြားနိုင်ရန် ပီကောက သူ့ကိုယ်ကို ရှေ့သို့ ကိုင်းနားထောင်သည်။

"ခင်ဗျားကို ကျွန်တော်ပြောတဲ့ ပျင်းရိခြင်းဆိုတာက စိတ်ဓာတ်အရ ပျင်းရိခြင်း ဆိုတာပါ"

ပီကောသည် ကိုယ်ကိုမတ်ပြီး ဘာဘူ့အခန်းဝသို့ လှမ်းကြည့်လိုက်သည်။ အခန်းဝတွင် ဘာဘူ့ကို ပန်းခြံအတွင်း လိုက်ပို့မည့် သူ့မြေးမကလေး စောင့်နေကြောင်း တွေ့ရသည်။ သူမ နောက်နားတွင် ဂတ်တာနှင့် ရိပဲဒတ်တို့ ရပ်နေကြသည်။

ပီကောသည် မသိမသာ သက်ပြင်းချမိသည်။

"ခင်ဗျားဟာ ကျွန်တော့်ဘဝရဲ့ ပုဂ္ဂိုလ်ကြီးအဖြစ် ကျွန်တော် ယူဆထားပါတယ်၊ အခုတော့ ခင်ဗျားက ကျွန်တော့်ကို သရော်နေတယ်"

"မှန်ကန်တဲ့ စကားဟာ သရော်ခြင်း မဟုတ်ဘူး ပီကော။ ခင်ဗျား အထင်





မှားနေပြီ။ ကဲလေ ခင်ဗျား လမ်းမှန်ကို မြင်တတ်အောင် ကူညီစောင်မပါလို့ ဒီညနေ ဘုရားမှာ ကျွန်တော် ဆုတောင်းပေးမယ်"

"ဒါနဲ့"

"ဟုတ်ကဲ့ပြောပါ"

"ခင်ဗျားအနေနဲ့ သဘောတူစေမယ့်ဟာတွေ ရှိသလားဆိုတာ ကျွန်တော့်ကို ပြောပြစမ်းပါလား မဟာတ္တမ"

"ကျွန်တော်က ဘာကိုများ ဆုံးဖြတ်ပေးရမှာလဲ"

"ဒါပေမဲ့ ခင်ဗျားဟာ ဆုံးဖြတ်ချက်တွေ မရေမတွက်နိုင်အောင်"

"မရည်ရွယ် မမျှော်လင့်ဘဲ ဆုံးဖြတ်ချက်ချခဲ့တာ ဟုတ်ကောင်း ဟုတ်ပါလိမ့်မယ်"

ဘာဘူသည် သူ့ဒိုတီကို ပြင်ဝတ်လိုက်သည်။ အပြင်ထွက်တော့မည့် လက္ခဏာပင်။

"ကဲ ကျွန်တော် နောက်ကျနေတော့မယ်" ဟု သူ့ခါးကြားထဲမှ နာရီကို ထုတ်ကြည့်ရင်း ဘာဘူက ပြောသည်။

ပီကောသည် လက်လျှော့လိုက်လေပြီ။ ဘာဘူ့ကို သူက ဆက်လက် တားမြစ်ရန် မကြိုးစားတော့။

ပီကောနှင့် ဘာဘူတို့ ပြောသည့်စကားများကို ရိပဲက သဲသဲကွဲကွဲ မကြားခဲ့သော်လည်း ပီကော၏ မျက်နှာရိပ် မျက်နှာကဲ ကြည့်ခြင်းဖြင့် ပြည်ထဲရေးဝန်ကြီးသည် တစ်စုံတစ်ရာ စိုးရိမ်စရာကောင်းသော သတင်းကို ကြားခဲ့သည်ကား သေချာသည်ဟု ရိပဲက နားလည်မိသည်။

ဂန္ဒီသည် ဆင်ဝင်တံခါးရှိရာ ထွက်လာသည်။ သူ့ဘေးတွင် မြေးမကလေး တစ်ဦး ပါလာသည်။ မြေးမကလေး ပခုံးပေါ် သူက လက်တစ်ဖက် တင်ထားသည်။

အခြားမြေးမကလေး တစ်ဦးက ဆင်ဝင်တံခါးဝတွင် ရပ်နေသည်။ တံခါးကို ဖွင့်ပေးရန် အသင့်ပြင်ထားသည်။

"ဘာဘူ ခဏလောက်" ဟု ပြောရင်း ရိပဲက သူ့ရှေ့တွင် ရပ်လိုက်သည်။

"ဘာပါလိမ့်"

"ကျွန်တော် တောင်းပန်ပါတယ်ခင်ဗျာ၊ အပြင်ဘက်ကို မသွားပါနဲ့"

"ဟော့ ဒီကိစ္စကိုလုပ်ဖို့ ဆွေးနွေးပြီးကြပြီ မဟုတ်လား"

"ဟုတ်ကဲ့ ဒါပေမဲ့ " ရိပဲက နှုတ်ခမ်းကို တံတွေးဆွတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတုန်းက ဘာဘူအသက်ကို ဒီညနေမှာ ရန်ရှာမယ်လို့သာ ကျွန်တော်တို့ သိခဲ့ပါတယ်။ ခုတော့ ဘာဘူ ဆင်ဝင်အောက်က ထွက်တာနဲ့ လူသတ်သမားက ဘာဘူ့ကို လုပ်ကြံမယ်ဆိုတာ အသေအချာ သိထားပါတယ်"

"အလိုဘုရားရေ" ဟု ဂတ်တာက ရေရွတ်သည်။ ထို့နောက် ပီကေဘက်လှည့်ကာ "ခင်ဗျား အဲဒါအတွက် ဒီကို ပြန်လာတာလား" ဟု မေးသည်။

သို့သော် ပီကေက မဖြေ။ ဂတ်တာ မျက်လုံးများကိုလည်း ရှောင်သည်။

"ကဲ ကျွန်တော် သွားပါရစေ" ဟု ဘာဘူက ရိပဲကို ပြောသည်။

"ရပ်နေရတာ ညောင်းလွန်းပါတယ်"

"ကျွန်တော် ခုနပြောလိုက်တာ မကြားဘူးလား ဘာဘူ" ဟု ရိပဲကမေးသည်။

"ကြားပါတယ်၊ ကြားပါတယ်"

"ဒါနဲ့တောင်မှ အပြင်ကိုထွက်ချင်သေးသလားဟင်"

"ဟုတ်တယ်လေ"

"ဘာဖြစ်လို့လဲ ဘာဘူ၊ ဘာဖြစ်လို့ သွားချင်နေရတာလဲ၊ ခုလို တားဆီးထားတဲ့အတွက် ကျွန်တော့်ကို ခွင့်လွှတ်ပါ။ ဒါပေမဲ့ ကျွန်တော် ဘာဘူ့ကို သေသေချာချာ ရှင်းပြဖို့ တားကိုတားရမယ်။ ဒါမှမဟုတ်ရင် သူတော်စင်တစ်ယောက်ကို ကျွန်တော်ရာသက်ပန် စွန့်လွှတ်ရပါလိမ့်မယ်"

ရိပဲသည် အခြားလူများကို အကူအညီတောင်းသည့် သဘောဖြင့် လှည့်ကြည့်သည်။ သို့သော် မည်သူကမှ ဘာဘူ့ကို တားမြစ်ခြင်း မပြုကြ။

အခြားလူများက ငြိမ်နေကြစဉ် သူက ဘာဘူ့ကို တားနေခြင်းအတွက် ရှုံ့သွပ်ချင်လာသည်။ ဂတ်တာ တစ်ယောက်ကမူ ငိုနေသည်။ သို့သော် မျက်ရည်တွေက ဘာများတတ်နိုင်ဦးမည်နည်း။

"ဘာဘူ ကျွန်တော် ပြောတာကို လက်ခံစဉ်းစားပါ၊ ဘာဘူဟာ ဒီဆင်ဝင်ကထွက်ပြီး ပန်းခြံထဲကို သွားတဲ့အခါ တစ်ယောက်ယောက်က ဒါမှမဟုတ် လူအများက ဘာဘူ့ကို သေနတ်နဲ့ ပစ်သတ်ကြလိမ့်မယ်။ အဲဒါနဲ့ ပတ်သက်လို့ ဘယ်လိုမှ သံသယ မဖြစ်ပါနဲ့၊ တကယ်တော့လည်း သံသယဖြစ်စရာဆိုလို့ စိုးစိတောင်မှ မရှိပါဘူး။ ဒီတော့ ဘာဖြစ်လို့ ဒီဆုတောင်းပွဲကို ဘာဘူက ရက်မရွှေ့တာလဲဟင်၊ ဒါမှမဟုတ် အနည်းဆုံး ဘာဘူ့ရှေ့က ကျွန်တော့်ကို သွားခွင့်ပေးသင့်ပါတယ်"

"ခင်ဗျား တစ်ခုတော့ အတွေးချော်နေတယ်ဗျ။ ဟောဒီ ကျုပ်ကိုယ်ခန္ဓာကြီးဟာ တကယ်တော့ ဘာမှ တန်ဖိုးရှိတာ မဟုတ်ပါဘူး"





"ဘာဘူ ကျွန်တော်တို့ကို မလှည့်စားချင်ပါနဲ့၊ တကယ်တော့ ဘာဘူဟာ တကယ့်ကို တန်းဖိုးရှိတဲ့ ပုဂ္ဂိုလ်၊ မြင့်မြတ်တဲ့ပုဂ္ဂိုလ် တစ်ယောက်ပါ"

"အဲဒီလို ပြောတာကတော့ အင်မတန် ကြင်နာ"

"နောက်ပြီး ဘာဘူဟာ ကျွန်မတော်တို့ကို အမြင်မှန် မြင်စေပါတယ်"

"ဒါပေမဲ့ ကျုပ်အနေနဲ့ မသေဘဲ နေနိုင်တာ မဟုတ်ပါဘူး"

တစ်ကြိမ်ကမူ ဘာဘူသည် သူ့ကိုယ်သူ အသက်ရာကျော် နေရလိမ့်မည်ဟု မျှော်လင့်မိခဲ့သည်။ ယခုမူ ထိုမျှော်လင့်ချက်သည် မရှိတော့။

"ဘာဘူက မသေချင်သေးပါဘူး၊ အဲဒါကတော့ သေချာပါတယ်"

"မသေချင်သေးဘူး ဟုတ်လား"

ဘာဘူက မသိမသာ ပြုံးလိုက်သည်။

ရိပဲကမူ ဘာဘူ့စကားကို စောင့်နေသည်။

"ဟုတ်ပါတယ်၊ ကျုပ်မသေချင်သေးပါဘူး။ ဘယ်သူမှ သေချင်တာ မဟုတ်ဘူး"

ထိုသို့ ပြောလိမ့်မည်ဟု ရိပဲက မျှော်လင့်ခဲ့သော်လည်း ဘာဘူကမူ မပြောမည်သည့်စကားကိုမျှ မဆိုတော့။

ရိပဲသည် တောက်ပြောင်သော ဘာဘူ့မျက်လုံးများကို ရင်မဆိုင်ဝံ့တော့ပြီဖြစ်၍ လမ်းဖယ်ပေးလိုက်သည်။

ဤပုဂ္ဂိုလ်အတွက် သူက အကြမ်းဖက်မလုပ်နိုင်။ အသက်ကယ်ရန်အတွက်ပင် ဖြစ်သော်လည်း အကြမ်းဖက်၍မဖြစ်။

တံခါးမှထွက်ပြီး လူအုပ်ဆီသို့ မသွားမီ ဘာဘူသည် ခေတ္တရပ်လိုက်သည်။

လူများကား ပန်းခြံပြည့်ခမန်းပင်။ အသံများမှာလည်း ဆူညံနေသည်။ လွန်ခဲ့သော အပတ်ကမူ ဆုတောင်းခြင်း ပြုလုပ်ရန် လူအများ ငြိမ်သက်သည်အထိ သူက စောင့်နေခဲ့ရသည်။ လူထုထဲတွင် ဆုတောင်းပွဲလာသူများ ရှိသကဲ့သို့ ထူးခြားသော ဆုတောင်းပွဲကို လာရောက်ကြည့်ရှုသူများလည်း ရှိခဲ့လေသည်။

လှေခါးထစ်များကိုဆင်းရင်း ဂန္ဒီသည် သူ့မိတ်ဆွေ တဂိုး၏ ကဗျာတစ်ပိုဒ်ကို ရွတ်ဆိုမိသည်။

"တကယ်လို့ မင်းခေါ်တာကို ဘယ်သူကမှ တုံ့ပြန်ခြင်းမပြုရင် မင်းတစ်ယောက်တည်း လျှောက်ပေဦး. . . လျှောက်ပေဦး"

* * *



www.burmeseclassic.com

www.burmeseclassic.com

## {၁၉}

သူမ အခန်းထဲမှ မထွက်မီ နောက်ဆုံး အချိန်ကို ပြန်လည် စဉ်းစားမိသော အခါ ရာနီမှာ ပို၍တုန်လှုပ်ချောက်ချားမိတော့သည်။

သူမသည် ရွေ့လျားရန် အားကုန်ခဲ့သည်။ တွေးတောရန် ဉာဏ်မရှင်တော့။ စောစောက သူရပ်သွားသည့် တံခါးဝကိုသာ စိုက်ကြည့်နေမိသည်။

"သိပ်ပြီးမစိုးရိမ်ပါနဲ့ အချစ်ရယ်၊ တကယ်တော့ ကိုယ်က အဲဒီလောက် မိုက်မဲတာကို လုပ်မှာမဟုတ်ဘူး" ဟု အခန်းတွင်းသို့ ပြန်ဝင်လာပြီး နာတူးက ပြောလိမ့်မည်ဟုလည်း သူမက မျှော်လင့်နေမိသည်။

သတိမေ့နေရာမှ ပြန်လည်သတိဝင်လာသလို နေ့လယ် အိပ်မက် မက်နေရာမှ နိုးလာခဲ့ရသော လူတစ်ယောက်ကဲ့သို့ ရာနီ၏ အသိများမှာ သူ့ဦးနှောက် အတွင်း တဖြည်းဖြည်း ပြန်ဝင်လာတော့သည်။

"ငါ တစ်ခုခု လုပ်ရမယ်" ဟု သူမက စဉ်းစားသည်။ "ငါ သူ့ကို ကာကွယ်ရမယ်။ ငါ အားလုံးကို သိထားပြီးပြီပဲ။ ဒီတော့ ငါ ကာကွယ်ရမယ်။ ဒါပေမဲ့ ဘယ်လို ကာကွယ်မလဲ"

ပုလိပ်ကို ခေါ်ရန်မှာမူ သူမအနေဖြင့် လက်မခံ၊ နာတူးအပေါ် သစ္စာမဖောက်လို။ သူသည် သူမချစ်သူပင် မဟုတ်လော။ သူ့ကို သူမက ချစ်နေဆဲ. . .

"အို ဘုရား ကယ်တော်မူပါရှင်"

သူမ အနေဖြင့် လုပ်နိုင်သည့်နည်း တစ်နည်းကို ရာနီက စဉ်းစားသည်။

ချက်ချင်းပင် သူမသည် အခန်းတွင်းမှ ပြေးထွက်လိုက်သည်။ သူမကို တအံ့တသြ ဝိုင်း၍ကြည့်နေသူများကို ဂရုမစိုက်နိုင်။ တံခါးစောင့် ဟိုတယ်စေက ဆလံပေးသည်ကိုပင် အရေးမထားနိုင်ဘဲ ဆင်ဝင်အောက်တွင် အသင့်ရှိနေသည့် အငှားကားပေါ် တက်လိုက်လေတော့သည်။

"မဟာတ္တမ ဆုတောင်းပွဲလုပ်မယ့် နေရာကို လိုက်ပို့စမ်းပါ။ သူ ဘယ်မှာ





ဆုတောင်းပွဲ လုပ်မယ်ဆိုတာ မင်းသိမှာပေါ့။ ကဲ ကျေးဇူးပြုပြီး မြန်မြန်လေး၊ မြန်မြန် လေး မောင်းပါ။ သိပ်အရေးကြီးလို့ပါ"

တအံ့တသြဖြစ်နေသော ကားမောင်းသူက. .

"ဂတ်တာအိမ်ကိုပေါ့ ဟုတ်လား" ဟု မေးသည်။

"ဟုတ်တယ် ဟုတ်တယ်၊ ဂတ်တာအိမ် ကဲ မောင်းစမ်းပါ မြန်မြန်မောင်း စမ်းပါ"

"ဟုတ်ကဲ့ခင်ဗျာ ဟုတ်ကဲ့" ပြောပြောဆိုဆို ကားမောင်းသူက စက်ကိုနှိုး လိုက်သည်။ သို့သော် စက်မနိုး။

"အို. . . ကျေးဇူးပြုပြီး မြန်မြန်လေး လုပ်စမ်းပါ"

"ကျွန်တော်လည်း ကြိုးစားနေတာပါပဲခင်ဗျာ"

ထိုနောက်မှ စက်ကနိုးလာတော့သည်။

ဒေလီ၏ ညနေကား စက်ဘီးများဖြင့် ရှုပ်ထွေးနေတော့သည်။ ညနေ အလုပ်ဆင်း အိမ်ပြန်စက်ဘီးများမှာ ကားများအတွက် အနှောင့်အယှက် အပေးဆုံး ပင်. . .

သူမအတွက် အချိန်မည်မျှ ကျန်သေးသည်ကို မသိရသေးသော်လည်း ထိုစက်ဘီးများသည် ဂတ်တာအိမ်သို့ အချိန်မီ မရောက်ရန် တားမြစ်နေသည်ဟု ရာနီက နားလည်မိတော့သည်။

"ဒီ့ထက်မြန်မြန် မသွားနိုင်တော့ဘူးလား ဟင်" ဟု သူမက ကားမောင်းသူ ကို မေးသည်။

"ခင်ဗျားမြင်တဲ့အတိုင်းပဲ၊ လမ်းက ဘယ်လောက်ရှုပ်နေသလဲ ကျွန်တော့် ကားက အတောင်ပံပါတာ မဟုတ်ဘူး"

"ငါ့ကို စိတ်မဆိုးပါနဲ့၊ မင်းတို့ဆစ်လူမျိုးတွေဟာ. . ."

"ခင်ဗျား ဒီ့ပြင်ကားကို ပြောင်းစီးရင် စီးနိုင်တယ်" ဟု သူက အော်ပြော သည်။ "ခင်ဗျားဆီက ကျွန်တော် တစ်ပြားမှ မယူပါဘူး"

"ကဲပါလေ သွားပါ။ မောင်းပါ တတ်နိုင်သမျှသာ မြန်မြန်လေးမောင်းပါ"

* * *

အပြင်ဘက်ရောက်အောင် သူ ထွက်လာသည်ကို စောင့်ရင်း နာတူးစိတ်ထဲ မှာ များစွာတုန်လှုပ်ချောက်ချားနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ စိတ်လှုပ်ရှားခြင်းကို ပန်းခြံစောင့်အိမ်ရှင် အက်တီးနှင့် အတူရှိနေစဉ်က ဖြစ်ခဲ့သည်။ ရာနီအခန်းထဲတွင်လည်း ဖြစ်ခဲ့သည်။

သို့သော် သူ့နာရီက ၅ နာရီထိုးပြီးကြောင်း ပြပြီးသောအခါ သူ့စိတ်မှာ ယခင် အချိန်များနှင့် မတူအောင် လှုပ်ရှားတော့သည်။ ကြောက်ရွံ့ခြင်း၊ စိုးရိမ်ခြင်းတို့သည် ပေါ်ပေါက်လာသည်။

တစ်ချိန်တည်းတွင် နာတူးက သူ့တာဝန်ပြီးဆုံးပါစေဟု မျှော်လင့်မိသည်။ သူ ထွက်ပြေးလွတ်မြောက်ပါစေ၊ အတားအဆီးများ မရှိပါစေနှင့်ဟုလည်း မျှော်လင့်မိသည်။

သို့သော်လည်း တစ်ဖက်တွင် သူ့တာဝန်ကို ထမ်းဆောင်ရာ၌ အသက်ကို အစတေးခံရန် နာတူးက အဆင်သင့်ပြင်ထားသည်။ သူ့အတွက် မနက်ဖြန်သည် ရှိကောင်းမှ ရှိပေမည်။

၅ နာရီသာကျော်ခဲ့သည်။ မည်သို့မျှ မထူးခြားခဲ့သေး။ လူများ၏ စကားပြောသံများသာ ကြားနေရသည်။ ဆင်ဝင်မှာမူ ရှင်းနေဆဲ။

သူ သေပြီလော။ သူ့ထက် အသက်ကြီးသူပီပီ ဖျားနာ၍ ရုတ်တရက်သေကာ ဆုတောင်းပွဲသို့ မတတ်နိုင်ပြီလော။

"သူ သေပြီ၊ နောက်ဆုံးမှာ ဘုရားက သူ့ကို အပြစ်ပေးလိုက်ပြီလေ"

သူ့စိတ်မှာ ပေါ့လာသည်။ ရွှင်လာသည်။ သူက ခုန်ပေါက်ချင်သည်။ ကချင်လာသည်။ အော်ဟစ်ချင်လာသည်။

"ငါ့ကို ဘုရားကယ်တာပဲ၊ ငါ့အတွက် နက်ဖြန်ပေါင်းများစွာရှိပြီ၊ ငါ မသေတော့၊ ငါ လွတ်လပ်ပြီ။

သူ့သံသယအတွက် အတည်ပြုချက်မယူဘဲ နာတူးသည် ပန်းခြံတွင်းမှ ထွက်ပြေးလိုလာသည်။ ရာနီအခန်းသို့ မနားတမ်း၊ မမောတမ်း ပြေးသွားနိုင်လိမ့်မည်ဟု သူက ယုံကြည်သည်။

သူမကို ဖက်ထားလိုသည်။ ထိတ်လန့်စရာတို့ ကွယ်ပျောက်ကုန်ပြီဖြစ်၍ သူတို့နှစ်ယောက် လွတ်လွတ်လပ်လပ် နေနိုင်ပြီဟု ပြောလိုသည်။

အဖွဲ့အတွင်းမှ ထွက်ခွင့်ပြုရန် သူက ဂုရုဂျီထံ တောင်းဆိုမည်။ ထို့နောက်မှ ရာနီနှင့်အတူ ပျားရည်ဆမ်းသော ခရီးအဖြစ် ဘုံဘေသို့ သွားမည်။ ဂျူဟူသို့ သွားမည်။ အို ဘယ်နေရာမဆို သွားနိုင်မည်လေ။

သူ့ခြေလှမ်းများမှာ ရှေ့သို့တိုးလာသည်။ လူအုပ်ကို တိုးဝှေ့ရင်း ဆင်ဝင်နှင့်





ဆက်ထားသည့် လမ်းလေးရှိရာ လာနေသည်။

ဘယ့်အတွက်ကြောင့် ရှေ့သို့တိုးနေရသနည်းဟု နာတူးက သူ့ကိုယ်သူ ပြန်မေးသည်။ သူ ဘယ့်အတွက် လူအုပ်ရှေ့ရောက်အောင် သွားနေရသနည်း။ ဒီနေရာမှ သူသည် ငှက်ငယ်လေးတစ်ကောင်လို လွတ်လွတ်လပ်လပ် ထွက်မသွားနိုင်တော့ပြီလော။

သူ သေပါပြီ၊ သေနေပါပြီဟု သူ့ဘာသာပြောရင်း နာတူးသည် လမ်းလေးတစ်ဖက်တွင် ရပ်နေသည့် လူတန်းရှေ့ရောက်အောင် တိုးသွားနေပြန်သည်။ ထိုအခါတွင်မှ ဆင်ဝင်မှာ လူရှင်းနေကြောင်း တွေ့ရသည်။ သူ့အသိက သူ့ကို လှည့်စားလေပြီတကား။

နေမင်းသည် သစ်ပင်ဖျားထိပ်မှ ငုပ်လျှိုးစပြုပေပြီ၊ ခတ်ပြင်းပြင်းတိုက်လိုက်သော လေသရမ်းက ပန်းခြံအတွင်းရှိ သစ်ပင်များ၏ သစ်ရွက်များကို လှုပ်ရမ်းဆော့ကစားသွားသည်။

နာတူးသည် ပစ္စတိုကို ခါးကြားတွင်းမှ ဆွဲထုတ်ကာ သူ့လက်ဖဝါးနှစ်ခုဖြင့် အုပ်ထားပြီး လက်အုပ်ချီလိုက်သည်။ လက်အုပ်ချီထားသည့် သူ့လက်ဖဝါး နှစ်ခုအတွင်းတွင် သေးငယ်သော ပစ္စတိုမှာ ပျောက်နေသည်။

သူ့ဘာသာ သေသွားလျှင် ဘယ်လောက်ကောင်းပေမည်နည်း။ ဒါပေမဲ့ သူက မသေ၊ သူက ငါ့အနီးကိုပင် တဖြည်းဖြည်း လျှောက်လာပါပြီကော။

နာတူးသည် သူ့လျှာကို ကိုက်လိုက်သည်။ သို့သော် နာကျင်ရမှန်းမသိ။ ဒီနေရာမှ သူ ထွက်ပြေးလိုသည်။ ဝေးသောနေရာသို့ ပြင်းသော အရှိန်ဖြင့် ပြေးလိုက်ရလျှင် ဘယ်လောက်ကောင်းမလဲ။

သို့သော် သူ မပြေးနိုင်။

သူ့နားထဲတွင် အသံများမှာ ဆူညံနေသည်။ ကျားသစ်အော်သံများ ကြားနေရသလိုပင်။

ကျားသစ်အော်သံကို သူ့ဘဝတွင် တစ်ကြိမ်သာ နာတူး ကြားခဲ့သည်။ သူ့အသက်ကိုစွန့်ရန် စစ်တပ်ထဲဝင်ခဲ့စဉ် စစ်တပ်က သူ့ကို လက်မခံသောအခါ သူသည် အိမ်သို့ပြန်ခဲ့သည်။ သို့သော် အဖေကလည်း သူ့ကို လက်မခံခဲ့တော့၊ သူသည် မြို့စွန်ရှိ ခံတပ်ဟောင်းကြီးတစ်ခုသို့ သွားခဲ့သည်။ အမြင့်ကိုတက်လိုက်စဉ် ကျားသစ်အော်သံများကို သူက ကြားရတော့သည်။

ယခုလည်း ခံတပ်၏အမြင့်တွင် သူ ရပ်နေရသလိုပါလား။ သို့သော် ယခု



www.burmeseclassic.com

www.burmeseclassic.com



ကြားနေရသည့် အသံကား ကျားသစ်အော်သံများ မဟုတ်။ သူ့နှလုံးခုန်သံများသာ ဖြစ်သည်။

နာတူးသည် ရှေ့သို့ ခြေတစ်လှမ်း တိုးလိုက်ပြန်သည်။ သူ့မျက်နှာကို နာတူးက သဲကွဲစွာမြင်ရလေပြီ။

လမ်းတစ်ဝက်ရောက်သောအခါ ဘာဘူသည် မြေးမကလေးများကို ဖက်ထားသည့် လှူလက်များကို ရုပ်လိုက်သည်။ မြေးမကလေးနှစ်ဦးက ဘာဘူ့ကို တစ်ဦးတည်း ရှေ့သို့ သွားနိုင်ရန် ရပ်ပေးလိုက်ကြသည်။

ဘာဘူသည် သူ့နောက်ဆုံး ခြေလှမ်းများကို လှမ်းလေတော့ပြီ။

ဘာဘူက လက်အုပ်ကိုချီ၍ လူထုကို အရိုအသေပြုသည်။ လူထုကလည်း လက်အုပ်ချီ ရှိခိုးကြသည်။ ဦးညွှတ်ကြသည်။

ထိုအခိုက် လူအုပ်အတွင်းမှ လူငယ်တစ်ဦး ပြုံးခနဲ ထွက်လာသည်။

ထိုလူငယ်ကို ဘာဘူကမသိ။ လူထုကို ပြန်လှန်ရှိခိုးနေရသည် ဖြစ်၍လည်း လူငယ်ကို ဘာဘူက သတိမထားမိ။

“ကျွန်တော် ဝမ်းနည်းပါတယ်” ဟု လူငယ်က ပြောသည်။

ထို့နောက် သူ့လက်အတွင်းမှ ပစ္စတိုလေး ပေါ်လာသည်။ ချက်ချင်းပင် သေနတ်ပြောင်းဝမှ မီးများပွင့်လာသည်။ စူးရှသော သေနတ်သံလည်း ထွက်လာသည်။

သေနတ်သံများနှင့်အတူ ဘာဘူ၏ “ဟီရမ်” ဟူသော ဘုရားအမည်ကို တလိုက်သည့်အသံက ထွက်လာသည်။

လူအုပ်ထဲမှ လူငယ်ထွက်လာသည်ကို မြင်လိုက်ကတည်းက ရိပဲဒတ်သည် သူ့လက်ကိုင်အိတ်ကို ဖွင့်လိုက်သည်။ သူ့အနေဖြင့် ဘာဘူ့ကို သတိပေးချိန် ရတော့မည် မဟုတ်ကြောင်း သူက ချက်ချင်းပင် သိလိုက်မိသည်။

တစ်ချိန်တည်းတွင်ပင် သူ့သေနတ်မှာလည်း အသုံးမဝင်တော့ကြောင်း ရိပဲဒတ်က သိလိုက်သည်။ သူနှင့် လူသတ်သမားကြားတွင် ဘာဘူရှိနေ၍ သေနတ်ကို အသုံးမပြုနိုင်။

သေလုနီးပါးအချိန်တွင်ပင် ဘာဘူက အကြမ်းဖက်မှုကို ဟန့်တားသွားသေးသည်။

ရိပဲသည် ဒုတိယသေနတ်သံအဆုံး၊ တတိယ သေနတ်သံ ထွက်လာလျှင် ထွက်လာချင်း ဘာဘူ့ရှေ့သို့ ပြေးထွက်လိုက်သည်။





လူသတ်သမား အယူသီးသမားသည် သူ့ပစ္စတိုကို ပစ်ချ ခေါင်းကိုစိုက်ပြီး ရပ်နေတော့သည်။ ထို့နောက် ကလေးငယ်တစ်ယောက်ကဲ့သို့ တရှိုက်ရှိုက် ငိုလေတော့သည်။

ရိပဲက လူသတ်သမားကို သေနတ်နှင့် ချိန်လိုက်သည်။ သို့သော် ဘာဘူသည် သူ့ခြေရင်းသို့ ထိုးကျလာ၍ ရိပဲက သေနတ်ခလုတ်ကို မဆွဲနိုင်တော့။

ထိုအခိုက် ဘိုဆီးနှင့်မန်းဒါတို့က သူရှူး၏လက်များကို ဖမ်းကိုင်ချုပ်လိုက်လေတော့သည်။

ရိပဲသည် ဘာဘူ့ကို တဖြည်းဖြည်း ဖေးမပွေ့လိုက်သည်။ ထို့နောက် မည်သူ့အကူအညီကိုမှ မယူဘဲ သူက ဘာဘူ့ကို တိုက်အတွင်း ပွေ့ချီယူလာသည်။ မည်သူကမှ သူ့ကို လမ်းမှ ဆီးမတား၊ ပိတ်မထား။

ဆင်ဝင်အောက်သို့ ဝင်မိသောအခါ ရိပဲမျက်လုံးအစုံမှ မျက်ရည်တို့ လိမ့်ဆင်း ကျလာလေတော့သည်။

နေဝင်လေပြီ၊ အမှောင်ထုက နေရာတကာတွင် ဖုံးလွှမ်းတော့မှာပါကလား။

* * *



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

(၂၀)

သူတို့သည် အရေးတကြီး ရောက်လာကြသည်။ ထို့နောက် တိတ်ဆိတ်စွာဖြင့် ငိုကြွေးကြသည်။ ဝမ်းနည်းကြသည်။

သူတို့သည် ခေါင်းဆောင်ကြီးကို နောက်ဆုံးလာရောက် အလေးပြုကြသည်။ လူဆင်းရဲများ၊ လူချမ်းသာများ၊ သက်ကြီးရွယ်အိုများ၊ နုပျိုသန်မာသူများ၊ ဟိန္ဒူများ၊ မူဆလင်များ၊ ကျန်းမာသူများ၊ မကျန်းမာသူများ။

လမ်းမလျှောက်နိုင်သူများကို သန်မာသူများက တွဲခေါ်လာကြသည်။ အချို့ကလည်း ချိုင်းထောက်များဖြင့် သူတို့ဘာသာ ရောက်လာကြသည်။

မည်သို့ပင်ဖြစ်စေ သူတို့အားလုံးသည် ဘာဘူရှိရာသို့ အရောက်လာကြသည်သာ။

မြို့၏နေရာအနှံ့မှ သူတို့ရောက်ကြသည်။ ခူးခပ်ထားသော ညစာများကို သူတို့က မစားနိုင်၊ ပစ်ထားခဲ့ကြသည်။ တံခါးများကို ပြန်မပိတ်နိုင်၊ ဖွင့်ထားခဲ့သည်။ ကိုယ်ပိုင်ပစ္စည်းများကို မသိမ်းနိုင်၊ အစောင့်မဲ့ ထားခဲ့သည်။

တကယ်တော့ သူတို့ကိုယ်သူတို့ပင် ဂရုမစိုက်နိုင်။ မနာလိုခြင်း၊ မုန်းတီးခြင်းတို့ကိုပင် သူတို့ မေ့သွားကြတော့သည်။

ပထမ သေနတ်သံ ထွက်လာစဉ်ပင် ရာနီသည် ပန်းခြံတွင်း ရောက်ခဲ့သည်။ သူမ၏ ကြိုးစားချက်တို့မှာ အချည်းနှီး ဖြစ်ခဲ့ရလေပြီကော။

သေနတ်သံ တစ်ချက်ကြားရတိုင်း သူမရင်မှာ သံပူနှင့် အတို့ခံရသလိုပင်ရှိတော့သည်။ သေနတ်သံတို့၏ အကြောင်းရင်းခံကို သူမက ကြားလိုက်ရကတည်းက သိထား၍ ဖြေမဆည်နိုင်ခဲ့။

သေနတ်သံများရပ်၍ လူအုပ်ကြီး ရှဲသွားသောအခါ သူ့အား ဖမ်းသွားသည်ကို တွေ့လိုက်ရသည်။

ထိုအခိုက်တွင် သူမကိုလည်း သူက မြင်သွားသည်ဟု ရာနီက ထင်မိသည်။ သို့သော် သူ့အကြည့်မှာ အမှတ်ရသည့် ကြည့်ခြင်းမျိုး မဟုတ်။ ဒေါသလည်း မထွက်၊





ဝမ်းသာမှုလည်း မပြ၊ ဝမ်းနည်းမှုကိုလည်း မဖော်၊ အောင်မြင်မှုဟူ၍လည်း မရှိ။

သူ့အကြည့်မှာ အရှူးတစ်ယောက်က စိမ်းစိမ်းဝါးဝါး စိုက်ကြည့်သည့် အကြည့်မျိုးသာ ဖြစ်တော့သည်။

တကယ်တော့ သူသည် သူမ သိခဲ့သော၊ ချစ်ခဲ့သော နာတူး မဟုတ်တော့ပါလား။

* * *



www.burmeseclassic.com